ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ

ဝိသုဒ္ဓါရုံမဟာနာယက ပိုက်ကျုံးဆရာတော်ဘုရားကြီး

၏

# ဘဝလွတ်မြောက်ရေးခရီး

# ရှုမှတ်ပွားများနည်း

အကျဉ်းနှင့်

## သိမှတ်ဖွယ်ဝိနိစ္ဆယများ

သာသနာ-၂၅၂၈ ဂေါဇာ-၁၃၄၇ ခရစ်-၁၉၈၅

၁၇၄၀၆

ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ
ဝိသုဒ္ဓါရုံ မဟာနာယက ပိုက်ကျုံး ဆရာတော်ဘုရားကြီး

၏

# ဘဝလွတ်မြောက်ရေး ခရီး

# ရှုမှတ် ပွားများ နည်း

## အကျဉ်းနှင့်

# သိမှတ်ဖွယ် ဝိနိစ္ဆယများ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာရေး
စာကြည့်တိုက်

သာသနာ—၂၅၂၉

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း—ပဌမအကြိမ်
အုပ်ရေ—၃၀၀၀
သာသနာနှစ်—၂၅၂၉
မြန်မာနှစ်—၁၃၄၇
ခရစ်နှစ်—၁၉၈၅

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်အတွက်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ်(၀၂၅၂၇) က ထုတ်ဝေ၍
ဦးစံလှ၊ စိုးပိုးပိတ်ဆက် ပုံနှိပ်တိုက်(၀၂၂၀၉)
အမှတ် ၁၄၆/၃၃-လမ်း၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

# ဘဝလွတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်း

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | | |
| ပဏ္ဏာမနှင့် ပဋိညာဉ် | – | ၁ |
| လက္ခဏာယာဉ် သုံးပါး | – | ၂ |
| ရှုမှတ်ပွားများနည်း အခြေခံတရား | – | ၄ |
| ဆိပ်ကမ်းခြောက်ခုမှ စောင့်ဆိုင်း၍ ဝိပဿနာအားထုတ်နည်း | – | ၈ |
| ရုပ်နာမ်ကို မျက်စိဆိပ်ကမ်းမှ စောင့်ဆိုင်း၍ အားထုတ်နည်း | – | ၁၀ |
| ပစ္စယပရိဂ္ဂဟဉာဏ် | – | ၁၁ |
| သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် | – | ၁၅ |
| ဘင်္ဂါနုပဿနာဉာဏ် | – | ၁၇ |
| အာဒီနဝါနုပဿနာဉာဏ် | – | ၁၈ |
| နိဗ္ဗိဒါနုပဿနာဉာဏ် | – | ၁၈ |
| မုစ္စိတုကမျတာနုပဿနာဉာဏ် | – | ၁၉ |
| ပဋိသင်္ခါဉာဏ် | – | ၁၉ |
| သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် | – | ၂၀ |
| ဂေါတြဘုဉာဏ် | – | ၂၁ |
| အထက်မဂ် သုံးပါး | – | ၂၄ |
| နာမ်ရုပ်တို့ကို နားဆိပ်ကမ်းမှစောင့်ဆိုင်း၍ ဝိပဿနာအားထုတ်နည်း | – | ၂၅ |
| ပစ္စယပရိဂ္ဂဟဉာဏ် | – | ၂၆ |
| သမ္မသနဉာဏ် | – | ၂၆ |
| အထက်မဂ်သုံးပါး | – | ၃၀ |

## – မာတိကာ –

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နာမ်ရုပ်တို့ကို နှာခေါင်းဆိပ်ကမ်းမှ စောင့်ဆိုင်း၍ အားထုတ်နည်း | – | ၃၁ |
| ပစ္စယပရိဂ္ဂဟဉာဏ် | – | ၃၃ |
| သမ္မသနနည်း | – | ၃၄ |
| အထက်မဂ် သုံးပါး | – | ၃၆ |
| လျှာဆိပ်ကမ်းမှ စောင့်ဆိုင်း၍ ဝိပဿနာအားထုတ်နည်း | – | ၃၇ |
| ပစ္စယပရိဂ္ဂဟဉာဏ် | – | ၃၉ |
| သမ္မသနဉာဏ် | – | ၄၀ |
| အထက်မဂ် သုံးပါး | – | ၄၂ |
| ရုပ်နာမ်တို့ကို ခန္ဓာကိုယ် ခြေဆိပ်မှ စောင့်ဆိုင်း၍ ဝိပဿနာ အားထုတ်နည်း | – | ၄၃ |
| ပစ္စယပရိဂ္ဂဟဉာဏ် | – | ၄၄ |
| သမ္မသနဉာဏ် | – | ၄၆ |
| အထက်မဂ် သုံးပါး | – | ၄၈ |
| ရုပ်နာမ်တို့ကို မနောဒွါရဆိပ်ကမ်းမှ စောင့်ဆိုင်း၍ ဝိပဿနာ အားထုတ်နည်း | – | ၄၉ |
| ပစ္စယပရိဂ္ဂဟဉာဏ် | – | ၅၀ |
| သမ္မသနဉာဏ် | – | ၅၁ |
| အထက်မဂ် သုံးပါး | – | ၅၃ |
| ဒွါရခြောက်ပါး၌ ဝီထိဖြစ်စဉ်ကို အာရုံပြု၍ ရှုမှတ်ပွားများနည်း | – | ၅၄ |
| အဓိပ္ပာယ် ရှင်းလင်းချက် | – | ၅၄ |
| စဉ်တန်းဖြစ်ပေါ်၍ အာရုံကိုသိခြင်း | – | ၅၅ |
| ဘုရားဂုဏ်တော်ပွားကျိုး ၇-ပါး | – | ၆၃ |
| ဘုရားဂုဏ်တော် အကျဉ်းပွားနည်း | – | ၆၆ |
| အထက်မဂ် သုံးပါး | – | ၇၁ |

# — မာတိကာ —


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အစွန်းသုံးပါး၌ ဇာတိစသည်အားဖြင့် နာမ်ရုပ်ကို ပိုင်းခြား ရှုမှတ်ပွားများနည်း | – | ၇၂ |
| အစွန်းသုံးပါး ခြင်းရာနှစ်ဆယ် | – | ၇၃ |
| နောက်ဆုံး ဘဝင်စိတ်, ဆက်တမ်းစေ့ ကမ္မဇရုပ်တို့ တပြိုင်နက်ချုပ်ခြင်းကို ရှင်းလင်းချက် | – | ၇၈ |
| အများစုလူများ ခန္ဓာကိုယ်၌ ထင်ရှားရှိနေသော နာမ်ရုပ်များကို ပိုင်းခြားရှုမှတ် ပွားများနည်း | – | ၈၆ |
| စိတ်တရား | – | ၈၇ |
| စေတသိက် နာမ်အကျဉ်းသရုပ်အဓိပ္ပာယ် | – | ၈၉ |
| ရုပ်တရား | – | ၉၃ |
| ရုပ်ကလာပ် အကျဉ်းဖွဲ့နည်း | – | ၉၅ |
| ကမ္မဇကလာပ် ၉–စည်း | – | ၉၅ |
| တောမဘုံသား ပုထုဇ္ဇန်များ တပြုဆောဇာတ်ရုံနှင့် ခန္ဓာကိုယ်တွင် ဇာတ်သဘင်အဖွဲ့ကို ခွဲခြားပြဆိုခြင်း | – | ၁၀၅ |
| ဇာတ်ရုံ ၁၁–ရုံ | – | ၁၀၅ |
| ပုထုဇ္ဇန် ၄-ယောက်၊ ရုံပိုင်ရှင် နှစ်ဆယ် | – | ၁၀၆ |
| ဇာတ်လိုက်မင်းသားတဆယ်၊ ဇာတ်အဖွဲ့ဝင် တဆယ့်ငါး | – | ၁၀၆ |
| ပုံပြင်ဝတ္ထု | – | ၁၁၃ |


ဘဝလွတ်မြောက်ရေးရိုး ရှုမှတ်ပွားများနည်း

မာတိကာ ပြီး၏။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော် အရပ်ရပ်နှင့်
သိမှတ်ဖွယ် ဝိနိစ္ဆယများ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပန်းသဘင်း လေညှင်းဆောင်၊ လူသတင်း လူချင်းဆောင် | – ၀၂၀ |
| အပ္ပိစ္ဆဂုဏ် | – ၁၂၁ |
| သဌေးဦးသာညွှန်း၏ အလှူတော်ငွေ | – ၁၂၁ |
| သန္တုဋ္ဌိဂုဏ် | – ၁၂၁ |
| ပဲခူးမြို့ ဆံ့ဘော်ဘွင်းဆရာတော်ကြီး ပိန့်ခွန်း | – ၁၂၂ |
| မမ္ဂရဂုဏ် | – ၁၂၂ |
| အလုံဆရာတော်ဘုရားကြီး မိန့်ခွန်း | – ၁၂၃ |
| သမာဓိ ကြီးမားသောဂုဏ် | – ၁၂၃ |
| ရှေးခေတ် ဆွမ်းကပ်ဓလေ့ | – ၁၂၄ |
| မင်းတုန်းမင်းတရားကြီး ဆွမ်းကပ်လှူပွဲ | – ၁၂၅ |
| မဟာဝိသုဒ္ဓါရုံဆရာတော်နှင့် ဆင်ဖြူမရှင်မိဖုရား | – ၁၂၆ |
| သောရစ္စဂုဏ် | – ၁၂၆ |
| နိဝါတဂုဏ် | – ၁၂၇ |
| သောဝစဿတာဂုဏ် | – ၁၂၈ |
| ရွှေကျင်ဆရာတော်၏ ကျင့်ထုံး | – ၁၂၉ |
| မဟာဝိသုဒ္ဓါရုံဆရာတော်၏ ဝိသုံဂါမ အယူအဆ | – ၁၃၀ |
| မဟာဝိသုဒ္ဓါရုံဆရာတော်နှင့် ပုခန်းဆရာတော်ကြီး | – ၁၃၁ |
| ရွှေကျင်ဂိုဏ်းဝင်ထေရ်အရှင်တို့၏ သောဝစဿတာဂုဏ် | – ၁၃၁ |
| ကျောင်းတော်ရာ ရွှေကျင်ဆရာတော် | – ၁၃၃ |

# – မာတိကာ –


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ကျောင်းတော်ရာဆရာတော်၏ သောဝစဿတာဂုဏ်** | – ၁၃၃ |
| ရွှေဟင်္သာတောရ စံကျောင်းဆရာတော် | – ၁၃၄ |
| **စစ်ကိုင်းတောင်ရိုးမှ ဆရာတော်နှစ်ပါး** | – ၁၃၅ |
| ဇာထိနုစိဝရ ပဋိဂ္ဂဟဏ ဝိနိစ္ဆယ | – ၁၃၇ |
| မတာသန္တက ဝိနိစ္ဆယ | – ၁၃၇ |
| ရူပဝဏ္ဏ ဝိနိစ္ဆယ | – ၁၃၈ |
| ဥပုသ်အိမ်နှင့် သံဃဥပုသ် အဆုံးအဖြတ် | – ၁၃၉ |
| ဥပုသ်အိမ် | – ၁၄၀ |
| ဇကောဝါဒဝါ တယောဝါ၌ ခက်ဆစ်အဓိပ္ပာယ် | – ၁၄၁ |
| ထေရာဝေယျ အဓိပ္ပာယ် | – ၁၄၃ |
| ပရိဝါသမာနတ္တာဘေစနေ ဝိနိစ္ဆယ | – ၁၄၄ |
| ဒီပဲယင်းဆရာတော်ဘုရားကြီး၏ ဂုဏ်တော်နှင့် သြဝါဒမိန့်ခွန်း | – ၁၄၅ |
| ဗုဒ္ဓါနုဿတိဘာဝနာ ပွားများတော်မူခြင်း | – ၁၄၆ |
| ရွှေကျင်ဂိုဏ်းအတွက် ဆောင်ရွက်ချက်များ | – ၁၄၇ |
| ပညတ်နှင့် ပရမတ် | – ၁၄၉ |
| မသိနှင့် အသိ | – ၁၄၉ |
| ဤဘဝ ကျွတ်လိုသူနှင့် နောင်ဘဝ ကျွတ်လိုသူ | – ၁၅၁ |
| သဒ္ဓါနှင့် ပညာ | – ၁၅၁ |
| သဘာဝဘာရား | – ၁၅၂ |
| လူတာ ဘယ်သူ့ဖို့လဲ | – ၁၅၂ |
| ဒီဏနေ့ အကောင်းဆုံး | – ၁၅၃ |
| စာဘတ်ချင်တပ်ပေါ | – ၁၅၄ |
| တင်ပျဉ်ခွေ မနေရာနဲ့ | – ၁၅၄ |
| အကုန် ပျော်မပစ်ကြနဲ့ | – ၁၅၅ |
| **ဒီပဲယင်းဆရာတော်ဘုရားကြီး၏ သြဝါဒကထာ** | – ၁၅၇ |
| **အဘယာရာမ ရွှေဂူတိုက် ပေါ်ပေါက်လာခြင်း** | – ၁၅၇ |

# - မာတိကာ -


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာဘယာရာမ ဆရာတော်၏ နှုတ်မြွက်ဝိနိစ္ဆယများ | — ၁၆၀ |
| သိထိလ ဓနိတ ဝိနိစ္ဆယ | — ၁၆၁ |
| နိဿဂ္ဂိယ ဝိနိစ္ဆယ | — ၁၆၂ |
| သက္ကာယဒိဋ္ဌိ | — ၁၆၃ |
| သာသနာပ အယူ | — ၁၆၄ |
| သာသနာတွင်း အမြင် | — ၁၆၅ |
| စည်ရှင်ဆရာတော်၏ ဝိနိစ္ဆယအချို့ | — ၁၆၇ |
| ကာလိက လေးပါး | — ၁၆၇ |
| ဘိလပ်ရည် | — ၁၆၈ |
| ရေခဲသုပ် | — ၁၆၈ |
| ချင်းသုပ် | — ၁၆၉ |
| အစ္စယောဒါန မဟာသန္တကာ ဝိနိစ္ဆယ | — ၁၇၀ |
| စစ်ကိုင်းတောင် ရွှေဥမင်ဆရာတော်၏ မေးလျှောက်ချက် | — ၁၇၅ |
| စည်ရှင်ဆရာတော်၏ ဖြေကြားချက် | — ၁၇၅ |
| ယောနယ် ဂန့်ဂေါမြို့ ကန်တောရကျောင်းတိုက်ဆရာတော် ဦးဇယန္တ မေးလျှောက်ချက် | ၁၇၈ |
| စည်ရှင်ဆရာတော်၏ ဖြေကြားချက် | — ၁၇၈ |
| ကျမ်းပြီးနိဂုံး | — ၁၈၂ |
| မျှော်လင့်တောင့်တ အာသီသ | — ၁၈၃ |


## နောက်ဆက်တွဲ လင်္ကာများ


| | |
|---|---|
| ဝေလာမသုတ္တန် | — ၁၈၄ |
| မဟာဂေါပါလသုတ္တန် | — ၁၈၅ |
| ဒါရုက္ခန္ဓောပမသုတ္တန် | — ၁၈၆ |
| သာရောပမသုတ္တန် | — ၁၈၆ |
| စက္ကဝတ္တိသုတ္တန် | — ၁၈၇ |
| သမစိတ္တ ပဋိပဒါသုတ္တန် | — ၁၈၈ |

# – မာတိကာ –

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဓမ္မဒါယာဒသုတ္တန် | – ၁၈၈ |
| ဩဃတရဏသုတ္တန် | – ၁၈၉ |
| အာဃာတ ပဋိဝိနယသုတ္တန် | – ၁၉၀ |
| ဝေလာမသုတ္တန်လာ ဒါန ၅-မျိုး | – ၁၉၀ |
| ကာလဒါန ၅-မျိုး | – ၁၉၀ |
| စင်္ကြံသွားခြင်း အကျိုး ၅-ပါး | – ၁၉၀ |
| ကထိန်အကျိုး ၅-ပါး | – ၁၉၁ |
| ဓမ္မဝိဟာရီ ပုဂ္ဂိုလ် ၆-ယောက် | – ၁၉၁ |
| လက်ငင်းဒါန ၇-မျိုး | – ၁၉၁ |
| နန္ဒမာတာ၏ အံ့ဖွယ် ၇-မျိုး | – ၁၉၁ |
| ဒါန ၈-မျိုး | – ၁၉၂ |
| ဂန္ဓံ ၈-ပါး | – ၁၉၂ |
| နတ် ၉-မျိုး | – ၁၉၂ |
| ရှင်သာရိပုတြာ၏ နှလုံးသွင်း ၉-မျိုး | – ၁၉၂ |

# ဘဝလွတ်မြောက်ရေးခရီး

## ရှုမှတ်ပွားများနည်း

# နိဒါန်း

## ပါရမီ၏ သဘောတရား

ပါရမီဟူသည်မှာ တဆင့်ထက်တဆင့် မြင့်ထက်မြင့်၍ ရင့်ထက်ရင့်ကာ ပွင့်ထွန်းလာတတ်သည့် သဘောရှိပေသည်။ ဤအဆိုကို ထင်ရှားစေရန် အလောင်းတော် တေမိမင်းသား ဖြစ်စဉ်က ပညာဉာဏ် အသိတရားကလေး တခုကို တင်ပြလိုပါသည်။

## အလောင်းတော်ဘဝ ပညာ

အလောင်းတော် တေမိမင်းသားသည် တောထွက်ပြီး ရသေ့အဖြစ်သို့ ရောက်သောအခါ တောတွင်း တေမိယ ရသေ့ရှိရာသို့ ခမည်းတော် မယ်တော်တို့ လိုက်လာကြသည်။ နန်းတွင်းသူ နန်းတွင်းသား မှူးမတ် ဗိုလ်ပါများလည်း အတူ လိုက်ပါလာကြသည်။

ခမည်းတော် မယ်တော်တို့ ရောက်လာခိုက်တွင် တေမိယ ရသေ့သည် အစာအာဟာရအဖြစ် ဆားမပါသည့် သစ်ရွက်ပြုတ်များကို စားသုံးနေသည်ကို တွေ့ကြရသည်။ တေမိယရသေ့က မိမိ စားသုံးနေသည့် ဆားမဲ့ သစ်ရွက်ပြုတ်ကို စားသုံးပါဟု ဧည့်ခံသည်။ ခမည်းတော်မင်းကြီး အနည်းငယ် မြည်းကြည့်ပြီး "ဘာမှ အရသာမရှိပါလား၊ ဤလို သစ်ရွက်ပြုတ်မျိုးတော့ မစားနိုင်ပါဘူး၊ ဆန်ထမင်းနှင့် အသားဟင်းကိုမှ စားနိုင်ပါသည်"ဟု ပြောသည်။

မယ်တော်ကြီးနှင့် နန်းတွင်းသူများကလည်း မြည်းကြည့်ပြီး မျက်နှာရှုံ့ကြသည်။ ထွေးပစ်ကြသည်။ ဤလို ဆားမဲ့ သစ်ရွက်ပြုတ်ကို စားပြီး အသားအရေ ကြည်လင်နေခြင်းသည် ချီးမွမ်းအံ့သြဖွယ် ကောင်းလှပါတကား ဟူ၍လည်း အံ့သြစကား ပြောကြားကြသည်။

ထိုအခါ အလောင်းတော် တေမိယရသေ့က ပြန်ပြောသည်မှာ–

"အကျွန်ုပ်သည် အတိတ်ကို တွေးထင်၍ စိုးရိမ်ပူပင်ခြင်း မဖြစ်ပါ။ အနာဂတ်ကို မြော်ဆ၍ တောင့်တခြင်း မဖြစ်ပါ။ ပစ္စုပ္ပန်အခါ ရရာဖြင့်သာ မျှတပါသည်။ ထို့ကြောင့် အကျွန်ုပ်၏ အသားအရေသည် ကြည်လင်ခြင်းဖြစ်ပါသည်"

ဟူ၍ ပြန်လည် ပြောဆိုလေသည်။

ဤ အလောင်းတော်ဘဝက တေမိယ ရသေ့ကလေး၏–

(က) အတိတ်ကိုတွေးထင်၍ စိုးရိမ်ပူပင်ခြင်း မဖြစ်၊
(ခ) အနာဂတ်ကို မြော်ဆ၍ တောင့်တခြင်းမဖြစ်၊
(ဂ) ပစ္စုပ္ပန် ရရာဖြင့် မျှတပါသည်။

ဟု ပြောဆိုနိုင်သည့် အသိဉာဏ်သည် ဤကမ္ဘာ လောကသားတို့၏ သန္တာန်တွင် ဖြစ်ပေါ်ရန် အလွန်ခက်လှပါသည်၊ မီးပုံထဲမှာ ကြာပန်းပွင့်ရန် ခက်ခဲသကဲ့သို့ပင် ခက်ခဲလှပါသည်။

## ဘုရားရှင်ဖြစ်သော ပညာ

ထိုစဉ်အခါက အလောင်းတော်ဘဝဖြင့် ရရှိခဲ့သော အသိဉာဏ် ပညာပါရမီသည် တဆင့်ထက်တဆင့် မြင့်ထက်မြင့်၍ ရင့်ထက်ရင့်ကာ ပွင့်ထွန်းလာခဲ့သည်။ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် ဖြစ်လာသောအခါ–

## – နိဒါန်း –

အတိတ်ကို တွေးထင်၍ အစဉ်မလိုက်ရာ၊
အနာဂတ်ကို မြော်ဆ၍ တောင့်တမနေရာ၊
အတိတ်တရားကား ချုပ်ပျောက်သွားလေပြီ၊
အနာဂတ်တရားမှာ မရောက်လာသေးချေ၊

ထိုထိုခဏ ပစ္စုပ္ပန်ကာလရှိတရားကို ဝိပဿနာတင်ဆင်ခြင်ခြင်းကို လောဘဖြင့် ဆွဲဆောင်မှုမရှိပဲ ဒေါသဖြင့် ဖျက်ဆီးမှုမရှိပဲ မဖြစ်ပဲ ပညာရှိသည် ပွားများရာ၏။

ဟူ၍ မြင့်လှ ရင့်လှသည့် ဝိပဿနာရှုနည်းကို ဟောကြားနိုင်အောင် ပွင့်ထွန်းလာခဲ့သည်ကို တွေ့မြင် သိရှိရပေသည်။

ဤသည်မှာ ဝိပဿနာဉာဏ် ဟူသော ပညာပါရမီ အနုစားကလေးကို တေမိယရသေ့ ဘဝက အခြေတည် ရရှိလာခဲ့ရာနောက် ဂေါတမဗုဒ္ဓ သဗ္ဗညုတဘုရား ဖြစ်သောအခါ မြင့်မားရင့်ကျက်သည့် ဝိပဿနာဉာဏ်ကြီးအဖြစ် ပွင့်ထွန်းလာခြင်းကို ပြဆို၍ သက်သေတင်လိုက်ခြင်း ဖြစ်ပေသည်။

## သာဓကမှ သိရသည့် အကျိုးတရား

ဖော်ပြရေးသားခဲ့သည့် သက်သေတင်ပြချက်ဖြင့် အကြောင်းအရာနှစ်မျိုးကို သိမြင်နိုင်ပေသည်။ အကြောင်းအရာနှစ်မျိုးဟူသည်မှာ—

၁။ ပညာပါရမီဟူသည် တဆင့်ထက်တဆင့် မြင့်ထက်မြင့်၍ ရင့်ထက်ရင့်ကာ ပွင့်ထွန်းလာတတ်သည်။

ဟူသော မူလ တင်ပြလိုရင်း အကြောင်းအရာ၏ သဘောကိုသာမကပဲ—

၂။ ဝိပဿနာဟူသည် အတိတ်တရားကိုလည်း ရှုရမည်မဟုတ်၊ အနာဂတ်တရားကိုလည်း ရှုရမည်မဟုတ်၊ ပစ္စုပ္ပန်တရားကိုသာ လောဘဖြင့် ငြိကပ် ဆွဲဆောင်

မှု မရှိပဲ ဒေါသဖြင့် ပြစ်မှားပျက်စီးမှု မရှိပဲ ရှုမှတ်ပွားများရမည်။

ဟူသော ထူးမြတ်သော ဆင့်ပွား အကြောင်းအရာသစ် တခုကိုလည်း သိမြင်လာနိုင်ပေသည်။

## ဗုဒ္ဓသာသနာမှာ ထူးကဲသော ဝိပဿနာ

ယင်း အသစ်တိုး၍ ဆင့်ပွားသိလာသည့် ဝိပဿနာ အကြောင်းအရာသည်ကား ဤ ဗုဒ္ဓသာသနာတော်၌ အထူးကဲဆုံး တရားဖြစ်ချေသည်။ မှန်လှပေသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဒက္ခိဏာဝိဘင်္ဂသုတ်၌ တရားအမျိုးမျိုး၏ အကျိုးကြီးမားပုံကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူရာတွင်–

> ဒါနကုသိုလ် အမျိုးမျိုးထက် သရဏဂုံကုသိုလ်က အကျိုးကြီးမားသည်၊ သရဏဂုံ ကုသိုလ်ထက် သီလကုသိုလ် အကျိုးကြီးမားသည်၊ သီလကုသိုလ်ထက် သမထကုသိုလ် အကျိုးကြီးမားသည်၊ သမထကုသိုလ်ထက် ဝိပဿနာကုသိုလ် အကျိုးကြီးမားသည် ဟူ၍ ဝိပဿနာကုသိုလ်က အကျိုးအကြီးမားဆုံးဖြစ်ကြောင်း

ဖော်ပြ ဟောကြားထားသည်ကို ဖတ်ရှု တွေ့မြင်နိုင်ပေသည်။

ယင်းသို့ အကျိုးတရား အကြီးမားဆုံး ဖြစ်သော ဝိပဿနာကုသိုလ်သည် ဤ ဗုဒ္ဓသာသနာတော်၌ အထူးမြတ်ဆုံး ဖြစ်ပေသည်။ သာသနာတော်တွင်း၌ တွေ့ဆုံ ကြုံကြိုက်ခွင့် ရလာသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် သာသနာတော်တွင်းဖြစ် အထူးမြတ်ဆုံး ဝိပဿနာကုသိုလ်ကို ရရှိကြစေရန် ကြိုးစား အားထုတ် ပြုလုပ်ကြရန် သင့်တော်လှပါပေသည်ဟု နိဒါန်းရေးသူ တိုက်တွန်း နှိုးဆော်လိုပါသည်။

## ဝိပဿနာ လမ်းညွှန်

ဤနေရာတွင် စာရှုသူတို့က မေးမြန်းဖွယ် စကားတရပ် ဖြစ်နိုင်ပါသည်။ ယင်း မေးဖွယ်စကား ဟူသည်မှာ–

ဝိပဿနာ ကုသိုလ်ထူးကို ရချင် လိုချင်ပါသည်၊ ဘယ်လို များ ရှာဖွေရပါမည်နည်း၊ ဘယ်စာအုပ်တွေ ဖတ်ရပါမည်နည်း။

ဟူ၍ မေးဖွယ်ရှိပါသည်။ ပြည့်ပြည့်စုံစုံဖြင့် လိုရင်းကျကျ ဖြေဆိုပြပါမည်။ ဆက်လက် ရှုစားတော်မူကြပါ။

## အကျဉ်းဆုံး အရှင်းဆုံး ဝိပဿနာသုတ္တန်

ဗုဒ္ဓသာသနာတော် နေရောင် လရောင်တမျှ ထွန်းလင်းလှသော မြန်မာပြည်၌ ဝိပဿနာရှုနည်းကို ရေးသား ပြဆိုသည့် ပါဠိဘာသာရေး မြန်မာဘာသာရေး နှစ်ဘာသာ ရောရာရေးကျမ်းများကား အလွန် များပြားလှပါသည်။ စာရင်းအင်းချ ရေးမပြနိုင်အောင်ပင် ဖြစ်ပါသည်။ သူ့နည်း သူ့ဟန်ဖြင့် မှန်ကန် ကောင်းမြတ်သည့်ချည်း ဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ သို့သော် နိဒါန်းရေးသူ သိထားသော ပစ္စုပ္ပန်ကျကျ အကျဉ်းဆုံး အရှင်းဆုံး ဟောပြထားသည့် ပါဠိတော် သုတ်နှစ်ဆူကိုမူ အလွယ်ကူဆုံး ဝိပဿနာတရားတော် ဖြစ်ပါသည်ဟူ၍ ညွှန်းလိုပါသည်။ ယင်းသုတ် ပါဠိတော်မှာ–

၁။ ဣန္ဒြိယ ဘာဝနာသုတ် နှင့်

၂။ ကုဏ္ဍလိယသုတ်

တို့ ဖြစ်ပါသည်။

ဣန္ဒြိယဘာဝနာသုတ် ဟူသည်မှာ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပါဠိတော် (မ–၃–နှာ–၃၄၇)၌ ရှိသော သုတ်ဖြစ်ပါသည်။

ကုဏ္ဍလိယသုတ် ဟူသည်မှာ သံယုတ္တနိကာယ်၊ မဟာဝဂ္ဂ သံယုတ် (သံ–၃ နှာ–၆၆)၌ ပါရှိသော သုတ်ဖြစ်ပါသည်။

ယင်းပါဠိတော် သုတ်နှစ်ဆူလုံးမှာပင် ဣန္ဒြေခြောက်ပါးတွင် အာရုံခြောက်ပါး ထင်လာရာ၌ သတိဖြင့် ထိန်းသိမ်းမှတ်သား၍ ရှုမှတ်ပွားများနည်းကို ဟောကြားထားပါသည်။ အကျဉ်းမျှ ရှင်းပြပါအံ့။

## ဣန္ဒြေ ခြောက်ပါး

ဣန္ဒြေခြောက်ပါး ဟူသည်မှာ အကြမ်းအားဖြင့် ဖော်ပြရလျှင်—

၁။ စက္ခုန္ဒြိယ—မျက်စိဣန္ဒြေ

၂။ သောတိန္ဒြိယ—နားဣန္ဒြေ

၃။ ဃာနိန္ဒြိယ—နှာခေါင်းဣန္ဒြေ

၄။ ဇိဝှိန္ဒြိယ—လျှာဣန္ဒြေ

၅။ ကာယိန္ဒြိယ—ကိုယ်ဣန္ဒြေ

၆။ မနိန္ဒြိယ—စိတ်ဣန္ဒြေ

ဟူ၍ ခြောက်ပါးဖြစ်ပါသည်။ အကျဉ်းအားဖြင့် (မျက်စိ နား နှာ လျှာ ကိုယ် စိတ်) ခြောက်ပါးပင် ဖြစ်ပါသည်။

## အာရုံခြောက်ပါး

အာရုံခြောက်ပါးဟူသည်မှာ အကြမ်းအားဖြင့်—

၁။ ရူပါရုံ—အဆင်း

၂။ သဒ္ဒါရုံ—အသံ

၃။ ဂန္ဓာရုံ—အနံ့

၄။ ရသာရုံ—အရသာ

၅။ ဖောဋ္ဌဗ္ဗာရုံ—အတွေ့အထိ

၆။ ဓမ္မာရုံ—အတွေးသဘောတရား

ဟူ၍ ခြောက်မျိုးဖြစ်ပါသည်။

ဖော်ပြခဲ့သည့် ဝူလ္လာမြခြောက်ပါး၌ အာရုံခြောက်ပါး ထိခိုက်ဖြစ်ပေါ်လာသည့်အခါ သတိဖြင့် စောင့်ထိန်း မှတ်သား၍ ရှုမှတ် ပွားများနည်းကို ဣန္ဒြိယဘာဝနာသုတ်နှင့် ကုဏ္ဍလိယ သုတ်တို့၌ ဟောကြားထားပါသည်။ အကယ်၍ စာရှုသူ ဖတ်ရှု လေ့လာလိုပါလျှင် ဖော်ပြခဲ့သည့် နိကာယ် ပါဠိတော်ကြီးများ၌ လေ့လာ ဖတ်ရှုနိုင်ပါသည်။

## ပါဠိတော်လေ့လာနည်း

ပါဠိတော်ရှိ သုတ်နှစ်ဆူမှာ ပါဠိဘာသာဖြင့် ဟောကြား ထားသောကြောင့် မြန်မာဘာသာ ယက်သက်ကိုသာ တတ်သိ သူတို့အတွက် မြန်မာပြန်ကျမ်းနှင့် လည်းကောင်း၊ နိဿယကျမ်း နှင့် တွဲ၍သည်းကောင်း ဖတ်ရှု လေ့လာနိုင်ပါသည်။

ယင်းသုတ် နှစ်ဆူမှာ အခက်အခဲ မရှင်းလင်းသည့်အရာ ရှိလျှင်လည်း အဖွင့်အဋ္ဌကထာနှင့် ယင်းအဖွင့် ဋီကာကျမ်းများ မှာ ရှာဖွေလေ့လာရမည် ဖြစ်ပါသည်။

## မြန် ကောင်း သက်သာ လေ့လာနည်း

ဤနေရာတွင် ဤနိဒါန်းမှ စာရှုသူအား ကောင်းမြတ်သည့် အဖိုးတန် အကြံဘစ်ခု တင်ပြ၍ လက်ဆောင် ပေးလိုပါသည်။ စာရှုသူမှာ ပါဠိတော် သုတ်နှစ်ဆူရှာရန် မြန်မာပြန်ကျမ်းနှင့် နိဿယပြန်ကျမ်း ကြည့်ရန် အဋ္ဌကထာ ဋီကာကျမ်းများနှင့် ညှိနိုင်းရန်တို့မှာ လွယ်ကူသော အလုပ်မဟုတ်ပါ။ တော်တော် ပင်ပန်းဆင်းရဲခံမှသာ သိရ မှတ်ရမည် ဖြစ်ပါသည်။ ယခု စာရှုသူ လက်တွင် ကိုင်၍ ဖတ်ရှုနေသော ဘာလွတ်မြောက်ရေးရိုး ရှုမှတ်ပွားများနည်းကို ဆက်လက်၍ ဖတ်ရှုပါလျှင် ဣန္ဒြိယ ဘာဝနာသုတ်နှင့် ကုဏ္ဍလိယသုတ်တော်များမှာ ဟောကြားသည့် ပစ္စုပ္ပန်ကျကျ ဝိပဿနာတရားကို မြန် ကောင်း သက်သာ လွယ်

ကူစွာ သိနိုင် မှတ်နိုင် ရှုပွားနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဤ ဘာဝလွတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်းကိုသာ ဆက်လက် ဖတ်ရှုပါဟု အကြံပေး တိုက်တွန်းအပ်ပါသည်။

ယင်းသို့ "ဘာဝလွတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်း ကျမ်းကို ဖတ်ရှုပါ"ဟု တိုက်တွန်းခြင်းမှာ ဤ နိဒါန်းရေးသူ လေ့လာ သိရှိထားသည့် အကြောင်း (၃)ချက်ကြောင့် ဖြစ်ပါသည်။ အကြောင်း(၃)ချက်မှာ—

၁။ ကျမ်းပြုပုဂ္ဂိုလ်၏ ဆရာစဉ်ဆက် အခြေအနေ

၂။ ကျမ်းပြုပုဂ္ဂိုလ်၏ အခြေအနေ

၃။ ကျမ်းစာမူ၏ အခြေအနေ

ဟူသော အခြေအနေ (၃)ရပ် ကောင်းခြင်းကြောင့် ဖြစ်ပါသည်။ ထင်ရှားသိသာရန် အကျယ်ချဲ့ ပြဆိုပါဦးအံ့။

## ၁။ ကျမ်းပြုပုဂ္ဂိုလ်၏ ဆရာစဉ်ဆက် အခြေအနေ

ဤ ဘာဝလွတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်း ကျမ်းပြု ပိုက်ကျုံးဆရာတော်သည်ကား တတိယ ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်၏ တပည့်ဖြစ်သည်။

တတိယ ရွှေကျင်သာသနာပိုင် ဆရာတော်မှာ ဒုတိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်၏ တပည့်ဖြစ်သည်။

ဒုတိယရွှေကျင်သာသနာပိုင် ဆရာတော်မှာ ဂဏာသမုဒ္ဒပကာ ပဌမ ရွှေကျင်ဆရာတော်၏ တပည့် ဖြစ်သည်။

ယင်း အစဉ်အဆက်အရ အထက်မှ အောက်သို့ အစဉ်ချသော်—

ရွှေကျင်ဆရာတော်ကြီးမှ ဝိသုဒ္ဓါရုံဆရာတော်၊

ဝိသုဒ္ဓါရုံဆရာတော်မှ ဒီပဲယင်းဆရာတော်၊

ဒီပဲယင်းဆရာတော်မှ ဤကျမ်းပြု ပိုက်ကျုံးဆရာတော် ဟူ၍ အစဉ်အဆက် မပျက်မယွင်း သက်ဆင်းလာခဲ့ပေသည်။

## – နိဒါန်း –

ယင်းအစဉ်အဆက်လာ ဆရာတော်ကြီးများကို တပါးချင်း တပါးချင်း၏ အရည်အသွေးကို စစ်ဆေး လေ့လာကြည့်သော အခါ ရှေးမြန်မာ့ ပညာရှင်ကြီးများ အစဉ်အလာ သတ်မှတ်သုံးစွဲ ပြောဆိုခဲ့သည့် ချောင်းရိုး မြောင်းရိုးသာ တိမ်ကောသည်၊ လူမျိုး မတိမ်ကောနိုင်” ဟူသော စကားတခွန်းကို အထူး သတိရမိပါသည်။

မှန်ပါသည်။ ချောင်းများ မြောင်းများသည် ရေစီးရေလာများ နှစ်ပေါင်း ကြာသွားသောအခါ ရေစီးထဲမှ သဲများ၊ နုံးမြေများ၊ အမှိုက်သရိုက်များ မျောပါလာ၍ တင်ကျန်သောကြောင့် လည်းကောင်း၊ ကမ်းမှ မြေများ ရေစီးအဟုန် ခတ်မိသောကြောင့် ပြိုဆင်း ကျလာသောကြောင့် လည်းကောင်း၊ တဖြည်းဖြည်း သဲများ မြေများ ပြည့်ပို့လာကာ တိမ်ကောသွားတတ်ပါပေသည်။ သို့သော် လူမျိုးမှာမူကား အသိပညာတရား အရင်းခံထားသောကြောင့် လည်းကောင်း၊ အဆင့်ဆင့် အဆက်ဆက် အသိပညာ အတတ်ပညာ အကျင့်ပညာများကို လက်ဆင့်ကမ်း ပေးတတ် ယူတတ်ကြသော သဘောရှိသောကြောင့်လည်းကောင်း တိမ်ကောပျောက်ကွယ်မသွားပဲ ကည်ရှိနေတတ်ပါသည်။ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ ရှေးမြန်မာ ပညာရှင်ကြီးများက ချောင်းရိုးမြောင်းရိုးသာ တိမ်ကောသည်၊ လူမျိုး မတိမ်ကောနိုင် ဟု ဆိုရိုးပြုခဲ့ကြခြင်းဖြစ်ပေသည်။ ပိုမို၍ ပေါ်လွင် ထင်ရှားအောင် ရေးသား ဖော်ပြပါအံ့။

## ပဌမ ရွှေကျင်သာသနာပိုင် ဆရာတော်

ပဌမ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးသည်ကား အာဒိကမ္မိက ဂဏသမုဋ္ဌာပက ဆရာတော်ကြီး ဖြစ်ပေသည်။ သီလ သမာဓိ ပညာ သိက္ခာသုံးစုံ ပြည့်စုံသုံလောက် ပြောင်မြောက်လှပေသည်။ ပရိယတ် ပဋိပတ် နှစ်ရပ် စွယ်စုံတော်သည့် ဆရာတော်ကြီးဖြစ်သည်။ ပရိယတ်အရာမှာလည်း မိမိကိုယ်တိုင် ပါဠိ

တော်, အဋ္ဌကထာ, ဋီကာ, ဗုဒ္ဓစာပေ အထွေထွေကို ကျေပွန်အောင် လေ့လာတော်မူခဲ့၍ တပည့် စာသင်သား ရဟန်းများအားလည်း သင်ကြားပို့ချ ပေးတော်မူခဲ့သည်။

ပဋိပတ်အရာမှာလည်း အကျင့်သီလကို ပြည့်ဝ စင်ကြယ်စွာ ကျင့်သုံးရုံမက သမထ ဝိပဿနာ တရားများကိုလည်း တောရ ဆောက်တည်၍ စွမ်းစွမ်းတမံ ကျင့်ကြံ ပွားများတော်မူခဲ့ပေသည်။

နောင်လာနောက်သားများ မှတ်သား ကျင့်သုံးနိုင်ကြစေရန် ကျမ်းဂန်စာပေများကို များပြားစွာ ပြုစုတော်မူထားခဲ့ပေသည်။ မှတ်တမ်းတင်ထား၍ ထင်ရှားသည့် ကျမ်းများမှာ—

၁။ နေတ္တိလိနတ္ထသင်္ဂဟ
၂။ နေတ္တိဟာရ ဝိဘာဝနီ
၃။ ရူပဘေဒ ဝိဘာဝနီ
၄။ ဂဏဘေဒဒီပနီ
၅။ နီဿယင် ဝိနိစ္ဆယ
၆။ သိမာလင်္ကာရ ဝိနိစ္ဆယ
၇။ ဒသမွောလင်္ကာရ အဋ္ဌကထာ
၈။ သီသဝိသောဓနီ, သာသနဝိသောဓနီ
၉။ ပဋိစ္စသမုပ္ပါဒဒီပနီ
၁၀။ ဗောဇ္ဈင်ဒီပနီ
၁၁။ ဝဋ္ဋနာဒီပနီ
၁၂။ ဝိနယဂရုဒီပနီ
၁၃။ ဓမ္မာသဓဒီပနီ
၁၄။ ဩဝါဒါလင်္ကာရ ကထာ
၁၅။ မမ္မခတ္တိယောဝါဒ
၁၆။ ကောဝဋ္ဋောဝါဒ
၁၇။ သီဟဋ္ဌောဝါဒ
၁၈။ သဋ္ဌေသ ကထာ

– နိဒါန်း –

၁၉။ လက်ာသာသနဝိသုဒ္ဓိ ကထာ
၂၀။ ဥပဒေသ ကထာ
၂၁။ ပဥ္စင္ဂိကာ
၂၂။ ဝိနယရေ
၂၃။ မဟာသိဿကောဝါဒ
၂၄။ စူဠသိဿကောဝါဒ
၂၅။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတကထာ
၂၆။ ဝိစိတြဝဏ္ဏနာ
၂၇။ သမာသ် ဂဏ္ဌိ
၂၈။ ဒါရုခန္ဓသုတ်
၂၉။ အင်္ဂုတ္တိက ကမ္မဋ္ဌာန်း

စသည်တို့ ဖြစ်ပေသည်။ ဤ၌ စသည် ဟု ဆိုသဖြင့် လက်ရှိ တွေ့မြင်ရသေးသမျှသာ ဖြစ်သည်။ မတွေ့ရသေးသည့် ကျမ်းများ ရှိနိုင်ပေသေးသည်။

ယင်းသို့ သမိုင်းတွင်၍ မော်ကွန်း တင်လောက်အောင် သာ သနာတော်ကို ကျင့်သုံး ပြုစုတော်မူခဲ့သော ပဌမ ရွှေကျင်ဆရာ တော်ကြီးမှ ဒုတိယ ရွှေကျင်သာသနာပိုင် ဆရာတော်ကို ထပ်ဆင့် ကိုယ်စား ပွားလိုက်ပေသည်။

## ဒုတိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော်

ဒုတိယ ရွှေကျင်သာသနာပိုင် ဆရာတော်သည်လည်း ပဌမ ရွှေကျင်ဆရာတော်၏ အရိုက်အရာကို ဆက်လက် ခံယူနိုင်သည့် အားလျော်စွာ သာသနာကို နေဝန်း လဝန်း ထွန်းလင်းသည့် ပမာ တောက်ပစေခဲ့ပါပေသည်။

ပရိယတ် ပဋိပတ် တရားကို ကိုယ်တိုင် ကြိုးစားအားထုတ် သည့်ပြင် တပည့်များစွာ ရဟန်းသံဃာတို့အားလည်း ကြိုးစား

စေသည့်ပြင် နောင်လာနောက်သားများ အဆက်ဆက်လေ့ကျက် သင်ကြား ပွားများနိုင်ကြစေရန်အတွက် ကျမ်းပေါင်းများစွာကို ပြုစုတော်မူခဲ့သည်။ လက်လှမ်းမီသမျှ ဖော်ပြရလျှင်–

၁။ ဆိဒ္ဓပိဓာနနိကျမ်း
၂။ ပရမတ္ထ သရူပဘေဒနီကျမ်း (ပ,ဒု)
၃။ နိက္ခမ္မ ယျောဇနာကျမ်း
၄။ မုစ္စနဂ်ပကာသနီကျမ်း
၅။ သဒ္ဒတ္ထဘေဒစိန္တာ ဂဏ္ဌိသစ်
၆။ ဉာဏောဒယ စာစပ်ကျမ်း
၇။ ဆန္ဒောမဉ္စရီပါဠိ နိဿယ
၈။ ဓာတွတ္ထသင်္ဂြိုဟ်ပါဠိ နိဿယ
၉။ နေတ္တိဟာရတ္ထ ဒီပနီသစ်
၁၀။ ပါဒစက္ကစေတိယဝန္ဒနာကျမ်း

စသော ကျမ်းပေါင်း (၃၄)ဆူ တွေ့ရှိရပေသည်။

ယင်း ပရိယတ် ပဋိပတ်ဝန်ဆောင် ဂန္ထကာရက သာသနာပြု မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော်ဖြစ်သည့် ဒုတိယ ရွှေကျင် သာသနာပိုင် ဆရာတော်မှတဆင့် တတိယ ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်သို့ ဆင့်ပွား ပေါ်ထွန်းလာခဲ့ပေသည်။

## တတိယ ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်

တတိယ ရွှေကျင်သာသနာပိုင် ဆရာတော်သည်ကား ၎င်းမှ ဒုတိယ ရွှေကျင်သာသနာပိုင် ဆရာတော်များ၏ အရိုက်အရာ ရွှေကျင်သာသနာပိုင်အဖြစ်ကို ခံယူရရှိသည်မှ ထို ဆရာတော်ကြီးများ၏ သီလ သမာဓိ ပညာ နည်းနာနယ အာဝဝကို တိတိကျကျ ချီးမြှင့်ပေးအပ်ခြင်းကို ခံယူရသောကြောင့် ဖြစ်နိုင်ပေသည်။

## — နိဒါန်း —

အထောက်အထား ပြရလျှင် ဒုတိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော် ပြန်လွန်တော်မူသောအခါ ရွှေကျင် တဂိုဏ်းလုံး သံဃာတော်များက ဝိုင်းဝန်း တောင်းပန်၍ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယကအဖြစ် တင်မြှောက်ခြင်း ခံရသောကြောင့် ဖြစ်ပေသည်။ မှတ်သားဖွယ် ပြည့်ဝသည့် ပရမတ္ထစက္ခုကျမ်း၊ လောကစက္ခုကျမ်းနှင့် အသုံးများသော မနောဒွိဋ္ဌဝန္ဒနာကျမ်းများကိုလည်း ထောက်ထား သိနိုင်ပေ သည်။

ယင်း တတိယ ရွှေကျင်သာသနာပိုင် ဆရာတော်လက်ထက် တွင် မန္တလေးမြို့၊ ပိုက်ကျုံးရပ် ဒေါ်စုက မဟာဝိသုဒ္ဓါရုံတိုက် အတွင်း၌ အုဘ်ကျောင်းကြီးတစ်ဆောင် ဆောက်လုပ် လှူဒါန်း သည်။ ပိုက်ကျုံးကျောင်းဟု အမည်တွင်သည်။ ဒီပဲယင်းဆရာ တော်က မဟာဝိသုဒ္ဓါရုံတိုက် ဂဏဝါစက ဆရာတော် အရှင် ကောသလ္လာဘိဝံသကို လှူအပ်တော်မူသည်။

အရှင်ကောသလ္လာဘိဝံသ ပြန်လွန်တော်မူသောအခါ ဤ ဘဝလွတ်မြောက်ရေးရေး ရှုမှတ်ပွားများနည်း အကျဉ်း ကျမ်း ပြု တပည့်ရင်း အရှင်ဇ နေယျဗုဒ္ဓိအား လှူအပ်တော်မူခဲ့သည်။ ထိုအခါမှ စ၍ တတိယသာသနာပိုင် ဒီပဲယင်းဆရာတော်၏ တပည့်ရင်း ဝိသုဒ္ဓါရုံဂဏဝါစက အရှင်ဇာနေယျဗုဒ္ဓိသည် ပိုက်ကျုံးဆရာတော်ဟူ၍ ထင်ရှားကျော်စောလေတော့သည်။ ဤသို့ ဆရာများ အစဉ်အလာ အခြေအနေကောင်းလှပေသည်။

## ပိုက်ကျုံးဆရာတော်၏ အခြေအနေ

ဤ ကျမ်းပြု ပိုက်ကျုံးဆရာတော်သည် အာစရိယ ပရမ္ပရ သိဿာနုသိဿအခါ ဆရာစဉ်ဆက် အသိပညာ အတတ်ပညာ အကျင့်ပညာများကို ကြားနာ မှတ်သား သင်ယူ လေ့လာခဲ့ရ သောကြောင့် သာသနာဝင်မှာ မှတ်တမ်းတင်ရမည့် ရွှေကျင် နိကာယ ဥပဥက္ကဋ္ဌအဖြစ်သို့ ရောက်လာတော်မူခဲ့သည်။

# – နိဒါန်း –

ပရိယတ္တိစာပေ ပညာများကို မိမိကိုယ်တိုင်လည်း တတိယ ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ကြီးကို အမိကထား၍ သာသနာ့အာဇာနည်ကြီးများ ဖြစ်တော်မူကြသည့် စည်ရှင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ကောသလ္လာဘိဝံသ၊ အဘယာရာမဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်အဂ္ဂဓမ္မာဘိဝံသ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ‌ခေါ် အရှေ့တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနတို့ထံမှာ ပရိယတ္တိပညာ လေ့လာ သင်ယူခဲ့သောကြောင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ နှင့် ပရိယတ္တိ သာသနဟိတ မူလဓမ္မာစရိယ ဘွဲ့များကို ရတော်မူခဲ့သည်။

မိမိ၏ တပည့် ရဟန်းတော်နှင့် သာမဏေများစွာကိုလည်း ထွန်းထွန်းပေါက်ပေါက် တတ်မြောက်အောင် သင်ကြားပို့ချ ပေးခဲ့သည်။ စောင့်ရှောက် ထိန်းသိမ်း၍ မတိမ်းယိမ်းရအောင် သွန်သင်ပြသ ဆုံးမ လမ်းညွှန်တော်မူခဲ့သည်။

ဤသို့သော အကြောင်းတရားများကို အရင်းခံထား၍ပင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ‌‌ခေါင်းစီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်မြှတ်ဖြင့် ဆက်ကပ် လှူဒါန်း ပူဇော်ခြင်းကို ခံယူတော်မူရသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဩဝါဒစရိယ ဆရာ တော် အဖြစ်လည်း တင်မြှောက် ကိုးကွယ်ခြင်းကို ခံယူတော် မူရသည်။

ဤသို့လျှင် ဤကျမ်းကို ‌ရေးသား ပြုစုတော်မူသည့် ပိုက်ကျုံးဆရာတော်၏ အခြေအနေကလည်း ကောင်းလှပေ သည်။

အစဦးအလာ အခြေအနေကောင်းနှင့် ကျမ်းပြုပုဂ္ဂိုလ် အခြေ အနေကောင်းတို့၏ အစွမ်းအစကို အမှီပြု၍ ဖြစ်ပေါ်လာခဲ့သော ကျမ်းစာတဆူသည်လည်း အမှန်ပင် အခြေအနေကောင်းရမည် ဖြစ်သည်ဟု ဆုံးဖြတ် သိရှိနိုင်ပါသည်။ သို့သော် ပိုမို ထင်ရှား စေရန် အမြွက်မျှ ဖော်ပြပါအံ့။

— နိဒါန်း —

## ဤကျမ်း၏ အခြေအနေ

ကျဉ်း—ရှင်း—လွယ်-မြတ်၊

စုံ—ကောင်း—လတ်၊

ခြောက်ရပ် ဤကျမ်းဂုဏ်။

ဤ ဘဝ လွှတ်မြောက်ရေးခရီး ရှုမှတ် ပွား များ နည်း ကျမ်း၏ အခြေအနေကို ဖော်ပြ ရေးသားရမည် ဆိုလျှင် အထက်တွင် ဖော်ပြခဲ့သော အကျဉ်းချုပ် သံပေါက်လင်္ကာ ကလေး အတိုင်းပင် ဖော်ပြ ရေးသားရမည် ဖြစ်ပါသည်။ ဤ လင်္ကာအရ ဖြေပြရမည် ဆိုပြန်ပါလျှင်—

၁။ (ကျဉ်း)မှာ ကျဉ်းကျဉ်းသိပ်သည်း ကျစ်လျစ်စွာ ရေးထားသည်။

၂။ (ရှင်း)မှာ ရှင်းလင်းစွာ မရှုပ်မထွေး ရေးထား သည်။

၃။ (လွယ်)မှာ လွယ်ကူစွာ သိနိုင်ရန် မခက်မခဲစေပဲ ရေးထားသည်။

၄။ (မြတ်)မှာ မြင့်မြတ်သော ဝိပဿနာဆိုင်ရာ တရား များကို ရေးထားသည်။

၅။ (စုံ)မှာ စုံစုံလင်လင် မကြွင်းမကျန်စေပဲ ရေး ထားသည်။

၆။ (ကောင်း)မှာ အရေးအသား သဒ္ဒါပိုင်း, သဘော အဓိပ္ပာယ် အနက်ပိုင်းအားလုံး ကောင်းသည်။

ဟူ၍ ခြောက်ပါးသော ဂုဏ်အင်္ဂါများ ဤကျမ်းမှာ ရှိပါသည် ဟူ၍ ဆိုလိုပါသည်။ ဆက်ရှင်းပါမည်

## — နိဒါန်း —

### ၁။ ကျဉ်းသည့်ဂုဏ်

ဤကျမ်း၌ ရေးသား ဖော်ပြချက်တို့မှာ အပိုမပါ၊ အဆာ မချဲ့ပဲ ကျဉ်းကျဉ်းဖြင့် သိပ်သည်းကျစ်လျစ်စွာ ရေးသားထား သည်ကို တွေ့ရပါသည်။ စာရှုသူတို့လည်း ဤကျမ်း စာသားကို ဖတ်ရှုသောအခါ တွေ့ရပါလိမ့်မည်။

### ၂။ ရှင်းသည့်ဂုဏ်

အကြောင်းအရာတွေ ရှုပ်ထွေး ပွေပွနေအောင် ဖော်ပြ ရေးသားခြင်း မရှိပဲ တသတ်စီ တသန့်စီ ရှင်းလင်းစွာ ရေးသား ဖော်ပြထားသည်ကို ဤကျမ်း၌ ဖတ်ရှု တွေ့မြင်ရပါသည်။ စာရှုသူတို့သည်း ဤကျမ်း စာသားကို ဖတ်ရှုသောအခါ တွေ့ မြင်ရလိမ့်မည် ဖြစ်ပါသည်။

### ၃။ လွယ်ကူစွာ သိနိုင်ခြင်းဂုဏ်

ခက်ခဲသော စကားလုံးများကို မသုံးပဲ၊ ခက်ခဲသော ဝါကျ ဖွဲ့ထုံးများကိုလည်း မသုံးပဲ ယခုခေတ် လူသားတို့ သုံးစွဲပြောဆို ရေးသားနေကြသည့် စကားလုံးများ ဝါကျ ဖွဲ့ထုံးများဖြင့်သာ ရေးသားထားသောကြောင့် အနက်အဓိပ္ပာယ် မခက်ခဲပဲ သိမြင် ရန် လွယ်သည့်ဂုဏ် ဤကျမ်းမှာရှိကြောင်း တွေ့ရပါသည်။ စာရှုသူများသည်း ဖတ်ရှု တွေ့ရပါလိမ့်မည်။

### ၄။ မြင့်မြတ်သည့် တရားများရှိခြင်း

ဤကျမ်း၏ အမည်ကို ဘဝလွတ်မြောက်ရေးခရီးဟု မှည့် ထားသည်နှင့် လျော်ညီစွာ ဘဝသံသရာမှ လွတ်မြောက်စေနိုင် သည့် ဝိပဿနာတရားကို အရင်းအမြစ်များဖြစ်သည့် ဝိသုဒ္ဓိ ခုနစ်ပါး၊ ဝိပဿနာဉာဏ်စဉ်တရား ဟူသော မြင့်မြတ်သော တရားများဖြင့် မွမ်းမံ ခြယ်လှယ်ပြင်ဆင်၍ ရေးသားဖော်ပြ ထားသည်ကို ဖတ်ရှု သိမြင်နိုင်ပါသည်။

# - နိဒါန်း -

## ၅။ စုံလင်သည့်ဂုဏ်

ဤ ဘဝလွတ်မြောက်ရေးခရီး ဝိပဿနာရှုနည်းကျမ်း၌—

ဣန္ဒြိယဘာဝနာသုတ်

ကုဏ္ဍလိယသုတ်

တော်များ၌ လာရှိသည့်အတိုင်း ဣန္ဒြေခြောက်ပါး၊ဒွါရခြောက်ပေါက်၌ အာရုံခြောက်ပါး ထင်လာသည်ကို သတိကပ်၍ ဝိပဿနာပညာဖြင့် ဆင်ခြင် ရှုမှတ်ပုံကို ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြရုံမကပဲ ပါဠိတော်နှင့် စီသုဒ္ဓိမဂ် စသော အဋ္ဌကထာကြီးများမှ လာသည့် နည်းများနှင့် ဆရာစဉ်ဆက် ရရှိခဲ့သည့်မှတ်သားဖွယ် ဝိနိစ္ဆယများကိုလည်း ယူငင် ထည့်သွင်းထား—

(က) ဒွါရခြောက်ပါး၌ ဝီထိဖြစ်စဉ်ကို ရှုမှတ်နည်း၊ (နှာ—၅၄—မှ—၅၇—ထိ)၊

(ခ) ဒိဋ္ဌေဒိဋ္ဌမတ္တံ ရှုနည်း(နှာ—၅၈—မှ ၆၃—အထိ)၊

(ဂ) ဘုရားဂုဏ်တော်မှ ဝိပဿနာသို့ အဆင့်ဆင့် တက်ပုံနည်း (နှာ ၆၃—မှ ၇၂-အထိ)၊

(ဃ) အခွန့်သုံးပါး၌ ဇာတိဇရာ မရဏဖြင့် ဝိပဿနာ ရှုနည်း (နှာ-၇၂-မှ ၇၈—အထိ)၊

(င) ရှင်းလင်းချက်များ (နှာ—၇၈—မှ ၈၆)၊

(စ) နာမ်ရုပ်နှင့် ပရမတ္ထ စိတ် စေတသိက် ရုပ် ခွဲခြား ရှုမှတ်နည်း (နှာ-၈၆ မှ —၁၀၄-အထိ)၊

(ဆ) ခန္ဓာကိုယ်ကို ဇာတ်သဘင်ကဲ့သို့ ခွဲပြခြင်း (နှာ-၁၀၅—မှ ၁၁၈—အထိ)၊

(ဇ) ဂုဏ်တော်အရပ်ရပ်နှင့် သိမှတ်ဖွယ်များ(နှာ—၁၁၉—မှ ၁၅၉—အထိ)၊

(ဈ) ဝိနိစ္ဆယများ(နှာ—၁၆၀မှ—၁၇၇ အထိ)တို့ကိုလည်း နောင်လာနောက်သားများ မှတ်သား ကျင့်သုံးကြရန် ဖော်ပြထားသောကြောင့် စုံလင်သည့်ဂုဏ်နှင့် ပြည့်စုံပါပေသည်။

## — နိဒါန်း —

### ၆။ ကောင်းမွန်သည့်ဂုဏ်

ဤ ကောင်းမွန်သည့်ဂုဏ်မှာ ဖော်ပြခဲ့သည့် ဂုဏ်(၅)ချက်နှင့် ပြည့်စုံသောကြောင့် ရရှိလာသော ဂုဏ်ဖြစ်ပါသည်။ ကျမ်းတဆူသည် ကျဉ်းသည်၊ ရှင်းသည်၊ သိရန် လွယ်လာရန် လွယ်သည်၊ မြင့်မြတ်သည့် သဘော အဓိပ္ပာယ်များ ပါသည်၊ စုံလင်သည်ဟု ဆိုလျှင် သဒ္ဒါရေးရာပိုင်းကလည်း ကောင်းသည်၊ သဘောအဓိပ္ပာယ် အနက်ရေးရာအပိုင်းမှလည်း ကောင်းသည်ဟု သတ်မှတ်ရသောကြောင့် ကောင်းမွန်သည့်ဂုဏ် ရှိသည်ဟု ဆိုရပါတော့သည်။

ဤသို့သော အကြောင်းများကြောင့် ဤကျမ်း၏ အခြေအနေမှာလည်း ကောင်းလှပါပေသည်။

ဤသို့လျှင် ဖော်ပြခဲ့သည့်အတိုင်း အခြေအနေ သုံးရပ်ကောင်းမြတ်သောကြောင့် စာရှုသူတို့အား "ဣန္ဒြေခြောက်ပါးကို သတိဖြင့် စောင့်ထိန်း၍ ဝိပဿနာရှုမှတ်နည်းကို သိလို၊ လေ့လာမှတ်သား ပွားများလိုပါလျှင် ဤ ဘဝလွတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်းကျမ်းကို ကြည့်ရှု လေ့လာပါ"ဟု ဤနိဒါန်း အစက တိုက်တွန်းစကား ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

## ကမ္ပတ်ဖုံး၍ နိဂုံးချုပ်ခြင်း

ဤမျှ ရေးပြလျှင် ဤ ဘဝလွတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်းကျမ်းသည် စာရှုသူတို့အား သာသနာ၌ မြင့်မြတ်လှစွာသော ဝိပဿနာပညာ ပါရမီကို တဆင့်ထက်တဆင့် မြင့်ထက် မြင့်၍ ရင့်ထက်ရင့်ကာ ပွင့်ထွန်းပါစေရန် ကျင့်ကြံနိုင်လောက်အောင် ရေးသားပြဆိုသည့် ကျမ်းတဆူဖြစ်ကြောင်း သိနိုင်စေလောက်ပြီ ဖြစ်ပါသည်။ ဤနိဒါန်းကို ကမ္ပတ်ဖုံး၍ နိဂုံးအုပ်ပါတော့မည်။

နိဂုံးစကား ရေးသားရာ၌ ရှေးအစဉ်အလာ မှတ်သားကြားနာခဲ့ဖူးသည့် မြတ်ဗုဒ္ဓသာသနာ၌ နောင်လာနောက်သာ

တို့ တမ်းတရသည့် ကျမ်းပြုပုဂ္ဂိုလ်ကြီး သုံးပါးအကြောင်းကို တင်ပြ၍ နိဂုံးစကား ရေးသားပါမည်။

## တမ်းတရသည့် ပုဂ္ဂိုလ်ကြီးသုံးပါး

ဗုဒ္ဓသာသနာ၌ နောင်လာနောက်သားတို့ တမ်းတရသည့် ကျမ်းပြုပုဂ္ဂိုလ်ကြီး သုံးပါးရှိပါသည်။ ယင်းတို့မှာ–

၁။ အရှင်အနုရုဒ္ဓါ၊

၂။ အရှင်ဓမ္မပါလ၊

၃။ အရှင်သာရိပုတြာ-ဟူ၍ သုံးပါးဖြစ်ပါသည်။

အရှင်အနုရုဒ္ဓါသည် အဘိဓမ္မာခုနစ်ကျမ်းကို အကျဉ်းချုပ်၍ အဘိဓမ္မတ္ထသင်္ဂဟ ခေါ် သင်္ဂြိုဟ်ကျမ်းကို ရေးသားတော်မူခဲ့ပါသည်။ သင်္ဂြိုဟ်ကျမ်းကို ဖတ်ရှု လေ့လာရသော နောင်လာနောက်သားများက–

"ဤအရှင်မြတ် ရေးသားသော သင်္ဂြိုဟ်ကျမ်းကြောင့် အဘိဓမ္မာခုနစ်ကျမ်း၏ သဘောအဓိပ္ပာယ်ကို လွယ်လွယ်ကျဉ်းကျဉ်းဖြင့် တတ်သိနိုင်ခွင့် ရကြပေသည်။

အကယ်၍များ ဤအရှင်သာ ပိဋကသုံးပုံအကျဉ်း ပိဋကတ္တသင်္ဂဟကျမ်းကို ရေးပါလျှင် ပိဋကသုံးပုံ၏ သဘောအဓိပ္ပာယ်ကို လွယ်လွယ်ကျဉ်းကျဉ်းဖြင့် သိရပေလိမ့်မည်။

သြော် အရှင်မြတ်နှယ် ရေးမှ မရေးခဲ့လေတကား"

ဟူ၍ တမ်းတကြရပေသည်။

အရှင်ဓမ္မပါလသည် လီနတ္ထပကာသနီ အမည်ဖြင့် ဒီဃနိကာယ် အဋ္ဌကထာဖြစ်သည့် သုမင်္ဂလဝိလာသိနီ အမည်ရှိ အဋ္ဌကထာသုံးကျမ်း၏ အဖွင့် သံဝဏ္ဏနာဋီကာ သုံးကျမ်းကို မကျဉ်းလွန်း မကျယ်လွန်း ပြုစုတော်မူသည်။ သုမင်္ဂလဝိလာသိနီ

# - နိဒါန်း -

အဋ္ဌကထာ သုံးကျမ်း၏ အနက်အဓိပ္ပာယ်များကို မကျဉ်းလွန်း မကျယ်လွန်းပဲ တတ်သိခွင့်ရကြသောအခါ-

"ဤအရှင်မြတ် ရေးသားသော လီနတ္ထပကာသနီဋီကာကြောင့် သုမင်္ဂလဝိလာသိနီ အဋ္ဌကထာသုံးကျမ်း၏ သဘောအဓိပ္ပာယ်ကို မကျဉ်းမကျယ် သိခွင့်ရကြပေသည်။

အကယ်၍များ ဤအရှင်သာ ပိဋကသုံးပုံ၏ အဖွင့်အဋ္ဌကထာ ရေးခဲ့ပါလျှင် ပိဋကသုံးပုံ၏ သဘောအဓိပ္ပာယ်ကို မကျဉ်းမကျယ် သိခွင့်ရကြပေလိမ့်မည်။

ဩော် အရှင်မြတ်နှယ် ရေးမှ မရေးခဲ့လေတကား" ဟူ၍ တမ်းတကြရပေသည်။

အရှင်သာရိပုတြာသည် ဝိနည်း အဋ္ဌကထာ ငါးကျမ်းဖြစ်သော သမန္တပါသာဒိကာ အမည်ရှိ အဋ္ဌကထာငါးကျမ်းကို သာရတ္ထဒီပနီ အမည်ရှိ ဋီကာကျမ်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသား ဖွင့်ဆိုတော်မူသည်ကို ဖတ်ရှုကြရသောအခါ-

"ဤအရှင်မြတ် ရေးသားသော သာရတ္ထဒီပနီဋီကာကြောင့် သမန္တပါသာဒိကာ အဋ္ဌကထာ၏ ဝိနည်းဆိုင်ရာ သဘောအဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သိခွင့်ရကြပေသည်။

အကယ်၍များ ဤအရှင်သာ ပိဋကသုံးပုံ၏ အဖွင့်အဋ္ဌကထာကျမ်းကို ရေးခဲ့ပါလျှင် ပိဋကသုံးပုံ သဘောအဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိခွင့်ရကြပေလိမ့်မည်။

ဩော် အရှင်မြတ်နှယ် ရေးမှ မရေးခဲ့လေတကား" ဟူ၍ တမ်းတကြရပေသည်။

# — နိဒါန်း —

ဤသို့ သာသနာ့သမိုင်းစဉ်မှာ နောင်လာနောက်သားတို့ တမ်းတကြရသည့် ပုဂ္ဂိုလ်ကြီးသုံးပါး ရှိခဲ့ပါသည်။ ဤအတူပင် လျှင်—

ဤ ဘဝလွှတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်းကျမ်းကို ပြုစုတော်မူသော ပိုက်ကျုံးဆရာတော်သည်လည်း—

(က) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆိုင်ရာ ကိစ္စများ

(ခ) ဂိုဏ်းဂဏဆိုင်ရာ ကိစ္စများ

(ဂ) ကျောင်းတိုက်ဆိုင်ရာ ကိစ္စများ

(ဃ) ပရိယတ္တိ သင်ကြားပို့ချရေးဆိုင်ရာ ကိစ္စများ

(င) မျက်စိရောဂါကုသမှု စသော ကျန်းမာရေးကိစ္စများ

ဟူ၍ များပြားလှစွာသော ကိစ္စများကို ဆောင်ရွက်ရသော ကြောင့် မအားလပ်သည့် အကြားမှ မိမိ တတ်သိ မှတ်သား ပွားများထားသည့်အတိုင်း ကြိုးစား၍ ဤ ဘဝလွှတ်မြောက် ရေးခရီး ရှုမှတ်ပွားများနည်းကျမ်းကို ရေးသား ပြုစုကြောင်း သိရပေသည်။

သို့ဖြစ်ပါလျက် ဤကျမ်း၏ ဖော်ပြခဲ့သည့် ကောင်းမြတ် သော အကြောင်းအရာများကို မှတ်သား သိရှိခွင့် ရသောအခါ—

> "ဤကျမ်းပြု ပိုက်ကျုံးဆရာတော်သည် ကိစ္စများ၍ မအားလပ် မကျန်းမာသည့်အကြားမှ ပြုစုသော ဤ ကျမ်းသည် ဤမျှ ကောင်းမွန်ပေသေး၏။
>
> အကယ်၍များ ပိုက်ကျုံးဆရာတော်သာ အားလပ် ကျန်းမာစွာ ဤကျမ်းကို ပြုစုခွင့် ရခဲ့ပါလျှင် ဤမျှ ကောင်းရုံမကပဲ ဤထက် ပိုမိုလွန်ကဲစွာ ကောင်းမွန်ပေ လိမ့်မည်။

## – နိဒါန်း –

ဩဝါဒ် အရှင်မြတ်နှယ် အားလပ် ကျန်းမာစွာ ရေးသားခွင့် မရရှာပါလေတကား”

ဟူ၍ နိဒါန်းရေးသူက တမ်းတမိ၍ကြောင်းကို တင်ပြ၍ နိဂုံးစကား ရေးသားအပ်ပါသတည်း။

သူတော်စင်များ ဝိပဿနာပါရမီအကျင့် တဆင့်ထက် တဆင့် မြင့်ထက်မြင့်၍ ရင့်ထက်ရင့်ကာ ပွင့်ထွန်းနိုင်ကြပါစေ။

ဦးထွန်းလှိုင် (ဝိနယပါရဂူ)
သက္ကျသီဟမဟာစရိယဝင်္ဂသကာ၊
အစိုးရမဟာစရိယ သိရောမဏိ၊
စေတိယင်္ဂဏ မဟာစရိယ ဂဏဝါစက။

# ပဏာမနှင့် ပဋိညာဉ်

**သာစေရန္နမ မလ္လေဏံ၊ သရဏံ သဝိနိစ္ဆယံ။**
**ဘဝ ကန္တာရမောက္ခာယ၊ ကဿံ နယဝိပဿနံ။**

အဟံ=ဂဏထိပ်တင် ကျေးဇူးရှင်တို့ သွန်သင်ပြသ ဝိနယ ဓမ္မာ ကျင့်နည်းနာကို ကောင်းစွာရမိ လက်ကိုင်ပြု၍ မိမိနောက်ပွား ဂိုဏ်းဝင် များကို ညွှန်ကြားစီရင် ရွှေကျင်ဦးစီး အမှူးအကြီး ဖြစ်သော ငါသည်။ မိလေဏံ=ဒုက္ခဘေးဘျမ်း မရစ်သမ်းသည့် အေးချမ်းသာယာ အဖြာဖြာ သုခ ဝေငှနိုင်ဘိ စွမ်းသတ္တိကြောင့် ငါ၏မှီရာ ကိုးကွယ်ရာ ဖြစ်ပေထ သော။ သာအာစေရံ=တတိယရွှေကျင် ဂိုဏ်းဘုရင်ထွတ်ထား ဒိပဲယင်း ဆရာတော်ဘုရားကြီးနှင့်တကွ ဂန္ထဗျူက္ခ ဘာသန္တရဝိဒူ တံခွန်ထူ၍ ဝိညူပါဒ်မောဟဲ ဂုဏ်ရောင်တောက်သည့် မုန်သောက်ဇာနည် မဟာထေရ် ဖြစ်တော်မူကြသော– ဝိသုဒ္ဓါရုံ စည်ရှင် ဆရာတော်, အဘယာရာမ ရွှေဂူ ဆရာတော်, ပခုက္ကူ မဟာဝိဇယာရာမ အရှေ့တိုက်ဆရာတော် ထင်ပေါ် ကျော်ကြား ကျေးဇူးရှင် ဆရာတော်ဘုရား တို့နှင့် တကွဖြစ်သော။ (ကေခဒသူပစာရ ဥပလက္ခဏနည်းဖြင့် ကျန်ကြွင်းသော ဆရာတော်များ ကိုလည်း ရည်ညွှန်းသည်။) သရဏံ=သုံးလူ့တမွတ် အထွတ်အချာ ရတနာမြတ် သုံးပါးနက်ကို။ နမ္မ=ဒွါရသုံးမည် ကရိုင်းတည်လျက် ယုံကြည်လေးမြတ် အဆပ်ထပ်လျှင် ပျပ်ဝပ်ရိုကျိုး ရှိခိုးပြီး၍။ ဘဝ ကန္တာရမောက္ခာယ=တစ်ဆယ့်တစ်သီး အပူမီးတို့ ညီးညီးထိန်ထိန် တရှိန်ရှိန်ဖြင့် အချိန်မစဲ အမြဲလောင်ကျွမ်းရာ ခန္ဓာပဥ္စက ဒုက္ခလွန်ကဲ ဘဝ တည်းဟူသော ခရီးခဲမှ ဖဲထွက်ရှောင်ခွာ လွတ်မြောက် အောင်မြင်ခြင်း အကျိုးငှာ။ သဝိနိစ္ဆယံ=ကျေးဇူးတော်ရှင် ဆရာရှင်တို့ စီစဉ်သုံးသပ် 'သိမှုယ်ဖွယ် အဆုံးအဖြတ်' နှင့် တကွဖြစ်သော။ နယ ဝိပဿနံ=သံသရာ ညွှန် ခန္ဓာဝန်ကို စွန့်သွန်ပယ်ဖြတ် ပြည့်တတ်သည့် 'ရှုမှတ်ပွားနည်း' နိဿရည်းကို။ ကဿံ=သာသနာဝင် သူတော်စင်အများ ရှုမှတ်ပွားရ အောင် ရေးသား စီရင်ပေအံ့သတည်း။ ။

# လက္ခဏာယာဉ် သုံးပါး

နာမရူပံ ပရိဂ္ဂယှ၊ တတော တဿ စ ပစ္စယံ။
ဟုတွာနာဘာဝတော’ နိစ္စာ၊ ဒုက္ခာ တေ ဘာယိတဗ္ဗတော။
အနတ္တာဝသဝတ္တိတ္တာ၊ ဧဝ မေဝံ တိလက္ခဏံ။
အာရောပေတွာန သင်္ခါရေ၊ သမ္မသန္တော ပုနပ္ပုနံ။
ပါပုဏေယျာ နုပုဗ္ဗေန၊ သံယောဇန ခယံ ဝရံ။

ယောဂီ–သံသရာဝဋ်ဘေး လွတ်ရေးကိုမြော် မြတ်သူတော်သည်၊ နာမရူပံ–အာရုံသိတာ နာမ်ခန္ဓာနှင့် မှီရာဝတ္ထု ရုပ်အစုကို။ ပရိဂ္ဂယှ–ရုပ်ပဲ နာမ်ပဲ ရုပ်နာမ်ပဲဟု ဝေခွဲသိမ်းသိ သိမ်းပိုက်ပြီး၍။ တတော–ထို ရုပ်ပဲ နာမ်ပဲ ရုပ်နာမ်ပဲဟု ဝေခွဲသိမြင် ဒိဋ္ဌိကင်းကွာ နောက်အခါ၌။ တဿ–ထို ရုပ်နာမ်နှစ်ပါး သင်္ခါရတရားအစု၏၊ ပစ္စယံ စ–အကြောင်း ပစ္စည်း အသီးသီးကိုလည်း။ ပရိဂ္ဂယှ–အတိတ်ပစ္စုပ် ဖော်ထုတ် သိမ်းဆည်း ပိုင်းခြားပြီး၍။ တေ–ထို ကံ,စိတ်,ဥ,ဟာ ကြောင်းလေးဖြာတို့ ညီညာပေါင်းစပ် စဉ်မပြတ်အောင် ထပ်ထလဲလဲ အမြဲစီစဉ် ပြုပြင်နိုင်မှု ဖြစ်ပေါ်ကြသည့် ရုပ်နာမ်နှစ်ဝ သင်္ခါရတို့သည်။ ဟုတွာန–ရေပွက် အလား ကြောင်းတရားကြောင့် ဘွားကနဲ ဖြစ်ပေါ်ကြကုန်ပြီး၍။ အဘာဝတော–ဖြစ်ပေါ်သည်မှ ရှေးက ဘယ်မှာ နေခဲ့ပါ ဘယ်ဆီ ရှိလိမ့်မည်ဟု ရည်ညွှန်းဖို့ရန် နှစ်တန်စွန်းမြိတ် အရိပ်အဆင်း ကုန်သုဉ်းခြင်းကြောင့်။ အနိစ္စာ–ဥပါဒ်ပေါ်က ဘင်သို့ကျ၍ ပျက်ထနောက်စွန် မလွန်နိုင်တုံ မမြဲကုန်။ ဘာယိတဗ္ဗတော–တထောင့်ငါးရာ ကိလေသာနှင့် ကြမ္မာဝိပါက် အဆက်ဆက်တို့ ဖွဲ့ယှက်ရစ်ရှုံ ဝါးချုံမယွင်း ဝဋ္ဋသုံးခင်းကို ကြီးပြင်းစေမှု ဘေးအစုကြောင့်။ ဒုက္ခာ–သုခမနွယ် ကြောက်ဖွယ်မှုချ ဒုက္ခအစုမျှတို့သာတည်း။ အဝသဝတ္တိတ္တာ–သတ္တဝါအလို ပုဂ္ဂိုလ်အကြိုက် ကျင့်စရိုက်သို့ မလိုက်မပါ ဘာသာဘာဝ ဖြစ်ပျက်ကြ၍ စိုးမရလေသောကြောင့်။ အနတ္တာ–အတ္တမရှိ အတ္တမဟုတ် ဓာတ်နုတ် ဓာတ်ဖွဲ့ အစုအခဲမျှသာတည်း။ ဧဝ မေဝံ–ဤသို့ ဤသို့ အဖို့အစုအားဖြင့်။ သင်္ခါရေ–ဖောက်ပြန်ခံစား မှတ်သားပြုပြင် စိတ်ဝိညာဉ်ပဲ့ ငါးအင်ခန္ဓာ

နှစ်ဖြာနာမ်ရုပ် အကာထုပ်မျှ သင်္ခါရတို့ကို။ တိလက္ခဏံ–လက္ခဏာ အပြား ယှဉ်သုံးပါးသို့။ အာရောပေတွာန – တွင်းပြင် ထက်အောက် ထုတ်ချင်းပေါက်အောင် ထွန်းတောက်ဝင်းလျှံ ဉာဏ်မျက်မှန်ဖြင့် ဝေဖန် သီးသီး တင်ထားပြီး၍။ ပုနပ္ပုနံ–မရပ်မစဲ အမြဲမကွာ မပြတ်သာလျှင်။ သမ္မသန္တော–အများသူငါ ထင်ရှားရာဖို့ ကွယ်ကာဖုံးဖိ သန္တတိအဆက် အကုန်ပျက်၍ သက်သက်ရုပ်နာမ် သဘောမှန်ကို ဖန်ဖန်စေ့ရေ သုံးသပ် ဆင်ခြင်လေသည့်ရှိသော်။ အနုပုဗ္ဗေန–ဉာဏ်စဉ်ရင့်ကျက် ဆင့်ဆင့်တက် သွား အစဉ်အားဖြင့်။ သံယောဇနခယံ – သံယောဇဉ်အားလုံး ကုန်ဆုံး ဆိတ်ညံ့ ပရိနိဗ္ဗာန် ဝင်စံပြီးသော။ ဝရံ–အမြတ်ဆုံးထွတ်တင် အငြိမ်း ဓာတ်အေးမြို့ခွင်သို့။ ပါပုဏေယျ–မဂ္ဂလေးတန် မဂ္ဂနန်နှင့် ဝဋ္ဋဉ် ကြိမ်ကြိမ်ထောက်၍ သွားရောက်ခံစားရမည် အမှန်သာတည်း။

# ရှုမှတ်ပွားများနည်း
# အခြေခံတရား

၁။ မသိသူကျော်၊ သိသူဖော်စား၊ အများသူငါ၊ ရုပ်နာမ်သာ၊ သေချာမြင်အောင်ရှု။
၂။ အာရုံသိတာ၊ နာမ်ခန္ဓာ၊ မှီရာ ရုပ်အစု။
၃။ နာမ်ရုပ်ပယ်ခွာ၊ သတ္တဝါ၊ ဘယ်မှာမရှိရှု။
၄။ နာမ်ရုပ်မြင်က၊ သက္ကာယ၊ ကင်းပ ဒိဋ္ဌိစု။
၅။ နာမ်ရုပ်နှစ်ဖြာ၊ အကြောင်းရှာ၊ ကင်္ခါ ကင်းအောင်ပြု။
၆။ ယုံမှားကင်းလျှင်၊ယာဥ်သုံးယာဥ်၊ဉာဏ်စဥ်တက်အောင်ရှု။
၇။ ဖြစ်ပျက်မစဲ၊ နာမ်ရုပ်ခဲ၊ မမြဲကေန်ရှု။
၈။ မမြဲဟူက၊ ဆင်းရဲမျှ၊ အတ္တမရှိရှု။
၉။ ဉာဏ်စဥ်အဆုံး၊ မဂ်ဉာဏ်ဗုံး၊ ချေမှုန်းကိလေထု။
၁၀။ ကိလေကင်းလျှင်၊ မြိုက်နန်းခွင်၊ အစဥ်ပိုင်ပြီရှု။

အခရးအကြောင်းရှိက အလွယ်တကူ အသုံးပြုရန် ရည်သန်ချက်ဖြင့် ရှေးသူဟောင်းတို့ မြှုပ်ထားခဲ့သော ရွှေအိုး ငွေအိုးတွေ မြေအတွင်းဝယ် အရပ်လေးမျက်နှာ၌ အနှံ့အပြားရှိသည်။ ယင်းသို့ ရှိသော်လည်း ထိုရွှေအိုး ငွေအိုးတို့ကို သိမြင်နိုင်သော အတတ်ပညာမရှိသော သူတို့သည် ထိုရွှေအိုး ငွေအိုးတို့၏ အပေါ်က သွားနေကြသော်လည်း ရွှေအိုးငွေအိုးတို့ကို မတူးဖော် မထုတ်ယူနိုင်ကြသဖြင့် ရွှေအိုးငွေအိုးတို့ကို အမှီပြုကာ ပစ္စုပ်သံသာ နှစ်ဖြာစီးပွား ကြီးပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းအားထုတ်ခြင်း မပြုမလုပ်နိုင်ကြပဲ အပေါ်ကသာ ကျော်သွားနေကြသည်။

အဘယ်နေရာ၌ ရွှေအိုးရှိသည်၊ ဘယ်နေရာ၌ ငွေအိုးရှိသည်ဟု နတ်မျက်စိအလား ရွှေအိုး ငွေအိုး မြှုပ်ထားသောနေရာကို ထင်ရှားစွာ သိမြင်နိုင်သော အတတ်ပညာနှင့် ပြည့်စုံသောသူသည် ထိုရွှေအိုး ငွေအိုးတို့ကို တူးဖော်ထုတ်ယူကာ ပစ္စုပ်သံသာ နှစ်ဖြာစီးပွား ကြီးပွားရေး လုပ်ငန်းတို့ကို ကြိုးပမ်းအားဆောက် စားသောက်နိုင်ကြလေသည်။

ထိုအလားတူ အဇ္ဈတ္တ ဗဟိဒ္ဓမကျန် ရုပ်နှင့်နာမ်ကို ဝိညာဏ်ခြောက်ပါး၊ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ခန္ဓာငါးပါး၊ အာယတန တဆယ့်နှစ်ပါး၊ ဓာတ်တဆယ့်ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ် တဆယ့်နှစ်ပါး၊ ပစ္စည်းပစ္စယုပ္ပန်တရားတို့ဖြင့် ဝေဖန်ပိုင်းခြား ဘုရားရှင် မြှုပ်ထား ညွှန်ပြခဲ့သော ရုပ်တရား နာမ်တရားတည်းဟူသော ရွှေအိုး ငွေအိုးတွေ မိမိတို့ခန္ဓာကိုယ်တွင် အမြဲဖြစ်ပေါ်၍ နေသည်။ ယင်းသို့ အမြဲဖြစ်ပေါ်၍ နေသော်လည်း မှောင်အဝိဇ္ဇာ ပိတ်ကာလျက်ရှိသော ပုထုဇ္ဇန်မှုန်သမျှ အနန္တတို့မှာ အများသူငါ ထင်ရှားရာသို့ သန္တတိအဆက် ဖုံးကွယ်ချက်ကြောင့် သက်သက်ရုပ်နာမ် သဘောမှန်ကို ရုပ်ပဲနာမ်ပဲ ရုပ်နာမ်ပဲဟု ဝေခွဲကြည့်ရှု ဖော်ထုတ်သုံးစွဲမှုကို မပြုမလုပ်နိုင်ကြပဲ ရွှေအိုး ငွေအိုးတို့ကို ကျော်လွှားကာ လူပဲ၊ နတ်ပဲ၊ ဗြဟ္မာပဲဟု အထင်စွဲရောက် အမြင်မှောက်ကာ သံသရာဝဲ ဝဋ်ဆင်းရဲ၌ တဝဲလည်လည် ဝဋ်နွယ်စည်၍ နေကြသည်။

ဘုရားရှင်၏ တပည့်သားသာဝက ပါရမီပြည့်ညောင်း အရိယာသူတော်ကောင်းတို့သည် မိမိ သူတပါး နှစ်ဦးသားတို့၏ ခန္ဓာကိုယ်တွင် ထင်ရှားရှိနေသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို လူပဲ နတ်ပဲ ဗြဟ္မာပဲဟု အထင်အမြင်လွဲချော် ခုံကျော်၍မသွားပဲ သက်သက်ရုပ်နာမ် သဘောမှန်ကို "ရုပ်ပဲ၊ နာမ်ပဲ၊ ရုပ်နာမ်ပဲ"ဟု ဝေခွဲဖော်ထုတ် ဝိပဿနာလုပ်ငန်း ကြိုးပမ်းအားဆောက် မဂ်၏ရွှေဆောင် ဂေါတြဘုဉာဏ်တိုင်အောင် ဆိုက်ရောက်၍ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ဖလသမာပတ္တိသမာဓိဇ္ဇနဉာဏ်တို့ဖြင့် နိဗ္ဗာန်ကိုအာရုံပြုကာ နိရောဓကိုမှီ၍ ဖြစ်ခြင်းကြောင့် နိရောဓ အိပ်ရာမြတ်၌ ကျိန်းစက်ရသလို သန္တိသုခကို သုံးဆောင် ခံစားရလေသည်။

"ဧဝ မေဝံ ဘဂဝါ အပရဘာဂေ တံ ပုဂ္ဂလံ ပဋိပဒံ ပူရေတွာ မဂ္ဂံ ဘာဝေတွာ ဖလံ သစ္ဆိကတွာ နိရောဓသယန ဝရဂတံ နိဗ္ဗာနာရမ္မဏံ ဖလသမာပတ္တိံ သမာပဇ္ဇိတွာ ကေဝလသုခံ ဝေဒနံ ဝေဒယမာနံ ပဿတိ။ (မ၊ ၄၊ ၁၊ ၃၄၆၊)

ဧဝမေဝံ – ဤအတူသာလျှင်။ ဘဂဝါ – မြတ်စွာဘုရားသည်။ ပရဘာဂေ–နောက်အဖို့၌။ တံ ပုဂ္ဂလံ–ထိုပုဂ္ဂိုလ်ကို။ ပဋိပဒံ–အကျင့်ကို။ ပူရေတွာ–ဖြည့်ကျင့်၍။ မဂ္ဂံ–မဂ်ကို။ ဘာဝေတွာ–ဖြစ်စေ၍။ ဖလံ–ဖိုလ်ကို။ သစ္ဆိကတွာ–မျက်မှောက်ပြု၍။ နိရောဓသယနဝရဂတံ– နိရောဓသစ္စာဟူသော မြတ်သောအိပ်ရာထက်သို့ ရောက်သော။ နိဗ္ဗာနာရမ္မဏံ–နိဗ္ဗာန်လျှင် အာရုံရှိသော။ ဖလသမာပတ္တိံ –ဖလသမာပတ်ကို။ သမာပဇ္ဇိတွာ–ဝင်စား၍။ ကေဝလသုခံ–ချမ်းသာအစစ် အချမ်းသာဆုံး ဖြစ်သော။ ဝေဒနံ – ဝေဒနာကို။ ဝေဒယမာနံ–ခံစား၍နေသည်ကို။ ပဿတိ–မြင်တော်မူ၏။

ဂေါတြဘုဉာဏာနုပ္ပါဒတော ပဋ္ဌာယ နိရောဓံ ပဿိတွာ ဥပ္ပန္နမဂ္ဂဖလပစ္စဝေက္ခဏာဝသေန စေဝ ပရတော ဖလသမာပတ္တိ သမာပဇ္ဇနဝသေန စ အရိယသာဝကော နိရောဓေ သယိတော ဝိယ ဟောတိ တဒပဿယေနေဝ ပဝတ္တနတော ဟောတိ အာဟ "နိရောဓ သယနဝရဂတ"န္တိ။ (မ၊ ဋီ၊ ၂၊ ၃၃)

ဂေါတြဘုဉာဏာနုပ္ပါဒတော – ဂေါတြဘုဉာဏ် ဖြစ်ပေါ်သည်မှ။ ပဋ္ဌာယ–စ၍။ နိရောဓံ - နိဗ္ဗာန်ကို။ ပဿိတွာ–မြင်၍။ ဥပ္ပန္နမဂ္ဂဖလပစ္စဝေက္ခဏာဝသေနစေဝ–ဖြစ်သောမဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် တို့၏ အစွမ်းဖြင့်လည်းကောင်း။ ပရတော–နောက်၌။ ဖလသမာပတ္တိ-သမာပဇ္ဇနဝသေန စ–ဖလသမာပတ်ကို ဝင်စားသည်၏ အစွမ်းဖြင့်လည်းကောင်း၊ အရိယသာဝကော–နိဗ္ဗာန်မျက်မှောက် ဆိုက်ရောက်ပြီး ထ အရိယာသာဝကသည်။ တဒပဿယေနေဝ–ထိုနိဗ္ဗာန်ကို မှီ၍သာလျှင်။ ပဝတ္တနတော – ဖြစ်ခြင်းကြောင့်။ နိရောဓေ – နိဗ္ဗာန်၌။ သယိ-တောဝိယ–ကျိန်းစက်သကဲ့သို့။ ဟောတိ–ဖြစ်၏။ ဣတိ–ထို့ကြောင့်။

နိရောဓ သယနဝရဂတတ္တိ – နိရောဓသယနဝရဂတံ – ဟူ၍။ အာဟ– အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။

ကံကောင်းထောက်မ၍ ဒုလ္လဘစစ် လူ့အဖြစ်ကိုလည်း ရ, ဘုရားပွင့်ရာ နဝမခေတ်ကောင်းကြီးလည်း ကြုံ, သဒ္ဓါခေတ်လည်း အရှိန်ကောင်းကြသော ရှင်လူအပေါင်း သူတော်ကောင်းတို့သည် ပင်ကိုသဘာဝ သတ္တဝါတို့သန္တာန်ဝယ် အမြဲဖြစ်ပေါ် လျက်ရှိသော သက်သက်ရုပ်နာမ် သဘောမှန်ကို ဘုရားရှင်ပွင့်လင်း သာသနာတော် ခေတ်အတွင်း၌သာ သိနိုင်မြင်နိုင် သိမြင်အောင် အားထုတ်နိုင်ကြသည်၊ ရုပ်နာမ်တို့၏ သဘောသဘာဝကို ဟောပြောနိုင်ကြသည်၊ သာသနာပ အခါသမယတို့၌ ရုပ်နာမ်တို့၏ သဘောမှန်ကို နားလည်အောင် အားထုတ် ကျင့်ကြံဖို့, သူ့ဘာပါးတို့ နားလည်အောင် ဟောပြောဖို့ မဆိုထားဘိ ရုပ်ဆိုသော အသံ နာမ်ဆိုသောအသံကိုမျှ မကြားရ, ရုပ်ဆိုသောအမည် နာမ်ဆိုသော အမည်ကိုမျှ မသိမြင်နိုင်, သူတပါးကိုလည်း မဟောပြောနိုင်ကြပေ။ ထိုသို့ဖြစ်သောကြောင့် ရှင်လူအပေါင်း သူတော်ကောင်းတို့သည် လသာခိုက် ဗိုင်းဝင့်ဆိုသလို ခေတ်ကောင်းကြုံလာ ယခုလို အချိန်အခါမျိုး၌ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်ဆိုသော အဆင့်အတန်းမျိုးလောက် အနည်းဆုံး ဆိုက်ရောက်အောင် အပ္ပမာဒတရား လက်ကိုင်ထားကာ ကြိုးစား အားထုတ်သင့်ကြသည်။ ဤ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်မျိုးပိုင်လျှင် သက္ကာယဒိဋ္ဌိရှင်း ယုံမှားတင်းပျောက် အပါယ်မရောက်ပဲ သုဂတိဘဝသို့ ရောက်၍ ဂတိမြဲသဖြင့် စူဠသောတာပန်မည်တော့သည်။ သာသနာတော်ထွန်းလင်း ခေတ်အတွင်း၌သာ သိနိုင်မြင်နိုင် အားထုတ်နိုင်လေသောကြောင့် လောကီ ရွှေအိုး ငွေအိုးတို့ထက် အဆပေါင်း သိန်းသန်းမက အတိုးထိုက်လှသော မင်္ဂဖိုလ်၏ အခြေစင်စစ်ဖြစ်သော ဒါနမယ သီလမယတို့ထက် လွန်စွာထက်မြက်သော ဝိပဿနာဉာဏ်၏ ပရိကမ်, ဥပစာအရာ၌တည်သော နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဆိုအပ်သော ဝိပဿနာဉာဏ်၏ အခြေခံ ဉာဏ်နှစ်ပါးသို့ အနည်းဆုံး ဆိုက်ရောက်အောင် ခန္ဓာကိုယ်မြေအတွင်းမှ ဖော်ထုတ် အားဆောက်၍ စားသောက်ကြရန်–

မသိသူကျော်၊ သိသူဖော်စား၊ အများသူငါ
ရုပ်နာမ်သာ၊ သေချာမြင်အောင်ရှု—

ဟု ဆိုသည်။

ရည်ရွယ်လိုသားချက်။ ။ယခု ရေးသားမည့် ဘဝလွှတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်း ကျမ်းစာကို အနမတဂ် ဘဝအဆက်ဆက်က မိမိတို့ခန္ဓာကိုယ်တွင် အစဉ် အပြတ် အထပ်ထပ် အမြဲဖြစ်ပျက်လျက်ရှိသော ရုပ်နာမ် ခန္ဓာတို့၏ သဘာဝကို စာရှုသူတိုင်း လက်ခံနားလည် ဉာဏ်မှိန်ကြစေရန် ရည်သန်၍ ကျမ်းကိုးများစွာ မပါစေပဲ တိုတို ကျဉ်းကျဉ်း လိုရင်းသဘောမျှကိုသာ ရေးသားမည်၊ ကျမ်းကိုးများက လိုရင်းသဘာဝ အဓိပ္ပာယ် ပျောက်သွားတတ်သည့်။

---

## ဆိပ်ကမ်းခြောက်ခုမှ စောင့်ဆိုင်း ဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်နည်း

ဆိပ်ကမ်း ခြောက်ခု ဟူသည်—

၁။ မျက်စိ
၂။ နား
၃။ နှာခေါင်း
၄။ လျှာ
၅။ ခန္ဓာကိုယ်
၆။ မနောဒွါရ၏ မှီရာဖြစ်၍ မနောဒွါရဟု ဆိုအပ်သော ဟာဒယဝတ္ထု၊ ဤ ခြောက်ခု တို့တည်း။

ပကတိ ဆိပ်ကမ်းသည် သတ္တဝါအများတို့၏ ချဉ်းကပ်နားနေ အပန်းဖြေရာ, လှေသင်္ဘော စသည်တို့၏ ဆိုက်ကပ်တည်နေရာ ဌာနဖြစ်၍ ဆိပ်ကမ်းဟူသကဲ့သို့ ဤ ဝတ္ထုရုပ် ခြောက်ခုတို့သည်လည်း အာရုံ

ခြောက်ပါးတို့၏ တိုက်ခိုက် ဆိုက်ရောက်ရာ, စိတ် စေတသိက် နာမ်တရား တို့၏ ဖြစ်ပေါ်ရာ ဌာနဖြစ်၍ ဆိပ်ကမ်းနှင့် အလားတူ၏။ ထို့ကြောင့် ဤ၀တ္ထုရုပ် ခြောက်ခုတို့ကို 'ဆိပ်ကမ်း'ဆိုသည်။

လယ်ယာမြေ အများအပြားနှင့် နွားအများကို စိုးပိုင်သော မြေပိုင်ရှင် သဌေးကြီးသည် နံနက်မိုးသောက် အလင်းပေါက်၍ နွားများ အစာစားချိန်ရောက်လျှင် နွားချည်တိုင်မှ ကြိုးဖြုတ်၍ လွှတ်လိုက်သည်။ နွားများသည် တောထဲမြက်ခင်း စားကျက်တွင်းသို့ သွား၍ နေ့ခင်း အချိန် အစာစားကြသည်။ အစာ၀၍ ညနေစောင်းလျှင် ရေသောက်ရန် ရေဆိပ်သို့ အစုလိုက် အပြုံလိုက် အသီးသီး ဆင်းလာကြသည်။ မြေပိုင် ရှင် သဌေးကြီးသည် တောထဲမြက်ခင်း စားကျက်တွင်းသို့ သွား ရောက်၍ နွားများ ချည်နှောင် ဖမ်းဆီးခြင်းကို မပြုမလုပ်ပဲ ရေဆိပ်မှ စောင့်ဆိုင်း၍ ရေဆိပ်သို့ ရောက်လာသော နွားတို့ကိုသာ ကြိုးဖြင့် ချည်နှောင် အိမ်သို့ဆောင်ကာ နွားခြံ၌ သွင်းထားလေသည်။ ထွန်ချိန် ထယ်ချိန် လှည်းတိုက်ချိန် ရောက်မှ နွားများကို နွားခြံမှ ထုတ်ယူပြီး ထွန်ခြင်း ထယ်ခြင်း လှည်းတိုက်ခြင်း အစရှိသော တောင်သူကိစ္စ အ၀၀ တို့ကို ဆောင်ရွက်အားထုတ်၍ တောင်သူလုပ်ငန်းအားလုံး ပြီးဆုံး အောင်မြင်ခြင်းသို့ ရောက်လေသည်။

ထိုနည်းမခြား မြေပိုင်သဌေးကြီး အလားတူသာလျှင် သံသရာ ၀ဋ်ဆင်းရဲ လွတ်ရေးကိုရည် မြတ်ယောဂီသည်လည်း အာရုံတွေ့တိုင်း တောမြောက်ရိုင်းကဲ့သို့ အာရုံဟူသမျှနောက်သို့ ဒုန်းစိုင်းသွားရောက်နေ သော စိတ်၏နောက်သို့ တကောက်ကောက်လိုက်၍ မနေပဲ ဆိပ်ကမ်း အလား ဒွါရခြောက်ပါးသို့ ဆိုက်ရောက်လာသော စိတ်ကိုသာ ဆိုက် ရောက်ရာ ဒွါရမှ စောင့်ဆိုင်းဖမ်းချုပ်၍ ၀ိပဿနာအလုပ်ကို အားထုတ် ရမည်။

---

# ရုပ်နာမ်ကို မျက်စိဆိုင်ကမ်းမှ စောင့်ဆိုင်း ဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်နည်း

**အားထုတ်ဟန်ကား—**

"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ" ဟု ဟောတော်မူအပ်သည့်နှင့်အညီ စက္ခုပသာဒနှင့် အဆင်းရူပါရုံ ပေါင်းဆုံမိကြ၍ ယှဉ်ဘက်စေတသိက်တို့နှင့်အတူ စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်ကာ မျက်စိက အဆင်းရူပါရုံကို မြင်သိရာတွင် အဆင်းရူပါရုံကို မြင်သိသော စက္ခုဝိညာဏ် စိတ်သည် ဝိညာဏက္ခန္ဓာ၊ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရ ငါးပါးတို့သည် သင်္ခါရက္ခန္ဓာ။

ဤဝိညာဏက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ လေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသော နာမ်တရားတို့တည်း။ ထို့ကြောင့် "အာရုံသိတာ၊ နာမ်ခန္ဓာ" ဟု ဆိုသည်။ ထို နာမက္ခန္ဓာ လေးပါးတို့သည် စက္ခုပသာဒ၌ မှီ၏၊ စက္ခုပသာဒသည် မဟာဘုတ်၌ မှီ၏၊ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏၊ ဤ စက္ခုပသာဒ မဟာဘုတ် ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်တည်း။ ထို့ကြောင့် "မှီရာ ရုပ်အစု" ဟု ဆိုသည်။

မျက်စိက အဆင်းရူပါရုံကို မြင်သိသောအခါ အဆင်းရူပါရုံကို မြင်သိသော နာမက္ခန္ဓာလေးပါး၊ ထိုနာမက္ခန္ဓာ လေးပါး၏ မှီရာ စက္ခုပသာဒ မဟာဘုတ် ဥပါဒါရုပ်ဟူသော ရုပ်တရား၊ ဤနာမ်ရုပ်နှစ်ပါး မျှသာ ရှိသည်။ ဤ နာမ်ရုပ်မှတပါး မြင်သိသမား မိန်းမ ယောကျ်ား နတ်လူပြဟ္မာ သတ္တဝါအကောင်အထည် မရှိ။ ထို့ကြောင့်—

"နာမ် ရုပ် ပယ်ခွာ၊ သတ္တဝါ၊ ဘယ်မှာမရှိ ရှု"

ဟု ဆိုသည်။

မျက်စိက အဆင်းရူပါရုံကို မြင်သိတိုင်း မြင်သိတိုင်း ဤအဆင်းရူပါရုံကို မြင်မှုသည် မြင်သိသမား မိန်းမ, ယောကျ်ား, နတ်, လူ,

ဖြဟ္မာ, သတ္တဝါ အကောင်အဘည် မရှိ။ စက္ခုပသာဒနှင့် အဆင်းရူပါရုံ ပေါင်းဆုံမိကြ၍ ယှဉ်ဘက် စေတသိက်တို့နှင့်အတူ စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်ကာ အဆင်းရူပါရုံကို အာရုံပြုသော နာမက္ခန္ဓာလေးပါး၊ ဤနာမက္ခန္ဓာလေးပါး၏မှီရာ ရုပ်တရား၊ ဤနာမ်ရုပ်နှစ်ပါး ပရမတ္ထ သဘောတရား အပေါင်းအစုမျှသာတည်းဟု စိတ်ထဲ ဉာဏ်ထဲ၌ ရုပ်နာမ်သဘောတရား ထင်ရှားလာလျှင် ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာ ဟူသော အပေါင်း ကာယ၌ ဒိဋ္ဌိဖြင့်စွဲယူအပ်သော ထင်ရှားမရှိသော အတ္တကောင်ရှင်း သက္ကာယဒိဋ္ဌိ ပျောက်ကင်းသည်။ ထို့ကြောင့် ''ရုပ်နာမ်မြင်က၊ သက္ကာယ၊ ကင်းပ ဒိဋ္ဌိရှု''ဟု ဆိုသည်။

ဤကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်၍ သက္ကာယဒိဋ္ဌိ ပျောက်ကင်း ဉာဏ်အမြင်လင်းသည်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဆိုသည်။

ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

---

## ပစ္စယ ပရိဂ္ဂဟဉာဏ်

နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်၍ သက္ကာယဒိဋ္ဌိ ပျောက်ကင်း ဉာဏ်အမြင်လင်းပြီးသော ယောဂီသည်—

> တတော—ထို ရုပ်နာမ်မြင်သိ ဒိဋ္ဌိကင်းကွာ နောက်အခါ၌၊
> တဿ—ထို ရုပ်နာမ်နှစ်ဝ သခ်ါရတရား အစု၏။ ပစ္စယံ စ—
> အကြောင်းပစ္စည်း အသီးသီးကိုလည်း၊ ပရိဂ္ဂယှ—အတိတ်ပစ္စုပ်
> ဖော်ထုတ်သိမ်းဆည်း ခွဲဝေပြီး၍။

ဟု အောက်က ဆိုခဲ့သည့်အတိုင်း စက္ခုဝိညာဉ် စိတ္တုပ္ပါဒ် ဟူသော နာမက္ခန္ဓာ ၄—ပါး၊ ထိုနာမက္ခန္ဓာ ၄—ပါး၏ မှီရာ စက္ခုပသာဒ, မဟာဘုတ်, ဥပါဒါရုပ် ဟူသော ရုပ်တရား၊ မျက်မြင်လက်တွေ့ဖြစ်သော ပစ္စုပ္ပန် ရုပ်နာမ်နှစ်ပါးတို့၏ အကြောင်းကို ရှာရမည်။

ရှာဟန်တား—

ဤ မြင်သိလက်တွေ့ ဖြစ်ပေါ်၍နေသော ပစ္စုပ္ပန် ရုပ်နာမ်နှစ်ပါး တို့သည် ဗြဟ္မာ, ဗိဿကိုး, ဣဿရ ပကတိ ပုရိသ ထာဝရ စသည်တို့ ဖန်ဆင်း၍ ဖြစ်ပေါ်သည်မဟုတ်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဟူသော အတိတ်အကြောင်း၊ ဥတု, စိတ်, အာဟာရ, စက္ခု, ရူပ, အာလောက, မနသိကာရ ဟူသော ပစ္စုပ္ပန်အကြောင်းတို့ကြောင့် ဖြစ်ကုန်၏ဟု ဆင်ခြင် စဉ်းစား ပွားများ သိမ်းဆည်းရမည်။ ထင်းကဲ့သို့ ပွားများသိမ်းဆည်း လျှင် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံတို့သည် ရုပ်နာမ်နှစ်ပါးလုံး၏ အတိတ် အကြောင်း၊ ဥတု, စိတ်, အာဟာရတို့သည် ရုပ်၏ ပစ္စုပ္ပန်အကြောင်း၊ စက္ခု, ရူပ, အာလောက, မနသိကာရတို့သည် နာမ်၏ ပစ္စုပ္ပန်အကြောင်း တည်းဟု မြင်လိမ့်မည်။

ဤသို့ မျက်မြင်လက်တွေ့ဖြစ်သော ပစ္စုပ္ပန် ရုပ်နာမ်နှစ်ပါးတို့၏ အကြောင်းကြောင့် ဖြစ်သည်ကို မြင်လျှင် အတိတ် အနာဂတ်၌ဖြစ်သော ရုပ်နာမ်တို့၏လည်း အကြောင်းကြောင့် ဖြစ်သည်ကို မြင်၏။ ယင်းသို့ မြင်သောအခါ အတိတ် အစွန်းကို အာရုံပြု၍ ဖြစ်သော ယုံမှားခြင်း ငါးပါး၊ အနာဂတ် အစွန်းကို အာရုံပြု၍ ဖြစ်သော ယုံမှားခြင်း ငါးပါး၊ ပစ္စုပ္ပန် အစွန်းကို အာရုံပြု၍ ဖြစ်သော ယုံမှားခြင်း ခြောက်ပါး၊ ဤ တဆယ့်ခြောက်ပါးသော ယုံမှားခြင်း ဝိစိကိစ္ဆာ ကင်္ခါ ဝိမတိတို့သည် ဝိက္ခမ္ဘန အားဖြင့် ပျောက်ကင်းကုန်၏။

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဟူသော အတိတ် အကြောင်း ငါးပါးကြောင့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဤ ပစ္စုပ္ပန် အကျိုးငါးပါး ဖြစ်၏။ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဤ ပစ္စုပ္ပန် အကျိုးငါးပါးကြောင့် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဟူသော ပစ္စုပ္ပန်အကြောင်း ငါးပါး ဖြစ်၏။ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဟူသော ပစ္စုပ္ပန် အကြောင်း ငါးပါးကြောင့် ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အနာဂတ် အကျိုးငါးပါးဖြစ်၏ ဟူ၍လည်း အဖန်ဖန် ရှု၏။

ထိုသို့ ရှုသောအခါ ယုံမှားခြင်း တဆယ့်ခြောက်ပါး ပျောက်ကင်း၍ အကြောင်း အကျိုး ဆက်စပ်လျက် ဖြစ်နေသော နာမ်ရုပ်တရားမျှသာ ထင်၏။ အကြောင်းကို ပြုတတ်, အကျိုးကို ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါကို မမြင်ပြီ။ အကြောင်းကြောင့် အကျိုးတရားဖြစ်သည်ကိုပင် ကာရက ပတိဝေဒကဟု သမညာမတ္တဖြင့် ပညာရှိတို့ ခေါ်ဝေါ် ပြောဆိုကြသည် ဟူ၍လည်း ကောင်းစွာမြင်၏။

ဤသို့လျှင် ဆိုခဲ့ပြီးသော နည်းဖြင့် နာမ်ရုပ် အကြောင်းကို သိမ်းဆည်းလျက် အဓွန့်သုံးပါး၌ ယုံမှားခြင်းကင်းသော ယောဂီအား ရှေးဘဝမှ ဤဘဝသို့, ဤဘဝမှ နောက်ဘဝသို့ တစုံတခုသော တရားမျှ မပြောင်းမရွှေ့သော်လည်း အကြောင်းအကျိုးဆက်စပ် ခန္ဓာ အာယတန ဓာတ်တို့ ဖြစ်ကုန်၏ဟု သိမြင်၏။ ထို့ကြောင့် အဓွန့်သုံးပါး၌ နာမ်ရုပ်တရားတို့၏ ထင်ရှားဖြစ်သော ထိုအခါ၌– "ဣဒံ နာမံ၊ ဣတ္တကံ နာမံ၊ အယံ တဿ ပစ္စယော" အစရှိသည်ဖြင့် ပိုင်းခြား၍ သိတတ်သော ဉာတပရိညာ ဖြစ်လာ၏။

ခပ်သိမ်းသော အချင်းအရာအားဖြင့် ပစ္စယပရိဂ္ဂဟဉာဏ် ထက်သန် အားရှိခြင်းသို့ ရောက်၏။ သောဠသကင်္ခါ လွန်စွာကွာရှဲချုပ်ငြိမ်း၏။ "သတ္တရိ ကင်္ခတိ" စသည်လာသော ကင်္ခါရှစ်ပါးလည်း တုံ့စားရာမရ၊ ပယ်ရှား ပျောက်လွင့်လေတော့၏။ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့လည်း ဝိက္ခမ္ဘနအားဖြင့် ပယ်ရှား ပျောက်ကွာ ကုန်၏။

ဤသို့လျှင် ရုပ်နာမ်တို့၏ အကြောင်းကို သိမ်းဆည်းလျက် အဓွန့်သုံးပါး၌ ယုံမှားခြင်းကို လွန်၍ တည်သောဉာဏ်သည် (၁) ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ (၂) ပစ္စယပရိဂ္ဂဟဉာဏ်လည်း မည်၏။ အကျိုးတရားတို့၏ တည်ရာ အကြောင်း၌ ဖြစ်သောကြောင့် (၃) ဓမ္မဋ္ဌိတိဉာဏ်လည်း မည်၏။ သင်္ခါရတရားတို့၏ အနိစ္စဘာ စသော သဘောကို သိသောကြောင့် (၄) ယထာဘူတဉာဏ်လည်း မည်၏။ (၅) သမ္မာဒဿနလည်း မည်၏။ ထို့ကြောင့်–

"ရုပ် နာမ် နှစ်ဖြာ၊ အကြောင်းရှာ၊ ကင်္ခါ ကင်းအောင်ပြု" ဟု ဆိုသည်။

ဓရှးနာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် နာမ်ရုပ်တို့၏ သဘော လက္ခဏာကိုသာ သိသေးသည်၊ ဤ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် နာမ်ရုပ်တို့၏ အကြောင်းကိုသာ သိသေးသည်၊ လက္ခဏာရေးသုံးပါးတင်၍ မဆင်ခြင် မသုံးသပ်ရသေး။ ဤ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးတို့သည် ဝိပဿနာဉာဏ် ဆယ်ပါးတွင် မပါဝင်သောကြောင့်လည်း ဝိပဿနာအစစ် မဟုတ်သေး၊ အလျော် အနုလောမ အခြေမူလသာဖြစ်၍ ဝိပဿနာဉာဏ်၏ ပရိကံ ဥပစာ အရာ၌ တည်၏။ ဒါနမယ၊ သီလမယတို့ထက် လွန်စွာ ထက်မြက်၏။ မဂ်ဖိုလ်၏ အခြေစင်စစ် ဖြစ်၏။

ဤဉာဏ်နှစ်ပါးကို ရပြီးသော ယောဂီသည် ဝါတာတပ, ဘယဘေရဝ, အရတိ, ရတိတို့ကို သည်းခံနိုင်၏။ နိဝါတ နိမာနစိတ္တ, သောရစ္စ, သန္တုဋ္ဌိ, သလ္လေခ စသော ကျေးဇူးအထူးတို့သည် ရောက်လာကုန်၏။ အရိယာမဂ် တည်းဟူသော ထောက်တည်ရာ "ပတိဋ္ဌာ", အရိယာဖိုလ်တည်းဟူသော သက်သာရာ "အဿာသ"တို့ကို ရသကဲ့သို့ ဖြစ်၏။

ယခုဘဝ မဂ်ဖိုလ်မရပဲ စုတိကျသည်ရှိသော် သုဂတိဘဝသို့ မုချလားရမည်ဖြစ်၍ နိယတဂတိရှိရကား သောတာပန်နှင့် အလားတူ၏။ စူဠသောတာပန် မည်၏။

တနည်းလည်း နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ဒုက္ခသစ္စာကို ဓမ္မဋ္ဌိတိဉာဏ်ဖြင့်၊ သမုဒယသစ္စာကို ထိုဉာဏ်၏ နောက်အဖို့၌ အနိစ္စာဒိမနသိကာရဝီမံဖြင့် မဂ္ဂသစ္စာကို သိ၍ နာမရူပပဝတ္တိ၏ ဒုက္ခအဖြစ်ကို မြင်သဖြင့် အပဝတ္တနိရောဓ၌ ကောင်းသော အဇ္ဈာသယရှိရကား လောကီဉာဏ်ဖြင့်ပင်လျှင် သစ္စာလေးတန်ကို သိသည်ဖြစ်၍ အပါယ်၌ မဖြစ်ထိုက်၊ သောတာပန်ဘုံ၌ ဖြစ်ထိုက်သောကြောင့် နိယတဂတိ ရှိ၏၊ ထို့ကြောင့် စူဠသောတာပန် မည်၏။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပြီး၏။

## သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်

ယုံမှားကင်းလျှင်၊ ယာဥ်သုံးယာဥ်၊ ဉာဏ်စဥ်တက်အောင်ရှု။
ဖြစ်ပျက်မစဲ၊ နာမ်ရုပ်ခဲ၊ မမြဲ ကေန်ရှု။
မမြဲဟူဏ၊ ဆင်းရဲမျှ၊ အတ္တမရှိရှု။

ဟူသည်နှင့်အညီ ယုံမှားကင်းပျောက်၍ ကင်္ခါဝိတရဏ ဝိသုဒ္ဓိသို့ ဆိုက်ရောက်ပြီး ယောဂီသည် မျက်စိဆိပ်ကမ်းမှ စောင့်ဆိုင်း၍ ဆိပ်ကမ်းသို့ရောက်လာသော နာမ်ရုပ်တို့ကို ဉာဏ်ဖြင့်ဖမ်းချုပ်၍ ဝိပဿနာအလုပ်ကို အားထုတ်ရမည်။

အားထုတ်ဟန်ကား–

စက္ခုပသာဒနှင့် အဆင်းရူပါရုံပေါင်းဆုံမိ၍ ယှဥ်ဘက်စေတသိက်တို့နှင့်အတူ စက္ခုဝိညာဥ်စိတ် ဖြစ်ပေါ်ကာ မျက်စိက အဆင်းရူပါရုံကို မြင်သိရာတွင် စက္ခုပသာဒ, အဆင်းရူပါရုံကို စွဲမှီ၍ဖြစ်သော စက္ခုဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ၊ ထိုစိတ်နှင့်ယှဥ်သော ဝေဒနာသည် ဝေဒနာ-က္ခန္ဓာ။ သညာသည် သညာက္ခန္ဓာ။ ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိ-တိန္ဒြိယ, မနသိကာရတို့သည် သင်္ခါရက္ခန္ဓာ။

ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ညွတ်ခြင်း လက္ခဏာရှိသော နာမ်တည်း။ ဤ နာမက္ခန္ဓာ လေးပါးတို့သည် စက္ခုပသာဒ၌ မှီ၏။ စက္ခုပသာဒသည် မဟာဘုတ်၌ မှီ၏။ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏၊ ဤ စက္ခုပသာဒ, မဟာဘုတ်, ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်းလက္ခဏာရှိသော ရုပ်တည်း။

ဤရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့သည် မျက်တောင်တခတ် လျှပ်တပြက်မျှ ရပ်နားတည်နေ ခိုင်မြဲခြင်း မရှိ။

ဥပါဒ်ပေါ်က ဘင်သို့ကျ၍ ချုပ်ပြက်ခြင်းအနက်သဘောကြောင့် အနိစ္စ=မမြဲ၊ ဖြစ်ပျက်နှစ်ရပ် နှိပ်စက်လတ်၍ ကြောက်အပ်သောအနက်သဘောကြောင့် ဒုက္ခ=ဆင်းရဲဘိတောင်း မတောင်း။ အနှစ်အသား မဟုတ်သော အနက်သဘော, အနှစ်အသားမရှိသော အနက်သဘော

ကြောင့် အနတ္တာ=အတ္တမဟုတ်၊ အတ္တမရှိဟု အဖန်ဖန် ဉာဏ်ဖြင့် ဆင်ခြင် သုံးသပ် ပွားများ ပွတ်တိုက်ရမည်။

ဤသို့ ဉာဏ်ဖြင့် အဖန်ဖန်သုံးသပ် ပွတ်တိုက်သည်ရှိသော် ဝိပဿနာ ဉာဏ်၏ ဆန့်ကျင်ဘက် နိစ္စသညာ စသော ဘေးရန်တို့ကို တွန်းလှန် ပယ်ဖျောက်နိုင်သည်ဖြစ်၍ သမ္မသနဉာဏ်၏ ကမ်းတဘက်သို့ ရောက်ပြီဟု ဆိုရသည်။ သမ္မသနဉာဏ် ထက်သန်အားကောင်း၍ သမ္မသနဉာဏ်၏ ကမ်းတဘက်သို့ ရောက်ပြီးသော ယောဂီအား ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတို့သည် ဖြစ်ပြီးလျှင် ပျက်သွား၍ ဘာဝတခုမျှ ထင်ရှားမရှိသည့် အဖြစ်ကိုသာ မြင်ရသော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာသည်။

ဥဒယဗ္ဗယာနုပဿနာဟူသော တရုဏဝိပဿနာကို ရသောအခါ အာရဒ္ဓဝိပဿကဖြစ်သော ပုဂ္ဂိုလ်အား ဖြစ်မြဲဓမ္မတာဖြစ်သော ဝိပဿနာ ညစ်ညူးကြောင်း ဩဘာသ အစရှိသော ဘေးရန်ဆယ်ပါး ဖြစ်လာ သည်။ ထိုသို့ ဖြစ်ပေါ်လာသောအခါ မဂ်ဉာဏ်ကိုရကြောင်း လမ်းမှန် ဖြစ်သော နှလုံးသွင်း အစီအရင်သည် လည်းကောင်း, အရိယာမဂ်သည် လည်းကောင်း မဂ္ဂမည်၏။ မဂ်ဉာဏ်ကိုရကြောင်း လမ်းမှန်မဟုတ်သော နှလုံးသွင်း အစီအရင်သည် လည်းကောင်း, အဓိမာန၏ အာရုံသည် လည်း ကောင်း အမဂ္ဂ မည်၏။ ၎င်းမဂ္ဂကို မဂ္ဂဟု, အမဂ္ဂကိုလည်း အမဂ္ဂဟု သိတတ် မြင်တတ်သော ဉာဏ်အမြင်သည် မိမိကိုယ်တိုင် 'အမဂ္ဂေ မဂ္ဂ သညာ'မှ စင်ကြယ်တတ်, ထိုနှင့် ပြည့်စုံသူကိုလည်း စင်ကြယ်စေတတ် သောကြောင့် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ ပြီး၏။

---

ဥပက္ကိလေသာမှ လွတ်မြောက်၍ လမ်းမှန်သို့ရောက်ပြီးသော ဥဒ္ဒ- ယဗ္ဗယဉာဏ်၊ ထို့နောင် အဆက်ဆက် ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝ- ဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာ- ဉာဏ်, အနုလောမဉာဏ်၊ ဤဝိပဿနာဉာဏ် ကိုးပါးတို့သည် ပဋိပဒါ- ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

အထက်အထက် တရားထူးကို ရရန် ကျင့်ကြံခြင်း ပဋိပဒါ ပုဗ္ဗ-ဘာဂမဂ်ဟူသော ဉာဏ်အမြင်သည်ပင် နိစ္စတာ စသည်မှ စင်ကြယ်စေ တတ်သောကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

စင်စစ်အားဖြင့်ကား ဝိပဿနာစာရ၏ အထွတ်အထိပ်သို့ ရောက်ပြီးသော (သင်္ခါရုပေက္ခာဖြစ်သော) သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် နှစ်ပါးသည်သာလျှင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။ (ဝုဋ္ဌာနဂါမိနီ-ဝိပဿနာလည်း မည်၏။)

ဥပက္ကိလေသဆယ်ပါးနှောက်၍ လက္ခဏာရေးသုံးပါး ပျောက်ရကား ဥပက္ကိလေသကို ခွာပြီးနောက် လက္ခဏာရေးသုံးပါး ထင်ရှားစေခြင်းငှာ ဥဒယဗ္ဗယဉာဏ်ကို ရှေးနည်းအတိုင်း ပွားများ အားထုတ်ရပြန်သည်။ ဥပက္ကိလေသဝိနိမုတ္တ ဝီထိပဋိပန္နက ဟူသော ဥဒယဗ္ဗယဉာဏ် စွမ်းသန် သန့်ရှင်းစေခြင်းအကျိုးငှာ ဤလက္ခဏာရေးသုံးပါး, လက္ခဏ ဗ္ဗ-ဓန္ဓာငါးပါးကို လက္ခဏာရမ္မဏိက ဝိပဿနာဖြင့် ကောင်းစွာရှုမှတ်ဆင်ခြင်၏၊ ထိုအခါ ဥဒယဗ္ဗယဉာဏ် ပြန်၍ သန်စွမ်းအားကောင်းစွာ ဖြစ်လာသည်။

သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ပြီး၏။

---

## ဘင်္ဂါနုပဿနာဉာဏ်

လက္ခဏာရမ္မဏိကဝိပဿနာကို ကောင်းစွာ ရှုမှတ်ဆင်ခြင်လျက် ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ အခါခါ အဖန်ဖန် စဉ်းစားနိုင်းချိန်သော ယောဂီအား ဥဒယဗ္ဗယဉာဏ် စွမ်းသန်ထက်မြက်လှ၍ ဖြစ်ခြင်း ပျက်ခြင်းဖြင့် သင်္ခါရတရားတို့သည် လျင်စွာ လျင်စွာ ထင်လာဖန်များသည်ရှိသော် ဥပါဒ်, ဌီ, ဘင်, ပဝတ္တ, နိမိတ္တတို့ကို လွတ်လျက် ခယဝယဘေဒ ဟူသော ခဏိကနိရောဓ အပျက်မျှကင်၍ ဘင်ဌသာ အသိဉာဏ်တည်သော ဘင်္ဂါနုပဿနာဉာဏ် ဖြစ်ပေါ်သည်။

ဘင်္ဂါနုပဿနာဉာဏ် ပြီး၏။

## ဘယတူပဋ္ဌာနညာဏ်

ဤဘင်္ဂါနုပဿနာဉာဏ်ကို အဖန်ဖန်ပွားများမှီဝဲသော ယောဂီပုဂ္ဂိုလ်အား အတိတ်သင်္ခါရ နာမ်ရုပ်တို့သည် ချုပ်ပျောက်လေကုန်ပြီ၊ သန္တတိပစ္စုပ္ပန် ရုပ်နာမ် သင်္ခါရတို့သည်လည်း ချုပ်ပျောက် ပျက်ပြားကုန်ဆဲ၊ အနာဂတ် ရုပ်နာမ် သင်္ခါရတို့သည်လည်း ပျက်စီးကုန်လတ္တံ့၊ အလုံးစုံသော ရုပ်နာမ် သင်္ခါရတို့သည် ကြောက်မက်ဖွယ်ရာချည်းတည်း ဟူ၍ မြင်သော ဘယဉာဏ် ဖြစ်ပေါ်လာသည်။ ဘယဉာဏ်ဟုသော်လည်း ကြောက်သည် ဟူ၍ မမှတ်လင့်၊ ကြောက်လျှင် ဒေါသစိတ် ဖြစ်သည်။ ကာမ, ရူပ, အရူပဟူသော ဘဝသုံးပါး၌ဖြစ်ကုန်သော အတိတ်, ပစ္စုပ္ပန်, အနာဂတ် သင်္ခါရတရားတို့ကို ကြောက်မက်ဖွယ်ရာ တကားဟု ဘယဉာဏ် စက်သွားဖြင့် ပိုင်းခြား ဆုံးဖြတ်ရုံမျှသာတည်း။

**ဘယတူပဋ္ဌာနညာဏ် ပြီး၏။**

---

## အာဒီနဝါနုပဿနာဉာဏ်

ဘယတူပဋ္ဌာနညာဏ်ကို အဖန်တလဲလဲ မှီဝဲပွားများသော ယောဂီပုဂ္ဂိုလ်သည် ခပ်သိမ်းသော ဘဝ, ယောနိ, ဂတိ, ဌိတိ, နိဝါသတို့၌ တဏှာ, လေဏ, ဂတိ, ပတိသရဏကို မပြု၊ သယာနုပဿနာ၏ အစွမ်းဖြင့် ဘေးဟု ထင်မြင်လာပြီးကုန်သော သင်္ခါရတို့ကို ဂဏ္ဍဂေါရ, သလ္လာစာဓ အဃပမာ သမ္ပတ္တိကင်းစင် ထက်ဝန်းကျင်မှ ကြီးစွာသော အပြစ် အစုသာဟု ထင်မြင်သော **အာဒီနဝဉာဏ်** ဖြစ်၏။

**အာဒီနဝဉာဏ် ပြီး၏။**

---

## နိဗ္ဗိဒါ နုပဿနာဉာဏ်

ခပ်သိမ်းသော သင်္ခါရတို့ကို အပြစ်ဒေါသ အာဒီနဝအားဖြင့် မြင်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ဘဝ, ယောနိ, ဂတိ, ဌိတိ, နိဝါ-သဂတ,သဓောဒဃ သင်္ခါရတို့၌ မနှစ်ခြိုက်နိုင် ညှိုးမှိုင်နွမ်းချိ ပျင်းရိငြီးငွေ့

မပျော်မွေ့ပဲ အနုပဿနာ ခုနစ်ပါး၊ အနုပဿနာသုံးပါး အဓိဝိမုတ္တိပုဗ္ဗက အနုယဒဿန အနုမာနဉာဏ်ဖြင့် မြင်အပ်သော အနုပ္ပါဒ စသော နိဗ္ဗာန် တရားကိုသာ ပျော်ပါးညွတ်ကိုင်းရှိုင်းသောစိတ် ရှိသော နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်လာ၏။

နိဗ္ဗိဒါနုပဿနာဉာဏ် ပြီး၏။

## မုစ္စိတုကမျတာနုပဿနာဉာဏ်

နိဗ္ဗိဒါနုပဿနာဉာဏ်ဖြင့် ဘုံသုံးတန် နှောင်အိမ်တွင် ဆန်ကျင် ငြီးငွေ့မပျော်မမွေ့သော ယောဂီထွက်ဖျား အမျိုးကောင်း သားအား ဘယ်တစုံတရာသော သင်္ခါရတရား၌ပင် ပျော်ပါးငြိကပ် ဖွဲ့စပ်တပ်စွန်း ခြင်းမရှိ၊ လွန်စွာထန်ပြင်း လွတ်ကင်းလွတ်မြောက်လိုသော စိတ်ဖြစ်၏၊ ထိုအခါ မုစ္စိတုကမျတာဉာဏ် ဖြစ်၏။

မုစ္စိတုကမျတာနုပဿနာဉာဏ် ပြီး၏။

## ပဋိသင်္ခါဉာဏ်

ရုပ်နာမ်သင်္ခါရတရားတို့ကို မသိမ်းဆည်းမိက လွန်ပင်စိုးရိမ် အတ္တ သောကို နှစ်သက်၍ လက္ခဏာရေးသုံးပါးတို့ကို သမ္မသန, ဥဒယဗ္ဗယ, ဘင်္ဂဉာဏ်တို့ဖြင့် မြင်ပြီး၍ အစဉ်အတိုင်း ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်ဖြစ်၍ ထိုသင်္ခါရတို့မှ လုလုလွတ်ဖို့ရန် တဖန် ထိုသင်္ခါရတို့ကို ဆိုခဲ့ပြီးသော "ရူပံ အနိစ္စံ" စသည်ဖြင့် သိမ်းဆည်း ပြန်သောအခါ တဖန် နိစ္စ သုခ သုဘ အတ္တ အခြင်းအရာဖြင့် မထင်မမြင် လာပဲ ကောင်းစွာ လွတ်ကြီး လွတ်လေသည်။ ထိုအခါ ပဋိသင်္ခါဉာဏ် ဖြစ်၏၊

ပဋိသင်္ခါဉာဏ် ပြီး၏။

## သင်္ခါရုပေက္ခာဉာဏ်

ဥဒယဗ္ဗယဉာဏ်မှ စ၍ ပဋိသင်္ခါဉာဏ်တိုင်အောင် ဆိုခဲ့ပြီးသော အခြင်းအရာတို့ဖြင့် သိမ်းဆည်း၍ သုညတအားဖြင့် မြင်ပြီးသည်ရှိသော် လက္ခဏာရေး သုံးပါးသို့ တင်လျက် ပဋိသင်္ခါဉာဏ်ဖြင့် သင်္ခါရတို့ကို အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ အနိစ္စံ, ဒုက္ခံ, အနတ္တာ ဟု အဖန်ဖန် ရှုသော ယောဂီသည် ခပ်သိမ်းသော သင်္ခါရတို့၌ ငါတည်း, ငါ့ဥစ္စာတည်းဟု ယူလွယ်ဖို့ မမြင်သောကြောင့် ကြောက်ခြင်း နှစ်သက်ခြင်းကို စွန့်ပစ်၍ မမုန်းမချစ် လျစ်လျူသာဖြစ်၏။ ဤသို့ သိမြင်သော ယောဂီ၏ စိတ်သည် ကြာရွက်၌ ရေပေါက်၊ မီး၌ကျသော အကြော, ကြက်တောင်တို့ ကဲ့သို့ ထိတ် ထောင် နှောင်အိမ်အလား ဘဝသုံးပါး, ယောနိလေးပါး စသည်တို့၌ မနှစ်ခြိုက် မပြန့်ပွားမူ၍ တိုတွန့်ကွေးကုပ် နောက်သို့ ဆုတ်နစ် လျစ်လျူဖြစ်ခြင်းသော် လည်းကောင်း, စက်ဆုပ်ရွံရှာခြင်းသော်လည်းကောင်း ဖြစ်၍ တည်၏။ ထိုအခါ သင်္ခါရုပေက္ခာဉာဏ် ဖြစ်၏။

သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

---

## အနုလောမဉာဏ်

သင်္ခါရုပေက္ခာဉာဏ်ကို အဖန်တလဲလဲ မှီဝဲ ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်အား တိက္ခတရ ထက်မြက်လှသော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာ၍ မဂ်ဖြစ်ပါး နီးသည်ရှိသော် ဘဝင်ပြတ်ပြီးလျှင် သင်္ခါရုပေက္ခာဉာဏ်၏ အာရုံဖြစ်သော အနိစ္စကိုသော် လည်းကောင်း, ဒုက္ခကိုသော် လည်းကောင်း, အနတ္တကို သော်လည်းကောင်း တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း စိတ် ဖြစ်၏။

ထို့နောက် မဟာကုသိုလ်ဉာဏ် သမ္ပယုတ်စိတ် လေးခုတို့တွင် တခုခုသည် ပရိကံ, ဥပစာ, အနုလုံဟု အနုလောမဉာဏ် ဇောသုံးခု ဖြစ်၏။ ဤဇောစိတ် သုံးကြိမ်၌ ရှိသော ဉာဏ်ကို "အနုလောမဉာဏ်" ဆိုသည်။ ထိုတွင် ပရိကမ်ဇောစိတ်၌ ရှိသော ဉာဏ်သည် အလွန်ဘဲနက် ထူထပ်ကြီးမားသော သစ္စပဋိစ္ဆာဒက ကိလေသန္ဓကာရကို ခါတွက်

ဖျောက်လွှင့်လိုက်သည်။ ဥပစာဇောစိတ်၌ ရှိသောဉာဏ်သည် အလတ်စားဖြစ်သော သစ္စပဋိစ္ဆာဒက ကိလေသန္ဓကာရကို ခါတွက် ပျောက်လွှင့်လိုက်သည်။ အနုလုံ ဇောစိတ်၌ရှိသော ဉာဏ်သည် အပါးစားဖြစ်သော သစ္စပဋိစ္ဆာဒက ကိလေသန္ဓကာရကို ခါတွက် ဖျောက်လွှတ်လိုက်သည်။ ထို့ကြောင့်—

"ယုံမှားကင်းလျှင်၊ ယာဉ်သုံးယာဉ်၊ ဉာဏ်ငဉ်တက်အောင်ရှု၊
ဖြစ်ပျက်မစဲ၊ နာမ်ရုပ်ခဲ၊ မမြဲ ကေန်ရှု။
မမြဲဟုက၊ ဆင်းရဲမျှ၊ အတ္တ မရှိရှု"

ဟု ဆိုသည်။

ပုဗ္ဗဉာဏာနုမဋ္ဌန္နံ၊ ပစ္ဆာ စ ဗောဓိပက္ခိယ။
မေ့ာနံ တထကိစ္စတ္တာ၊ ဘဇဝ သစ္စာနုလောမိကံ။

အဋ္ဌန္နံ ပုဗ္ဗဉာဏာနံ—ဥဒယဗ္ဗယဉာဏ် စသည်ရှစ်တန် ရှေးဝိပဿနာဉာဏ်တို့အား လည်းကောင်း။ ပစ္ဆာ—နောက်၌ ဖြစ်က မဂ်ဇော၌။ ဗောဓိပက္ခိယဓမ္မာနံ စ—သုံးဆယ့်ခုနစ်ပါး ဗောဓိပက္ခိယ တရားတို့အား လည်းကောင်း။ တထကိစ္စတ္တာ-လက္ခဏတ္တယကို သုံးသပ်ခြင်း, သမ္မောသ စသည်ကို ဖျက်ဆီးခြင်းဖြင့် သင့်တင့်လျော်ကန် မှန်သော ကိစ္စရှိသည့်အဖြစ်ကြောင့်။ သစ္စာနုလောမိကံ – မဂ္ဂသစ္စာအားလျော်သော သစ္စာနုလောမိကဉာဏ် မည်သည်။ ဘဇဝ ဘဝတိ–ဂုဏ်မည် ဗျုပ္ပတ်လျောက်ပတ်သင့်လျော် ဖြစ်ပေါ်လာလေသတည်း။

အနုလောမဉာဏ် ပြီး၏။

ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ အခန်း ပြီး၏။

---

ဂေါတြဘုဉာဏ်

ရိုက်, ဥပစာ, အနုလုံ ဟုဆိုအပ်သော နာမ်ဇောများ မဂ်ဇောဖြစ်ခြင်းသုံးပါးတိုက အစွမ်းသတ္တိအလိုက် ထူလ, မဇ္ဈိမ အဏုဖြစ်သော သစ္စပဋိစ္ဆာဒက ကိလေသန္ဓကာရတို့ကို ခါတွက် ဖျောက်လွှင့်လိုက်ပြီးသည်၏ ရှေ့နောက်

၁၇၇ ... အေး၊ ရန်ကုန်

ဝိသုဒ္ဓိ နှစ်ပါးသို့မဝင် အကြားတွင် အမွေဒတာရိက ဖြစ်၍ မဂ်၏ အာဝဇ္ဇန်း အရာ၌တည်သော ဂေါတြဘုဇောစိတ်သည် နိဗ္ဗာန်ကို အာရုံ ပြုပြီး ပုထုဇန်ဇာတ် ပုထုဇန်အနွယ်ကို လွှမ်းမိုးနှိပ်စက် ကျော်လွန် တက်လတ် ဆွေမျိုးဖြတ်လျက် လည်းကောင်း၊ အရိယာဇာတ် အရိယာ အနွယ်ကို ပြေးဝင်ချဉ်းကပ် ဆွေမျိုးစပ်သည် ဖြစ်၍လည်းကောင်း ယခင် အနုလောမဉာဏ် ကိစ္စတပ်သော စိတ်သည်ပင်လျှင် ဂေါတြဘူကိစ္စ တပ်၍ ဖြစ်၏။

ဥဒယဗ္ဗယဉာဏ်မှ စ၍ အနုလောမဉာဏ် တိုင်အောင် သင်္ခါရ တရားတို့၏ လက္ခဏတ္တယကိုသာ အာရုံပြု၍နေသော စိတ်သည် အာရုံ ဖြစ်သော သင်္ခါရတရားတို့၏ လက္ခဏတ္တယကိုလွှတ်၍ နိဗ္ဗာန်ကို လှမ်း၍ အာရုံပြုသည်ကိုပင် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနှိပ်စက် ကျော်လွန် တက်တတ်, အရိယာအနွယ်ကို ပြေးဝင်ချဉ်းကပ် ပွားစေတတ်သော ဂေါတြဘုဟု ဆိုသည်။

ဝုဋ္ဌာယ ဗဟိသင်္ခါရာ၊ ဥပ္ပါဒါဒိံ ဘိဘာဝတိ။
ပက္ခန္ဒတိ နုပါဒါဒိ'၊ ဂေါတြဘု တေန ဝုစ္စတိ။

ဂေါတြဘု–မဂ်ဉာဏ်ပေါ်ရေး ရှေ့ပြေးဖွင့်လမ်း အာဝဇ္ဇန်းဟူ ဂေါတြဘူသည်။ ဗဟိသင်္ခါရာ–ရုပ်နာမ်နှစ်ဝ အာရုံဖြစ်သော အပြင် သင်္ခါရမှ။ ဝုဋ္ဌာယ–ပုထုဇဉ်ဇာတ် ဤတွင်ရပ်ဟု အငြိမ်းဓာတ်အာရုံ လှမ်းခုန်ယူပြီး ထမြောက်ပြီး၍။ဥပ္ပါဒါဒိံ–ဥပ္ပါဒ ပဝတ္တနွယ်ဝင် ပုထုဇဉ် အဖြစ်ကို။ အဘိဘဝတိ–လွှမ်းမိုးနှိပ်စက် ကျော်လွန်တတ်၏။ အနုပ္ပါ- ဒါဒိံ–အနုပ္ပန္န အပဝတ္တ စသည်မည်မှန် နိဗ္ဗာန်၌စမွယ်သော အရိယာ အနွယ်ကို။ ပက္ခန္ဒတိ – ပြေးဝင်ချဉ်းကပ် ပွားစေတတ်၏။ တေန–ထို "ဂေါတ္တံ အဘိဘဝတိ၊ ဂေါတ္တံ ဘာဝေတိ" ပုထုဇဉ်အနွယ်ကို လွှမ်းမိုး နှိပ်စက် ကျော်လွန်တက်တတ်, အရိယာအနွယ်ကို ပြေးဝင်ချဉ်းကပ် ပွားစေတတ်၏ ဟူသော သတ္တိနှစ်ပါးကြောင့်။ ဂေါတြဘု–နိဗ္ဗာန်ရှေ့မြို့ ဆောင်ပို့တတ်သူ ဂေါတြဘူဟူ၍။ ဝုစ္စတိ–မိန့်မြွက်ထုတ်ဖော် ဟော တော်မူအပ်လေသတည်း။

ဂေါတြဘုဇောစိတ်သည် ဤကိစ္စနှစ်ရပ်ကို ဆောင်ရွက်၍ မဂ်အား နိဗ္ဗာန်သို့ လမ်းညွှန်လိုက်သည်။ သောတာပတ္တိမဂ်ဉာဏ်သည် ဂေါတြဘုဉာဏ် လမ်းညွှန်လိုက်သော နိဗ္ဗာန်ကို အာရုံပြုပြီး

၁။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊

၂။ သမုဒယသစ္စာကို ပယ်ခြင်း၊

၃။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊

၄။ မဂ္ဂသစ္စာကို ဖြစ်ပွားစေခြင်း

ဟူသော မဂ်ကိစ္စလေးပါးကို တပြိုင်တည်း ပြီးစေကာ အနမတဂ္ဂသံသရာဘဝအဆက်ဆက်မှ စွဲကပ်ခဲ့သော ထူထဲကြီးမားသော လောဘခဲ့၊ ဒေါသခဲ့၊ မောဟခဲတို့ကို ဖောက်ခွဲဖြိုဖျက်လျက် သောတာပတ္တိမဂ်ဉာဏ်တကြိမ်ဖြစ်ပေါ်ကာ အပ္ပနာလမ်းစဉ်သို့ ဆိုက်ရောက်လာသည်။

တဒါဓိပိ အနိဗ္ဗိဒ္ဓ-ပုဗ္ဗံ မဂ္ဂေါ ပနေသ တံ။
လောဘံ ဒေါသဉ္စ မောဟဉ္စ၊ ဝိဒ္ဓံသေန္တော ဝ ဇာယတိ။

သေ သော မဂ္ဂေါ ပန-ဤသောတာပတ္တိမဂ်သည်ကား။ တဒါဓိပိ-တရံတခါမျှလည်း။ အနိဗ္ဗိဒ္ဓပုဗ္ဗံ-အနာဒိက သံသရာဝယ် မပယ်မခွင်း မဖောက်ထွင်းဖူးသော။ တံ တာဒိသံ-ထိုသို့သဘောရှိသော။ လောဘဉ္စ-လောဘတုံး လောဘခဲကိုလည်းကောင်း။ ဒေါသဉ္စ-ဒေါသတုံး ဒေါသခဲကို လည်းကောင်း။ မောဟဉ္စ-မောဟတုံး မောဟခဲကို လည်းကောင်း။ ဝိဒ္ဓံသေန္တော ဝေ-မှုန့်မှုန့်ညက်ညက် ဖောက်ခွဲဖြိုဖျက်သည် ဖြစ်၍သာလျှင်။ ဇာယတိ-သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်ရလျက် နောက်ဆက်ကိလေ မပြန်စေပဲ တည်နေခိုင်မြဲစွာ ဖြစ်ပေါ်လာလေသတည်း။ ထို့ကြောင့်-

"ဉာဏ်စဉ်အဆုံး၊ မဂ်ဉာဏ်ဖုံး၊ ချေမှုန်းကိလေထု"

ဟု ဆိုသည်။

ဤဖော်ပြပါ သတ္တရှိန်စော် အာနုဘော်နှင့်ပြည့်စုံသော သောတာပတ္တိမဂ်စိတ် တကြိမ်ဖြစ်ပေါ်ပြီးနောက် သောတာပတ္တိဖိုလ် နှစ်ကြိမ်

သော်လည်းကောင်း, သုံးကြိမ်သော်လည်းကောင်း မန္တ, တိက္ခအလိုက် ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်ပြီး၍ ဘဝင်သို့ သက်၏။ ထို့နောင်

(၁) မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

(၂) ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

(၃) နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

(၄) ပယ်ပြီး ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

(၅) မပယ်ရသေးသော ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ

ဟူသော ငါးဝီထိ ဓသာတာပတ္တိမဂ်နောင် ဖြစ်၏။

---

## အထက်မဂ် သုံးပါး

ထို့နောင် ထိုနေရာ၌ပင်သော်လည်းကောင်း၊ ရှည်လျားမြင့်ကြာ အခါတပါး၌ သော်လည်းကောင်း သမ္မသနဉာဏ်မှစ၍ ဝိပဿနာဉာဏ် ဆယ်ချက်ဖြင့် အဆင့်ဆင့်တက်၍ သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, ပစ္စဝေက္ခဏာဉာဏ်, အနာဂါမိမဂ်, အနာဂါမိဖိုလ်, ပစ္စဝေက္ခဏာဉာဏ်၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်, ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ပေါ်ကုန်၏။ အရဟတ္တဖိုလ်၏နောက်၌ ဆင်ခြင်ဖို့ရာ အဝသိဋ္ဌကိလေသာ မရှိသော ကြောင့် ပစ္စဝေက္ခဏာ လေးဝီထိသာ၊ ပေါင်း တဆယ့်ကိုး ဝီထိဖြစ်၏။

အရဟတ္တဖိုလ်ရ၍ ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်သည် အရဟတ္တမဂ်က ကိလေသာတွေ အကုန်သတ်၍ နောက်ထပ် ပဋိသန္ဓေ အသစ်ဖြစ်မှု မရှိတော့သဖြင့် ခန္ဓာဝန် လက်စသိမ်း၍ ဘဝဇာတ်ငြိမ်းရာ ဆင်းရဲဒုက္ခ အမြွက်မျှမရှိ ချမ်းအေးခြင်း ဟူသမျှတို့၏ အထွတ်အထိပ်

ဖြစ်သော နိဗ္ဗာနဓာတ်သာ ပြုတောင်မြို့ ချမ်းသာ အေးသီတာ မြို့တော်ကြီးကို အမြဲပိုင်သော မြို့ပိုင်ရှင်ကြီး ဖြစ်ပြီးလေတော့သတည်း။ ထို့ကြောင့်–

"ကိလေကင်းလျှင်၊ မြို့ကိန်နန်းခွင်၊ အစဉ်ပိုင်ပြီရှု"

ဟု ဆိုသည်။

မျက်စိဆိပ်ကမ်းမှ စောင့်ဆိုင်းဖမ်းချုပ်၍
ဝိပဿနာအားထုတ်နည်း ပြီး၏။

---

## နာမ်ရုပ်တို့ကို နားဆိပ်ကမ်းမှ စောင့်ဆိုင်းဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်နည်း

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ

ဟု ဟောတော်မူအပ်သည်နှင့်အညီ သောတပသာဒနှင့် အသံသဒ္ဒါရုံ ပေါင်းဆုံမိကြ၍ ယှဉ်ဘက်စေတသိက်တို့နှင့်အတူ သောတဝိညာဉ်စိတ် ဖြစ်ပေါ်ကာ နားက အသံသဒ္ဒါရုံကို ကြားသိရာတွင် အသံသဒ္ဒါရုံကို ကြား သိသော သောတဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ၊ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ။ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ ငါးပါးတို့သည် သင်္ခါရက္ခန္ဓာ။

ဤဝိညာဏက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ လေးပါးတို့သည် နာမက္ခန္ဓာ ဖြစ်၍ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသော နာမ်တည်း။ ထို့ကြောင့် "အာရုံသိတာ၊ နာမ်ခန္ဓာ" ဟု ဆိုသည်။ ဤနာမက္ခန္ဓာလေးပါးတို့သည် သောတပသာဒ၌မှီ၏။ သောတပသာဒသည် မဟာဘုတ်၌ မှီ၏။ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏။ ဤသောတပသာဒ, မဟာဘုတ် ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်းလက္ခဏာ ရှိသော ရုပ်တည်း။

ထို့ကြောင့် "မှီရာ ရုပ်စု" ဟု ဆိုသည်။

နားက အသံသဒ္ဒါရုံကို ကြားသိသောအခါ အသံသဒ္ဒါရုံကို ကြားသိသော နာမက္ခန္ဓာလေးပါး။ ထို နာမက္ခန္ဓာ လေးပါး၏ မှီရာ သောတပသာဒ, မဟာဘုတ်, ဥပါဒါရုပ် ဟူသော ရုပ်တရား။ ဤ နာမ် ရုပ် နှစ်ပါးမျှသာ ရှိသည်။ ဤ နာမ်ရုပ်မှတပါး ကြားသိသမား မိန်းမ, ယောကျ်ား နတ် လူ ဗြဟ္မာ သတ္တဝါ အခကာင်အထည် မရှိ။ ထို့ကြောင့်–

"နာမ်ရုပ်ပယ်ခွာ၊ သတ္တဝါ၊ ဘယ်မှာ မရှိရှု"ဟု ဆိုသည်။

နားက အသံသဒ္ဒါရုံကို ကြားသိတိုင်း ကြားသိတိုင်း ဤအသံ သဒ္ဒါရုံကို ကြားသိမှုသည် ကြားသိသမား မိန်းမ ယောကျ်ား နတ် လူ, ဗြဟ္မာ, သတ္တဝါ အခကာင်အထည်မရှိ။ သောတပသာဒနှင့် အသံ သဒ္ဒါရုံ ပေါင်းဆုံမိကြ၍ ယှဉ်ဘက်စေတသိက်တို့နှင့်အတူ သောတဝိညာဉ် စိတ် ဖြစ်ပေါ်ကာ အသံသဒ္ဒါရုံကို အာရုံပြုသော နာမက္ခန္ဓာလေးပါး၊ ဤနာမက္ခန္ဓာလေးပါး၏ မှီရာ ရုပ်တရား၊ ဤ နာမ်ရုပ်နှစ်ပါး ပရမတ္ထ တရား အပေါင်းအစုမျှသာတည်းဟု စိတ်ထဲဉာဏ်ထဲ၌ နာမ်ရုပ် သဘော တရား ထင်ရှားလာလျှင် ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာ ဟူသော အပေါင်းကာယ၌ အတ္တဟု ဒိဋ္ဌိဖြင့် စွဲယူအပ်သော ထင်ရှားမရှိသော အတ္တကွာရှင်း သက္ကာယဒိဋ္ဌိ ပျောက်ကင်းသည်။ ထို့ကြောင့်–

"ရုပ်နာမ်မြင်က၊ သက္ကာယ၊ ကင်းပ ဒိဋ္ဌိစု"

ဟု ဆိုသည်။

ဤကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်၍ သက္ကာယဒိဋ္ဌိ ပျောက် ကင်း ဉာဏ်အမြင်လင်းသည်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဆိုသည်။

ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

---

## ပစ္စယ ပရိဂ္ဂဟဉာဏ်

နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်၍ သက္ကာယဒိဋ္ဌိကင်း ဉာဏ်အမြင် လင်းပြီးသော ယောဂီသည် သောတဝိညာဉ်စိတ္တုပ္ပါဒ်ဟူသော နာမက္ခန္ဓာ

လေးပါး၊ ထိုနာမက္ခန္ဓာလေးပါး၏ မှီရာ သောတပသာဒ၊ ဃာနပသာဒ၏ မှီရာ မဟာဘုတ်၊ မဟာဘုတ်၌ မှီသော ဥပါဒါရုပ် ဟူသော ရုပ်တရား။ ဤကြားသိ လက်တွေ့ဖြစ်သော ပစ္စုပ္ပန် နာမ်ရုပ်နှစ်ပါးတို့၏ အကြောင်းကို ရှာရမည်။

ရှာဟန်ကား—

ဤ ကြား သိလက်တွေ့ ဖြစ်ပေါ်၍နေသော ပစ္စုပ္ပန် နာမ် ရုပ် နှစ်ပါးတို့သည် ဗြဟ္မာ, ဗိဿနိုး, ဣဿရ, ပကတိ, ပုရိသ, ထာဝရ စသည် တို့ ဖန်ဆင်း၍ ဖြစ်ပေါ်သည် မဟုတ်။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဟူသော အတိတ်အကြောင်း၊ ဥတု, စိတ်, အာဟာရ, သောတ, သဒ္ဒ အာကာသ မနသိကာရဟူသော ပစ္စုပ္ပန် အကြောင်းတို့ကြောင့် ဖြစ်ကုန်၏ ဟု ဆင်ခြင်စဉ်းစား ပွားများ သိမ်းဆည်းရမည်။

ဤကဲ့သို့ ဆင်ခြင်စဉ်းစား ပွားများ သိမ်းဆည်း၍ ကြားသိ လက်တွေ့ဖြစ်သော ပစ္စုပ္ပန် ရုပ်နာမ်တို့၏ အကြောင်းတရားကြောင့် ဖြစ်သည်ကို မြင်လျှင် အတိတ် အနာဂတ်၌ဖြစ်သော ရုပ်နာမ်တို့၏လည်း အကြောင်းတရားကြောင့်ဖြစ်သည်ကို မြင်လေသည်။ ယင်းသို့ မြင်သော အခါ အတိတ်အဓွန့်ကို အာရုံပြု၍ဖြစ်သော ယုံမှားခြင်းငါးပါး။ အနာဂတ် အဓွန့်ကို အာရုံပြု၍ဖြစ်သော ယုံမှားခြင်းငါးပါး၊ ပစ္စုပ္ပန်အဓွန့်ကို အာရုံပြု၍ဖြစ်သော ယုံမှားခြင်းခြောက်ပါး။ ဤ တဆယ့်ခြောက်ပါး သော ယုံမှားခြင်း ဝိစိကိစ္ဆာ ကင်္ခါ ဝိမတိတို့သည် ဝိက္ခမ္ဘနအားဖြင့် ပျောက်ကင်းကုန်၏။

အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဟူသော အတိတ် အကြောင်း ငါးပါးတို့ကြောင့် ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုး ငါးပါးဖြစ်၏။ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုး ငါးပါးကြောင့် အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဟူသော ပစ္စုပ္ပန်အကြောင်း ငါးပါးဖြစ်၏။ အဝိဇ္ဇာ သင်္ခါရ, တဏှာ ဥပါဒါန် ဘဝ ဟူသော ပစ္စုပ္ပန်အကြောင်း ငါးပါးကြောင့် ဝိညာဉ် နာမ်ရုပ် သဠာယတန

ဖဿ - ဝေဒနာ ဟူသော အနာဂတ်အကျိုး ငါးပါးဖြစ်၏ ဟူ၍လည်း အဖန်တလဲလဲ ရှု၏။

ဤသို့ အဖန်တလဲလဲရှုသဖြင့် ယုံမှားခြင်း တဆယ့်ခြောက်ပါး ပျောက်ကင်း၍ အကြောင်းအကျိုးမျှ ဆက်စပ်ဖြစ်နေသော နာမ်ရုပ်တရားမျှသာ ထင်၏။ ဤသို့လျှင် ဆိုခဲ့ပြီးသောနည်းဖြင့် နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းလျက် အဓွန့်သုံးပါး၌ ယုံမှားကင်းသော ယောဂီအား ရှေးဘဝမှ ဤဘဝသို့၊ ဤဘဝမှ နောက်ဘဝသို့ တစုံတခုသော တရားမျှ မပြောင်းရွှေ့သော်လည်း အကြောင်းအကျိုးဆက်စပ်ခန္ဓာ အာယတနဓာတ်တို့ ဖြစ်ကုန်၏ဟု သိမြင်၏။ ထို့ကြောင့် အဓွန့်သုံးပါး၌ နာမ်ရုပ်တရားတို့၏ ထင်ရှားဖြစ်သော ထိုအခါ၌ "ဣဒံ နာမံ၊ ဧတ္တကံ နာမံ၊ အယံ တဿ ပစ္စယော" အစရှိသည်ဖြင့် ပိုင်းခြား၍ သိတတ်သော ဉာတပရိညာ ဖြစ်လာ၏။

ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပစ္စယပရိဂ္ဂဟာဉာဏ် ထက်သန်အားရှိခြင်းသို့ရောက်၏။ သောဠသကင်္ခါ လွန်စွာကွာရှဲ ချုပ်ငြိမ်း၏။ "သတ္တရိ ကင်္ခါ" စသည်လာသော ကင်္ခါရှစ်ပါးလည်း တံ့စားရာမရ ပယ်ရှား ပျောက်လှင့်လေတော့သည်။ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ လည်း ဝိက္ခမ္ဘနအားဖြင့် ပယ်ရှားပျောက်ကွာကုန်၏။

ဤသို့လျှင် ရုပ်နာမ်တို့၏ အကြောင်းကို သိမ်းဆည်းလျက် အဓွန့်သုံးပါး၌ ယုံမှားခြင်းကိုလွန်၍ တည်သောဉာဏ်သည်—

၁။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်၏။

၂။ ပစ္စယပရိဂ္ဂဟဉာဏ်လည်း မည်၏။

၃။ အကျိုးတရားတို့၏ အကြောင်းတရား၌ ဖြစ်သောကြောင့် ဓမ္မဋ္ဌိတိဉာဏ်လည်းမည်၏။

၄။ သင်္ခါရတရားတို့၏ အနိစ္စတာ စသော သဘောကိုသိသောကြောင့် ယထာဘူတဉာဏ်လည်း မည်၏။

၅။ သမ္မာဒဿနလည်း မည်၏။

ထို့ကြောင့်—

"ရုပ်နာမ်နှစ်ဖြာ၊ အကြောင်းရှာ၊ ကင်္ခါလင်းအောင်ပြု"
ဟု ဆိုသည်။

**ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပြီး၏။**

---

## သမ္မသနဉာဏ်

"ယုံမှားကင်းလျှင်၊ ယာဉ်သုံးယာဉ်၊ ဉာဏ်စဉ်တက်အောင်ရှု" ဟူသည်နှင့်အညီ ယုံမှားကင်းပျောက် ကင်္ခါဝိတရဏဝိသုဒ္ဓိသို့ ရောက်ပြီးသော ယောဂီသည် နားတည်းဟူသော ဆိပ်ကမ်းသို့ ရောက်လာသော ရုပ်နာမ်တည်းဟူသော န္တားတို့ကို နားတည်းဟူသော ဆိပ်ကမ်းမှ စောင့်ဆိုင်း ဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်ရမည်။

အားထုတ်ဟန်ကား—

သောတပသာဒနှင့် အသံသဒ္ဒါရုံ ပေါင်းဆုံမိကြ၍ ယှဉ်ဘက်စေတသိက်တို့နှင့်အတူ သောတဝိညာဉ်စိတ် ဖြစ်ပေါ်ကာ နားက အသံသဒ္ဒါရုံကို ကြားသိရာတွင် သောတပသာဒ, အသံသဒ္ဒါရုံကို စွဲမှီ၍ ဖြစ်သော သောတဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ။ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ သညာသည် သညာက္ခန္ဓာ။ ဖဿ စေတနာ ဧကဂ္ဂတာဇီဝိတိန္ဒြိယ မနသိကာရငါးပါးတို့သည် သင်္ခါရက္ခန္ဓာ။

ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသော နာမ်တရားတည်း။ ဤနာမက္ခန္ဓာ လေးပါးတို့သည် သောတပသာဒ၌မှီ၏၊ သောတပသာဒသည် မဟာဘုတ်၌ မှီ၏။ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏၊ ဤသောတပသာဒ, မဟာဘုတ်, ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်းလက္ခဏာရှိသော ရုပ်တရားတည်း။

ဤနာမ်ရုပ်နှစ်ပါး ခန္ဓာငါးပါးတို့သည် မျက်စိတမှိတ်လျှပ်တပြက်မျှ ရပ်နားတည်နေ ခိုင်မြဲခြင်းမရှိ၊ ဥပါဒ်ပေါ်မြောက် ဘင်သို့ရောက်၍ ချုပ်ပျောက်ခြင်း အနက်သဘောကြောင့် အနိစ္စာ—မမြဲ၊ ဖြစ်ပျက်နှစ်ရပ်

နှိပ်စက်လက်၍ ကြောက်အပ်သောအနက်သဘောကြောင့် ဒုက္ခ=ဆင်းရဲဘိတောင်း မကောင်း။ အနှစ်အသား မဟုတ်သော အနက်သဘော, အနှစ်အသားမရှိသော အနက်သဘောကြောင့် အနတ္တ=အတ္တမရှိ, အတ္တမဟုတ်ဟု, လက္ခဏာရေးသုံးပါးတင်၍ ဉာဏ်ဖြင့် အဖန်ဖန် ဆင်ခြင်ပွားများ ပွတ်တိုက်ရမည်။

ဤသို့ လက္ခဏာရေး သုံးရပ်တို့ကို ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ပွားများ ပွတ်တိုက်အပ်သည်ရှိသော် ဝိပဿနာဉာဏ်၏ ဆန့်ကျင်ဘက် နိစ္စသညာ စသော ဘေးရန်တို့ကို တွန်းလှန် ပယ်ဖျောက်နိုင်သည်ဖြစ်၍ သမ္မသနဉာဏ်၏ ကမ်းတဘက်သို့ ရောက်ပြီဟူ၍ ဆိုရသည်။

သမ္မသနဉာဏ် ထက်သန်အားကောင်း၍ သမ္မသနဉာဏ်၏ ကမ်းတဘက်သို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်ဟူသော ဝိပဿနာဉာဏ် ကိုးချက် အဆင့်ဆင့်ရင့်ကျက် မြင့်ထက်မြင့်ကာ ဖြစ်ပေါ်လာသည်။

ထို့နောင် သိခါပတ္တ ဝုဋ္ဌာနဂါမိနီဝိပဿနာခေါ် ပရိကံ ဥပစာ အနုလုံ ဟူသော အနုလောမဉာဏ် သုံးပါးတို့၏ အထက် နိဗ္ဗာန်သို့ လှည့်တက်သော ဂေါတြဘူဉာဏ်၊ ဂေါတြဘူလမ်းညွှန်ချက်ဖြင့် ကိလေသာ အချို့ကို ပယ်သတ်၍ သစ္စာလေးရပ်တို့ကို တပြိုင်တည်းဆိုက်ရောက်သော သောတာပတ္တိမဂ်ဉာဏ်, သောတာပတ္တိဖိုလ်ဉာဏ်၊ မဂ် ဖိုလ် နိဗ္ဗာန် ပဟီနအဝသိဋ္ဌ ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တို့ ဖြစ်ကုန်၏။

## အထက်မဂ်သုံးပါး

ထို့နောင် ထိုနေရာ၌ပင်သော်လည်းကောင်း၊ ရှည်လျားမြင့်ကြာ အခါတပါး၌သော်လည်းကောင်း သမ္မသနဉာဏ် မှီရ၍ ဝိပဿနာဉာဏ် ဆယ်ချက်ဖြင့် အဆင့်ဆင့်တက်၍

သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, ပစ္စဝေက္ခဏာဉာဏ်၊
အနာဂါမိမဂ်, အနာဂါမိဖိုလ်, ပစ္စဝေက္ခဏာဉာဏ်၊
အရဟတ္တမဂ်, အရဟတ္တဖိုလ်, ပစ္စဝေက္ခဏာဉာဏ်တို့သည် တဆင့်ထက် တဆင့် မြင့်ထက်မြင့်ကာ ဖြစ်ပေါ်ကုန်၏။ အရဟတ္တဖိုလ်နောက်၌ ဆင်ခြင်ဖို့ရာ အဝသိဋ္ဌကိလေသာ မရှိသောကြောင့် ပစ္စဝေက္ခဏာ လေးဝီထိသာ၊ ပေါင်း တဆယ့်ကိုးဝီထိဖြစ်၏။

အရဟတ္တမဂ်ကို ရ၍ ရဟန္တာအဖြစ်သို့ ရောက်သောပုဂ္ဂိုလ်သည် အရဟတ္တမဂ်က ကိလေသာတွေ အကုန်သတ်၍ နောက်ထပ် ပဋိသန္ဓေ အသစ် မဖြစ်တော့သဖြင့် ခန္ဓာဝန် လက်စသိမ်း၍ ဘဝဇာတ်ငြိမ်းရာ ဆင်းရဲဒုက္ခ အမြွက်မျှမရှိ၊ ချမ်းအေးခြင်း ဟူသမျှတို့၏ အထွတ်အထိပ် ဖြစ်သော နိဗ္ဗာန်ချမ်းသာ အေးမြို့ရွာပိုင်ရှင်ကြီးအဖြစ်သို့ ကောင်းကောင်းကြီး ဆိုက်ရောက်လေသည်။ ထို့ကြောင့်—

"ကိလေကင်းလျှင်၊ မြိုက်နန်းခွင်၊ အစဉ်ပိုင်ပြီရှု"
ဟု ဆိုသည်။

နားဆိပ်ကမ်းမှ စောင့်ဆိုင်း ဖမ်းချုပ်၍
ဝိပဿနာအလုပ် အားထုတ်နည်း ပြီး၏။

---

## နာမ်ရုပ်တို့ကို နှာခေါင်းဆိပ်ကမ်းမှ စောင့်ဆိုင်း ဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်နည်း

ဃာနဥ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာန ဝိညာဏံ
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ

ဟု ဟောတော်မူအပ်သည်နှင့် အညီ ဃာနပသာဒနှင့် ဂန္ဓာရုံ ပေါင်းဆုံမိကြ၍ ယှဉ်ဘက် စေတသိက်တို့နှင့်အတူ ဃာနဝိညာဉ်စိတ် ဖြစ်ပေါ်ကာ နှာခေါင်းက အနံ့ဂန္ဓာရုံကို နံသိရာတွင် အနံ့ဂန္ဓာရုံ နံသိသော ဃာနဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ၊ ထိုစိတ်နှင့် ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ သညာသည် သညာက္ခန္ဓာ။ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ မနသိကာရ ငါးပါးတို့သည် သင်္ခါရက္ခန္ဓာ။

ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ ညွတ်ခြင်း နံသိခြင်း လက္ခဏာရှိသော နာမ်တရားတို့တည်း။ ထို့ကြောင့် "အာရုံသိတာ နာမ်ခန္ဓာ"ဟု ဆိုသည်။

ထိုနာမက္ခန္ဓာလေးပါးတို့သည် ဃာနပသာဒ၌ မှီ၏။ ဃာနပသာဒသည် မဟာဘုတ်၌ မှီ၏။ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏။ ဤဃာနပသာဒ မဟာဘုတ် ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်တရားတို့တည်း။ ထို့ကြောင့် "မှီရာ ရုပ်အစု"ဟု ဆိုသည်။

နှာခေါင်းက အနံ့ဂန္ဓာရုံကို နံသိသောအခါ အနံ့ဂန္ဓာရုံကို သိသော နာမက္ခန္ဓာလေးပါးဟူသော နာမ်တရား၊ ထိုနာမက္ခန္ဓာလေးပါး၏ မှီရာ ဃာနပသာဒ မဟာဘုတ် ဥပါဒါရုပ်ဟူသော ရုပ်တရား။ ဤနာမ်ရုပ်တရား နှစ်ပါးမျှသာ ရှိသည်။ ဤ နာမ်ရုပ်နှစ်ပါးမှတပါး နံသိသမား, မိန်းမ, ယောကျ်ား, နတ်, လူ, ဗြဟ္မာ, သတ္တဝါ အကောင်အထည် မရှိ။ ထို့ကြောင့်–

"နာမ်ရုပ်ပယ်ခွာ၊ သတ္တဝါ၊ ဘယ်မှာမရှိရှာ"ဟု ဆိုသည်။

နှာခေါင်းက အနံ့ဂန္ဓာရုံကို နံသိတိုင်း နံသိတိုင်း ဤအနံ့ဂန္ဓာရုံကို နံသိမှုသည် မိန်းမ ယောကျ်ား နတ် လူ ဗြဟ္မာ သတ္တဝါ အကောင်အထည်မရှိ။

ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံ ပေါင်းဆုံမိကြ၍ ယှဉ်ဘက် စေတသိက်တို့နှင့်အတူ ဃာနဝိညာဉ်စိတ်ဖြစ်ပေါ်ကာ အနံ့ဂန္ဓာရုံကို အာရုံပြု (နံသိ)သော နာမက္ခန္ဓာလေးပါး နာမ်တရား။ ဤနာမက္ခန္ဓာလေးပါး၏ မှီရာ ရုပ်တရား။ ဤနာမ်ရုပ်နှစ်ပါး ပရမတ္ထသဘောတရား အပေါင်းအစုမျှသာ ရှိသည်ဟု စိတ်ထဲ ညာဏ်ထဲ၌ အပေါ်ယံ အမှေးအကာ ပညတ်လွှာကင်းစင် ရုပ်အစစ် နာမ်အစစ်ကိုမြင်အောင် အဖန်ဖန် ဆင်ခြင်ပွားများအားထုတ်ညာဏ်ဖြင့် ပွတ်တိုက်ရမည်။

အဖန်ဖန် ဆင်ခြင်စဉ်းစား ပွားများအားထုတ်ညာဏ်ဖြင့် ပွတ်တိုက်၍ အပေါ်ယံ အမှေးအကာ ပညတ်လွှာကင်းစင် စိတ်ထဲ ညာဏ်ထဲ၌ ရုပ်နာမ်နှစ်ပါးမျှ ထင်လာလျှင် ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာဟူသော

အပေါင်းကာယ၌ အတ္တဟု ဒိဋ္ဌိဖြင့် စွဲယူအပ်သော တကယ်ထင်ရှားမရှိသော အတ္တကြာရှင်း သက္ကာယဒိဋ္ဌိ ပျောက်ကင်းလေသည်။ ထို့ကြောင့်-

"ရုပ်နာမ်မြင်က၊ သက္ကာယ၊ ကင်းပ ဒိဋ္ဌိစို"

ဟု ဆိုသည်။

ဤကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်၍ အပေါ်ယံ အမွေး အကာ ပညတ်လွှာရှင်း သက္ကာယဒိဋ္ဌိပျောက်ကင်း ဉာဏ်အမြင်လင်းသည်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဆိုသည်။

ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

---

## ပစ္စယပရိဂ္ဂဟဉာဏ်

နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်၍ သက္ကာယဒိဋ္ဌိကင်း ဉာဏ်အမြင်လင်းပြီးသော ယောဂီသည် ဈာနဝိညာဉ် စိတ္တုပ္ပါဒ်ဟူသော နာမက္ခန္ဓာလေးပါး နာမ်တရား၊ ထိုနာမက္ခန္ဓာ လေးပါး၏ မှီရာ ဈာနပဿာဒ, မဟာဘုတ်, ဥပါဒါရုပ် ဟူသော ရုပ်တရား။ ဤ နံ သိ လက်တွေ့ဖြစ်သော ပစ္စုပ္ပန် နာမ်ရုပ်နှစ်ပါးတို့၏ အကြောင်းကို ရှာရမည်။

ရှာဟန်ကား-

ဤ နံ သိ လက်တွေ့ ဖြစ်ပေါ်၍နေသော ပစ္စုပ္ပန် နာမ်ရုပ်နှစ်ပါးတို့သည် ဗြဟ္မာ ဗိဿနိုး ဣဿရ ပကတိ ပုရိသ ထာဝရ စသည်တို့ ဖန်ဆင်း၍ ဖြစ်ပေါ်သည် မဟုတ်။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဟူသော အတိတ်အကြောင်း၊ ဥတု စိတ် အာဟာရ ဈာန ဂန္ဓ ဝါယ မနသိကာရ ဟူသော ပစ္စုပ္ပန်အကြောင်းတို့ကြောင့် ဖြစ်ကုန်၏ဟု ဆင်ခြင်စဉ်းစား ပွားများ သိမ်းဆည်းရမည်။

ဤ နံ သိ လက်တွေ့ဖြစ်သော ပစ္စုပ္ပန် နာမ် ရုပ် နှစ်ပါးတို့၏ အကြောင်းကြောင့်ဖြစ်သည်ကို မြင်လျှင် အတိတ်, အနာဂတ်၌ဖြစ်သော နာမ်ရုပ်တို့၏လည်းအကြောင်းကြောင့်ဖြစ်သည်ကို မြင်လေသည်။ ယင်းသို့ မြင်သောအခါ ယုံမှားခြင်း တဆယ့်ခြောက်ပါး, ဝိစိကိစ္ဆာ, ကခ်ါ,

ဝိမတိတို့သည်း ဝိက္ခမ္ဘနအားဖြင့် ပျောက်ကင်းကုန်၏။ အတိတ်အကြောင်း ငါးပါးတို့ကြောင့် ပစ္စုပ္ပန်အကျိုးငါးပါးဖြစ်၏။ ပစ္စုပ္ပန်အကျိုးငါးပါး ကြောင့် ပစ္စုပ္ပန်အကြောင်း ငါးပါးဖြစ်၏။ ပစ္စုပ္ပန်အကြောင်း ငါးပါး ကြောင့် အနာဂတ် အကျိုးငါးပါးဖြစ်၏ ဟူ၍လည်း အဖန်တလဲလဲ ရှုမြင်၏။

ဤသို့ အဖန်တလဲလဲ ရှုသဖြင့် ယုံမှားခြင်း တဆယ့်ခြောက်ပါး ပျောက်ကင်း၍ အကြောင်းအကျိုး ဆက်စပ်လျက်ဖြစ်နေသော နာမ်ရုပ် တရားမျှသာ ထင်၏။

ဤသို့လျှင် ဆိုခဲ့ပြီးသောနည်းဖြင့် နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းလျက် အစွန်းသုံးပါး၌ ယုံမှားခြင်းကင်းသော ယောဂီသည် ရှေးဘဝမှ ဤဘဝသို့၊ ဤဘဝမှ နောက်ဘဝသို့ တစုံတခုသော တရားမျှ မပြောင်းမရွှေ့သော်လည်း အကြောင်းအကျိုး ဆက်စပ် ခန္ဓာ အာယတန ဓာတ်တို့ ဖြစ်ကုန်သည်ဟူ၍ သိမြင်၏။ ခပ်သိမ်းသော အခြင်း အရာအားဖြင့် ပစ္စယပရိဂ္ဂဟဉာဏ် ထက်သန်အားရှိခြင်းသို့ ရောက်၏။

ယုံမှားခြင်းရှစ်ပါး, ယုံမှားခြင်းတဆယ့်ခြောက်ပါး, ခြောက်ဆယ့် နှစ်ပါးသော ဒိဋ္ဌိတို့သည် တံ့စားရာမရ၊ ဖယ်ရှား ပျောက်လွင့်လေ တော့၏။ ဤသို့လျှင် နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းလျက် အစွန်းသုံးပါး၌ ယုံမှားခြင်းကိုလွန်၍ တည်သော ဉာဏ်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပြီး၏။

---

## သမ္မသနနည်း

"ယုံမှားကင်းလျှင်၊ ယာဉ်သုံးယာဉ်၊ ဉာဏ်စဉ်ထက်အောင်ရှု" ဟူသည်နှင့်အညီ ယုံမှားခြင်းအမျိုးမျိုး ကင်းပျောက်၍ ကင်္ခါဝိတရဏ ဝိသုဒ္ဓိသို့ ဆိုက်ရောက်ပြီးသော ယောဂီသည် နှာခေါင်းတည်း ဟူသော ရေဆိပ်သို့ရောက်လာသော ရုပ်နာမ်တည်းဟူသော နွားတို့ကို နှာခေါင်း တည်းဟူသော ရေဆိပ်မှ စောင့်ဆိုင်းဖမ်းချုပ်၍ ဝိပဿနာအလုပ် အား ယုတ်ရမည်။

အားထုတ်ဟန်ကား–

ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံ ပေါင်းဆုံမိ၍ ယှဉ်ဘက် စေတသိက်တို့နှင့်အတူ ဃာနဝိညာဉ်စိတ်ဖြစ်ပေါ်လာကာ နှာခေါင်းမှ အနံ့ဂန္ဓာရုံကို နံ့ သိ ရာတွင် ဃာနပသာဒ, အနံ့ဂန္ဓာရုံကို စွဲ၍ဖြစ်သော ဃာနဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ၊ ထိုစိတ်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ မနသိကာရ ငါးပါးတို့သည် သင်္ခါရက္ခန္ဓာ၊ ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသော နာမ်တရားတို့တည်း။ ဤနာမက္ခန္ဓာ လေးပါးတို့သည် ဃာနပသာဒ၌ မှီ၏၊ ဃာနပသာဒသည် မဟာဘုတ်၌ မှီ၏၊ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏၊ ဤ ဃာနပသာဒ မဟာဘုတ် ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်တည်း။

ဤ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့သည် မျက်တောင်တခတ် လျှပ်တပြက်မျှ ရပ်နားတည်နေ ခိုင်မြဲခြင်းမရှိ၊ ဥပါဒ်ပေါ်မြောက် ဘင်သို့ရောက်လျက်ချုပ်ပျောက်ပျက်စီးခြင်းအနက်သဘောကြောင့် အနိစ္စာ–မမြဲ၊ ဖြစ်ပျက်နှစ်ရပ် နှိပ်စက်လာ၍ ကြောက်အပ်သော အနက်သဘောကြောင့် ဒုက္ခာ=ဆင်းရဲဘိတောင်း မကောင်း။ အနှစ်အသားမဟုတ်သော အနက်သဘော, အနှစ်အသားမရှိသော အနက်သဘောကြောင့် အနတ္တာ=အတ္တမဟုတ်, အတ္တမရှိဟု လက္ခဏာရေးသုံးပါးသို့တင်၍ အဖန်ဖန် ဉာဏ်ဖြင့် သုံးသပ် ပွတ်တိုက်ရမည်။

ဤသို့ လက္ခဏာရေးသုံးပါးတင်၍ အဖန်ဖန် ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ် ပွားများ ပွတ်တိုက်သည်ရှိသော် ဝိပဿနာဉာဏ်၏ ဆန့်ကျင်ဘက် နိစ္စဘာ စသော ဘေးရန်တို့ကို တွန်းလှန် ပယ်ဖျောက်နိုင်သည်ဖြစ်၍ သမ္မသနဉာဏ်၏ တဘက်ကမ်းသို့ ရောက်ပြီဟူ၍ ဆိုရသည်။ သမ္မသနဉာဏ် ထက်သန်အားကောင်း၍ သမ္မသနဉာဏ် တဘက်ကမ်းသို့ ရောက်ပြီးသော ယောဂီအား ဥဒယဗ္ဗယဉာဏ်မှ စ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ကိုးချက် အဆင့်ဆင့် ရင့်ကျက် တဆင့်ထက်တဆင့် မြင့်ထက်မြင့်ကာ ဖြစ်ပေါ်လာသည်။

ထို့နောင် သိခါပတ္တ ဝုဋ္ဌာနဂါမိနီ ဝိပဿနာခေါ် ပရိကံ ဥပစာ အနုလုံ ဟူသော အနုလောမဉာဏ် သုံးချက်၊ ထိုဉာဏ်သုံးပါးတို့၏ အထက် နိဗ္ဗာန်သို့ လှည့်တတ်သော ဂေါတြဘူဉာဏ်၊ ဂေါတြဘူဉာဏ် လမ်းညွှန် ချက်ဖြင့် ကိလေသာအချို့ကို ပယ်သတ်ကာ သစ္စာလေးရပ်တို့သို့ တပြိုင် တည်း ဆိုက်ရောက်သော သောတာပတ္တိမဂ်ဉာဏ် တကြိမ် ဖြစ်ပေါ်၍ အပ္ပနာလမ်းစဉ်သို့ သက်ဆင်းလာသည်။

သောတာပတ္တိမဂ်ဉာဏ် တကြိမ်ဖြစ်ပြီးနောက် နှစ်ကြိမ်သော်လည်း ကောင်း၊ သုံးကြိမ် သော်လည်းကောင်း မန္ဒ, တိက္ခအလိုက် ထိုက်သည် အားလျော်စွာ သောတာပတ္တိဖိုလ် ဖြစ်ပေါ်၍ ဘဝင်သို့ သက်သည်။ ထို့နောင် ဘဝင်ကို ဖြတ်၍ ပစ္စဝေက္ခဏာ ငါး ဝီထိ ဖြစ်သည်။

## အထက်မဂ် သုံးပါး

ထိုနေရာ၌ပင် သော်လည်းကောင်း၊ ရှည်လျား မြင့်ကြာ အခါ တပါး၌သော်လည်းကောင်း သမ္မသနဉာဏ်မှ စ၍ အနုလောမဉာဏ်တိုင် အောင် ဝိပဿနာဆယ်ချက်တို့ဖြင့် အဆင့်ဆင့်တက်၍ သကဒါဂါမိမဂ် ဉာဏ်, သကဒါဂါမိဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်၊ အနာဂါမိမဂ်ဉာဏ်, အနာဂါမိဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်၊ အရဟတ္တမဂ်ဉာဏ်, အရဟတ္တ ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့သည် တဆင့်ထက်တဆင့် မြင့်ထက်မြင့် ကာ ဖြစ်ပေါ်လာကုန်၏။ အရဟတ္တဖိုလ် နောင် ဆင်ခြင်ဖွယ်ရာ အဝသိဋ္ဌ ကိလေသာ မရှိသောကြောင့် ပစ္စဝေက္ခဏာ လေးဝီထိသာ၊ ပေါင်း တဆယ့်ကိုး ဝီထိ။

အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာအဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ် သည် အရဟတ္တမဂ်က ကိလေသာတွေ အကုန်သတ်၍ နောက်ထပ် ပဋိ- သန္ဓေ အသစ် မဖြစ်တော့သဖြင့် ခန္ဓာဝန်လက်စသိမ်း၍ ဘဝဇာတ်ငြိမ်းရာ ဆင်းရဲ ဒုက္ခ အမြွက်မျှမရှိ၊ ချမ်းအေးခြင်းဟူသမျှတို့၏ အထွတ်အထိပ်ဖြစ် သော နိရောဓသစ္စာ နိဗ္ဗာန် ချမ်းသာ အေးမြို့ရွာ ပိုင်ရှင်ကြီးအဖြစ်သို့ ကောင်းစွာ ဆိုက်ရောက်တော်မူသည်။ နှာခေါင်းရေဆိပ်မှ စောင့်ဆိုင်း

ဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်သော ယောဂီ၏ဘဝ လွှတ်မြောက်ရေး ခရီးတည်း။ ထို့ကြောင့်–

"ကိုလေကောင်းလျှင်၊ မြိုက်နန်းခွင်၊ အစဉ်ပိုင်ပြီရှု"

ဟု ဆိုသည်။

---

## လျှာဆိပ်ကမ်းမှ စောင့်ဆိုင်း ဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်နည်း

"ဇိဝှါဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ"

ဟူ၍ ဟောတော်မူသည်နှင့်အညီ ဇိဝှါပသာဒနှင့် "ချို, ချဉ်, စပ်, ဖန်၊ ခါး, အငန်၊ ခြောက်တန်အရသာ" ဟူသော ရသာရုံတို့ ပေါင်းဆုံမိ၍ ယှဉ်ဘက် စေတသိက်တို့နှင့်အတူ ဇိဝှါဝိညာဉ်စိတ်ဖြစ်ပေါ်ကာ ရသာရုံကို အာရုံပြုလျက် သိရာတွင် ရသာရုံကို အာရုံပြုလျက်သိသော ဇိဝှါဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ၊ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ မနသိကာရ ငါးပါးတို့သည် သင်္ခါရက္ခန္ဓာ၊ ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသော နာမ်တည်း။ ထို့ကြောင့် "အာရုံသိဘာ၊ နာမ်ခန္ဓာ" ဟု ဆိုသည်။

ဤ နာမက္ခန္ဓာ လေးပါးတို့သည် ဇိဝှါပသာဒ၌ မှီ၏၊ ဇိဝှါပသာဒသည် မဟာဘုတ်၌ မှီ၏၊ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏၊ ဤဇိဝှါပသာဒ မဟာဘုတ် ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်တည်း။ ထို့ကြောင့် "မှီရာ ရုပ်အစု" ဟု ဆိုသည်။

လျှာက ရသာရုံကို လျက်သိသောအခါ ရသာရုံကို လျက်သိသော ဇိဝှါဝိညာဉ် စိတ္တုပ္ပါဒ် နာမက္ခန္ဓာလေးပါး ဟူသော နာမ်တရား။ ဤနာမက္ခန္ဓာလေးပါး၏ မှီရာ ဇိဝှါပသာဒ မဟာဘုတ် ဥပါ

ဒါရုပ် ဟူသော ရုပ်တရား၊ ဤရုပ်နာမ်တရား နှစ်ပါးမျှရှိသည်၊ ဤရုပ်နာမ်နှစ်ပါးမှ တပါးရသာရုံကို လျက်သိသော မိန်းမ ယောကျ်ား နတ် လူ ဗြဟ္မာ သတ္တဝါ အကောင်အထည်မရှိ။ ထို့ကြောင့်—

"နာမ် ရုပ်ပယ်ခွာ၊ သတ္တဝါ၊ ဘယ်မှာမရှိရှု"

ဟု ဆိုသည်။

လျှာက ရသာရုံကို လျက်သိတိုင်း လျက်သိတိုင်း ရသာရုံကို ဤလျက်သိမှုသည် မိန်းမ ယောကျ်ား နတ် လူ ဗြဟ္မာ သတ္တဝါ အကောင်အထည် မရှိ၊ ဇိဝှာပသာဒနှင့် ရသာရုံ ပေါင်းဆုံမိ၍ ယှဉ်ဘက် စေတသိက်တို့နှင့်အတူ ဇိဝှာဝိညာဉ် စိတ်ဖြစ်ပေါ်ကာ ရသာရုံကို အာရုံပြုလျက် သိသော ဇိဝှာဝိညာဉ် စိတ္တုပ္ပါဒ်ဟူသော နာမက္ခန္ဓာ လေးပါး, နာမ်တရား။ ဤနာမ်တရား၏ မှီရာ ရုပ်တရား၊ ဤရုပ်နာမ်နှစ်ပါး ပရမတ္ထ သဘောတရား အပေါင်းအစုမျှသာတည်း ဟူ၍ အပေါ်ယံ အမွေးအကာ ပညတ်လွှာ ကင်းစင် ရုပ်အစစ် နာမ်အစစ်ကို မြင်အောင် ဆင်ခြင် စဉ်းစား ပွားများအားထုတ်ရမည်။

အဖန်ဖန် ဆင်ခြင်စဉ်းစား ပွားများအားထုတ်၍ စိတ်ထဲဉာဏ်ထဲ၌ ရုပ်နာမ်နှစ်ပါး ထင်ရှားလာလျှင် ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာ ဟူသော အပေါင်းကာယ၌ အတ္တ ဟု ဒိဋ္ဌိဖြင့် စွဲယူအပ်သော တကယ် အဟုတ် ထင်ရှားမရှိသော အတ္တက္ခာရှင်း သက္ကာယဒိဋ္ဌိ ပျောက်ကင်း လေသည်။ ထို့ကြောင့်—

"ရုပ်နာမ် မြင်က၊ သက္ကာယ၊ ကင်းပ ဒိဋ္ဌိစု"

ဟု ဆိုသည်။

ဤသို့လျှင် နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်၍ အပေါ်ယံ အမွေးအကာ ပညတ်လွှာရှင်း သက္ကာယပျောက်ကင်း ဉာဏ်အမြင်လင်းသည်ကို ဒိဋ္ဌိဝိသုဒ္ဓိ ဆိုသည်။

ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

## ပစ္စယပရိဂ္ဂဟဉာဏ်

နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်၍ သက္ကာယဒိဋ္ဌိကင်း ဉာဏ်အမြင် လင်းပြီးသော ယောဂီသည် လျှာက ရသာရုံကို လျက်သိသောအခါ ဇိဝှာဝိညာဉ် စိတ္တုပ္ပါဒ်ဟူသော နာမက္ခန္ဓာလေးပါး နာမ်တရား။ ထိုနာမ်တရား လေးပါး၏ မှီရာ ဇိဝှာပသာဒ မဟာဘုတ် ဥပါဒါရုပ် ဟူသော ရုပ်တရား။ လျက်သိ လက်တွေ့ဖြစ်သော ဤပစ္စုပ္ပန် နာမ်ရုပ် နှစ်ပါးတို့၏ အကြောင်းကို ရှာရမည်။

ရှာဟန်ကား—

ဤလျက်သိ လက်တွေ့ဖြစ်သော ပစ္စုပ္ပန် နာမ်ရုပ် နှစ်ပါးသည် ဗြဟ္မာ ဗိဿနိုး ဣဿရ ပကတိ ပုရိသ ထာဝရ စသည်တို့ ဖန်ဆင်း၍ ဖြစ်ပေါ်လာသည် မဟုတ်။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဟူသော အတိတ်အကြောင်း၊ ဥတု စိတ် အာဟာရ ဇိဝှာ ရသ အာပ မနသိ- ကာရ ဟူသော ပစ္စုပ္ပန် အကြောင်းတို့ကြောင့် ဖြစ်ကုန်၏ ဟူ၍ ဆင်ခြင် စဉ်းစား ပွားများ သိမ်းဆည်းရမည်။ ဤလျက်သိ လက်တွေ့ ဖြစ်သော ပစ္စုပ္ပန် နာမ် ရုပ်နှစ်ပါးတို့၏လည်း အကြောင်းကြောင့် ဖြစ်သည်ကို မြင်လေသည်။

ဤသို့ မြင်သောအခါ ယုံမှားခြင်း တဆယ့်ခြောက်ပါး ဝိစိကိစ္ဆာ ကခ်ါ ဝိမတိတို့သည် ဝိက္ခမ္ဘနအားဖြင့် ပျောက်ကင်းကုန်၏။

အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန် အကျိုးငါးပါး ဖြစ်၏။ ပစ္စုပ္ပန် အကျိုးငါးပါးကြောင့် ပစ္စုပ္ပန်အကြောင်း ငါးပါး ဖြစ်သည်။ ပစ္စုပ္ပန်အကြောင်း ငါးပါးကြောင့် အနာဂတ် အကျိုးငါးပါး ဖြစ်၏ ဟူ၍လည်း အဖန်တလဲလဲ ရှု၏။ ဤသို့ အဖန်တလဲလဲ ရှုသဖြင့် ယုံမှားခြင်း တဆယ့်ခြောက်ပါး ပျောက်ကင်း၍ အကြောင်းအကျိုး ဆက်စပ်လျက် ဖြစ်နေသော နာမ်ရုပ်မျှသာ ထင်၏။

ဤသို့လျှင် ဆိုခဲ့ပြီးသောနည်းဖြင့် နာမ်ရုပ်တို့၏အကြောင်းကို သိမ်းဆည်းလျက် အဓွန့်သုံးပါး၌ ယုံမှားခြင်းကင်းသော ယောဂီသည် ရှေးဘဝမှ ဤဘဝသို့၊ ဤဘဝမှ နောက်ဘဝသို့ တစုံတခုသော တရားမျှ

မပြောင်းမရွေ့သော်လည်း အကြောင်းအကျိုးဆက်စပ် ခန္ဓာ အာယ-တနဓာတ်တို့ ဖြစ်ကုန်သည်ဟူ၍ သိမြင်၏။ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပစ္စယပရိဂ္ဂဟဉာဏ် ထက်သန်အားရှိခြင်းသို့ ရောက်၏။ ယုံမှားခြင်း ရှစ်ပါး, ယုံမှားခြင်း တဆယ့်ခြောက်ပါး, ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့လည်း တုံ့စားရာမရ ပယ်ရှားပျောက်လွင့်လေတော့သည်။

ဤသို့ နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းလျက် အစွန်းသုံးပါး၌ ယုံမှားခြင်းကို လွန်၍ တည်သော ဉာဏ်သည် ကင်္ခါဝိတရဏ-ဝိသုဒ္ဓိ မည်၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြီး၏။

---

## သမ္မသနဉာဏ်

ယုံမှားကင်းလျှင်၊ ယာဉ်သုံးယာဉ်၊ ဉာဏ်စဉ်တက်အောင် ရှု။
ဖြစ်ပျက်မစဲ၊ နာမ်ရုပ်ခဲ၊ မမြဲကောန် ရှု။
မမြဲဟူက၊ ဆင်းရဲမျှ၊ အတ္တခရှိ ရှု။

ဟူသည်နှင့်အညီ ယုံမှားခြင်းအမျိုးမျိုး ကင်းပျောက်၍ ကင်္ခါဝိတရဏ-ဝိသုဒ္ဓိသို့ ဆိုက်ရောက်ပြီးသော ယောဂီသည် လျှော တည်းဟူသော ရေဆိပ်သို့ ရောက်လာသော နာမ်ရုပ်တည်းဟူသော နွားတို့ကို လျှော တည်းဟူသော ရေဆိပ်မှ စောင့်ဆိုင်းဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်ရမည်။

အားထုတ်ဟန်ကား—

ဇိဝှါပသာဒ ရသာရုံ ပေါင်းဆုံမိ၍ ယှဉ်ဘက် စေတသိက်တို့နှင့်အတူ ဇိဝှါဝိညာဉ်စိတ် ဖြစ်ပေါ်ကာ လျှာက ရသာရုံကို လျက်သိရာတွင် ဇိဝှါပသာဒ ရသာရုံကို စွဲမှီ၍ဖြစ်သော ဇိဝှါဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ၊ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ

မနသိကာရ ငါးပါးတို့သည် သင်္ခါရက္ခန္ဓာ၊ ဤလေးပါး တို့သည် နာမက္ခန္ဓာ၊ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသော နာမ်တရားတို့တည်း။ ဤနာမက္ခန္ဓာ လေးပါးတို့သည် ဇီဝိတဒသာဒ္ဓ မှီ၏၊ ဇီဝိတဒသာဒသည် မဟာဘုတ်၌ မှီ၏၊ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏၊ ဤ ဇီဝိတဒသာဒ မဟာဘုတ် ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်တရားတည်း။

ဤ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့သည် မျက်တောင်တခတ် လျှပ်တပြက်မျှ ရပ်နားတည်နေ ခိုင်မြဲခြင်းမရှိ၊ ဥပါဒ်ပေါ်က ဘင်သို့ ကျ၍ ချုပ်ပျောက်ခြင်း အနက်သဘောကြောင့် အနိစ္စာ=မမြဲ။ ဖြစ်ပျက် နှစ်ရပ် နှိပ်စက်လတ်၍ ကြောက်အပ်သော အနက်သဘောကြောင့် ဒုက္ခာ=ဆင်းရဲဘိကောင်း့မကောင်း။ အနှစ်အသား မဟုတ်သော အနက် သဘော, အနှစ်အသား မရှိသော အနက်သဘောကြောင့် အနတ္တာ= အတ္တမဟုတ်, အတ္တမရှိဟု လက္ခဏာရေး သုံးပါးတင်၍ ဉာဏ်ဖြင့် ဆင်ခြင် သုံးသပ် ပွတ်တိုက်ရမည်။ ဤသို့ လက္ခဏာရေးသုံးပါးတို့ကို အဖန်ဖန် ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ် ပွားများပွတ်တိုက်သည်ရှိသော် ဝိပဿနာ ဉာဏ်၏ ဆန့်ကျင်ဘက် နိစ္စဘာဝစသော ဘေးရန်တို့ကို တွန်းလှန်ပယ် ဖျောက်နိုင်သည်ဖြစ်၍ သမ္မသနဉာဏ်၏ တဘက်ကမ်းသို့ ရောက်ပြီဟူ၍ ဆိုရသည်။

သမ္မသနဉာဏ် ထက်သန်အားကောင်း၍ သမ္မသနဉာဏ်၏ တဘက် ကမ်းသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်ကိုးချက် အဆင့်ဆင့်ရင့်ကျက် မြင့်ထက်မြင့်ကာ ဖြစ်ပေါ်လာသည်။

ထို့နောင် သိခါပတ္တ ဝုဋ္ဌာနဂါမိနီဝိပဿနာခေါ် ပရိကံ ဥပစာ အနုလုံ ဟူသော အနုလောမဉာဏ်သုံးချက်၊ ထိုမှအထက် နိဗ္ဗာန်သို့ လှမ်း တက်သော ဂေါတြဘူဉာဏ်၊ ဂေါတြဘူဉာဏ် လမ်းညွှန်ချက်ဖြင့် ကိလေသာအချို့ကို ပယ်သတ်လျက် သစ္စာလေးရပ်သို့ ထိုးပြိုင်တည်း ဆိုက်ကပ်သော သောတာပတ္တိမဂ်ဉာဏ် ထကြွမ်ဖြစ်ပေါ်ကာ အပွနာ လမ်းစဉ်သို့ သက်ဆင်းလာသည်။ ထို့ကြောင့်—

"ဉာဏ်စဉ်အဆုံး၊ မဂ်ဉာဏ်ပုံး၊ ချေမှုန်းကိလေရှု"

ဟု ဆိုသည်။

သောတာပတ္တိမဂ် တကြိမ်ဖြစ်ပေါ်ပြီးနောက် သောတာပတ္တိဖိုလ် နှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်းကောင်း မန္ဒ, တိက္ခ အလိုက် ထိုက်သင့်သလို ဖြစ်ပေါ်၍ ဘဝင်သို့ သက်၏။ တဖန် ဘဝင်ကို ဖြတ်၍ မဂ် ဖိုလ် နိဗ္ဗာန် ပဟီန အဝသိဋ္ဌကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော ငါးဝီထိ ဖြစ်၏။

## အထက်မဂ်သုံးပါး

ထို့နောင် ထိုနေရာ၌ပင်သော် လည်းကောင်း၊ ရှည်လျားမြင့်ကြာ အခါတပါး၌သော် လည်းကောင်း သမ္မသနဉာဏ်မှစ၍ ဝိပဿနာဉာဏ် ဆယ်ချက် အဆင့်ဆင့်တက်၍

သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် ပစ္စဝေက္ခဏာဉာဏ်၊
အနာဂါမိမဂ် အနာဂါမိဖိုလ် ပစ္စဝေက္ခဏာဉာဏ်၊
အရဟတ္တမဂ် အရဟတ္တဖိုလ် ပစ္စဝေက္ခဏာဉာဏ်

တို့သည် ဖြစ်ပေါ်ကုန်၏။

အရဟတ္တဖိုလ်နောင် ဆင်ခြင်ဖို့ရာ အဝသိဋ္ဌကိလေသာ မရှိသော ကြောင့် လေးဝီထိသာ၊ ပေါင်း တဆယ့်ကိုးဝီထိ ဖြစ်၏။ အရဟတ္တမဂ်ကို ရပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည် အရဟတ္တမဂ်က ကိလေသာတွေ အကုန် သတ်၍ နောက်ထပ် ပဋိသန္ဓေ အသစ်မဖြစ်တော့သဖြင့် ခန္ဓာဝန် လက်စ သိမ်း၍ ဘဝဇာတ်ငြိမ်းရာ ဆင်းရဲဒုက္ခ အမြွက်မျှ မရှိ, ချမ်းအေးခြင်း ဟူသမျှတို့၏ အထွတ်အထိပ်ဖြစ်သော နိရောဓသစ္စာ အေးသီတာရွှေမြို့ တော်ကြီးကို အမြဲပိုင်သော မြို့ပိုင်ရှင်ကြီး ဖြစ်လေတော့သတည်း။ ထို့ကြောင့်–

"ကိလေကင်းလျှင်၊ မြို့ကိုနန်းခွင်၊ အစဉ်ပိုင်ပြီရှု"

ဟု ဆိုသည်။

လျှာရေဆိပ်မှ ရုပ်နာမ်နွားတို့ကို စောင့်ဆိုင်း ဖမ်းချုပ်၍
ဝိပဿနာ အလုပ် အားထုတ်နည်း ပြီး၏။

# ရုပ်နာမ် တည်းဟူသော နွားတို့ကို ခန္ဓာကိုယ် ရေဆိပ်မှ စောင့်ဆိုင်း ဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်နည်း

"ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ" ဟူ၍ ဟောတော်မူအပ်သည်နှင့် အညီ ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိ၍ ယှဉ်ဘက်စေတသိက် တို့နှင့် အတူ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်ကာ ခန္ဓာကိုယ်က အတွေ့ ဖောဋ္ဌဗ္ဗာရုံကို ထိသိရာတွင် အတွေ့ဖောဋ္ဌဗ္ဗာရုံကို ထိသိသော ကာယ ဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ။ ထိုစိတ်နှင့်အတူ ယှဉ်သော ဝေဒနာ သည် ဝေဒနာက္ခန္ဓာ။ သညာသည် သညာက္ခန္ဓာ။ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ မနသိကာရ ငါးပါးတို့သည် သင်္ခါရက္ခန္ဓာ။ ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသော နာမ်တရားတို့တည်း။ ထို့ကြောင့် "အာရုံသိတာ၊ နာမ်ခန္ဓာ" ဟု ဆိုသည်။ ဤနာမက္ခန္ဓာ လေးပါးတို့သည် ကာယပသာဒ၌ မှီ၏၊ ကာယပသာဒသည် မဟာဘုတ်၌ မှီ၏၊ မဟာဘုတ်၌ ဥပါဒါရုပ်မှီ၏။ ဤကာယပသာဒ မဟာဘုတ် ဥပါ ဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်တည်း။ ထို့ကြောင့် "မှီရာရုပ်အစု" ဟု ဆိုသည်။

ခန္ဓာကိုယ်က အတွေ့ဖောဋ္ဌဗ္ဗာရုံကို ထိသိသောအခါ အတွေ့ ဖောဋ္ဌဗ္ဗာရုံကို ထိသိသော ကာယဝိညာဉ် စိတ္တုပ္ပါဒ် နာမက္ခန္ဓာ လေး ပါးဟူသော နာမ်တရား၊ နာမက္ခန္ဓာ လေးပါး၏ မှီရာ ကာယပသာဒ မဟာဘုတ် ဥပါဒါရုပ် ဟူသော ရုပ်တရား။ ဤနာမ်ရုပ်တရား နှစ်ပါး မျှသာ ရှိသည်။ ဤ နာမ်ရုပ်နှစ်ပါးမှ တပါး ဖောဋ္ဌဗ္ဗာရုံကို ထိသိ သမား မိန်းမ ယောကျ်ား နက် လူ ပြဟ္မာ သတ္တဝါ အကောင် အထည် မရှိ။ ထို့ကြောင့်—

"နာမ်ရုပ်ဒွယ်ခွာ၊ သတ္တဝါ၊ ဘယ်မှာမရှိရှု"

ဟု ဆိုသည်။

ခန္ဓာကိုယ်က ဖောဋ္ဌဗ္ဗာရုံကို ထိခိုက်တိုင်း ထိခိုက်တိုင်း ခန္ဓာကိုယ်က ဖောဋ္ဌဗ္ဗာရုံကို ထိသိမှုသည် မိန်းမ ယောကျ်ား နတ် လူ ဖြဟ္မာ သတ္တဝါ အကောင်အထည် မရှိ၊ ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံ ပေါင်းဆုံမိ၍ ယှဉ်ဘက်စေတသိက်တို့နှင့်အတူ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်ကာ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော ကာယဝိညာဉ် စိတ္တုပ္ပါဒ်ဟူသော နာမက္ခန္ဓာလေးပါး နာမ်တရား၊ ဤနာမက္ခန္ဓာလေးပါး၏ မှီရာရုပ်တရား၊ ဤနာမ်ရုပ်တရားနှစ်ပါး ပရမတ္ထသဘောတရား အပေါင်းအစုမျှသာ တည်းဟု အပေါ်အရံ အမွေးအကာ ပညတ်လွှာကင်းစင် နာမ်ရုပ်အစစ်ကို မြင်အောင် အဖန်ဖန် ဆင်ခြင်စဉ်းစား ဉာဏ်ဖြင့် ပွားများ ပွတ်တိုက်ရမည်။

အဖန်ဖန် ဆင်ခြင်စဉ်းစား ဉာဏ်ဖြင့်ပွားများပွတ်တိုက်၍ စိတ်ထဲ ဉာဏ်ထဲ၌ ရုပ်နာမ်နှစ်ပါး ထင်ရှားလာလျှင် ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာဟူသော အပေါင်းကာယ၌ အတ္တဟု ဒိဋ္ဌိဖြင့် စွဲယူအပ်သော အဟုတ်တကယ် ထင်ရှားမရှိသော အတ္တကွာရှင်း သက္ကာယဒိဋ္ဌိ ပျောက်ကင်းလေသည်။ ထို့ကြောင့်–

"ရုပ်နာမ်မြင်က၊ သက္ကာယ၊ ကင်းပ ဒိဋ္ဌိစု"

ဟု ဆိုသည်။

ဤသို့လျှင် နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်၍ အပေါ်အရံ အမွေးအကာ ပညတ်လွှာရှင်း သက္ကာယဒိဋ္ဌိကင်း ဉာဏ်အမြင်လင်းသည်ကို ဒိဋ္ဌိ ဝိသုဒ္ဓိ ဆိုသည်။

ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

---

## ပစ္စယပရိဂ္ဂဟဉာဏ်

နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်၍ သက္ကာယဒိဋ္ဌိကင်း ဉာဏ်အမြင်လင်းပြီးသော ယောဂီပုဂ္ဂိုလ်သည် ကာယဝိညာဉ် စိတ္တုပ္ပါဒ်ဟူသော နာမက္ခန္ဓာလေးပါး နာမ်တရား၊ ထိုနာမက္ခန္ဓာလေးပါး၏ မှီရာ

ကာယပသာဒ မဟာဘုတ် ဥပါဒါရုပ်ဟူသော ရုပ်တရား၊ ဤ ထိ သိ လက်တွေ့ဖြစ်သော နာမ်ရုပ်နှစ်ပါးတို့၏ အကြောင်းကို ရှာရမည်။

ရှာဟန်ကား–

ဤ ထိ သိ လက်တွေ့ ဖြစ်ပေါ်၍နေသော ပစ္စုပ္ပန် နာမ်ရုပ်နှစ်ပါးတို့သည် ဗြဟ္မာ ဗိဿနိုး ဣဿရ ပကတိ ပုရိသ ထာဝရ စသည်တို့ ဖန်ဆင်း၍ ဖြစ်ပေါ်လာသည် မဟုတ်။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဟူသော အတိတ်အကြောင်း၊ ဥတု စိတ် အာဟာရ ကာယပသာဒ ဖောဋ္ဌဗ္ဗာရုံ ပထဝီ မနသိကာရ ဟူသော ပစ္စုပ္ပန်အကြောင်းတို့ကြောင့် ဖြစ်ကုန်၏ဟူ၍ ဆင်ခြင်စဉ်းစား ပွားများရမည်။ ဤကဲ့သို့ ဆင်ခြင် စဉ်းစား ပွားများ၍ ထိ သိ လက်တွေ့ဖြစ်သော ပစ္စုပ္ပန် ရုပ်နာမ်တို့၏ အကြောင်းကြောင့် ဖြစ်သည်ကို မြင်လျှင် အတိတ်, အနာဂတ်၌ဖြစ်သော ရုပ်နာမ်တို့၏လည်း အကြောင်းကြောင့်ဖြစ်သည်ကို မြင်လေသည်။

ဤသို့ မြင်လျှင် ယုံမှားခြင်း တဆယ့်ခြောက်ပါး၊ ဝိစိကိစ္ဆာကၡါ ဝိမတိတို့လည်း ဝိက္ခမ္ဘနအားဖြင့် ပျောက်ကင်းကုန်၏။

အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးငါးပါး ဖြစ်၏၊ ပစ္စုပ္ပန်အကျိုးငါးပါးကြောင့် ပစ္စုပ္ပန်အကြောင်း ငါးပါး ဖြစ်၏။ ပစ္စုပ္ပန်အကြောင်းငါးပါးကြောင့် အနာဂတ်အကျိုးငါးပါး ဖြစ်၏ဟူ၍လည်း ရှု၏၊ ဤကဲ့သို့ အဖန်တလဲလဲ ရှုသဖြင့် ယုံမှားခြင်း တဆယ့်ခြောက်ပါး ပျောက်ကင်း၍ အကြောင်းအကျိုးမျှ ဆက်စပ်လျက် ဖြစ်နေသော နာမ်ရုပ်တရားမျှသာ ထင်၏။

ဆိုခဲ့ပြီးသောနည်းဖြင့် နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းလျက် အဓွန့်သုံးပါး၌ ယုံမှားခြင်းကင်းသော ယောဂီသည် ရှေးဘဝမှ ဤဘဝသို့, ဤဘဝမှ နောင်ဘဝသို့ တစုံတခုသော တရားမျှ မပြောင်းရွှေ့သော်လည်း အကြောင်းအကျိုး ဆက်စပ်လျက် ခန္ဓာအာယတနဓာတ်တို့ ဖြစ်ကုန်၏ဟူ၍ သိမြင်၏၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပစ္စယပရိဂ္ဂဟဉာဏ် ထက်သန်အားရှိခြင်းသို့ ရောက်၏။

ယုံမှားခြင်း တဆယ့်ခြောက်ပါး၊ ယုံမှားခြင်းရှစ်ပါး၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့သည်း တုံ့စားရာမရ၊ ပယ်ရှားပျောက်လွင့်

လေတော့၏။ ဤသို့လျှင် နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းလျက် အခွန့်သုံးပါး၌ ယုံမှားခြင်းကို လွန်၍ တည်သော ဉာဏ်သည် ပစ္စယ-ပရိဂ္ဂဟဉာဏ်, ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြီး၏။

---

## သမ္မသနဉာဏ်

ယုံမှားကင်းလျှင်၊ ယှဉ်သုံးယှဉ်၊ ဉာဏ်စဉ်တက်အောင်ရှု။
ဖြစ်ပျက်မစဲ၊ ရုပ်နာမ်ခဲ၊ မမြဲကောန်ရှု။
မမြဲဟူက၊ ဆင်းရဲမျှ၊ အတ္တမရှိရှု။

ဟူသည်နှင့်အညီ ယုံမှားခြင်းအမျိုးမျိုး ကင်းပျောက်၍ ကင်္ခါဝိတရဏ ဝိသုဒ္ဓိသို့ ရောက်ပြီးသော ယောဂီသည် ခန္ဓာကိုယ် တည်းဟူသော ရေဆိပ်သို့ရောက်လာသော ရုပ်နာမ်တည်းဟူသော နွားတို့ကို ခန္ဓာကိုယ် ရေဆိပ်မှ စောင့်ဆိုင်းဖမ်းချုပ်၍ ဝိပဿနာအလုပ်ကို အားထုတ်ရမည်။

အားထုတ်ဟန်ကား—

ခန္ဓာကိုယ်နှင့် ဖောဋ္ဌဗ္ဗာရုံတို့ ပေါင်းဆုံမိ၍ ယှဉ်ဘက် စေတသိက်တို့နှင့်အတူ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်ကာ ခန္ဓာကိုယ်က ဖောဋ္ဌဗ္ဗာရုံကို ထိသိဆုတွင် ကာယပသာဒ ဖောဋ္ဌဗ္ဗာရုံကို စွဲမှီ၍ဖြစ်သော ကာယ ဝိညာဉ် စိတ်သည် ဝိညာဏက္ခန္ဓာ။ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာ-က္ခန္ဓာ။ သညာသည် သညာက္ခန္ဓာ။ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ မနသိကာရ ငါးပါးသည် သင်္ခါရက္ခန္ဓာ။

ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ညွတ်ခြင်း လက္ခဏာ ရှိသော နာမ်တရားတို့တည်း။ ဤ နာမက္ခန္ဓာ လေးပါးတို့သည် ကာယ ပသာဒ၌ မှီ၏၊ ကာယပသာဒသည် မဟာဘုတ်၌ မှီ၏၊ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏။ ဤ ကာယပသာဒ မဟာဘုတ် ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်တရားတည်း။

ဤရုပ်နာမ်နှစ်ပါး ခန္ဓာ ငါးပါးတို့သည် မျက်တောင်တခတ် လျှပ်တပြက်မျှ ရပ်နားတည်နေ ခိုင်မြဲခြင်း မရှိ၊ ဥပါဒ်ပေါ်က ဘင်သို့ ကျ၍ ချုပ်ပျောက်ခြင်း အနက်သဘောကြောင့် အနိစ္စာ=မမြဲ။ ဖြစ်ပျက် နှစ်ရပ် နှိပ်စက်လတ်၍ ကြောက်အပ်သော အနက်သဘောကြောင့် ဒုက္ခာ=ဆင်းရဲဘိကောင်း, မကောင်း။ အနှစ်အသား မဟုတ်သော အနက်သဘော, အနှစ်အသား မရှိသော အနက်သဘောကြောင့် အနတ္တာ=အတ္တ မဟုတ်, အတ္တမရှိဟု လက္ခဏာရေးသုံးပါးတင်၍ အဖန်ဖန် ညာဏ်ဖြင့် ဆင်ခြင်ပွားများ ပွတ်တိုက်ရမည်။

ဤသို့ လက္ခဏာရေးသုံးပါးတင်၍ အဖန်ဖန် ညာဏ်ဖြင့် ဆင်ခြင်ပွားများ ပွတ်တိုက်အပ်သည်ရှိသော် ဝိပဿနာညာဏ်၏ ဆန့်ကျင်ဘက် နိစ္စဘာ စသော ဘေးရန်တို့ကို တွန်းလှန် ပယ်ဖျောက်နိုင်သည်ဖြစ်၍ သမ္မသနညာဏ်၏ တဘက်ကမ်းသို့ ရောက်သည်ဟူ၍ ဆိုရမည်။ သမ္မသန ညာဏ် ထက်သန် အားကောင်း၍ သမ္မသနညာဏ် တဘက်ကမ်းသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်အား ဥဒယဗ္ဗယညာဏ်မှ စ၍ အနုလောမညာဏ် တိုင်အောင် ဝိပဿနာညာဏ်ကိုးချက် အဆင့်ဆင့်ရင့်ကျက် မြင့်ထက် မြင့်ကာ ဖြစ်ပေါ်လာသည်။

ထို့နောက် စုဋ္ဌာနဂါမိနိဝိပဿနာခေါ် ပရိကံ ဥပစာ အနုလုံဟူသော အနုလောမညာဏ် သုံးချက်၊ ထိုသုံးပါးတို့၏အထက် နိဗ္ဗာန်သို့ လှည့်တက်သော ဂေါတြဘူညာဏ်၊ ဂေါတြဘူညာဏ် လမ်းညွှန်ချက်ဖြင့် ကိလေသာအချို့ကို ပယ်သတ်၍ သစ္စာလေးရပ်တို့သို့ တပြိုင်နက် ဆိုက်ရောက်သော သောတာပတ္တိမဂ်ညာဏ်တကြိမ် ဖြစ်ပေါ်ကာ အပ္ပနာ လမ်းစဉ်သို့ သက်ဆင်းလာသည်။ သောတာပတ္တိမဂ်ညာဏ် တကြိမ်ဖြစ်ပေါ်ပြီးနောက် နှစ်ကြိမ်သော် လည်းကောင်း၊ သုံးကြိမ်သော် လည်းကောင်း မန္ဒ, တိက္ခအလိုက် ထိုက်သည်အားလျော်စွာ သောတာပတ္တိဖိုလ် ဖြစ်ပေါ်၍ ဘဝင်သို့ သက်သည်။ ထို့နောင် ဘဝင်ကိုဖြတ်၍ မဂ်, ဖိုလ်, နိဗ္ဗာန်, ပဟီန, အဝသိဋ္ဌကိလေသာ တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ငါးဝီထိဖြစ်သည်။

## အထက်မဂ်သုံးပါး

ထိုနေရာ၌ပင်သော် လည်းကောင်း၊ ရှည်လျားအခါ တပါး နေရာ၌သော် လည်းကောင်း သမ္မသနဉာဏ်မှ စ၍ ဝိပဿနာ ဉာဏ် ဆယ်ချက်တို့ဖြင့် အဆင့်ဆင့်တက်ကာ—

သကဒါဂါမိမဂ်ဉာဏ် သကဒါဂါမိဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်၊
အနာဂါမိမဂ်ဉာဏ် အနာဂါမိဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်၊
အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်

တို့သည် တဆင့်ထက်တဆင့် မြင့်ထက်မြင့်ကာ ဖြစ်ပေါ်လာကုန်၏။

အရဟတ္တဖိုလ်နောင် ဆင်ခြင်ဖွယ်ရာ အဝသိဋ္ဌကိလေသာ မရှိသော ကြောင့် ပစ္စဝေက္ခဏာ လေးဝီထိသာ၊ ပေါင်း တဆယ့်ကိုး ဝီထိဖြစ်၏။ အရဟတ္တမဂ်ကို ရ၍ ရဟန္တာအဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် အရဟတ္တမဂ်က ကိလေသာတွေ အကုန်သတ်၍ နောက်ထပ် ပဋိသန္ဓေ အသစ် မဖြစ်တော့သဖြင့် ခန္ဓာဝန် လက်စသိမ်း၍ ဘဝဇာတ်ငြိမ်းရာ ဆင်းရဲဒုက္ခ အမြွက်မျှမရှိ၊ ချမ်းအေးခြင်း ဟူသမျှတို့၏ အထွတ်အထိပ်ဖြစ် သော နိဗ္ဗာန်ရွှေမြို့တော်ကြီးကို အမြဲပိုင်သော မြို့ပိုင်ရှင် ကြီးဖြစ်လေသတည်း။ ထိုကြောင့်—

"ကိလေကင်းလျှင်၊ မြို့ကိုနန်းခွင်၊ အစဉ်ပိုင်ပြီ"
ဟု ဆိုသည်။

ခန္ဓာကိုယ် ရေဆိပ်သို့ ဆိုက်ရောက်လာသော ရုပ်နာမ် နွားတို့ကို ခန္ဓာကိုယ်ရေဆိပ်မှ စောင့်ဆိုင်း ဖမ်းချုပ်၍ ဝိပဿနာ အားထုတ်နည်း ပြီး၏။

# ရုပ်နာမ်တည်းဟူသော နွားတို့ကို မနောဒွါရ ဆိပ်ကမ်းမှ စောင့်ဆိုင်းဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်နည်း

"မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ"

ဟူ၍ ဟောတော်မူ အပ် သည် နှင့် အညီ မနောဒွါရနှင့် ဓမ္မာရုံ ပေါင်းဆုံမိ၍ ယှဉ်ဘက် စေတသိက်တို့နှင့်အတူ မနောဝိညာဉ်စိတ် ဖြစ် ပေါ်ကာ မနောက ဓမ္မာရုံကို ကြံသိရာတွင် ဓမ္မာရုံကို ကြံသိသော မနောဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ၊ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာ သည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ မနသိကာရ တရားငါးပါးတို့သည် သင်္ခါရက္ခန္ဓာ။ ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသော နာမ်တရားတို့တည်း။ ထို့ကြောင့် "အာရုံသိတာ နာမ်ခန္ဓာ" ဟု ဆိုသည်။

ဤ နာမ်ခန္ဓာလေးပါးတို့သည် ဟဒယဝတ္ထု၌ မှီ၏။ ဟဒယ ဝတ္ထုသည် မဟာဘုတ်၌ မှီ၏။ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏။ ဤ ဟဒယဝတ္ထု မဟာဘုတ် ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ ဖောက်ပြန်ခြင်း လက္ခဏာရှိသောရုပ်တည်း။ ထို့ကြောင့် "မှီရာရုပ်ဇုစု" ဟု ဆိုသည်။

မနောက ဓမ္မာရုံကို အာရုံပြု၍ ကြံသိသောအခါ မနောဝိညာဉ် စိတ္တုပ္ပါဒ်ဟူသော နာမက္ခန္ဓာလေးပါး နာမ်တရား၊ ထိုနာမ်တရား၏မှီရာ ဟဒယဝတ္ထု မဟာဘုတ် ဥပါဒါရုပ်ဟူသော ရုပ်တရား၊ ဤနာမ်၊ ရုပ်တရား နှစ်ပါးမျှသာ ရှိသည်။ ဤ နာမ်ရုပ်တရားနှစ်ပါးမှတပါး ဓမ္မာရုံကို အာရုံ ပြု၍ ကြံသိသမား မိန်းမ ယောကျာ်း နတ် လူ ဗြဟ္မာ သတ္တဝါ အကောင်အထည်မရှိ။ ထို့ကြောင့်—

"နာမ်ရုပ်ပယ်ခွာ၊ သတ္တဝါ၊ ဘယ်မှာမရှိရှု"

ဟု ဆိုသည်။

မနောက ဓမ္မာရုံကို အာရုံပြု ကြံသိတိုင်း ကြံသိတိုင်း ဤ ကြံ သိမှုသည် မိန်းမ ယောကျာ်း နတ် လူ ဗြဟ္မာ သတ္တဝါ အကောင်

အထည်မရှိ၊ မနောဒွါရနှင့် ဓမ္မာရုံ ပေါင်းဆုံမိ၍ ဓမ္မာရုံကို အာရုံပြု ကြံသိသော မနောဝိညာဉ် စိတ္တုပ္ပါဒ်ဟူသော နာမက္ခန္ဓာလေးပါး နာမ် တရား။ ဤနာမ်တရား၏မှီရာ ရုပ်တရား၊ ဤနာမ်ရုပ်နှစ်ပါး ပရမတ္ထ သဘောတရား၊ အပေါင်းအစုမျှသာတည်းဟု စိတ်ထဲ ဉာဏ်ထဲ၌ နာမ်ရုပ် နှစ်ပါး ထင်ရှားလာလျှင် ဥပါဒါနက္ခန္ဓာဟူသော အပေါင်းကာယ၌ အတ္တဟု ဒိဋ္ဌိဖြင့် စွဲယူအပ်သော အဟုတ်တကယ် ထင်ရှားမရှိသော အတ္တ ကွာရှင်း သက္ကာယဒိဋ္ဌိ ကင်းလေသည်။ ထို့ကြောင့်–

"နာမ်ရုပ်မြင်က၊ သက္ကာယ၊ ကင်းပ ဒိဋ္ဌိစု"

ဟု ဆိုသည်။

ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

## ပစ္စယပရိဂ္ဂဟဉာဏ်

နာမရူပ ပရိစ္ဆေဒဉာဏ် ထက်သန်ရင့်ကျက်၍ သက္ကာယဒိဋ္ဌိကင်း ဉာဏ်အမြင်လင်းပြီးသော ယောဂီသည် မနောဝိညာဉ် စိတ္တုပ္ပါဒ်ဟူ သော နာမက္ခန္ဓာလေးပါး နာမ်တရား၊ ထိုနာမ်တရား၏မှီရာ ဟဒယ ဝတ္ထု မဟာဘုတ် ဥပါဒါရုပ်ဟူသော ရုပ်တရား၊ ဤ ကြံ သိ လက်တွေ့ ဖြစ်သော ပစ္စုပ္ပန် နာမ် ရုပ်နှစ်ပါးတို့၏ အကြောင်းကို ရှာသည်ရှိသော် ဤ ကြံ သိ လက်တွေ့ဖြစ်သော ပစ္စုပ္ပန် နာမ်ရုပ်နှစ်ပါးတို့သည် ဗြဟ္မာ ဝိဿနိုး ဣဿရ ပကတိ ပုရိသ ဓာဝရ စသည့်တို့ ဖန်ဆင်း၍ ဖြစ်ပေါ် သည် မဟုတ်။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဟူသော အတိတ် အကြောင်း၊ ဥတု၊ စိတ်၊ အာဟာရ၊ မှီရာ ဟဒယဝတ္ထု၊ ဓမ္မာရုံ၊ မနသိ ကာရ ဟူသော ပစ္စုပ္ပန် အကြောင်းတို့ကြောင့် ဖြစ်ကုန်၏ဟု ဆင်ခြင် ပွားများ သိမ်းရမည်။

ဤသို့ ပွားများ သိမ်းဆည်း၍ ဤ ကြံ သိ လက်တွေ့ဖြစ်သော ပစ္စုပ္ပန် နာမ်ရုပ်ဘာသာတို့၏ အကြောင်းကြောင့် ဖြစ်သည်ကို မြင်လျှင် အတိတ်၊ အနာဂတ်၌ဖြစ်သော နာမ်ရုပ်တရားတို့သည်လည်း အကြောင်း ကြောင့် ဖြစ်သည်ကို မြင်တော့သည်။ ဤသို့ မြင်လျှင် ယုံမှားခြင်း

တဆယ့်ခြောက်ပါး ဝိစိကိစ္ဆာ ကင်္ခါဝိမတိတို့လည်း ဝိက္ခမ္ဘနအားဖြင့် ပျောက်ကင်းကုန်၏။

ဤသို့လျှင် နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းလျက် အစွန့်သုံးပါး၌ ယုံမှားခြင်းကို လွန်၍တည်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်၏။

**ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြီး၏။**

---

## သမ္မသနဉာဏ်

ယုံမှားကင်းလျှင်၊ ယာဉ်သုံးယာဉ်၊ ဉာဏ်စဉ်တက်အောင်ရှု။
ဖြစ်ပျက်မစဲ၊ နာမ်ရုပ်ခဲ၊ မမြဲကောန်ရှု။
မမြဲဟူက၊ ဆင်းရဲမျှ၊ အတ္တမရှိရှု။

ဟူသည်နှင့်အညီ ယုံမှားခြင်းအမျိုးမျိုး ကင်းပျောက်၍ ကင်္ခါဝိတရဏ ဝိသုဒ္ဓိသို့ ဆိုက်ရောက်ပြီးသော ယောဂီသည် မနောဒွါရ ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသော ရုပ်နာမ်အညီးဟူသော နွားတို့ကို ဆိပ်ကမ်းမှ စောင့်ဆိုင်းဖမ်းချုပ်၍ ဝိပဿနာအလုပ် အားထုတ်ရမည်။

အားထုတ်ဟန်ကား—

မနောဒွါရနှင့် ဓမ္မာရုံ ပေါင်းဆုံမိ၍ မနောဝိညာဉ်စိတ္တုပ္ပါဒ် ဖြစ်ပေါ်ရာတွင် ဓမ္မာရုံကို အာရုံပြု ကြံသိသော မနောဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ။ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ သညာသည် သညာက္ခန္ဓာ။ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ မနသိကာရ ငါးပါးသည် သင်္ခါရက္ခန္ဓာ။

ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ ညွတ်ခြင်း လက္ခဏာရှိသော နာမ်အညီး။ ဤနာမက္ခန္ဓာ လေးပါးတို့သည် ဟဒယဝတ္ထု၌ မှီ၏၊ ဟဒယဝတ္ထုသည် မဟာဘုတ်၌ မှီ၏၊ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏။ ဤဟဒယဝတ္ထု မဟာဘုတ် ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်တရားတည်း။

ဤနာမ်ရုပ်နှစ်ပါး ခန္ဓာငါးပါးတို့သည် မျက်စိတမှိတ် လျှပ်တပြက်မျှ ရပ်နားတည်နေ ခိုင်မြဲခြင်းမရှိ၊ ဥပါဒ်ပေါ်ကာ ဘင်သို့ကျ၍ ချုပ်ပျောက်ခြင်း အနက်သဘောကြောင့် အနိစ္စာ=မမြဲ။ ဖြစ်ပျက်နှစ်ရပ် နှိပ်စက်လတ်၍ ကြောက်အပ်သော အနက်သဘောကြောင့် ဒုက္ခာ=ဆင်းရဲဘိကောင်း, မကောင်း။ အနှစ်အသားမဟုတ်သောကြောင့် အနက်သဘော, အနှစ်အသားမရှိသော အနက်သဘောကြောင့် အနတ္တာ=အတ္တမဟုတ်, အတ္တမရှိဟု အဖန်ဖန် ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ် ပွားများပွတ်တိုက်ရမည်။

ဤသို့ လက္ခဏာရေးသုံးပါးတင်၍ အဖန်ဖန်ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ် ပွားများအပ်သည်ရှိသော် ဝိပဿနာဉာဏ်၏ ဆန့်ကျင်ဘက် နိစ္စတာ စသော ဘေးရန်တို့ကို တွန်းလှန် ပယ်ဖျောက်နိုင်သည်ဖြစ်၍ သမ္မသနဉာဏ်၏ တဘက်ကမ်းသို့ ရောက်သည်ဟု ဆိုရမည်။ သမ္မသနဉာဏ် ထက်သန် အားကောင်း၍ သမ္မသနဉာဏ် တဘက်ကမ်းသို့ ရောက်ပြီးသော ယောဂီအား ဥဒယဗ္ဗယဉာဏ်မှ စ၍ အနုလောမဉာဏ် တိုင်အောင် ဝိပဿနာဉာဏ် ကိုးချက် အဆင့်ဆင့်ရင့်ကျက် တဆင့်ထက်တဆင့် မြင့်ထက်မြင့်ကာ ဖြစ်ပေါ်လာသည်။

ထို့နောင် သိခါပတ္တ ဝုဋ္ဌာနဂါမိနီဝိပဿနာခေါ် ပရိကံ ဥပစာ အနုလုံဟူသော အနုလောမဉာဏ် သုံးချက်၊ ထိုမှ အထက် နိဗ္ဗာန်သို့ လှည့်ဘက်သော ဂေါတြဘူဉာဏ်၊ ဂေါတြဘူဉာဏ် လမ်းညွှန်ချက်ဖြင့် ကိလေသာအချို့ကို ပတ်သတ် သစ္စာလေးရပ်တို့သို့ တပြိုင်တည်း ဆိုက်ရောက်သော သောတာပတ္တိမဂ်ဉာဏ် တကြိမ်ဖြစ်ပေါ်၍ အပ္ပနာ လမ်းစဉ်သို့ သက်ဆင်းလာသည်။ သောတာပတ္တိမဂ် တကြိမ်ဖြစ်ပေါ်ပြီး နောက် နှစ်ကြိမ်သော်လည်းကောင်း, သုံးကြိမ်သော်လည်းကောင်း မန္ဒ, တိက္ခအလိုက် ထိုက်သည်အားလျော်စွာ သောတာပတ္တိဖိုလ် ဖြစ်ပေါ်၍ ဘဝင်သို့ သက်သည်။ တဖန် ဘဝင်ကိုဖြတ်၍ မဂ် ဖိုလ် နိဗ္ဗာန် ပဟီနာ အသိဋ္ဌကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ငါးဝီထိဖြစ်၏။

## အထက်မဂ်သုံးပါး

ထိုနေရာ၌ပင်သော် လည်းကောင်း၊ ရှည်လျားမြင့်ကြွစ အခါ တပါး၌သော် လည်းကောင်း သကဒါဂါမိမဂ်ဉာဏ် သကဒါဂါမိဖိုလ် ဉာဏ် ပစ္စဝေက္ခဏာဉာဏ်၊ အနာဂါမိမဂ် အနာဂါမိဖိုလ်ဉာဏ် ပစ္စ-ဝေက္ခဏာဉာဏ်၊အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် တို့သည် တဆင့်ထက်တဆင့် မြင့်ထက်မြင့်ကာ ဖြစ်ပေါ်လာကုန်၏။ အရဟတ္တဖိုလ်နောင် ဆင်ခြင်ဖို့ရာ အဝသိဋ္ဌကိလေသာမရှိသောကြောင့် လေးဝီထိသာ။ ပေါင်း တဆယ့်ကိုး ဝီထိဖြစ်၏။

အရဟတ္တမဂ်ကို ရ၍ ရဟန္တာအဖြစ်သို့ ရောက်ပြီးသော ယောဂီ သည် အရဟတ္တမဂ်က ကိလေသာတွေ အကုန်သတ်၍ နောက်ထပ် ပဋိသန္ဓေအသစ် မရှိတော့သဖြင့် ခန္ဓာဝန် လက်စသိမ်း၍ ချုပ်ငြိမ်း အေးမြရာ ဆင်းရဲဒုက္ခ အမြွက်မျှမရှိ၊ ချမ်းအေးခြင်း ဟူသမျှတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာနသစ္စာ အေးသီဟာမြို့တော်ကြီး၏ အမြဲ ပိုင်သော မြို့ပိုင်ကြီးအဖြစ်သို့ ကောင်းကောင်းကြီး ဆိုက်ရောက်တော် မူသည်။ ထို့ကြောင့်–

"ကိလေကင်းလျှင်၊ မြိုက်နန်းခွင်၊ အစဉ်ပိုင်ပြီရှု"
ဟု ဆိုသည်။

မနောဒွါရ ဆိပ်ကမ်းမှ စောင့်ဆိုင်း ဖမ်းချုပ်၍ ဝိပဿနာ အလုပ် အားထုတ်သော ယောဂီ၏ ဘဝလွတ်မြောက်ရေး ခရီးတည်း။

# ဒွါရခြောက်ပါး၌ ဝိထိဖြစ်စဉ်ကို အာရုံပြု၍ ရှုမှတ်ပွားများနည်း

ရှုဟန်ကား–

ဤ ငါ၏ခန္ဓာကိုယ်၌–

၁။ မျက်စိက မြင်သိမှု အစဉ်အတန်း

၂။ နားက ကြားသိမှု အစဉ်အတန်း

၃။ နှာခေါင်းက နံသိမှု အစဉ်အတန်း

၄။ လျှာက စားသိမှု အစဉ်အတန်း

၅။ ကိုယ်က ထိသိမှု အစဉ်အတန်း

၆။ မနောက ကြံသိမှု အစဉ်အတန်း

ဒွါရအာရုံအလိုက် ထိုက်သလို အဆက်မပြတ် အထပ်ထပ် ဖြစ်ပေါ်လျက် ရှိသော ဤ အစဉ်အတန်း ခြောက်ခုတို့သည်–

ပုဂ္ဂိုလ် သတ္တဝါ၊ ငါလဲမဟုတ်၊ သူမဟုတ်၊ နာမ်ရုပ်အစုသာ၊

ဖြစ်ပြီးလျှင်ပျက်၊ သူ့အချက်၊ သက်သက် အနိစ္စာ၊

အဖြစ်အပျက်၊ မြဲနှိပ်စက်၊ သက်သက် ဒုက္ခသာ။

လို မလိုက်ချက်၊ သူ့အနက်၊ သက်သက် အနတ္တာ

တို့မျှသာတည်း။

## အဓိပ္ပာယ်ရှင်းလင်းချက်

ဤ ဖော်ပြခဲ့သော သဘောတရားတို့ကို စိတ်ထဲ၌ မှတ်သား မိအောင် လေ့ကျက်၍ စိတ်ထဲ၌ ထင်မြင်လာအောင် စိတ်ဖြင့်သာ ဆင်ခြင်စဉ်းစား ပွားများရမည်။ စိတ်ဖြင့် ဆင်ခြင်စဉ်းစား ပွားများသည်ကို ကမ္မဋ္ဌာန်းစီးဖြန်းသည်, ဝိပဿနာအလုပ် အားထုတ်သည်ဟု ဆိုရသည်။ ရွတ်ရုံ အံရုံမျှကို ကမ္မဋ္ဌာန်းစီးဖြန်းသည်, ဝိပဿနာအလုပ် အားထုတ်သည် မဆိုရ။

| | | | |
|---|---|---|---|
| မျက်စိက | မြင်သိမှု | အစဉ်အတန်းသည် | တခြား၊ |
| နားက | ကြားသိမှု | ။ | တခြား၊ |
| နှာခေါင်းက | နံသိမှု | ။ | တခြား၊ |
| လျှာက | စားသိမှု | ။ | တခြား၊ |
| ကိုယ်က | ထိသိမှု | ။ | တခြား၊ |
| မနောက | ကြံသိမှု | ။ | တခြား၊ |

တခုနှင့် တခုသည် မရောမယှက်၊ သက်သက်သီးခြားစီ ဖြစ်ကြသည်။ တသီးတခြားစီဟု ဆင်ခြင်ပွားများသည်ကို သန္တတိအားဖြင့် ပွားများခြင်း ဆိုသည်။ ဤသို့ ပွားများ၍ စိတ်ထဲ၌ တခြားစီ ထင်မြင်လာလျှင်—

"တခုထဲထင်မှတ် အမျှင်မပြတ်လျှင်၊ ပညတ်ပင်၊
အများထင်မှတ်၊ အမျှင်ပြတ်မှ ပရမတ်[၁]"

ဆိုသည့်အတိုင်း အမျှင်ပြတ်ပြီး ပရမတ်သို့ ဆိုက်ရောက်လေတော့သည်။

## စဉ်တန်းဖြစ်ပေါ်၍ အာရုံကို သိခြင်း

ရူပါရုံ စက္ခုပသာဒတို့ ရှေးရှုအတူ ဉပါဒ်ကြသည်မှစ၍ အတီတဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆန်း သန္တီရဏ ဝုဋ္ဌော ဇောခုနစ်ကြိမ် တဒါရုံနှစ်ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ရူပါရုံ စက္ခုပသာဒတို့သည် သတ္တရသာယုက စေ့သဖြင့် ဒုတိယ တဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်၏။ ဤကဲ့သို့ စဉ်တန်းဖြစ်ပေါ်၍ အာရုံကို မြင်သိရာတွင် ဘဝင်သုံးခုတို့သည် ဝီထိ၌မပါဝင်၊ အာရုံကိုပင် မမြင်နိုင်သောကြောင့် ပြောရန်မလို။ ပဉ္စဒွါရာဝဇ္ဇန်းသည် အာရုံကို ဆင်ခြင်ရုံမျှ ဖြစ်ပေါ်ပြီး ချုပ်၏။ စက္ခုဝိညာဏ်စိတ်သည် အာရုံကို မြင်ရုံမျှ ဖြစ်ပေါ်ပြီး ချုပ်၏။ သမ္ပဋိစ္ဆန်းသည် အာရုံကို လက်ခံရုံမျှ ဖြစ်ပေါ်ပြီး ချုပ်၏။ သန္တီရဏသည် အာရုံကို စူးစမ်းရုံမျှဖြစ်ပေါ်၍ ချုပ်၏၊ ဝုဋ္ဌောသည် အာရုံကို ပိုင်းခြားဆုံးဖြတ်ရုံမျှ ဖြစ်ပေါ်၍ချုပ်၏။

---

၁။ ပရမတ္ထစက္ကုကျမ်း၊ နှာ—၁၆—၄၀။

ထို့နောင် ထိုထိုကိစ္စကို ပြီးစေနိုင်၍ အားကောင်းသော ကာမာ၀စရဇော တို့တွင် တခုခုသော ဇောစိတ်သည် ခုနစ်ကြိမ်တိုင် ဆက်လက်ဖြစ်၍ ချုပ်၏။ ထို့နောင် ဇောသို့ အစဉ်လိုက်၍ ဖြစ်သော တဒါရုံကောဒသ တို့တွင် တခုခုသည် နှစ်ကြိမ်တိုင် ဆက်လက်ဖြစ်၍ ချုပ်၏။

ထို့နောင် တဒနု၀တ္တကမနောဒွါရဝီထိ, ဝိနိစ္ဆယမနောဒွါရဝီထိ, သုဒ္ဓမနောဒွါရဝီထိတို့ ဖြစ်ကြကုန်၏။

သဒ္ဒံ ပဌမစိတ္တေန၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။

ဟု မဏိသာရမဉ္ဇူသာ[၁] ၌ နည်းပြဂါထာ ဆိုသည်။ ဤ နည်းပြ ဂါထာသည် နည်းသိရုံမျှ ပြသော စကားဖြစ်၍ မျက်စိဘမိုတ်ခန့်ကြာ လျှင် ကုဋေဘသိန်းခန့်၊ နှစ်မိုတ်ခန့်ကြာလျှင် ကုဋေနှစ်သိန်းခန့် ဝီထိစိတ် တွေ များစွာဖြစ်ပေါ်ပြီးမှ အာရုံကို သိရသည်ဟု မှတ်ယူရမည်။

ယင်းကဲ့သို့ ဝီထိစိတ်တွေ များစွာ တန်းစီဖြစ်ပေါ်၍ အာရုံကို သိရာတွင် စိတ်တို့သည် မိမိတာ၀န်အရသာ မြင်နိုင် သိရှိနိုင်ကြသည်။ မိမိတာ၀န်ထက် ပိုလွန်၍ မသိရှိနိုင်ပေ။ မိမိတာ၀န်အရ သိပြီးသည်နှင့် တပြိုင်နက် ချုပ်ပျောက်၏။ ပဉ္စဒွါရာဝဇ္ဇန်းသည် ဆင်ခြင်ရုံမျှ, စက္ခု ဝိညာဏ်သည် မြင်ရုံမျှ, သမ္ပဋိစ္ဆန်းသည် လက်ခံရုံမျှ, သန္တီရဏသည် စူးစမ်းရုံမျှ, ဝုဋ္ဌောသည် ပိုင်းခြားဆုံးဖြတ်ရုံမျှ, ဇောစိတ်သည်သာ ထိုထိုကိစ္စ အာ၀ဝကို ပြီးစေနိုင်၍ အာရုံ၏ အရသာကို ခံစားသည်။ တဒါရုံသည် ဇော၏နောက်သို့ အစဉ်လိုက်၍ ဖြစ်ရုံမျှတည်း။

"အာရုံခိုက်ငြား၊ ရှေ့ပြေးငါး၊ ဇောကား ခုနစ်၊
နောက်လိုက်နှစ်၊ ဖြစ်ကြတသင်း၊ ဇောလိုရင်း"

ဟု ပရမတ္ထစက္ကူ[၂]၌ ဆိုသည်။

ဤကဲ့သို့ ဝီထိစိတ်တွေ ကုဋေသိန်းပေါင်းများစွာ စီတန်း၍ ဖြစ် ပေါ်ပြီးမှ အာရုံကို သိနိုင်သောကြောင့် မြင်သိမှု အစဉ်အတန်း, ကြား

---

၁။ မဏိမဉ္ဇူ၊ ၂၊ ၄၇၂။
၂။ ဒိဝဲယင်း ဆရာတော်ဘုရားကြီး၏ ပရမတ္ထစက္ကူကျမ်း၊ နှာ–၁၆၇။

သိမှု အစဉ်အတန်း, နံ့သိမှု အစဉ်အတန်း, စားသိမှု အစဉ်အတန်း, ထိသိမှု အစဉ်အတန်း, ကြံသိမှု အစဉ်အတန်း ဆိုသည်။ ကြားသိမှု အစဉ်အတန်း စသည်ကိုလည်း မြင်သိမှု အစဉ်အတန်းကို နည်းမှီ၍ သိအပ်၏။

ခန္ဓာကိုယ်၌ ဒွါရ, အာရုံအလိုက် ထိုက်သလို အဆက်မပြတ် အထပ်ထပ် ဖြစ်ပေါ်လျက်ရှိသော အစဉ်အတန်းတို့သည် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်, နာမ်ရုပ်မျှ ဖြစ်သောကြောင့်—

"ပုဂ္ဂိုလ်သတ္တဝါ၊ ငါလဲမဟုတ်၊ သူမဟုတ်၊ နာမ်ရုပ်အစုသာ" ဟု ဆိုသည်။

ထို အစဉ် အတန်း ဖြစ်သော ဝီထိတို့သည် "ကေစ္ဆရက္ခဏေ ကောဋိသတသဟဿာနိ ဥပ္ပဇ္ဇန္တိ"။

ကေစ္ဆရက္ခဏေ–လက်ဖျစ်တစ္ချက် စွက်သောခဏ၌။ ကောဋိသတ-သဟဿာနိ–ကုဋေတသိန်းမျှလောက်သော စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏။ (နိဒါနသံယုတ္တဋ္ဌကထာ ^၁။)

ဖြစ်ပြီးသည်နှင့် တပြိုင်နက် လက်ဖျစ်တကျခန့်မျှ တည်နေခြင်း မရှိ, အမြဲပျက်ခြင်း အနက်သဘောကြောင့်—

"ဖြစ်ပြီးလျှင် ပျက်၊ သူ့အနက်၊ သက်သက် အနိစ္စာ" ဆိုသည်။

ဖြစ်မှု ပျက်မှု နှစ်ပါးတို့သည် အမြဲမပြတ် နှိပ်စက်အပ်သော အနက်သဘောကြောင့်—

"အဖြစ်အပျက်၊ မြဲနှိပ်စက်၊ သက်သက် ဒုက္ခသာ" ဆိုသည်။

သတ္တဝါအလို ပုဂ္ဂိုလ်အကြိုက် ကျင့်စရိုက်သို့ မလိုက် မပါ ဘာသာဘာဝ ဖြစ်ပျက်ကြသော အနက်သဘောကြောင့်—

"လို မလိုက်ချက်၊ သူ့အနက်၊ သက်သက် အနတ္တာ" ဆိုသည်။

---

၁။ သံ၊ ဋ္ဌ၊ ၂။ ၉၂။

မြစ်သမုဒ္ဒရာ အဏ္ဏဝါ ပင်လယ် ရေပြင်ကျယ်၌ လိမ္မာကျွမ်းကျင် အစွမ်းလျင်သော မ်ကျောင်းမင်းသည် ရေ၌ အစုန် အဆန် ဗယ်ပြန် ညာလှည့် အလိုရှိသလို လှည့်လည်ကျက်စား သွားလာနေထိုင်ခြင်းကို ပြုသည်။ ဝိမောက္ခန္တိက ဉာဏ်တော်ဇဖြင့် ဒွေ ယျငါးဖြာ မဟာသမုဒ္ဒကြွင်းရမထင် သဲ လင်း စင် အောင် သိမြင်တော်မူသော သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည်လည်း သိမ်မွေ့နက်နဲ ခက်ခဲ ဆန်းပြား ခမ်းနားကြီးကျယ် သိဖို့ရန် မလွယ်ကူသော ပရမတ္ထသဘာဝတွေကို အမည်အမျိုးမျိုး နည်းအမျိုးမျိုးတို့ဖြင့် ဝေဖန်ပိုင်းခြား ဟောကြားတော်မူသည်။

> အဋ္ဌာရသ ခေါ ဣမာ အာနန္ဒ ဓာတုယော၊ စက္ခုဓာတု ရူပဓာတု စက္ခုဝိညာဏဓာတု။ သောတဓာတု သဒ္ဒဓာတု သောတဝိညာဏဓာတု၊ ဃာနဓာတု ဂန္ဓဓာတု ဃာနဝိညာဏဓာတု၊ ဇိဝှါဓာတု ရသဓာတု ဇိဝှါဝိညာဏဓာတု၊ ကာယဓာတု ဖောဋ္ဌဗ္ဗဓာတု ကာယဝိညာဏဓာတု၊ မနောဓာတု ဓမ္မဓာတု မနောဝိညာဏဓာတု။ ဣမာ ခေါ အာနန္ဒ အဋ္ဌာရသ ဓာတုယော ယတော ဇာနာတိ ပဿတိ။ ဧတ္တာဝတာပိ ခေါ အာနန္ဒ "ဓာတုကုသလော ဘိက္ခု"တိ အလံ ဝစနာယာတိ။

ဟု ဗဟုဓာတုကသုတ် (မ၊ ၃။ ၁၀၇)၌ အခံဓာတ် ၆-ပါး, အတိုက်ဓာတ် ၆-ပါး, အပေါ်ဓာတ် ၆-ပါးတို့ကို အသီးအသီး ယှဉ်စပ်တွဲဖက်လျက် ထင်ရှားပေါ်လွင်အောင် ဟောတော်မူသည်။ ဓာတုဝိဘင်္ဂသုတ်၌—

(က) ဆဓာတုရော အယံ ဘိက္ခု ပုရိသော၊
(ခ) ဆဖဿာယတနော၊
(ဂ) အဋ္ဌာရသမနောပဝိစာရော၊
(ဃ) စတုရဓိဋ္ဌာနော၊
(င) ယတ္ထ ဋ္ဌိတံ မညဿဝါ နပ္ပဝတ္တန္တိ၊ မညဿဝေ ခေါ ပန နပ္ပဝတ္တမာနေ မုနိ သန္တောတိ ဝုစ္စတိ။

(စ) ပညံ နပမဇ္ဇေယျ၊ သစ္စမနုရက္ခေယျ၊ စာဂမနုဗြူဟေယျ၊
သန္တိမေဝ သော သိက္ခေယျာတိ။ အယမုဒ္ဒေသော
ဓာတုဝိဘင်္ဂေ။

ဟူ၍ (မ၊ ၃။ ၂၇၂)၌ အကျဉ်းဥဒ္ဒေသခင်းထား အကျယ်တဝင့် ဆန်းပြား နက်နဲစွာ ဟောတော်မူသည်။

(က) ဘိက္ခု—ရဟန်းတော် ပုဂ္ဂလသာတိ၊ အယံ ပုရိသော—သင်၏ ဉာဏ်မြင် သင့်အထင်ဖြင့် ပြင်ပြင်မှတ်မှား ဤ လူ နတ် ပြဟ္မာ သတ္တဝါအများသည်။ ဆဓာတုရော—ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မရှိ၊ ပကတိ ပုရိသ အတ္တ ဇီဝါ ဆိုရာဝေးစွ-ဓာတ်ခြောက်ပါးမျှသာ ရှိပေ၏။

(ခ) ဘိက္ခု—ရဟန်းတော်ပုဂ္ဂလသာတိ၊ အယံ ပုရိသော—သင်၏ ဉာဏ်မြင် သင့်အထင်ဖြင့် ပြင်ပြင်မှတ်မှား ဤ လူ နတ် ပြဟ္မာ သတ္တဝါအများသည်။ ဆဖဿာယတနော—ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မရှိ။ ပကတိ ပုရိသ အတ္တ ဇီဝါ ဆိုရာဝေးစွ ဖဿ ခြောက်ပါး၏တည်ရာ နာမ်ဓာတ်မျှသာ ရှိပေ၏။

(ဂ) ဘိက္ခု — ရဟန်းတော် ပုဂ္ဂလသာတိ။ အယံ ပုရိသော—သင်၏ဉာဏ်မြင် သင့်အထင်ဖြင့် ပြင်ပြင်မှတ်မှား ဤ လူ နတ် ပြဟ္မာ သတ္တဝါအများသည်။ အဋ္ဌာရသမနောပဝိစာရော—စက္ခု စသည် ဝိသယီဖြင့် ခြောက်လီဌာန ဝိသယ၌ သုံးဝဝေဒနာ မခွာရစ်ဝဲ ဆ-မြဲကပ်လျှင်းဖြစ်ခြင်းဥပဝိစာရ တရားမျှသာ ရှိပေ၏။

(ဃ) ဘိက္ခု -ရဟန်းတော် ပုဂ္ဂလသာတိ၊ အယံ ပုရိသော—ဓာတ်ကြီးခြောက်ဖြာ ဖဿာယတနခြောက်ပါး တဆယ့်ရှစ်ပါးသော ဥပဝိစာရ၊ ဤမျှသာ အထည်ကိုယ်ရှိသော ပုဂ္ဂိုလ် သတ္တဝါအပေါင်းသည်၊ စတုရာဓိဋ္ဌာနော—မင်ဖိုလ်အလို့ငှာ ထောက်တည်ရာကား ပညာ သစ္စ စာဂသန္တိ လေးပါးသာ ရှိပေ၏။

(င) ယတ္ထ—အကြင် ပြဆိုထုတ်ပြန် ယင်း အဓိဋ္ဌာန်လေးပါး၌။ ဋ္ဌိတံ—ကြံ့ကြံ့ခိုင်ခိုင် တည်နိုင်သောသူကို၊ မညဿဝါ — အထင်အမြင် မညနာအလျဉ်တို့သည်၊ န ပဝတ္တန္တိ—သံသရာပင်လယ်ကျော၌ မမျော

မနစ်နိုင်ကြကုန်။ မညာယာဝေ–မညနာအလျဉ် အထင်မှား အမြင်မှား သည်။ န ပဝတ္တမာနေ ခေါ ပန–မမျောမနစ် မဖြစ်လတ်သော်ကား။ မုန့်–ကျင့်ခန်းကြံခန်း ဉာဏ်စွမ်းရှိသော ရဟန်းတော်ကို။ သန္တောတိ–ကိလေသာအပူခါတ် ကင်းပြတ်ငြိမ်းအေးပြီးသော ရဟန္တာပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ–ဟောစာတမ်း ဗျာဒိတ် ခတ်နှိပ်အပ်ပေသတည်း။

(၈) ပညာ–အရဟတ္တဖိုလ်ရဖို့ရာ ဝိပဿနာပညာကို။ န ပမဇ္ဇေယျ–လက်လွတ်ဖျင်းပေါ့ မမေ့မလျော့ရာ။ သစ္စံ–ဝစီသစ္စာကို။ အနုရက္ခေယျ–နိဗ္ဗာန်မျက်မှောက် ပရမတ္ထသစ္စာတိုင်ရောက်အောင် စောင့်ရှောက်ရာ၏။ စာဂံ–ကိလေသာတရား ပယ်ရှားစွန့်ခွာမှုကို။ အနုဗြူဟေယျ–ကိလေသာ ခပင်း စွန့်ခြင်းငှာ ရည်သန်ချက်ဖြင့် အဆက်ဆက် ပွားများစေရာ၏။ သော – ထိုပုဂ္ဂိုလ်သည်။ သန္တိမေဝ–ကိလေသာငြိမ်းချုပ်ငြိမ်း အေးမြမှုကိုသာလျှင်။ သိက္ခေယျ–ငြိမ်းစရှိလျှင် ငြိမ်းချင်ချင်ပြုသော အားဖြင့် ငြိမ်းတတ်အောင် သင်ကြား ကျင့်ကြံရာသတည်း။

ဣတိ အယံ–ဤဆိုအပ်ပြီးသည်ကား။ ဓာတုဝိဘင်္ဂ–အဇ္ဈာသယအလျောက် ဟောတော်မူအပ်သော ဓာတ်ဝိဘင်း၏၊ ဥဒ္ဒေသော–အကျဉ်းဥဒ္ဒေသ ခေါင်းစဉ်တည်း။

ဥဒါနပါဠိ ဗာဟိယ ဒါရုစိရိယ (၇၅) ၌–

ရူပါရုံ စက္ခုဒွါရိက စိတ်တို့ကို''ဒိဋ္ဌ''အမည်ဖြင့်လည်းကောင်း။ သဒ္ဒါရုံ သောတဒွါရိကစိတ်တို့ကို '' သုတ '' အမည်ဖြင့်လည်း ကောင်း။

ဂန္ဓာရုံ ဃာနဒွါရိကစိတ်
ရသာရုံ ဇိဝှါဒွါရိကစိတ်
ဖောဋ္ဌဗ္ဗာရုံ ကာယဒွါရိကစိတ်
} တို့ကို ''မုတ'' အမည်ဖြင့် လည်းကောင်း။

ဓမ္မာရုံ မနောဒွါရိကစိတ်တို့ကို '' ဝိညာတ '' အမည်ဖြင့်လည်း ကောင်း၊ အာရုံခြောက်ပါး, ဝိညာဉ်ခြောက်ပါးတို့ကို ကောဋ္ဌာသ လေးမျိုး တို့ဖြင့် ပိုင်းခြား ဝေဖန်လျက် ကေသေသ နည်း, သာမည–နိဒ္ဒေသနည်း, အဝိနာဘာဝနည်းအရ ဝိပဿနာ၏ အာရုံကို–

တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ–
“ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ၊
သုတေ သုတမတ္တံ ဘဝိဿတိ၊
မုတေ မုတမတ္တံ ဘဝိဿတိ၊
ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ” တိ၊ ဧဝဉ္ဟိတေ
ဗာဟိယ သိက္ခိတဗ္ဗံ။

ဟူ၍ အကျဉ်းအားဖြင့် ဟောကြားတော်မူသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည် ဤလေးဘောဋ္ဌာသတို့ဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ဟူသော ဉာတပရိညာ၊ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်ဟူသော တီရဏပရိညာ၊ ဤ ပရိညာနှစ်ပါးကို ဟောပြတော်မူသည်။ “ယတော ခေါ တေ ဗာဟိယ” အစရှိသော နောက်စကားရပ်တို့ဖြင့် ဉာတ, တီရဏပရိညာနှစ်ပါး၌တည်သော ဗာဟိယအား ဘင်ဉာဏ်မှစ၍ အထက်၌ မဂ်ဖိုလ်နှင့်တကွ ပဟာနပရိညာကို ဟောပြတော်မူသည်။

“ရူပါယတနံ ပဿိတဗ္ဗဋ္ဌေန ဒိဋ္ဌံ နာမ”[၁] ဖြင့် “ပဿိတဗ္ဗန္တိ ဒိဋ္ဌံ” ဝိဂ္ဂဟပြု၍ ရူပါရုံသည် “ဒိဋ္ဌ” မည်၏ဟု အဋ္ဌကထာဆရာ ပြတော်မူသည်။ “စက္ခုဝိညာဏံ ပန ဿဒ္ဒိ တံဒွါရိကဝိညာဏဝီထိ ဒဿနဋ္ဌေန” ဖြင့် “ပဿတီတိ ဒိဋ္ဌံ” ဝိဂ္ဂဟပြု၍ ထိုစက္ခုဒွါရ၌ဖြစ်သော ဝီထိစိတ်အပေါင်းသည် “ဒိဋ္ဌ” မည်၏ဟု အဋ္ဌကထာဆရာ ပြတော်မူသည်။ “ဒိဋ္ဌံ စ ဒိဋ္ဌံ စ ဒိဋ္ဌံ”ဟု ဧကသေသ်ပြု၍ ဒိဋ္ဌံ အရ ရူပါရုံ, ထိုရူပါရုံကို အာရုံပြုသော စက္ခုဒွါရိကစိတ်တို့ကို ယူရမည်ဟု ဧကသေသ နည်းအားဖြင့် ပြတော်မူသည်။

ထောပတ်ယူခဲ့ဆိုလျှင် ထောပတ်၏တည်ရာ အိုးခွက်ပါ ပါဝင်ပြီးဖြစ်သကဲ့သို့ အာရုံ, အာရမ္မဏိကတရားတို့ကို ပြဆိုလျှင် တည်ရာမှီရာဖြစ်သော စက္ခုပသာဒ၊ ထိုစက္ခုပသာဒ၏မှီရာ မဟာဘုတ်၊ မဟာဘုတ်၌မှီသော ဥပါဒါရုပ်တို့လည်း ပါဝင်ပြီးဖြစ်၍ အဝိနာဘာဝနည်းအားဖြင့် စက္ခုဒသက ကလာပ်ရုပ်တို့ကိုလည်း ပြဆိုပြီးဖြစ်သည်။ အချုပ်အားဖြင့်

---

၁။ ဥဒါန၊ ဋ္ဌ။ ၈၂။

စက္ခုဒွါရဆိုင်ရာ နာမ်ရုပ်အပေါင်းသည် "ဒိဋ္ဌ" မည်၏ဟု ဟောတော်မူလိုရင်းဖြစ်သည်။

"တဒုဘယမ္ပိ ယထာပစ္စယံ ပဝတ္တမာနံ ဓမ္မမတ္တမေဝ၊
န တ္တေ ကောစိ ကတ္တာ ဝါ ကာရေတာ ဝါ[၁]"

ဖြင့် ဤစက္ခုဒွါရဆိုင်ရာ နာမ်ရုပ်အပေါင်းတို့သည် ပြုတတ်သမား, ပြုစေတတ်သမား သတ္တဝါအကောင်အထည်မဟုတ်၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်ကြသော ပရမတ္ထဓမ္မအစုမျှသာဟု ပြတော်မူသည်။

"ယတော တံ ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ[၁]"ဖြင့် ထိုပရမတ္ထသဘာဝ ရုပ်နာမ်ဓမ္မတို့သည် ဖြစ်ပြီးသည်နှင့် တပြိုင်နက် ပျက်တတ်သောအနက်သဘောရှိသည်ဟု အနိစ္စလက္ခဏာကို ပြတော်မူသည်။ "ဥဒယဗ္ဗယပ္ပဋိပီဠနဋ္ဌေန ဒုက္ခံ[၁]" ဖြင့် အဖြစ်အပျက်နှစ်ရပ် အမြဲနှိပ်စက်အပ်၍ဆင်းရဲဘိကောင်း၊ မကောင်းသော ဒုက္ခအစုမျှသာတည်းဟု "ဒုက္ခလက္ခဏာ" ကို ပြတော်မူသည်။ "အဝသဝတ္တနဋ္ဌေန အနတ္တာ[၁]" ဖြင့် သတ္တဝါအလို ပုဂ္ဂိုလ်အကြိုက် ကျင့်စရိုက်သို့ မလိုက်မပါ ဘာသာဘာဝဖြစ်ပျက်ကြ၍ အစိုးမရသော အနတ္တသဘာဝ တရားအစုမျှသာတည်းဟု အနတ္တလက္ခဏာကို ပြတော်မူသည်။ "ဣတိ ကုတော ဧတ္ထ ပဏ္ဍိတဿ ရဇ္ဇနာဒီနံ ဩကာသော[၁]" ဖြင့် ဤကဲ့သို့ အနိစ္စ ဒုက္ခ အနတ္တသဘောမျှဖြစ်သော ဒိဋ္ဌတရားတို့၌ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"ဟု တဏှာ မာန ဒိဋ္ဌိတို့ဖြင့် ပညာရှိပုဂ္ဂိုလ်အား စွဲလမ်းစရာအချိန်အခါ အဘယ်မှာ ရှိနိုင်ပါအံ့နည်း၊ မရှိနိုင်သည်သာတည်း ဟုပြတော်မူ၏။ သုတ, မုတ, ဝိညာတ တရားတို့၌လည်း ဤအတိုင်းသာတည်း။

၁။ (က) မြင်အပ်, မြင်တတ်၊ ဤနှစ်ရပ်ကား၊ ခေတ်အစုမျှ၊ မည် ဒိဋ္ဌ၊ ဓမ္မသက်သက်သာ။

(ခ) ပုဂ္ဂိုလ်သတ္တဝါ၊ ငါလဲမဟုတ်၊ သူမဟုတ်၊ နာမ်ရုပ်အစုသာ။

(ဂ) ဖြစ်ပြီးလျှင် ပျက်၊ သူ့အနက်၊ သက်သက် အနိစ္စာ။

---

၁။ ဥဒါန၊ ဋ္ဌ။ ဝ၂။

(ဃ) အဖြစ်အပျက်၊ မြဲနိုင်စက်၊ သက်သက် ဒုက္ခသာ။
(င) လိုမလိုက်ချက်၊ သူ့အနက်၊ သက်သက် အနတ္တသာတည်း။

၂။ (က) ကြားအပ်, ကြားတတ်၊ ဤနှစ်ရပ်လည်း၊ ဓာတ်အစုမျှ၊ မည်မုတ၊ ဓမ္မသက်သက်သာ။ (ကျန် ၄–ပိုဒ် အတူ။)

၃။ (က) နံအပ်, နံတတ်၊ ဤနှစ်ရပ်လည်း၊ ဓာတ်အစုမျှ၊ မည်မုတ၊ ဓမ္မသက်သက်သာ။ (ကျန် ၄–ပိုဒ် အတူ)

၄။ (က) စားအပ်, စားတတ်၊ ဤနှစ်ရပ်လည်း၊ ဓာတ်အစုမျှ၊ မည်မုတ၊ ဓမ္မသက်သက်သာ။ (ကျန် ၄–ပိုဒ် အတူ)

၅။ (က) ထိအပ်, ထိတတ်၊ ဤနှစ်ရပ်လည်း၊ ဓာတ်အစုမျှ၊ မည်မုတ၊ ဓမ္မသက်သက်သာ။ (ကျန် ၄–ပိုဒ် အတူ)

၆။ (က) သိအပ်,သိတတ်၊ ဤနှစ်ရပ်လည်း၊ ဓာတ်အစုမျှ၊ ဝိညာတ၊ ဓမ္မသက်သက်သာ။
(ခ) ပုဂ္ဂိုလ်သတ္တဝါ၊ ငါလဲမဟုတ်၊ သူမဟုတ်၊ နာမ်ရုပ်အစုသာ။
(ဂ) ဖြစ်ပြီးလျှင် ပျက်၊ သူ့အနက်၊ သက်သက် အနိစ္စာ။
(ဃ) အဖြစ်အပျက်၊ မြဲနိုင်စက်၊ သက်သက် ဒုက္ခသာ။
(င) လိုမလိုက်ချက်၊ သူ့အနက်၊ သက်သက် အနတ္တသာတည်း။

ဟူ၍ ဆိုအပ်ခဲ့သည့်အတိုင်း နာမ်ရုပ်တို့၏ သဘောကို ဆင်ခြင်စဉ်းစား ပွားများရမည်။ ဤကဲ့သို့ နာမ်ရုပ်တို့၏သဘောကို ဆင်ခြင်စဉ်းစား ပွားများရမည်ကို "တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" စသည်ဖြင့် မြတ်စွာဘုရားက ဟောပြတော်မူသည်။

## ဘုရားဂုဏ်တော်ပွားကျိုး ၇-ပါး

ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမော ဧကဓမ္မော? ဗုဒ္ဓါနုဿတိ။ အယံ ခေါ ဘိက္ခဝေ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ (အံ၊ ၁။ ၃၂။ အံ၊ ဋ္ဌ၊ ၁။ ၃၆၅။)

ဘိက္ခဝေ– သံသရာဝဋ်ဘေး လွတ်ရေးလိုလား တပည့်များတို့။ ဘာဝိတော–စိတ်ထဲတည်ထား ပွားများအပ်သော။ ဗဟုလီကတော– ကြိမ်ဖန်ထပ်ထပ် မပြတ်ဆည်းပူးအပ်သော။ ကေဓမ္မော–တခုတည်းသော သဘောတရားသည်။ ကေန္တနိဗ္ဗိဒါယ–သံသရာဝယ် အမှန်တကယ် ပျင်းရိ ငြီးငွေ့ မပျော်မွေ့ခြင်းငှာ။ ဝိရာဂါယ–ဝဋ်ဒုက္ခတွယ်ကပ် တဏှာငတ်၏ အစွဲကိုဖြတ်ခြင်းငှာ။ ဝိရာဂါယ–ရာဂါဒိကာ ကိုလေသာကို ပယ်ခွာဆွဲနုတ် အစပြုတ်ခြင်းငှာ။ နိရောဓာယ–ကိလေ ခန္ဓာ နှစ်ဖြာ ရုပ်သိမ်း ချုပ်ငြိမ်းခြင်းငှာ။ ဥပသမာယ–ကိုလေပူဓာတ် မဟပ်ဝေးပ အေးမြခြင်းငှာ။ အဘိညာယ–လက္ခဏာယာဉ် သုံးရပ်တင်၍ ဆင်ခြင်သိမြင်ခြင်းငှာ။ သမ္ဗောဓာယ–မဂ်ဉာဏ်လေးဖော် နိဗ္ဗာန်မျှော်၍ ဖြစ်ပေါ်ခြင်းငှာ။ သမ္ဗောဓာယ–သစ္စာလေးအင် ဉာဏ်ဒွံထင်၍ ဆင်ခြင်ခြင်းငှာ။ နိဗ္ဗာနာယ–အကြောင်းကင်းကုန် နိဗ္ဗာန်ဘုံသို့ ခိုလှုံ ဆိုက်ရောက် မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တတိ–ဖြစ်၏။

ဘိက္ခဝေ–သံသရာဝဋ်ဘေး လွတ်ရေးလိုလား တပည့်များတို့။ ကေဓမ္မော–တခုတည်းသော သဘောတရားဟူသည်။ ကတမော– အဘယ်နည်း။ ဘိက္ခဝေ–သံသရာဝဋ်ဘေး လွတ်ရေးလိုလား တပည့်များတို့။ ကေဓမ္မော–တခုတည်းသော သဘောတရားဟူသည်။ ဗုဒ္ဓါနုဿတိ– ဘုရားဂုဏ်ကို စိတ်မှာသို၍ ကြည်ညိုလေးမြတ် မပြတ်အမှတ်ရခြင်း သဘောတရားတည်း။ ဘိက္ခဝေ–သံသရာဝဋ်ဘေး လွတ်ရေးလိုလား တပည့်များတို့။ ဘာဝိတော–စိတ်ထဲတည်ထား ပွားများအပ်သော။ ဗဟုလီကတော–ကြိမ်ဖန်ထပ်ထပ် မပြတ်ဆည်းပူး အားထုတ်အပ်သော။ ကေန္တနိဗ္ဗိဒါယ–သံသရာဝယ် အမှန်တကယ် ပျင်းရိငြီးငွေ့ မပျော်မွေ့ခြင်းငှာ။ ဝိရာဂါယ–ဝဋ်ဒုက္ခတွယ်ကပ် တဏှာငတ်၏ အစွဲကို ဖြတ်ခြင်းငှာ။ ဝိရာဂါယ–ရာဂါဒိကာ ကိလေသာကို ပယ်ခွာဆွဲနုတ် အစပြုတ်ခြင်းငှာ။ နိရောဓာယ–ကိလေ ခန္ဓာ နှစ်ဖြာ ရုပ်သိမ်း ချုပ်ငြိမ်းခြင်းငှာ။ ဥပသမာယ–ကိလေပူဓာတ် မဟပ်ဝေးပ အေးမြခြင်းငှာ။ အဘိညာယ–လက္ခဏာယာဉ် သုံးရပ်တင်၍ ဆင်ခြင်သိမြင်ခြင်းငှာ။ သမ္ဗောဓာယ–မဂ်ဉာဏ်လေးဖော် နိဗ္ဗာန်မျှော်၍ ဖြစ်ပေါ်ခြင်းငှာ။

သမ္မောဓာယ–သစ္စာလေးအင် ဉာဏ်၌ထင်၍ သိမြင်ခြင်းငှာ။ နိဗ္ဗာ–နာယ–အကြောင်းကင်းကုန် နိဗ္ဗာန်ဘုံသို့ ခိုလှုံဆိုက်ရောက် မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တတိ–ဖြစ်သော၊ ဧကမဂ္ဂေါ– တခုတည်းသော ဘာဝနာတရားဟူသည်။ အယံ ခေါ–ဘုရားဂုဏ်ကို စိတ်မှာသို၍ ကြည်ညိုလေးမြတ် မပြတ် အမှတ်ရခြင်း သဘောသာလျှင်တည်း။

ဘုရားရှင်၏ အရဟံ အစ ဘဂဝါအဆုံးရှိသော ကိုးပါးသော ဂုဏ်တော်တို့ကို အမြဲမပြတ် ပွားများအားထုတ်သော ယောဂီသည်—

(၁) သံသရာဝယ် ပျင်းရိငြီးငွေ့ မပျော်မွေ့ခြင်းအကျိုး၊
(၂) ငရဲ၌စွဲကပ် တကျာင်တော်၏ အစွဲကို ဖြတ်ခြင်းအကျိုး၊
(၃) ကိလေ, ခန္ဓာ နှစ်ဖြာ ရုပ်သိမ်း ချုပ်ငြိမ်းခြင်းအကျိုး၊
(၄) ကိလေပူဓာတ် မဟာပ်ဝေးပ အေးမြခြင်းအကျိုး၊
(၅) လက္ခဏာယာဉ် သုံးရပ်တင်၍ ဆင်ခြင် သိမြင်ခြင်းအကျိုး၊
(၆) နိဗ္ဗာန်ကိုမျှော် မဂ်ဉာဏ်ဖြစ်ပေါ်ခြင်းအကျိုး၊
(၇) အကြောင်းကင်းကုန် နိဗ္ဗာန်ဘုံသို့ ခိုလှုံရခြင်းအကျိုး ဟူသော အကျိုးထူးတို့ကို ရရှိနိုင်လေသည်၊ ထို့ကြောင့်–

(၁) သံသရာပျင်း၊
(၂) ရာဂကင်း၊
(၃) ငြိမ်းခြင်း ကိ, ခန္ဓာ၊
(၄) ကိလေပူဓာတ်၊ ရှိန်မဟပ်၊
(၅) သုံးသပ်လက္ခဏာ၊
(၆) နိဗ္ဗာန်ကိုမျှော်၊ မဂ်ဉာဏ်ပေါ်၊ သိနော်လေးသစ္စာ။
(၇) အကြောင်းကင်းကုန်၊ နိဗ္ဗာန်ဘုံ၊ ခိုလှုံရမည်သာ။
ဂုဏ်တော်ပွားကျိုး၊ ခုနစ်မျိုး၊ ရရိုး ကေန်သာ။

ဟု စပ်ဆိုသည်။

အောက်၌ ဆိုအပ်ခဲ့ပြီးသော အကျိုးထူးတရား (၇)ပါးတို့ကို လိုလား တောင့်တသော အမျိုးကောင်းသမီးသား ယောဂီများသည်

အထက်၌ ဆိုအပ်လတ္တံ့သော ဘုရားရှင်၏ ဂုဏ်တော်တို့ကို အဖန်ဖန် အထပ်ထပ် မပြတ်ပွားများ အားထုတ်ရမည်။

(ဟေဋ္ဌာ ဟေတံ ဝုတ္တံ၊ ဥပရိ ဝက္ခတိ-ဟူ၍ ကျမ်းဂန်များ၌ သုံးစွဲလေ့ရှိသောကြောင့် ဆိုခဲ့ပြီးကို "အောက်"၊ ဆိုအပ်လတ္တံ့ကို "အထက်" ဟု သုံးလိုက်သည်။ ယခုခေတ်၌ အသုံးပြုကြသော အထက်, အောက် သည် ကျမ်းဂန်များ၌ ပါရှိသော စကားနှင့် မကိုက်ညီ။)

## ဘုရားဂုဏ်တော် အကျဉ်းပွားနည်း

၁။ သော ဘဂဝါ ဣတိပိ အရဟံ။

၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

၄။ သော ဘဂဝါ ဣတိပိ သုဂတော။

၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ။

၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ။

၇။ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ။

၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ။

သော ဘဂဝါ ဣတိပိ အရဟံ-လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ-မဖောက်မပြန် အမှန် ကိုယ်တိုင် သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရား၊ မြတ်စွာ ဘုရား။

သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော-ဝိဇ္ဇာသုံးပါး ဝိဇ္ဇာ ရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သော ဘဂဝါ ဣတိပိ သုဂတော-ရှေးဘုရားတို့အတူ ကောင်းစွာကြွသွားတော်မူ၍ ကောင်းသောနိဗ္ဗာန်သို့ ကောင်းစွာရောက်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သော ဘဂဝါ ဣတိပိ လောကဝိဒူ-သတ္တ သင်္ခါရ ဩကာသ ဟူသော လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ-မယဉ်ကျေးသော သူတို့ကို လိမ္မာယဉ်ကျေးအောင် အတုမရှိ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ-နတ် လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ-ဥဇ္ဈေယျမ်တရား ငါးပါးကို ပိုင်းခြားသိပေ သိစေတော်မူတတ်သော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

သော ဘဂဝါ ဣတိပိ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရား။

ဤပြဆိုခဲ့ပြီးသော မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို နှုတ်တက်ရအောင် ကျက်မှတ်လေ့လာ အားထုတ်ရမည်။ နှုတ်တက်ရအောင် ကျက်မှတ် အားထုတ်၍ နှုတ်တက်ကျေပွန်သောအခါ နှုတ်ဖြင့် ရွတ်ဆိုခြင်းကို ရပ်ဆိုင်း၍ စိတ်ဖြင့်သာ ဘုရားဂုဏ်တော်တွေ စိတ်ထဲ ဉာဏ်ထဲ၌ ထင်ရှားအောင် အဖန်ဖန်အထပ်ထပ် မရပ်မနား ပွားများအားထုတ်ရမည်။

ဤကဲ့သို့ ဘုရားရှင်၏ ဂုဏ်တော်တို့ကို စိတ်ဖြင့်သာ အဖန်ဖန်အထပ်ထပ် မရပ်မနား ပွားများအားထုတ်ခြင်း သဘောသည် (၁) စိတ္တ-သမ္ပဟံသနတ္ထ၊ (၂) ဝိပဿနတ္ထ ဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားလျက်ရှိသည်။ ထိုတွင် အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ယောဂီ၏ စိတ်သည် ပင်ပန်းခြင်း၊ ပျင်းရိငြီးငွေ့ မပျော်မွေ့ခြင်း၊ မသာယာ မရွှင်လန်းခြင်းဖြစ်၍ ကမ္မဋ္ဌာန်းအာရုံသို့ မသွား၊ စည်းခြံကို ခုန်လွှား ကောက်ပင်ကို စားတတ်သော နွားဆိုးနွားညစ်ပမာ ထိုမှ ဤမှ အာရုံအမျိုးမျိုးသို့

ပြေးလွှား၍ နေ၏။ ထိုကဲ့သို့ အာရုံအမျိုးမျိုးသို့ ပြေးသွား၍နေရာ ယောဂီသည် မူလအသုဘကမ္မဋ္ဌာန်းကို လွှတ်ထား၍ လောကုတ္တ လောကီ အလီလီသော ဘုရားရှင်၏ ဂုဏ်တော်တို့ကို ပွားများ အားထုတ်သည်။ ဘုရားရှင်၏ ဂုဏ်တော်တို့ကို ပွားများသော ယောဂီ၏စိတ်သည် တည်ငြိမ် ကြည်လင်တောက်ပ အေးမြသာယာခြင်းသို့ ရောက်လာသည်။

ဤကဲ့သို့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြင့် စိတ်ကို ကြည်လင်ရွှင်ပြ အေးမြ ခြင်းသို့ ရောက်စေပြီးလျှင် မူလအသုဘကမ္မဋ္ဌာန်းတရားကို ပြန်ကောက်၍ အသုဘလျှင် အာရုံရှိသော ပထမဈာန်ကို ဖြစ်စေတာ ထိုဈာန်၌ရှိသော ဈာန်အင်္ဂါတို့ကို လက္ခဏာရေးသုံးပါးတင်၍ ဆင်ခြင်ပွားများပြီးလျှင် အရိယာဘုံသို့ ဆိုက်ရောက်သည်။

ဤကဲ့သို့ အသုဘအာရုံကြောင့် ပျင်းရိငြီးငွေ့ မပျော်မွေ့သော စိတ်ကို ကြည်လင်အေးမြ တည်ကြည်ပျော်မွေ့မှုကိုရနိုင်ရန် ရည်သန်ချက် ဖြင့် ဘုရားရှင်၏ ဂုဏ်တော်ကို ပွားများအားထုတ်ခြင်းသည် စိတ္တသမ္ပဟံ သနတ္ထအကျိုးငှာ ဘုရားရှင်၏ ဂုဏ်တော်ကို ပွားများခြင်း မည်၏။

ထိုမှတပါး ဝိပဿနတ္ထအကျိုးငှာ ဘုရားဂုဏ်ကို ပွားများအားထုတ် လိုသော ယောဂီသည်–

> "အာရုံငါးထပ်၊ ဆိတ်ရာအရပ်၌၊ တင့်အပ်နေထ၊ ဗုဒ္ဓ, မေတ် , မကို , ခေတ္တပွားနေ၊ အားတက်လေသော်၊ တည်စေ ရှေ့နား၊ ငါးတောင်ကြား၌၊ စိတ်ထားမြဲစွာ၊ ပွားများရာသည်၊ မကြာရလိမ့် အာရုံတည်း"။

ဟူ၍ ဥဒါန်းစဉ်ရှိသော်လည်း ဤ၌ ဘုရားဂုဏ်တော်တို့ကို ပွားများရ မည်ဖြစ်၍ ဘုရားဂုဏ်တော်ကို ရှေးဦးစွာ မပွားများပဲ–

> "ဤတိုက်ဤတာ၊ ဤရပ်ရွာနေ၊ မိတ်ဆွေသဟာ၊ ဆရာ သမား၊ စောင့်နတ်များနှင့်၊ ရပ်သားတိုင်းသူ၊ ခပ်သိမ်းသူတို့၊ အပူကင်းဝေး၊ လေပြေသွေးသကဲ့သို့၊ ချမ်းအေးသုခ၊ ရကြပါ စေကုန်သတည်း၊ ချမ်းအေးသုခ ရကြပါစေကုန်သတည်း"။

ဟူ၍ ရှေးဦးစွာ စိတ် ကြည်ရွှင်အေးမြလာအောင် မေတ္တာပွားရမည်။

“ထို့နောင် မရဏံ မေ ဘဝိဿတိ၊ ငါ၏ သေခြင်းသည် ဖြစ်လတ္တံ့၊ ငါ၏ သေခြင်းသည် ဖြစ်လတ္တံ့။ အဝဿံ မရိတဗ္ဗံ၊ ငါသည် မချွတ်ကေန် အမှန်သေရမည်၊ ငါသည် မချွတ်ကေန် အမှန်သေရမည်။ မရဏပရိယန္တံ မေ ဇီဝိတံ၊ ငါ၏ အသက်သည် သေခြင်းနောက်ဆုံး ရှိ၏၊ ငါ၏ အသက်သည် သေခြင်းနောက်ဆုံး ရှိ၏”ဟု ခန္ဓာကိုယ်၌ အတွယ်တရား နည်းပါး ကွာရှဲ အတ္တစွဲနည်းအောင် မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်ရမည်။

ထို့နောင် ဘုရားဂုဏ်တော် ကိုးပါးလုံးကိုသော် လည်းကောင်း၊ ဘုရားဂုဏ်တော်ကိုးပါးတွင် တပါးပါးကိုသော် လည်းကောင်း၊ စိတ်ထဲ ဉာဏ်ထဲ၌ ဘုရားဂုဏ်တော် ထင်ရှားလာအောင် ပွားများအားထုတ်ရမည်။

ပွားများအားထုတ်၍ ဘုရားဂုဏ်တော်များ စိတ်ထဲ ဉာဏ်ထဲ၌ ထင်ရှားသောအခါ ဤဘုရားဂုဏ်တော်ကို အာရုံပြုသော သဘောတရားသည် မိန်းမ ယောကျ်ား နတ် လူ ဗြဟ္မာ သတ္တဝါတို့တွင် မည်သူလဲဟု ဝေခွဲပိုင်းခြားဆင်ခြင်သောအခါ “ဤဘုရားဂုဏ်တော်ကို အာရုံပြုသော သဘောတရားသည် မိန်းမ ယောကျ်ား နတ် လူ ဗြဟ္မာ သတ္တဝါ အကောင်အထည်မဟုတ်၊ သတိနှင့် ယှဉ်သော စိတ်သာတည်း” ဟူ၍ မြင်၏။

ထိုစိတ်သည် ခန္ဓာအားဖြင့် ဝိညာဏက္ခန္ဓာ၊ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဖဿ စသည် တို့သည် သင်္ခါရက္ခန္ဓာ၊ ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသော နာမ်တည်းဟု ပိုင်းခြား မှတ်သား၏။

နာမက္ခန္ဓာလေးပါးတို့ကို ဝေဖန်ပိုင်းခြား မှတ်သားပြီးလျှင် ဤနာမက္ခန္ဓာလေးပါးတို့သည် ဟဒယဝတ္ထု၌ မှီ၏၊ ဟဒယဝတ္ထုသည် မဟာဘုတ်၌ မှီ၏။ မဟာဘုတ်၌ ဥပါဒါရုပ် မှီ၏၊ ဤဟဒယဝတ္ထု မဟာဘုတ် ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်း လက္ခဏာ ရှိသော ရုပ်တရားတည်း။

ဤရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့သည် ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို ဖြစ်စေတတ်သော ရှေးဘဝတဏှာသည် သမုဒယသစ္စာ။ ဒုက္ခ,သမုဒယ

နှစ်ပါးတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သည် နိရောဓသစ္စာ၊ နိရောဓကိုသိသော အကျင့်သည် မဂ္ဂသစ္စာ။

ဤရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့သည် ဥပါဒ်ပေါ်မြောက် ဘင်သို့ ရောက်၍ ချုပ်ပျောက်ခြင်းအနက်သဘောကြောင့် အနိစ္စာ=မမြဲ၊ ဖြစ်ပျက်နှစ်ရပ် နှိပ်စက်လတ်၍ ကြောက်အပ်သော အနက်သဘောကြောင့် ဒုက္ခာ=ဆင်းရဲဘိဆောင်း မကောင်း၊ အနှစ်အသား မဟုတ်သော အနက်သဘော၊ အနှစ်အသားမရှိသော အနက်သဘောကြောင့် အနတ္တာ= အတ္တမဟုတ်၊ အတ္တမရှိဟု လက္ခဏာရေးသုံးပါးသို့တင်၍ ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ် ပွားများရမည်။

ဤသို့ ဘုရားဂုဏ်တော်ကို အာရုံပြုကာ ဝိပဿနာအလုပ် အားထုတ်ရာ၌—

၁။ ဘုရားဂုဏ်တော်သည် ပန်းချီကားချပ်တွင် နောက်ခံ ကားချပ်နှင့် တူသည်။

၂။ ဘုရားဂုဏ်တော်ကို အာရုံပြုသော စိတ် စေတသိက်၊ ထိုစိတ်၊ စေတသိက်တို့၏ မှီရာ ရုပ်တရားအစုသည် နောက်ခံကားချပ်၌ ရေးခြယ်ထားသော ပန်းချီဆေးရေးရုပ်နှင့် တူသည်။

၃။ ဤဆေးရေးရုပ်နှင့်တူသော ဂုဏ်တော်ကို အာရုံပြုသော စိတ်၊ စေတသိက်၊စိတ် စေတသိက်တို့၏ မှီရာ ရုပ်တရားတို့ကို ရုပ်ပဲ နာမ်ပဲ ရုပ်နာမ်ပဲဟု ဝေခွဲပိုင်းခြား လက္ခဏာရေး သုံးပါးတင်၍ ဆင်ခြင်ပွားများသော ဝိပဿနာစိတ်သည် ပန်းချီကားချပ်တွင် ရေးခြယ်ထားသော ဆေးရေးရုပ်ကို ကြည့်ရှုသော ပုဂ္ဂိုလ်နှင့် တူ၏။

ဤကဲ့သို့ လက္ခဏာရေးသုံးရပ်တို့ကို ဉာဏ်ဖြင့် ဖန်ဖန် ဆင်ခြင် သုံးသပ် ပွားများလတ်သော် ဝိပဿနာဉာဏ်၏ ဆန့်ကျင်ဘက် နိစ္စတာ စသော ဘေးရန်တို့ကို တွန်းလှန်ပယ်ဖျောက်နိုင်သည်ဖြစ်၍ သမ္မသနဉာဏ်၏ တဘက်ကမ်းသို့ ရောက်ပြီဟူ၍ ဆိုရသည်။ သမ္မသနဉာဏ်အားကောင်း၍ သမ္မသနဉာဏ်၏ တဘက်ကမ်းသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်အား

ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်ကိုးချက် အဆင့်ဆင့်ရင့်ကျက် မြင့်ထက်မြင့်ကာ ဖြစ်ပေါ်လာသည်။ ထို့နောက် သိခါပတ္တဝုဋ္ဌာနဂါမိနီဝိပဿနာခေါ် ပရိကံ ဥပစာ အနုလုံဟူသော အနုလောမဉာဏ်သုံးချက်၊ ထိုမှအထက် နိဗ္ဗာန်သို့ လှမ်းတက်သော ဂေါတြဘုဉာဏ်။ ဂေါတြဘုဉာဏ် လမ်းညွှန်ချက်ဖြင့် "ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပွားစေခြင်း" ဟူသော သစ္စာလေးချက်သို့ တပြိုင်နက် ဆိုက်ကပ်သော သောတာပတ္တိမဂ်ဉာဏ် တကြိမ်ဖြစ်ပေါ်ကာ အပ္ပနာလမ်းစဉ်သို့ သက်ဆင်းလာသည်။ သောတာပတ္တိမဂ်ဉာဏ် တကြိမ်ဖြစ်ပေါ်ပြီးနောက် နှစ်ကြိမ်သော် လည်းကောင်း၊ သုံးကြိမ်သော် လည်းကောင်း၊ မန္ဒ တိက္ခအလိုက် ထိုက်သလို သောတာပတ္တိဖိုလ်စိတ်ဖြစ်ပေါ်၍ ဘဝင်သို့ သက်သည်။ တဖန် ဘဝင်ကိုဖြတ်၍ မဂ် ဖိုလ် နိဗ္ဗာန် ပဟီနအဝသိဋ္ဌကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော ငါးဝီထိဖြစ်သည်။

## အထက်မဂ်သုံးပါး

ထို့နောက် ထိုနေရာ၌ပင်သော် လည်းကောင်း၊ ရှည်လျားမြင့်ကြာ အခါတပါး၌သော် လည်းကောင်း သမ္မသနဉာဏ်မှစ၍ ဝိပဿနာဉာဏ် ဆယ်ချက်တို့ဖြင့် အဆင့်ဆင့်တက် မြင့်ထက်မြင့်ကာ–

သကဒါဂါမိမဂ်ဉာဏ် သကဒါဂါမိ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်၊

အနာဂါမိ မဂ်ဉာဏ် အနာဂါမိ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်၊

အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ ဖြစ်ကုန်၏။ အရဟတ္တဖိုလ်နောင် ဆင်ခြင်ဖို့ရာ အဝသိဋ္ဌကိလေသာမရှိသောကြောင့် လေးဝီထိသာ၊ ပေါင်း တဆယ့်ကိုးဝီထိဖြစ်၏။

အရဟတ္တမဂ်ရ၍ ရဟန္တာအဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် အရဟတ္တမဂ်က ကိလေသာတွေ အကုန်သတ်၍ နောက်ထပ် ပဋိသန္ဓေ အသစ် မဖြစ်တော့သဖြင့် ခန္ဓာဝန် လက်စသိမ်း၍ ဘဝဇာတ်ငြိမ်းရာ ဆင်းရဲဒုက္ခအမြွက်မျှမရှိ ချမ်းအေးခြင်းဟူသမျှတို့၏ အထွတ်အထိပ်ဖြစ်

သော နိရောဓသစ္စာ အေးသီတာမြို့တော်ကြီး အမြဲပိုင်သော မြို့ပိုင်ရှင်ကြီး အစစ် ဖြစ်တော့သည်။

ဤကဲ့သို့ ဘုရားဂုဏ်တော်ကို ပွားများအားထုတ်ခြင်းသည် ဝိပဿနာဉာဏ်၏ နောက်ခံကားအကျိုးငှာ ပွားများရခြင်းဖြစ်၍ ဝိပဿနတ္တ ပွားများရခြင်းဖြစ်၏။

ဘုရားဂုဏ်တော်ကို နောက်ခံကားလုပ်၍ ဝိပဿနာအလုပ် အား ထုတ်နည်း ပြီး၏။

---

## အစွန့်သုံးပါး၌ ဇာတိ ဇရာ မရဏ အားဖြင့် နာမ်ရုပ်ကို ပိုင်းခြား၍ ရှုမှတ်ပွားများနည်း

ယထေဝ စက္ခုဝိညာဏံ၊ မနောဓာတုအနန္တရံ။
နစေဝ အာဂတံ နာပိ၊ န နိဗ္ဗတ္တံ အနန္တရံ။
တထေဝ ပဋိသန္ဓိမှိ၊ ဝတ္တတေ စိတ္တသန္တတိ။
ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ တတော။
တေသံ အန္တရိကာ နတ္ထိ၊ ဝီစိတေသံ န ဝိဇ္ဇတိ။
နစိတော ဂစ္ဆတေ ကိဉ္စိ၊ ပဋိသန္ဓိ စ ဇာယတိ။

(ဝိသုဒ္ဓိမဂ်၊ ဒု၊ ၂၃၉။)

မနောဓာတုအနန္တရံ–ပဉ္စဒွါရာဝဇ္ဇန်း၏အခြားမဲ့၌။ စက္ခုဝိညာဏံ–ဖြစ်သော စက္ခုဝိညာဉ်စိတ်သည်။ နစေဝ အာဂတံ–ထိုစိတ်မှ လာသည်လည်းမဟုတ်။ အနန္တရံ–ထိုစိတ်၏ အခြားမဲ့၌။ နာပိ န နိဗ္ဗတ္တံ–မဖြစ်ပဲလည်းမရှိ။ နိဗ္ဗတ္တံ ဝေ–ဖြစ်သည်သာလျှင်။ ယေဟိ ယထေဝ–ဖြစ်သကဲ့သို့သာလျှင်။တထေဝ–ထို့အတူသာလျှင်။ ပဋိသန္ဓိမှိ–ပဋိသန္ဓိ၌။ စိတ္တသန္တတိ–စိတ်အစဉ်သည်။ ဝတ္တတေ–ဖြစ်၏။ ပုရိမံ စိတ္တံ–ရှေးဘဝ စုတိစိတ်သည်။ ဘိဇ္ဇတေ–ပျက်၏။ တတော–ထိုစုတိစိတ်ပျက်သည်မှ။ အနန္တရံ–အခြားမဲ့၌။ ပစ္ဆိမံ–နောက်အနာဂတ်ဘဝ ပဋိသန္ဓိစိတ်သစ်သည်။ ဇာယတေ–ဖြစ်၏။ တေသံ–ထိုစုတိပဋိသန္ဓိတို့၏။ အန္တရိကာ–

အခြားအဆီးဆည်။ နတ္ထိ–မရှိ။ တေသံ–ထိုစုတိပဋိသန္ဓိတို့၏။ ဝိစိ–အကြားအပြတ်သည်။ န ဝိဇ္ဇတိ–မရှိ။ ဣဓတော–ဤရှေးဘဝစုတိမှ။ ကိဉ္စိ–တစုံတခုသောနာမ်ရုပ်သည်။ န ဂစ္ဆတေ–နောက်ဘဝပဋိသန္ဓိသို့မသွားမရောက်။ စ–ယင်းသို့ပင် ရှေးဘဝစုတိမှ နာမ်ရုပ်သည် နောက်ဘဝ ပဋိသန္ဓိသို့ မသွားမရောက်သော်လည်း။ ပဋိသန္ဓိ–တခြားဖြစ်သော ပဋိသန္ဓိစိတ်သစ်သည်။ ဇာယတိ–အကြောင်းကံဟုန်မကုန်သမျှ ဘဝဇာတိ သန္ဓေငြိကာ ဖြစ်ပေါ်ရပြန်လေသတည်း။

၁။ ဖြစ်အိုသေပွဲ၊ ရုပ်နာမ်ခဲ၊ ထင်လွဲကောင်ထည်ဝါ။
၂။ စ–လယ်–အဆုံး၊ သုံးပါးလုံး၊ ဆိတ်သုဉ်းသတ္တဝါ။
၃။ ကြောင်းကျိုးနှစ်ချက်၊ ပြန်လှန်ဆက်၊ ဖြစ်ပျက်သခါရာ။
၄။ မျိုးခေတ္တသစ်ပင်၊ ပမာယှဉ်၊ ဉာဏ်တွင် ရှုမှတ်ပါ။
၅။ ပဋိစ္စတရား၊ အကျဉ်းအား၊ ဟောထားကျမ်းရွှေစာ။

## အစွန်းသုံးပါး ခြင်းရာနှစ်ဆယ်

၁။ အစွန်းသုံးပါးတွင် ပစ္စုပ္ပန်အစွန်း၌ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ–ဤငါးပါးတို့သည် အတိတ် အကြောင်းငါးပါး၏ အကျိုးမည်ကုန်၏။

၂။ ၎င်းပစ္စုပ္ပန်၌ရှိရင်း တဏှာ ဥပါဒါန် ကမ္မဘဝ သုံးပါး၊ ထိုသုံးပါးနှင့် သမ္ပယုတ်ဖြစ်၍လည်းကောင်း၊ ပုဗ္ဗဘာဂ ဖြစ်၍လည်းကောင်း၊ တနည်း ကံလေသာချင်း ကံချင်း တူသောကြောင့် လည်းကောင်း၊ သိမ်းယူအပ်သော အဝိဇ္ဇာ သခါရနှစ်ပါး၊ ဤ ငါးပါးသည် အနာဂတ် အကျိုးငါးပါး၏ အကြောင်းမည်၏။

၃။ အနာဂတ်အစွန်း၌ ဂုဏ်ဌာနီဖြစ်သော ဇာတိကို ဝါ–ဇာတိ ဇရာ မရဏကိုယူသဖြင့် ဂုဏေ ဌာနဖြစ်၍ သိမ်းယူရာပါ သော ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ

ဤငါးပါးသည် ပစ္စုပ္ပန်အကြောင်းငါးပါး၏ အကျိုးမည်၏။ ဤသည်လျှင် ခြင်းရာနှစ်ဆယ်တည်း။

ဆယ့်နှစ်အင်္ဂါ၊ ဓမ္မသုံးဖြာနှင့်၊ ခြင်းရာနှစ်ဆယ်၊ သုံးသွယ်အစပ်၊ လွှာထပ်လေးလွှာ၊ ဝဋ်သုံးဖြာတည်း၊ နှစ်မှာမူလ၊ ပဋိစ္စဟု၊ နက်စောက်ပြန့်ကျယ်၊ ဝဋ်ပင်လယ်၌၊ သွယ်သွယ်ဘဝ၊ ငါးဝဂတိ၊ လက်ကိုင်ရှိထား၊ တဖွားဖွားဖြင့်၊ ရပ်နားမတည်၊ ကျင်လည်ပြေးသွား၊ သတ္တဝါများတို့သည် ဇာတိ ဖြစ်တဲ့ပွဲ၊ ဇရာ အိုတဲ့ပွဲ၊ မရဏ သေတဲ့ပွဲ၊ ဖြစ်အိုသေပွဲ ဤသုံးပွဲတို့ဖြင့် တပွဲပြီးတပွဲ အမြဲမပြတ် တန့်ရပ်နားနေခွင့်မရ၊ အချိန်ရှိသမျှ ကပြနေကြရသည်။

ယင်းကဲ့သို့ အချိန်ရှိတိုင်း ရပ်ဆိုင်းမနေ သုံးထွေသော ကကြိုးကဟန်တို့ဖြင့် အမြဲ ကပြ၍ နေကြသော ကချေသည်အများတို့၏ သဘာဝအစစ်ရှာဖွေလစ်သော် မိန်းမ ယောကျ်ား နတ် လူ ပြဟ္မာ သတ္တဝါအကောင်အထည်မရှိ၊ ရုပ်ခဲနာမ်ခဲမျှ ရှိသည်။ ထိုရုပ်ခဲနာမ်ခဲမျှကို အဝိဇ္ဇာမှောင်နှင့် ဒိဋ္ဌိမှောင်တို့ ပိတ်ဖုံးနှောင်လှည့်စား၍ ပုထုဇဉ်အများတို့မှာ မိန်းမ ယောကျ်ား နတ်ပဲ လူပဲ ပြဟ္မာပဲဟု အထင်လွဲမှား သက္ကာယဖြစ်ပွားနေကြသည်။ ထို့ကြောင့် –

"ဖြစ်အိုသေပွဲ၊ ရုပ်နာမ်ခဲ၊ ထင်လွဲကောင်ထည်ဝါ"

ဟု ဆိုသည်။

၁။ ပဋိသန္ဓိစိတ်, ယှဉ်ဘက်စေတသိက် အတူဖြစ်ဘက် ကမ္မဇရုပ်တို့ အတိတ်အကြောင်းကြောင့် တပြိုင်နက် အသစ်ထင်ရှား ဖြစ်ပေါ်ခြင်းသည် ဘဝသစ်၌ လက်ဦးဖြစ်ပေါ်ခြင်းဖြစ်၍ ဇာတိ ပဋိသန္ဓိ အစဖြစ်မည်၏။

ဤအစဖြစ်ဇာတိ ပဋိသန္ဓိ၌ သတ္တဝါအကောင်အထည် မရှိ၊ နာမ်ရုပ်မျှ ရှိသည်။

၂။ ပဋိသန္ဓိမှ စုတိကျအောင် ဥပါဒ်ပေါ်မြောက် ဋီသို့ရောက်သော နာမ်ရုပ်တို့၏ ရင့်ခြင်းသည် အလယ်ပိုင်း အိုခြင်း ဇရာမည်၏။ အလယ်ပိုင်းဇရာကာလ၌လည်း သတ္တဝါအကောင်အထည်မရှိ၊ နာမ်ရုပ်မျှသာ ရှိသည်။

ယသ္မာ စ ဥပ္ပန္နာ ဆင်္ခါရာ ဋ္ဌိတိံ မာ ပါပုဏန္တု၊
ဌာနပ္ပတ္တာ မာ ဇီရန္တု၊ ဇရပ္ပတ္တာ မာ ဘိဇ္ဇန္တု။

(ဝိသုဒ္ဓိမဂ္ဂ၊ ဒု။ ၂၅၃။)

ဌာနပ္ပတ္တာ မာ ဇီရန္တုတိ ကသ္မာ ဝုတ္တံ?၊
နနုအတ္ထတော ဌိတိ ဧဝ ဇရာတိ?၊ သစ္စမေတံ၊
ဇရာဝသေန ပန ယော ကိလမထော၊ သော ဣဓ ဇရာဂ္ဂဟဏေန ဂဟိ တောတိ ဒဋ္ဌဗ္ဗံ။

(မဟာဋီကာ၊ ဒု။ ၄၀၇။)

၃။ ကံဘာရားစွမ်းအင်ကြောင့် တည့်တည့်ဖြစ်နေသော နောက်ဆုံး ဘဝင်စိတ်၊ ယှဉ်ဘက်စေတသိက်၊ သက်ဝင်မ်းစေ့ ကမ္မဇရုပ်တို့ တပြိုင်နက်ချုပ်ခြင်းသည် စုတိမရဏဘဝ၏ အဆုံးပိုင်းမည်၏။ ဤစုတိမရဏဘဝ၏ အဆုံးပိုင်းကာလ၌လည်း သတ္တဝါအကောင်အထည်မရှိ၊ နာမ်ရုပ်မျှ ရှိသည်။ ထို့ကြောင့်—

"စ လယ် အဆုံး၊ သုံးပါးလုံး၊ ဆိတ်သုဉ်းသတ္တဝါ"
ဟု ဆိုသည်။

ဤ စ လယ် အဆုံး သုံးပါးလုံးတို့၌ နာမ်ရုပ်တို့ကို ဖြဟ္မာ ဗိဿနိုးစသည်တို့ ဖန်ဆင်းအပ်သည်မဟုတ်၊ အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးငါးပါး၊ ဤပစ္စုပ္ပန်အကျိုး ငါးပါးကြောင့် ပစ္စုပ္ပန်အကြောင်း ငါးပါး၊ ဤပစ္စုပ္ပန်အကြောင်း ငါးပါးကြောင့် အနာဂတ်အကျိုးငါးပါး ဖြစ်၏။ ရှေ့နှစ်က မျိုးစေ့ကြောင့် ယခုနှစ် ပင်

စည် အကိုင်း အခက် အပွင့် အသီးဖြစ်၏။ ယခုနှစ် အသီး၌ပါသော မျိုးစေ့ကြောင့် နောက်နှစ် ပင်စည် အကိုင်း အခက် အပွင့် အသီး ဖြစ်၏။ ဖြစ်သကဲ့သို့တည်း။ ထို့ကြောင့် -

(၁) ကြောင်းကျိုးနှစ်ချက်၊ ပြန်လှန်ဆက်၊ ဖြစ်ပျက်သခ်ါရာ။
(၂) မျိုးစေ့သစ်ပင်၊ ပမာယှဉ်၊ ဉာဏ်တွင် ရှုမှတ်ပါ။
(၃) ပဋိစ္စတရား၊ အကျဉ်းဆား၊ ဟောထား ကျမ်းရွှေစာ။

ဟု ဆိုသည်။

တွေ့ခဲ ကြုံခဲ လွန်ကဲဖိုးထိုက် အမြိုက်ရောင်ဝါ ဘုရားရှင်သာသနာတော်ကြီးနှင့် ကြုံကြိုက် လာဘ်ကြီး ဆိုက်နေကြသော တရားပျော်ရှင် သူတော်စင်အပေါင်းတို့သည် "လသာခိုက် ဗိုင်းဝင့်" ဆိုသလို နက်စောက်ပြန့်ကျယ် ဝဋ်ပင်လယ်၏ ဟိုဘက်ကမ်းရောက် နိဗ္ဗာန်ပေါက်အောင် ကူးမြောက်ဖို့ရာ ရှစ်ဖြာမဂ္ဂင် ဖောင်တော်ယာဉ်ကြီး ငြိမ့်ငြိမ့်စီးရေး မျှော်တွေးဆင်ခြင် သမ္မဒိဋ်တရား လက်ကိုင်ထားလျက် သူတပါးတို့ ကပြသော ကပွဲပြပွဲ ပျော်ပွဲရှင်ပွဲများသို့ ငွေကုန်လူပန်း အချိန်နှမ်းအောင် သွားရောက်ကြည့်ရှုခြင်းမပြုပဲ အချိန်ရှိသမျှ ကိုယ်တိုင် ကပြ၍နေသော ဖြစ်အိုသေပွဲ ရုပ်နာမ်ခဲ ဤပွဲသုံးမျိုးကို ဉာဏ်ထဲ၌ ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုရမည်။

ကြည့်ရှုဟန်ကား—

၁။ ရှေးဘဝစုတိ၏ အခြားမဲ့၌ နောက်ဘဝ ပဋိသန္ဓိစိတ်၊ ယှဉ်ဘက်စေတသိက်၊ အတူဖြစ်ဘက် ကမ္မဇရုပ်တို့ အတိတ်အကြောင်းကြောင့် တပြိုင်နက် အသစ်ထင်ရှား ဖြစ်ပေါ်ခြင်းသည် ဇာတိပဋိသန္ဓိတည်း (ဖြစ်ပွဲ)

၂။ ပဋိသန္ဓိမှ စုတိကျအောင် ဥပါဒ်ပေါ်မြောက် ဌီသို့ရောက်သော နာမ်ရုပ်တို့၏ ရင့်ခြင်းသည် ဇရာတည်း (အိုပွဲ)။

၃။ ကံတရားစွမ်းအင်ကြောင့် တသွင်သွင်ဖြစ်နေသော နောက်ဆုံးဘဝစိတ်၊ ယှဉ်ဘက်စေတသိက်၊ သက်တမ်းစေ ကမ္မဇရုပ်တို့ တပြိုင်နက်ချုပ်ခြင်းသည် စုတိမရဏတည်း (သေပွဲ)။

ပုဂ္ဂိုလ် သတ္တဝါနှင့် မရောမယှက် သက်သက်သော ဤဖြစ်အိုသေပွဲ နာမ်ရုပ်ခဲတို့သည် မျက်တောင်တခတ် လျှပ်တပြက်မျှ ရပ်နားတည်နေ ခိုင်မြဲခြင်းမရှိ၊ ဥပါဒ်ပေါ်မြောက် ဘင်သို့ရောက်က ချုပ်ပျောက်ခြင်း အနက်သဘောကြောင့် အနိစ္စာ=မမြဲ။ ဖြစ်ပျက်နှစ်ရပ် နှိပ်စက်လတ်၍ ကြောက်အပ်သော အနက်သဘောကြောင့် ဒုက္ခာ=ဆင်းရဲဘိတောင်း မကောင်း။ အနှစ်အသား မဟုတ်သော အနက်သဘော, အနှစ်အသား မရှိသော အနက်သဘောကြောင့် အနတ္တာ=အတ္တမဟုတ်, အတ္တမရှိ။

ဤကဲ့သို့ လက္ခဏာရေးသုံးပါးတင်လျက် သမ္မသနဉာဏ်ဖြင့် အဖန်ဖန် အထပ်ထပ် ပွားများအားထုတ်ရမည်။ ဤ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အဖန်ဖန်အထပ်ထပ် ပွားများအားထုတ်အပ်သည်ရှိသော်—

တခုထဲထင်မှတ်၊ အမျှင်မပြတ်လျှင်၊ ပညတ်ပင်။

အများထင်မှတ်၊ အမျှင်ပြတ်မှ၊ ပရမတ် ဟူ၍ ပရမတ္ထစက္ခုကျမ်း၌ ကျေးဇူးတော်ရှင် ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရားကြီး မိန့်တော်မူအပ်သည်နှင့်အညီ “ဇာတိဖြင့်သန္ဓိ(ဖြစ်ပွဲ)တခြား၊ ဇရာအိုခြင်း (အိုပွဲ) တခြား။ စုတိ မရဏ သေခြင်း (သေပွဲ) တခြားစီသာတည်း” ဟု အမျှင်ပြတ်ပြီး သန္တတိအဆက်အကုန်ဖျက်၍ သက်သက်ရုပ်နာမ်သဘော မှန်ကို ဉာဏ်၌ထင်ထင် သိမြင်လိမ့်မည်။

အပေါယံ အမြေးအကာ ပညတ်လွှာကို ခွာလှစ် ရုပ်အစစ် နာမ်အစစ်ကို မြင်လျှင်—

ဖြစ်ပျက်မစဲ၊ နာမ်ရုပ်ခဲ၊ မမြဲ ကေန်ရှု။

မမြဲဘူက၊ ဆင်းရဲမျှ၊ အတ္တ မရှိရှု ဟူသည့်အတိုင်း ဖြစ်အိုသေပွဲ ရုပ်ခဲနာမ်ခဲတို့၏ မမြဲသော အနိစ္စသဘော ဆင်းရဲဘိတောင်း မကောင်းသောဒုက္ခသဘော၊ အနှစ်အသားမဟုတ်, အနှစ်အသားမရှိသော အနတ္တသဘောတရား လက္ခဏာရေးသုံးပါး ထင်ရှားလိမ့်မည်။ ဤလက္ခဏာရေး သုံးပါး ထင်ရှားဖြစ်ပေါ်လျှင် ဉာဏ်စဉ်ရင့်ကျက် အဆင့်ဆင့်တက်လျက် အရိယာမဂ်စခန်းသို့ တက်လှမ်း ဆိုက်ရောက်နိုင်ကြမည်။

ဤသို့လျှင် မိမိတို့ကိုယ်တိုင် အချိန်ရှိသမျှ အမြဲ ကပြနေသော ဖြစ်အိုသေပွဲ နာမ်ရုပ်ခဲ ဤပွဲသုံးပွဲကို အမြဲဆင်ခြင် လုပ်ငန်းဝင်ကာ အရိယာမဂ်စခန်းသို့ တက်လှမ်းကြကုန်ရာသတည်း။

အခွန့်သုံးပါး၌ ဇာတိ ဇရာ မရဏအားဖြင့် နာမ်ရုပ်ကို ပိုင်းခြားလျက် ရှုမှတ်ပွားမျှားနည်း ပြီး၏။

---

ထို့ပြင်တပါး''ကံတရားစွမ်းအင်ကြောင့် တသွင်သွင်ဖြစ်နေသော နောက်ဆုံးဘဝင်စိတ်, ယှဉ်ဘက်စေတသိက်, သက်တမ်းစေ့ကမ္မဇရုပ်တို့ တပြိုင်နက် ချုပ်ခြင်းသည်''ဟု နောက်နားတွင်ဆိုခဲ့သော–

''နောက်ဆုံးဘဝင်စိတ် သက်တမ်းစေ့ ကမ္မဇရုပ်ကို''ဟူရာ၌ ရှင်းလင်းချက်။

ပဋိသန္ဓိစိတ်, ဘဝင်စိတ်, စုတိစိတ်မှတပါး အခြားသောစိတ်တို့သည် ဒွါရ,အာရုံအစရှိသော ပစ္စုပ္ပန်အကြောင်း အကူအညီချမှု ဖြစ်ပေါ်နိုင်ကြသည်။ ပဋိသန္ဓိစိတ် ဘဝင်စိတ် စုတိစိတ်တို့သည် ဒွါရ,အာရုံ အစရှိသော ပစ္စုပ္ပန်အကြောင်း အကူအညီမလိုပဲ အတိတ်ကံအကြောင်းတရား သက်သက်ကြောင့် ဖြစ်ကြသည်။ ထိုတွင် ပဋိသန္ဓိစိတ်သည် ဘဝသစ်၌ ဖြစ်ဆဲခဏ စိတ္တက္ခဏ တချက်မျှ အသက်ရှည်သည်။ စုတိစိတ်သည် တည်ရှိဆဲ ဘဝ၏ နောက်ဆုံးပိုင်း ချုပ်ဆဲခဏ စိတ္တက္ခဏတချက်မျှ အသက်ရှည်သည်၊ ဘဝင်စိတ်သည် ပဋိသန္ဓိ,စုတိအကြား ဘဝဆက်မပြတ်သွားအောင် ကံတရားစွမ်းအင်ကြောင့် တသွင်သွင်ဖြစ်ပွားလျက် ဘဝကို ဆက်လက်ထိန်းထားသည်။ တဘဝအတွက် ဘဝင်စိတ် ဖြစ်ရပ်သွားသည်ကို ''စုတိ''သေသည်ဟု ဆိုရသည်။

ကေသိုံ ဟိ ဘဝေ ယံ သဗ္ဗပစ္ဆိမံ ဘဝင်္ဂစိတ္တံ။
တံ တတော စဝနတ္တာ စုတီတိ ဝုစ္စတိ။

ဟိ–မှန်၏၊ ကေသိုံ ဘဝေ–ဘဝတခု၌၊ သဗ္ဗပစ္ဆိမံ–တဘဝ လုံး၏ နောက်ဆုံးဖြစ်သော။ ယံ ဘဝင်္ဂစိတ္တံ–အကြင်ဘဝင်စိတ်သည်။ အတ္ထိ–ရှိ၏။ တံ–ထိုဘဝလုံး၏ နောက်ဆုံးဘဝင်စိတ်ကို။ တတော– ထိုတည်ဆဲဘဝမှ။ စဝနတ္တာ–ဘဝပျက်ပြုန်း နောက်ပိတ်ဆုံး စိတ်ဖြစ်ခြင်း ကြောင့်၊ စုတီတိ–စုတိစိတ်ဟူ၍။ ဝုစ္စတိ–ဆိုအပ်၏–ဟု ဝိသုဒ္ဓိမဂ် (ဒု၊ ၉၀)၌ ဆိုသည်။

ဘဝဿ–ဝိပါက် နာမ်ရုပ် သမုတ်ခေါ်ရ တည်ဆဲဘဝ၏။ အင်္ဂံ-ကာရဏံ=မသေမပြတ် တစပ်တည်းဖြစ်ခြင်း၏အကြောင်းတည်း။ ဣတိ တသ္မာ–ထို့ကြောင့်။ ဘဝင်္ဂံ–ဘဝင်မည်၏–ဟု ဝိဂြိုဟ်ပြု။

ထို့ကြောင့် "ကံတရားစွမ်းအင်ကြောင့် တသွင်သွင်ဖြစ်နေသော နောက်ဆုံးဘဝင်စိတ်" ဟူ၍ ဆိုသည်။ သေခါနီးကာလ စုတိစိတ်မကျမီ စုတိစိတ်မှ အထက် တဆယ့်ခုနစ်ချက်မြောက်စိတ်၏ ဌီခဏမှစ၍ ဤဘဝ အတွက် ကမ္မဇရုပ် နောက်ထပ်အသစ် မဖြစ်ကုန်။ ထိုစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ကုန်သော ကမ္မဇရုပ်တို့သည် စိတ္တက္ခဏတဆယ့်ခုနစ်ချက် သက်တမ်း စေ့၍ စုတိစိတ်၏ ဘင်ခဏ၌ စုတိစိတ်နှင့်ပြိုင်၍ ချုပ်ကုန်၏။ ထို့ကြောင့် "သက်တမ်းစေ့ကမ္မဇရုပ်တို့" ဟူ၍ ဆိုသည်။

ဤသက်တမ်းစေ့ ကမ္မဇရုပ်တို့၏ ဖြစ်ချုပ်ပုံအခြင်းအရာ ကို "အာယုသင်္ခါရပရိယောသာနေ သောဠသန္နံ စိတ္တာနံ ဝါရေ သတိ ဟေဋ္ဌာသောဠသကံ ဥပရိသောဠသကန္တိ ဒွေ ကောတော ယောဇေတဗ္ဗာနိ"

အာယုသင်္ခါရပရိယောသာန၌ စိတ်တို့၏ တဆယ့်ခြောက်ကြိမ်မျှ အသက်ကြွင်းရှိလတ်သော် အောက် သောဠသက စိတ္တက္ခဏကြီး ၁၆– ချက်၊ အထက်သောဠသက စိတ္တက္ခဏကြီး ၁၆–ချက် သောဠသကနှစ်မျိုး နောက်၌ စုတိစိတ်ကျသည်။ ဤသောဠသကနှစ်မျိုးတို့ကို တမျိုးတည်း

ယှဉ်စပ်၍ ပြအပ်သည်ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ နာနုပ္ပါဒကောနိ ရောဓ ပကိဏ္ဏကကထာ (နှာ–၂၅)၌ ဆိုသည်ကို ယှဉ်စပ်၍ ပြအံ့။

ယှဉ်စပ်ဟန်ကား–

၁။ အောက် သောဠသက ပထမစိတ်၏ ဥပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက်သောဠသက ပထမစိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက်သောဠ သက ဒုတိယစိတ်၏ ဥပါဒ်၌၊ ဘင်၌ဖြစ်သော ကမ္မဇ ရုပ်တို့သည် အထက်သောဠသက ဒုတိယစိတ်၏ ဌီ၌ ချုပ် ကုန်၏။

၂။ အောက် သောဠသက ဒုတိယစိတ်၏ ဥပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သောဠသက ဒုတိယစိတ်၏ ဘင်၌၊ ဌီ၌ ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သောဠ သက တတိယစိတ်၏ ဥပါဒ်၌၊ ဘင်၌ဖြစ်သော ကမ္မဇ ရုပ်တို့သည် အထက် သောဠသက တတိယစိတ်၏ ဌီ၌ ချုပ်ကုန်၏။

၃။ အောက် သောဠသက တတိယစိတ်၏ ဥပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သောဠသက တတိယစိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သောဠ သက စတုတ္ထစိတ် ဥပါဒ်၌၊ ဘင်၌ ဖြစ်သော ကမ္မဇရုပ် တို့သည် အထက် သောဠသက စတုတ္ထစိတ်၏ ဌီ၌ ချုပ် ကုန်၏။

၄။ အောက် သောဠသက စတုတ္ထစိတ်၏ ဥပါဒ်၌ ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သောဠသက စတုတ္ထစိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သောဠ သက ပဉ္စမစိတ်၏ ဥပါဒ်၌၊ ဘင်၌ဖြစ်သော ကမ္မဇရုပ်တို့ သည် အထက် သောဠသက ပဉ္စမစိတ်၏ ဌီ၌ ချုပ်ကုန်၏။

၅။ အောက် သော၁ဠသက ပဌမစိတ်၏ ဥပါဒ်၌ ဖြစ်သော ကမ္မဇရုပ်တို့သည် အထက်သောဌသကပဌမစိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ဠသက ဆဌမစိတ်၏ ဥပါဒ်၌၊ ဘင်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက်သော၁ဠသက ဆဌမစိတ်၏ ဌီ၌ ချုပ်ကုန်၏။

၆။ အောက် သော၁ဠသက ဆဌမစိတ်၏ ဥပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ဠသက ဆဌမစိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက်သော၁ဠသက သတ္တမစိတ်၏ ဥပါဒ်၌၊ ဘင်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက်သော၁ဠသက သတ္တမစိတ်၏ဌီ၌ချုပ်ကုန်၏။

၇။ အောက်သော၁ဠသက သတ္တမစိတ်၏ ဥပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ဠသက သတ္တမစိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ဠသက အဋ္ဌမစိတ်၏ ဥပါဒ်၌၊ ဘင်၌ ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ဠသက အဋ္ဌမစိတ်၏ ဌီ၌ ချုပ်ကုန်၏။

၈။ အောက် သော၁ဠသက အဋ္ဌမစိတ်၏ ဥပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ဠသက အဋ္ဌမစိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော-၁ဠသက နဝမစိတ်၏ ဥပါဒ်၌၊ ဘင်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ဠသက နဝမစိတ်၏ ဌီ၌ ချုပ်ကုန်၏။

၉။ အောက် သော၁ဠသက နဝမစိတ်၏ ဥပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ဠသက နဝမ စိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ဠ-သက ဒသမ စိတ်၏ ဥပါဒ်၌၊ ဘင်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ဠသက ဒသမစိတ်၏ ဌီ၌ ချုပ်ကုန်၏။

၁၀။ အောက် သော၁ငွသက ဒသမစိတ်၏ ဉပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွသက ဒသမ စိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော-ငွသက ဧကာဒသမ စိတ်၏ ဉပါဒ်၌၊ ဘင်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွသက ဧကာဒသမစိတ် ၏ ဌီ၌ ချုပ်ကုန်၏။

၁၁။ အောက် သော၁ငွသက ဧကာဒသမ စိတ်၏ ဉပါဒ်၌ဖြစ် သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွသက ဧကာ ဒသမစိတ်၏ ဘင်၌၊ ဌီ၌ ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွသက ဒွါဒသမစိတ်၏ ဉပါဒ်၌၊ ဘင်၌ ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွသက ဒွါဒ သမစိတ်၏ ဌီ၌ ချုပ်ကုန်၏။

၁၂။ အောက် သော၁ငွသက ဒွါဒသမစိတ်၏ ဉပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွသက ဒွါဒသမစိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွ-သက တေရသမစိတ်၏ ဉပါဒ်၌၊ ဘင်၌ဖြစ်သော ကမ္မဇ ရုပ်တို့သည် အထက် သော၁ငွသက တေရသမစိတ်၏ ဌီ၌ ချုပ်ကုန်၏။

၁၃။ အောက် သော၁ငွသက တေရသမစိတ်၏ ဉပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွသက တေရသမစိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွ-သက စုဒ္ဒသမစိတ်၏ ဉပါဒ်၌၊ ဘင်၌ ဖြစ်သော ကမ္မဇ ရုပ်တို့သည် အထက် သော၁ငွသက စုဒ္ဒသမစိတ်၏ ဌီ၌ ချုပ်ကုန်၏။

၁၄။ အောက် သော၁ငွသက စုဒ္ဒသမစိတ်၏ ဉပါဒ်၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွသက စုဒ္ဒသမစိတ်၏ ဘင်၌၊ ဌီ၌ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော၁ငွ-သက ပန္နရသမစိတ်၏ ဉပါဒ်၌၊ ဘင်၌ဖြစ်သော ကမ္မဇ

ရုပ်တို့သည် အထက် သော္ဒသက ပန္နရသမစိတ်၏ ဌီဋ္ဌိ ချုပ်ကုန်၏။

၁၅။ အောက် သော္ဒသက ပန္နရသမစိတ်၏ ဥပါဒ်ဋ္ဌီဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော္ဒသက ပန္နရသမစိတ်၏ ဘင်ဋ္ဌ၊ ဌီဋ္ဌိဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော္ဒသက သော္ဒသမ စိတ်၏ ဥပါဒ်ဋ္ဌ၊ ဘင်ဋ္ဌ ဖြစ်သော ကမ္မဇရုပ်တို့သည် အထက် သော္ဒသက သော္ဒသမစိတ် ၏ ဌီဋ္ဌ ချုပ်ကုန်၏။

၁၆။ အောက် သော္ဒသက သော္ဒသမစိတ်၏ ဥပါဒ်ဋ္ဌဖြစ် သော ကမ္မဇရုပ်တို့သည် အထက် သော္ဒသက သော္ဒသမ စိတ်၏ ဘင်ဋ္ဌ၊ ဌီဋ္ဌ ဖြစ်သော ကမ္မဇရုပ်တို့သည် စုတိ စိတ်၏ ဥပါဒ်ဋ္ဌ၊ ဘင်ဋ္ဌဖြစ်သော ကမ္မဇရုပ်တို့သည် စုတိ စိတ်၏ ဌီဋ္ဌ ချုပ်ကုန်၏။

အထက် သော္ဒသက ပထမစိတ်၏ ဌီ ခဏမှ စ၍ ဤဘဝအတွက် နောက်ထပ် ကမ္မဇရုပ် အသစ် မဖြစ်ကုန်။ ထိုစိတ်၏ ဥပါဒ်ဋ္ဌ ဖြစ်သော ကမ္မဇရုပ်တို့သည် စုတိစိတ်၏ ဘင်ခဏဋ္ဌ စုတိစိတ်နှင့် ပြိုင်၍ ချုပ်ကုန်၏။

မရဏကာလေ ပန စုတိစိတ္တော ပရိသတ္တရသမ စိတ္တဿ ဌိတိကာလ မုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ။ ပုရေတရ- မုပ္ပန္နာနိ စ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ။ တတော ပရံ စိတ္တဇာဟာရဇရူပဉ္စ ဝေါစ္ဆိဇ္ဇတိ။ တတော ပရံ ဥတုသမုဋ္ဌာန ရူပပရမ္ပရာ ယာဝ မတကဠေဝရ- သင်္ခါတာ ပဝတ္တန္တိ။

ပန–အစဖြစ်မှ တပါး အဆုံးဖြစ်ကား။ မရဏကာလေ– မရဏာသန္နအခါ၌။ စုတိစိတ္တော ပရိသတ္တရသမ စိတ္တဿ–စုတိ စိတ်မှအထက် တဆယ့်ခုနစ်ချက်မြောက်သောစိတ်၏။ (ကုက္ကုဋ္ဌလ္လာ နည်းဖြင့် ဆိုသည်။) ဌိတိကာလံ–ဌီခဏကို။ ဥပါဒါယ–အစ ပြု၍။ ကမ္မဇရူပါနိ–ကမ္မဇရုပ်တို့သည်။ န ဥပ္ပဇ္ဇန္တိ–မဥပါဒ်ကုန်။

> ပုရေဇာတံ-ရှေးရှေး၌။ ဥပ္ပန္နာနိ-ဥပါဒ်ပေါ်မြောက် ဌီသို့ရောက်ကုန်သော၊ ကမ္မဇရူပါနိ စ-ကမ္မဇရုပ်တို့သည်လည်း။ စုတိစိတ္တသမကာလမေဝ- စုတိစိတ်နှင့် ညီမျှသော ကာလပတ်လုံးသာလျှင်၊ ပဝတ္တိတွာ (ဌတွာ)-တည်ကြကုန်ပြီး၍။ နိရုဇ္ဈန္တိ-ချုပ်ပျောက်ကုန်၏၊ တတော၊ ထို စုတိစိတ်မှ၊ ပရံ-နောက်ဖြစ်သော ခဏငယ် လေးဆယ့်ရှစ်, ငါးဆယ်ခန့်ကာလ၌။ စိတ္တဇာဟာရဇရူပဉ္စ-စိတ္တဇရုပ်, အာဟာရဇရုပ်သည်လည်း၊ ဝေါစ္ဆိဇ္ဇတိ-ပြတ်၏။ တတော-ထိုခဏငယ်ငါးဆယ်ခန့် ကာလမှ။ ပရံ-နောက်၌။ ဥတုသမုဋ္ဌာနရူပပရမ္ပရာ-ဥတုဇရုပ် အဆက်ဆက်သည်။ ယာဝမတကဠေဝရသင်္ခါတာ-အသေကောင်ဟု ဆိုအပ်သေးသမျှ ကာလတိုင်အောင်၊ ပဝတ္တန္တိ-ဖြစ်ပျက်ကုန်၏။

ဟု သင်္ဂြိုဟ်ကျမ်း၌ အောက်သောင္ဃသကကို မဖော်ပြပဲ အထက်သောင္ဃသကကိုသာ ပြတော်မူသည်။

တဘဝလုံး၏ နောက်ဆုံး ဘဝင်စိတ်, သက်တမ်းစေ့ ကမ္မဇရုပ်တို့ တပြိုင်နက် ချုပ်ပျောက်၍ စုတိသို့ရောက်ပြီးသည့်နောက်၌ ပုထုဇဉ် သေကွဲ့ကိုသည့် ဘဝကို တွယ်တာတပ်မက် နိကန္တိလက်ချက်ကြောင့် ဆက်၍ ပဋိသန္ဓေအသစ် တည်နေလျက် သံသရာစက် လည်ကြရပြန်သည်။

> နိကန္တီတိ နိကာမနာ ပတ္ထနာ။ အာသန္နမရဏဿ ဟိ မောဟေန အာကုလစိတ္တတ္တာ အဝိစိဇာလာယပိ နိကန္တိ ဥပ္ပဇ္ဇတိ၊ ကိံ ပန သေသေသု နိမိတ္တေသု။ ဘဝနိကန္တိ ပန ပဋိသန္ဓိ- အနန္တရံ ပဝတ္တဘဝင်္ဂဝီထိတော ဝုဋ္ဌိတမတ္တသောဝ ဧတ္တနော ခန္ဓသန္တာနံ အာရဗ္ဘ သဗ္ဗေသမ္ပိ ဥပ္ပဇ္ဇတိ” (ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ၊ ဒု။ ၁၇၁။)

နိကန္တီတိ-နိကန္တိ ဟူသည်ကား။ နိကာမနာ ပတ္ထနာ-လိုချင် တောင့်တခြင်းတည်း။ ဟိ-မှန်၏။ အာသန္နမရဏဿ-နီးကပ်သော သေခြင်းရှိသော သတ္တဝါအား။ မောဟေန-မောဟသည်။ အာကုလစိတ္တတ္တာ-လှည့်စားနှောင့်ယှက်သောစိတ် ရှိသည်၏အဖြစ်ကြောင့်။ အဝိစိဇာလာယပိ-အဝီစိ မီးလျှံ၌သော်လည်း။ နိကန္တိ-လိုချင် တောင့်တသော

တဏှာသည်။ ဥပ္ပဇ္ဇတိ–ဖြစ်တုံသေး၏။ သေသေသု နိမိတ္တေသု–ကြွင်းသော ဂတိနိမိတ်တို့၌။ ကိံပန–အဘယ်မလိုချင်ပဲ ရှိပါအံ့နည်း။ ပန–ဆက်အံ့၊ ဘဝနိကန္တိ–ဘဝကို လိုချင်တောင့်တသော သမုဒယသစ္စာ တဏှာလောဘသည်။ ပဋိသန္ဓိအနန္တရံ–ပဋိသန္ဓိ၏ အခြားမဲ့၌။ ပဝတ္တာ ဘဝင်္ဂဝီထိတော–ဖြစ်သောဘဝင်အစဉ်မှ။ ဝုဋ္ဌိတမတ္တဿေဝ–ထကာမျှသော်သာလျှင်၊ အတ္တနော–မိမိ၏၊ ခန္ဓသန္တာနံ–ခန္ဓာအစဉ်ကို။ အာရဗ္ဘ–အာရုံပြု၍၊ သဗ္ဗေသမ္ပိ–အလုံးစုံသော သတ္တဝါတို့အားလည်း။ ဥပ္ပဇ္ဇတိ–ဖြစ်၏။

ပဋိသန္ဓိနောင် ဘဝင် ၁၅–ချက်, ၁၆–ချက်၊ မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိက လောဘဇော ၇–ကြိမ်တို့သည် ဘဝသစ်၌ ပဋိသန္ဓိကို အာရုံပြုသည်ဟု ဆိုလိုသည်။ နိကန္တိ ဟူသည် ဘဝကို လိုချင်တောင့်တသော သမုဒယသစ္စာ တဏှာတည်း။ မှန်ပါသည်။ သေဖို့ရန်အချိန် နီးကပ်နေသူအား မောဟလှည့်ပတ် နှောင့်ယှက်အပ်သော စိတ်ရှိသည်၏ အဖြစ်ကြောင့် ပုရိန်ပြင်းတန် အဝိစိငရဲမီးလျှံ၌ သော်လည်း လိုချင်တောင့်တသော တဏှာလောဘ ဖြစ်တုံသေး၏။ ကြွင်းသော ဂတိနိမိတ်တို့၌ အဘယ်သို့ပြောဆိုဖွယ်ရာရှိအံ့နည်း။ လိုချင်တောင့်တသော တဏှာလောဘ ဖြစ်မည်သာတည်း။

နိကန္တိအတွက် အနည်းငယ် ဆက်အံ့။ ဘဝကို လိုချင်တပ်မက်တောင့်တလျက်ရှိသော နိကန္တိသည် ပဋိသန္ဓိနောင် ဘဝင် ၁၆–ချက်အပြီး မိမိ၏ ခန္ဓာအစဉ်ဟူသော ပဋိသန္ဓိသစ် နာမက္ခန္ဓာ, ကမ္မဇရုပ်တို့ကို အာရုံပြုလျက် ခပ်သိမ်းသောသူတို့အား ဖြစ်၏။

ဒုက္ခသစ္စာခန္ဓာအိမ်ကို အဖန်ဖန်အပြန်ပြန် စီမံဖန်ဆင်းတတ်သော တဏှာ လောဘ သမုဒယသစ္စာကို ပဟာန်ငါးရပ်တို့ဖြင့် အဆုံးပယ်သတ်၍ နိကပြန္တိတ်ပြီးသော ရဟန္တာသခင် အရှင်မြတ်တို့သည် သမုဒယသစ္စာ တဏှာလောဘ အကြီးအမှူး အဦးရှေ့သွားရှိသော တထောင့်ငါးရာ ကိလေသာ အဖော်သဟဲကို မရသဖြင့် ဘဝအဆက်ဆက်က ပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးပေးခွင့်ကို မရ, အစွမ်းသတ္တိဗလကုန်ခန်းသည်ဖြစ်၍ ယာခုဘဝ စုတိ၏ အခြားမဲ့၌ ပဋိသန္ဓေ အသစ်မဖြစ်ရာ မအိုရာ မနာရာ မသေရာ ခန္ဓာဝန်လက်စသိမ်း၍ ချုပ်ငြိမ်း

အေးမြရာ အချမ်းသာတကာတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ချမ်းသာသို့ ဆိုက်ရောက်ကြလေကုန်သည်။

"ကံတရားစွမ်းအင်ကြောင့် တသွင်သွင်ဖြစ်နေသော နောက်ဆုံးဘဝင်စိတ်" ဆိုသောစကား "သက်တမ်းစေ့ကမ္မဇရုပ်" ဆိုသော စကားနှစ်ရပ်၏ အဓိပ္ပါယ် ရှင်းလင်းချက် ပြီး၏။

---

## အများစုလူများ ခန္ဓာကိုယ်၌ အမြဲမပြတ်ဖြစ်လျက် ထင်ရှားရှိနေသော နာမ်ရုပ်မျှကို ခွဲစိတ်ပိုင်းခြား ရှုမှတ်ပွားများနည်း

စာရှုသူတို့ မိမိကိုယ်တွင် အမြဲဖြစ်လျက်ရှိသော နာမ်နှင့်ရုပ်တို့ကို အာရုံပြုနိုင်ရန် နာမ်ရုပ်တို့၏ သဘာဝကို အကျဉ်းမျှ ပြအံ့။

၁။ လူဟုဆိုတာ၊ ပညတ်သာ၊ နှစ်ဖြာ နာမ်ရုပ်စု။

၂။ နာမ်ရုပ်ပယ်ခွာ၊ လူဆိုတာ၊ ဘယ်မှာရှိ ရှု။

လူဟူသည် ခေါ်ဝေါ်ပြောဆိုရုံ အမည်ပညတ်မျှ ရှိသည်။ အကောင်အထည်မရှိ၊ တရားကိုယ်အားဖြင့် နာမ်ရုပ်နှစ်ပါး ပရမတ္ထ သဘောတရားမျှ ရှိသည်။ တရားကိုယ်အားဖြင့် နာမ်ရုပ်နှစ်ပါး ပရမတ္ထ သဘောတရားမျှသာ ရှိသည်ဟူ၍ ဆိုရာ၌ နာမ်သည်—

(၁) စိတ်နာမ်၊

(၂) စေတသိက်နာမ်—

ဟု နှစ်မျိုး ရှိသည်။ ထိုနှစ်မျိုးလုံးသည်ပင် သင့်သလို တွဲယှဉ်ဖြစ်ပေါ်၍ အာရုံသို့ညွတ်ခြင်း လက္ခဏာ ရှိသည်။

(၃) ရုပ်သည် ဘူတရုပ်၊ ဥပါဒါရုပ်ဟု နှစ်မျိုး ရှိသည်။ ထိုနှစ်မျိုးလုံးသည်ပင် အအေးအပူ ဆာလောင်ခြင်း၊ မှတ်သိပ်ခြင်း၊ မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်း အတွေ့ဟူသော ဆန့်ကျင်ဘက် အကြောင်းကြောင့် ဖောက်ပြန်ခြင်း လက္ခဏာ ရှိသည်။

၁။ စိတ်တရားသည်–

| | | | |
|---|---|---|---|
| (က) | လောဘမူစိတ် | ၈ | အားဖြင့်အကုသိုလ်စိတ် ၁၂-ပါး၊ |
| | ဒေါသမူစိတ် | ၂ | |
| | မောဟမူစိတ် | ၂ | |
| | အကုသလ ဝိပါက်စိတ် | ၇ | အားဖြင့် အဟိတ်စိတ် ၁၈-ပါး၊ |
| | အဟိတ်ကုသလ ဝိပါက်စိတ် | ၈ | |
| | အဟိတ်ကြိယာ စိတ် | ၃ | |
| | မဟာကုသိုလ်စိတ် | ၈ | အားဖြင့် ကာမသောဘနစိတ် ၂၄-ပါး၊ |
| | မဟာဝိပါက်စိတ် | ၈ | |
| | မဟာကြိယာစိတ် | ၈ | |

၃–မျိုးပေါင်း ကာမစိတ် ၅၄–ပါး။

| | | | |
|---|---|---|---|
| (ခ) | ရူပကုသိုလ်စိတ် | ၅ | အားဖြင့် ရူပစိတ် ၁၅-ပါး |
| | ရူပဝိပါက်စိတ် | ၅ | |
| | ရူပကြိယာစိတ် | ၅ | |
| (ဂ) | အရူပကုသိုလ် | ၄ | အားဖြင့် အရူပစိတ် ၁၂–ပါး၊ |
| | အရူပဝိပါက်စိတ် | ၄ | |
| | အရူပကြိယာစိတ် | ၄ | |

ရူပ အရူပစိတ် နှစ်မျိုးပေါင်း၍ မဟဂ္ဂုတ်စိတ် ၂၇–ပါး။
ကာမစိတ် ၅၄၊ မဟဂ္ဂုတ်စိတ် ၂၇၊ ပေါင်း လောကီစိတ် ၈၁ ပါး။

| | | | |
|---|---|---|---|
| (ဃ) | မဂ်ကုသိုလ်စိတ် | ၄ | အားဖြင့် လောကုတ္တရာစိတ် ၈-ပါး၊ |
| | ဖိုလ်ဝိပါက်စိတ် | ၄ | |

လောကီ,လောကုတ္တရာ နှစ်မျိုးပေါင်း စိတ် ၈၉–ပါး။

ထိုစိတ်တရားသည် သရုပ်အားဖြင့် ၈၉-ပါး ကွဲပြားသော်လည်း အာရမ္မဏဝိဇာနနလက္ခဏာ သဘောအားဖြင့် ၁-ပါးတည်းသာ ဖြစ်သည်။ ထို့ကြောင့် စိတ် ၈၉-ပါးကို အာရမ္မဏဝိဇာနန လက္ခဏာအားဖြင့် ၁-ပါးတည်းယူလျက် စေတသိက် ၅၂-ပါးနှင့် ပေါင်း၍ နာမ်တေ ပညာသ၊ နာမ်တရား ၅၃-ပါးဟု ဆိုသည်။

အာရမ္မဏဝိဇာနန လက္ခဏာအားဖြင့် ၁-ပါးတည်း ဖြစ်သော စိတ်သည် ပြိုးပြိုးပြက်ပြက် အရောင်ထွက်၏။ အာဂန္တုဖြစ်သော ညစ်နွမ်းကြောင်း ကိလေသာတို့ကြောင့် ညစ်နွမ်း၏။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တု- ကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ၊ တံ အဿုတဝါ ပုထုဇ္ဇ- နော ယထာဘူတံ န ပဇာနာတိ။

ဘိက္ခဝေ-ရဟန်းတို့။ ဣဒံ စိတ္တံ-ဤ ဘဝင်စိတ်သည်။ ပဘဿရံ-ပြိုးပြိုးပြက်ပြက် အရောင်ထွက်၏။ ခေါ-ကေန်ပင်လျှင်။ တဉ္စ-ထိုဘဝင်စိတ်သည်လည်း။ အာဂန္တုကေဟိ-အာဂန္တုဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ-ညစ်နွမ်းကြောင်း ကိလေသာတို့ကြောင့်။ ဥပက္ကိလိဋ္ဌံ-ညစ်နွမ်း၏။ တံ-ထိုဘဝင်စိတ်ကို။ အဿုတဝါ ပုထုဇ္ဇနော-ဥဂ္ဂဟ, ပရိပုစ္ဆာ, ဝိနိစ္ဆယ, အာဂမာ- ဓိဂမ-သုတကင်းစင် ပုထုဇဉ်သည်။ ယထာဘူတံ-ဟုတ်မှန်သည့် အတိုင်း။ န ပဇာနာတိ-မသိ။

ဟု အင်္ဂုတ္တရပါဠိတော် (အံ၊ ၁။ ၉)၌ ဟောတော်မူသည်။

အာရမ္မဏဝိဇာနန လက္ခဏာအားဖြင့် ၁-မျိုးတည်းသာရှိသော စိတ်သည် ယှဉ်ဘက် စေတသိက်တို့၏ အစွမ်းသတ္တိကို လိုက်၍ ၈၉-ပါး ကွဲပြားသည်။ မှန်၏။ စိတ်တရားသည် ညစ်ကြေးမတင် ဖြူစင်သန့်ရှင်းသော အဝတ်ဖြူနှင့် တူသည်။ ညစ်ကြေးမတင် ဖြူစင် သန့်ရှင်းသော အဝတ်ဖြူသည် အစိမ်းရောင်ဆေးကိုဆိုးလျှင် အစိမ်းရောင် ထွက်သည်၊ အနီရောင်ဆေးကို ဆိုးလျှင် အနီရောင် ထွက်သည်၊ အဝါရောင်ဆေးကို ဆိုးလျှင် အဝါရောင်ထွက်သည်၊ အပြာရောင်ဆေးကို ဆိုးလျှင် အပြာ

ရောင် ထွက်သည်၊ အနက်ရောင်ဆေးကို ဆိုးလျှင် အနက်ရောင်ထွက်သည်။ ထို့အတူ စိတ်သည် ယှဉ်ဘက်စေတသိက်၏ သတ္တိသို့လိုက်၍ ယှဉ်ဘက် စေတသိက်တို့၏ သတ္တိအတိုင်းသာ ဖြစ်ရလေသည်။

ထို့ကြောင့် လောဘကြီးသည်, ဒေါသကြီးသည်, မာနကြီးသည်, ဣဿာမစ္ဆရိယ ကြီးသည်၊ သဒ္ဓါတရားကောင်းသည်, စေတနာကောင်းသည်, ဝီရိယကောင်းသည်, ပညာကြီးသည်-စသည်ဖြင့် စေတသိက်တို့၏ သတ္တိသာ ထင်ရှားပေါ်လွင်လေသည်။ သို့ဖြစ်၍ ၈၉-ပါး ကွဲပြားရသည်ဟု ဆိုလိုသည်။

**စိတ်သရုပ်အကျဉ်း အဓိပ္ပါယ် ပြီး၏။**

---

## ၂—စေတသိက်နာမ်အကျဉ်း သရုပ်အဓိပ္ပါယ်ကား—

ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ မနသိကာရ—ဟူသော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇—ပါး။

ဝိတက် ဝိစာရ အဓိမောက္ခ ဝီရိယ ပီတိ ဆန္ဒ—ဟူသော ပကိဏ်းစေတသိက် ၆—ပါး။ ၂-ရပ်ပေါင်း အညသမာန်းစေတသိက် ၁၃—ပါး။

မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ၊ လောဘ ဒိဋ္ဌိ မာန၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ၊ ထိန မိဒ္ဓ၊ ဝိစိကိစ္ဆာ—ဟူသော အကုသိုလ် စေတသိက် ၁၄—ပါး။

သဒ္ဓါ သတိ ဟိရီ ဩတ္တပ္ပ အလောဘ အဒေါသ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ စိတ္တလဟုတာ၊ ကာယမုဒုတာ စိတ္တမုဒုတာ၊ ကာယကမ္မညတာ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ စိတ္တပါဂုညတာ၊ ကာယုဇုကတာ စိတ္တုဇုကတာ—ဟူသော သောဘနသာဓာရဏ စေတသိက် ၁၉—ပါး။

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ—ဟူသော ဝိရတိ စေတသိက် ၃—ပါး။

ကရုဏာ မုဒိတာ–ဟူသော အပ္ပမညာစေတသိက် ၂–ပါး။ ပညာစေတသိက် ၁–ပါး၊ ဤသို့ ၅၂–ပါးပြားသည်။

ထိုစေတသိက် ၅၂–ပါးတို့သည် ထိုထိုလုပ်ငန်းကိစ္စ အဝဝတို့၌ လောဘကြီးသည်, ဝီရိယကောင်းသည်, ပညာကြီးသည်–စသည်ဖြင့် စေတသိက်တို့၏ သတ္တိထင်ရှားသော်လည်း တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်သော ပြည့်ရှင်မင်းသည် တိုင်းရေးပြည်ရေး ဆိုင်ရာ၊ စစ်ရေးစစ်ရာ ဆိုင်ရာ၊ ဥပဒေရေးရာ ဆိုင်ရာ၊ တရားဆုံးဖြတ်ရေးဆိုင်ရာ စသော လုပ်ငန်းကိစ္စအဝဝတို့၌ ဘုရင်မင်းကိုယ်တိုင် အားထုတ်ဆောင်ရွက်ခြင်း မပြုလုပ်ပေ။ တိုင်းရေးပြည်ရေးဆိုင်ရာ၌ နန်းရင်းဝန် စသော အမတ်ကြီးများကို၊ စစ်ရေးစစ်ရာ၌ စစ်သူကြီး, ဗိုလ်မှူးကြီးတို့ကို၊ ဥပဒေရေးရာ၌ ဥပဒေပညာရှင်တို့ကို၊ တရားဆုံးဖြတ်ရေးဆိုင်ရာ၌ တရားသူကြီးတို့ကို အပ်နှင်း၍ ဆိုင်ရာ ဆိုင်ရာ လုပ်ငန်းတို့ကို အသီးအသီး ဆောင်ရွက်စေလျက် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သကဲ့သို့ စိတ်သည် ရှေ့သွားခေါင်းဆောင်အဖြစ်ဖြင့်သာ ဆောင်ရွက်၍ ထိုထိုကိစ္စ အဝဝတို့ကို စေတသိက်တို့က အားထုတ်ဆောင်ရွက်ကြရသည်။ အမတ်ကြီး စသည်တို့ ဆောင်ရွက်၍ ပြီးဆုံးအောင်မြင်ခြင်းသည် တိုင်းပြည်အရှင် ဘုရင်မင်း၏ အောင်မြင်ခြင်းဖြစ်သကဲ့သို့ စိတ်တရားရှေ့သွား၍ စေတသိက်တရား ဆောင်ရွက်ခြင်းကြောင့် ပြီးဆုံးအောင်မြင်ခြင်းသည် စိတ်၏ပြီးဆုံးအောင်မြင်ခြင်း ဖြစ်သည်။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။

ဓမ္မာ–စေတသိက်ခန္ဓာ သုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ–စိတ်တရားသာ ရှေ့သွား ရှိကြကုန်၏။ မနောသေဋ္ဌာ–စိတ်တရားသာ အကြီးအမှူး ရှိကုန်၏။ မနောမယာ- စိတ်ကြောင့် ပြီးဆုံးအောင်မြင်ကုန်၏။

ဟူ၍ ဓမ္မပဒ၌ ဟောတော်မူသည်။ စေတသိက်တို့သည် စိတ်တရား ရှေ့သွား ရှိကြကုန်၏၊ စိတ်တရား အကြီးအမှူး ရှိကုန်၏၊ စိတ်ကြောင့် ပြီးဆုံးအောင်မြင်ကုန်၏–ဟူ၍ ဟောတော်မူသောကြောင့် စိတ်ကိုယူလျှင် စေတသိက်လည်း ပါဝင်ပြီး ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာအလုပ်

အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် စိတ်ကိုသာ ဆင်ခြင်စဉ်းစား ပွားများရသည်။

ယင်းသို့ စိတ်ကို ဆင်ခြင်စဉ်းစား ပွားများရာ၌ မိမိခန္ဓာကိုယ်တွင် ပါဝင်ဖြစ်ကောင်းသော စိတ်ကိုသာ ဆင်ခြင်စဉ်းစား ပွားများရမည်ဖြစ်၍ ယခုလက်ရှိ ဝိပဿနာ အလုပ် အားထုတ်မည့် ယောဂီလောင်းတို့သည် ဈာန်ရပုဂ္ဂိုလ်များမဟုတ်သောကြောင့် မဟဂ္ဂုတ်စိတ် ၂၇-ပါးလည်း မလိုပေ။ အရိယာပုဂ္ဂိုလ်များ မဟုတ်သောကြောင့် လောကုတ္တရာစိတ် ၈-ပါးလည်း မလိုပေ။ ကာမစိတ် ၅၄-ပါးတွင်လည်း မဟာကြိယာ စိတ် (၈)ခု၊ ဟသိတုပ္ပါဒ် (၁)ခု၊ ဤ စိတ် (၉)ခု တို့လည်း ရဟန္တာသန္တာန်၌သာ ဖြစ်သောကြောင့် ဤ ကာမကြိယာစိတ် (၉) ခုလည်း မလိုပေ။ ကျန် ကာမစိတ် ၄၅-ခုကိုသာ ယခုလက်ရှိ အများစု လူတို့၏ ခန္ဓာကိုယ်၌ ရကောင်းသောကြောင့် ဤကာမစိတ် ၄၅-ခုကိုသာ လိုအပ်ပေသည်။

၄၅-ပါးသော ကာမစိတ်တို့ ဟူသည်—

| | | | |
|---|---|---|---|
| ၁။ (က) | ပဉ္စဒွါရာဝဇ္ဇန်း | ၁ | ဟူသော အာဝဇ္ဇန်းဒုက် ၂။ |
| (ခ) | မနောဒွါရာဝဇ္ဇန်း | ၁ | |
| (ဂ) | အကုသလဝိပါက် | ၇ | ဟူသော ကာမဝိပါက်တေဝီသ ၂၃။ |
| (ဃ) | အဟိတ်ကုသလဝိပါက် | ၈ | |
| (င) | မဟာဝိပါက် | ၈ | |
| (စ) | မဟာကုသိုလ်ဇော | ၈ | ဟူသော ကာမကုသိုလ်ဇော ၂၀။ |
| (ဆ) | အကုသိုလ်ဇော | ၁၂ | |

အားဖြင့် ကာမစိတ် (၄၅)ပါးတို့တည်း။

ဤ ၄၅-ပါးတို့ကို ဒွါရအလိုက် ဖြစ်ထိုက်သလို ကိစ္စအရ ယှဉ်စပ်ပြအံ့။

၁။ (က) ပဉ္စဒွါရာဝဇ္ဇန်းသည် ပဉ္စဒွါရ၌ အာဝဇ္ဇန်းကိစ္စတပ်၏။

(ခ) မနောဒွါရာဝဇ္ဇန်းသည် ပဉ္စဒွါရ၌ ဝုဋ္ဌောကိစ္စ၊ မနောဒွါရ၌ အာဝဇ္ဇန်းကိစ္စတပ်၍ ဖြစ်၏။

၂။ (ဂ-ဃ) စက္ခုဝိညာဉ်ဒုက်သည် စက္ခုဒွါရ၌ ဒဿနကိစ္စတပ်၍ ဖြစ်၏၊
သောတဝိညာဉ်ဒုက်သည် သောတဒွါရ၌ သဝနကိစ္စတပ်၍ ဖြစ်၏။
ဃာနဝိညာဉ်ဒုက်သည် ဃာနဒွါရ၌ ဃာယနကိစ္စဘပ်၍ ဖြစ်၏။
ဇိဝှါဝိညာဉ်ဒုက်သည် ဇိဝှါဒွါရ၌ သာယနကိစ္စတပ်၍ ဖြစ်၏။
ကာယဝိညာဉ်ဒုက်သည် ကာယဒွါရ၌ ဖုသနကိစ္စတပ်၍ ဖြစ်၏။
သမ္ပဋိစ္ဆန်းဒုက်သည် ပြဉ္စဒွါရ၌ သမ္ပဋိစ္ဆန်းကိစ္စတပ်၍ ဖြစ်၏။
သန္တီရဏတိက်သည် ပဉ္စဒွါ၌ သန္တီရဏကိစ္စတပ်၍ ဖြစ်၏။

(င) မဟာဝိပါက် ဂ–ခုတို့သည် ခြောက်ဒွါရတို့၌ ဇောနောင် တဒါရုံကိစ္စတပ်၍ ဖြစ်ကုန်၏။

၃။ (စ) မဟာကုသိုလ်ဇော ဂ } ဟူသော ကာမကုသိုလ်၊ အကုသိုလ်
(ဆ) အကုသိုလ်ဇော ၁၂ } ဇော ၂၀–တို့သည် ၆–ဒွါရ၌ ဇောကိစ္စတပ်၍ ဖြစ်ကုန်၏။

၁။ အောက်၌ ဖော်ပြခဲ့သော ယခုလက်ရှိ အများစုလူတို့၏ ခန္ဓာကိုယ်ဝယ် ၆–ဒွါရတို့၌ အာရုံ၊ ဒွါရအလိုက် ထိုက်သလို အဆက်မပြတ် အထပ်ထပ် ဖြစ်ပျက်လျက်ရှိသော (၁)အာဝဇ္ဇန်းဒုက်၊ (၂)ကာမဝိပါက်တေဝီသ။(၃) မဟာကုသိုလ်၊ အကုသိုလ်ဇော ၂၀ ဟု ဆိုအပ်သော ကာမစိတ် ၄၅–ပါးတို့သည် စက္ခုဒွါရ၌ ရူပါရုံ၊ စက္ခုပသာဒသို့ ပေါင်းဆုံ ဥပါဒ်သတ်သည်ရှိသော် "အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)–ကြိမ်၊ တဒါရုံ (၂)ကြိမ်၊ ထို့နောင် ဘဝင်ဟူ၍ အစဉ်ကို မဖောက်မလွှဲ စိတ္တနိယာမအားဖြင့် ဖြစ်ကုန်၏။

သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဒွါရတို့၌လည်း ဒွါရ၊ အာရုံအလိုက် သောတ၊ ဃာန၊ ဇိဝှါ၊ ကာယတို့ ပါဝင်၍ စက္ခုဒွါရ၌ကဲ့သို့ အစဉ်အတိုင်း ဖြစ်ကုန်၏။

ဤကဲ့သို့ အစဉ်အတိုင်းဖြစ်ရာ၌ ရွဲလုံးတို့ကို ကြိုးဖြင့် သီကုံး၍ ထားအပ်သော ရွဲကုံးသည် တလုံးပေါ်တလုံး ထပ်၍ ဆက်ထားသော ထပ်ဆက်မဟုတ်ပဲ တလုံးနှင့်တလုံး ထိရုံမျှ ဆက်ထားသော တေ့ဆက်မျှ ဖြစ်သကဲ့သို့ ထိုအလားတူ စိတ်တို့၏ သဘာဝသည် ရှေ့စိတ် ချုပ်မှ နောက် ဆက်လက်ဖြစ်ပေါ်နိုင်သော သဘောဖြစ်သည်။ ယင်းကဲ့သို့ ရှေ့စိတ်ချုပ်မှ နောက်စိတ် ဖြစ်ပေါ်ရ, ဖြစ်ပေါ်နိုင်သော သဘာဝကို အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုသည်ဟူ၍ ပဋ္ဌာန်း၌ ဘုရားရှင် ဟောတော်မူသည်။

ထို့ကြောင့် စိတ္တနိယာမအားဖြင့် အစဉ်အတိုင်း ဖြစ်နေသော စိတ်တို့သည် တခုချုပ်မှ တခုဖြစ်ပေါ်ရသော တေ့ဆက်မျှ ဖြစ်သည်။

"အစအဆုံး၊ ထိဆက်ကုံး၊ ရွဲလုံးပမာ၊ နာမ်ခန္ဓာ" ဟူ၍ ပရမတ္ထစက္ခု၌ မိန့်သည်။ ဤကဲ့သို့ တခုချုပ်မှ တခုဖြစ်ပေါ်ကြသော စိတ်တို့တွင် ချုပ်သွားသော စိတ်တို့သည် ဘယ်နေရာမှာ ရှိသည်ဟု ညွှန်ပြစရာ နေရာမရှိ၊ မဖြစ်ပေါ်သေးသော စိတ်တို့သည်လည်း ဖြစ်ဖို့ရာ ဘယ်နေရာ၌ ရှိနှင့်သည်ဟူ၍ ညွှန်ပြစရာ နေရာမရှိ။ မိုးကောင်းကင်၌ လျှပ်စစ်ကဲ့သို့ ဖြစ်ပြီးလျှင် ပျက်ရုံမျှ သဘောရှိသည်ဟူ၍ ပရမတ္ထတရားတို့၏ သဘောသွားကို မှတ်သား နားလည်ကြရမည်။

## ရုပ်တရား

၃။ ရုပ်တရားတို့သည်—

(က) ပထဝီ, အာပေါ, တေဇော, ဝါယော } ဟူသော မဟာဘုတ်ဓာတ်ကြီး ၄-ပါး၊

စက္ခု
သောတ
ဃာန
ဇိဝှါ
ကာယ
} ဟူသော ပသာဒရုပ် ၅–ပါး၊

ရူပ
သဒ္ဒ
ဂန္ဓ
ရသ
ဖောဋ္ဌဗ္ဗ
} ဟူသော ဂေါစရရုပ် ၅–ပါး၊

ဣတ္ထိဘာဝရုပ်
ပုမ္ဘာဝရုပ်
} ဟူသော ဘာဝရုပ် ၂–ပါး။

ဟဒယဝတ္ထုဟူသော ဟဒယရုပ် ၁–ပါး။
ဇီဝိတိန္ဒြေဟူသော ဇီဝိတရုပ် ၁–ပါး။
ဩဇာဟူသော အာဟာရရုပ် ၁–ပါး အားဖြင့် ၁၈–ပါး။

ဤဆိုအပ်ပြီးသော ရုပ် ၁၈ ပါးတို့ကို သဘာဝရုပ်, သလက္ခဏရုပ်, နိပ္ဖန္နရုပ်, ရူပရူပရုပ်, သမ္မသနရုပ် ဟူ၍ ခေါ်သည်။

အာကာသဓာတ်ဟူသော ပရိစ္ဆေဒရုပ် ၁–ပါး၊

ကာယဝိညတ်
ဝစီဝိညတ်
} ဟူသော ဝိညတ်ရုပ် ၂–ပါး၊

လဟုတာ
မုဒုတာ
ကမ္မညတာ
ဝိညတ်ဒုက်
} ဟူသော ဝိကာရရုပ် ၄–ပါး၊

ဥပစယ
သန္တတိ
ဇရတာ
အနိစ္စတာ
} ဟူသော လက္ခဏရုပ် ၄–ပါး

ဤရုပ် ၁၀–ပါးကို အနိပ္ဖန္နရုပ် ဟူ၍ ခေါ်သည်။

## ရုပ်ကလာပ် အကျဉ်းဖွဲ့နည်း

ကလာပ်စည်း အကျဉ်းဖွဲ့ရာ၌ သင်္ဂြိုဟ်ကျမ်း၌လာသော ကလာပ်စည်း ၂၁–စည်းလုံးကို ဖွဲ့စည်းခြင်းမပြုပဲ ရှုမှတ်ပွားများနည်း ရေးသားရာတွင် အသုံးချမည့် ကမ္မဇကလာပ် ၉–စည်းနှင့် သုဒ္ဓဋ္ဌက တိဇ ကလာပ် ၃–စည်း၊ ဤ ၁၂–စည်းကိုသာ ဖွဲ့စည်း ရေးသားမည်။

ဖွဲ့စည်းဟန်ကား–

၁။ ပထဝီ
၂။ အာပေါ
၃။ တေဇော
၄။ ဝါယော
၅။ ဝဏ္ဏ
၆။ ဂန္ဓ
၇။ ရသ
၈။ ဩဇာ

ဟူသော ဤရုပ် ၈–ပါးတို့ကို အဝိနိဗ္ဘောဂရုပ်ဟူ၍လည်းကောင်း၊ သုဒ္ဓဋ္ဌက ကလာပ်ရုပ်ဟူ၍လည်းကောင်း ခေါ်သည်။ ဤသုဒ္ဓဋ္ဌက ကလာပ်ရုပ် ၈–ခုတို့သည် စတုဇရုပ်ကလာပ်ဟူသမျှတို့၏ အရင်းခံရုပ်တို့ဖြစ်သည်။ ဤ သုဒ္ဓဋ္ဌက ကလာပ်ရုပ် ၈–ခုကို မူတည်၍ အလိုရှိရာရုပ်တို့ကို ထည့်သွင်း ဖွဲ့စည်းရမည်။

ဖွဲ့စည်းဟန်ကား–

### ကမ္မဇကလာပ် ၉–စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ်ရုပ် ၈၊ ဇီဝိတရုပ် ၁–အားဖြင့် ဇီဝိတ နဝက ကလာပ်။

၂။ သုဒ္ဓဋ္ဌက ကလာပ်ရုပ် ၈–၊ ဇီဝိတရုပ် ၁၊ စက္ခုပသာဒ ၁–အားဖြင့် စက္ခုဒသက ကလာပ်၊

၃။ နည်းတူ သောတပသာဒအားဖြင့် သောတဒသက ကလာပ်၊
၄။ ဃာနပသာဒအားဖြင့် ဃာနဒသက ကလာပ်၊
၅။ ဇိဝှါပသာဒအားဖြင့် ဇိဝှါဒသက ကလာပ်၊
၆။ ကာယပသာဒအားဖြင့် ကာယ ဒသက ကလာပ်၊
၇။ ဣတ္ထိဘာဝရုပ်အားဖြင့် ဣတ္ထိဘာဝဒသက ကလာပ်၊
၈။ ပုမ္ဘာဝရုပ်အားဖြင့် ပုမ္ဘာဝဒသက ကလာပ်၊
၉။ သုဒ္ဓဋ္ဌက ကလာပ်ရုပ် ၈၊ ဇီဝိဘ ၁၊ ဟဒယဝတ္ထု ၁-အားဖြင့် ဝတ္ထုဒသက ကလာပ်ဟူသော ကမ္မဇကလာပ် ၉-စည်း။

၁။ စိတ္တဇဋ္ဌက ကလာပ် ၁၊
၂။ ဥတုဇဋ္ဌက ကလာပ် ၁၊
၃။ အာဟာရဇဋ္ဌက ကလာပ် ၁၊

ဟူသော တိဇကလာပ် ၃-စည်းအားဖြင့် ရုပ်ကလာပ် ၁၂-စည်း။ ဤ ရုပ်ကလာပ် ၁၂-စည်းတို့တွင်-

၁။ ဇီဝိတ နဝက ကလာပ်၊
၂။ ကာယ ဒသက ကလာပ်၊
၃။ ဘာဝ ဒသက ကလာပ်၊
၄။ စိတ္တဇဋ္ဌက ကလာပ်၊
၅။ ဥတုဇဋ္ဌက ကလာပ်၊
၆။ အာဟာရဇဋ္ဌက ကလာပ်

ဟူသော ကလာပ် ၆-စည်းတို့သည် တကိုယ်လုံး အနှံ့အပြား ကိုယ်နှင့် အပြည့် ဖြစ်ကုန်၏။

၁။ စက္ခုဒသက ကလာပ်၊
၂။ သောတဒသက ကလာပ်၊
၃။ ဃာနဒသက ကလာပ်၊
၄။ ဇိဝှါဒသက ကလာပ်၊
၅။ ဝတ္ထုဒသက ကလာပ်

ဟူသော ဤကလာပ် ၅-စည်းတို့သည် တစ်ဌာနစီ သီးခြားဖြစ်ကုန်၏။

ယင်းသို့ဖြစ်ရာ၌ စိတ်တို့သည် ရွဲကိုးသဖွယ် တေ့ဆက်ခြင်းဖြစ်ကုန် သကဲ့သို့ ရုပ်ကလာပ်တို့သည် တေ့ဆက်မဟုတ်ကုန်။ ကမ္မဇကလာပ် ၈– စည်း ဥတုဇဌက ကလာပ် ၁–စည်း၊ အာဟာရဇဌက ကလာပ် ၁–စည်း အားဖြင့် ဤရုပ်ကလာပ် ၁၀–စည်းတို့သည် စိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း ခဏတိုင်း ဖြစ်ကုန်၏။

စိတ္တဇဌက ကလာပ်သည် စိတ်တို့၏ ဥပါဒ်ခဏတိုင်း ဖြစ်ကုန်၏။ ကြိုးလွန်းသော ယောကျ်ားသည် ချည်မျှင်တခုမဆုံးခင် ချည်မျှင်တခု ထပ်ထည့်လွန်းသဖြင့် ချည်မျှင်တခု၏ အစနှင့် ချည်မျှင်တခု၏အစ, ချည် မျှင်တခု၏ အလယ်, ချည်မျှင်တခု၏ အဆုံး၊ ချည်မျှင်တခု၏ အလယ်နှင့် ချည်မျှင်တခု၏ အစ, ချည်မျှင်တခု၏ အလယ်, ချည်မျှင်တခု၏ အဆုံး၊ ချည်မျှင်တခု၏ အဆုံးနှင့် ချည်မျှင်တခု၏အစ, ချည်မျှင်တခု၏ အလယ်, ချည်မျှင်တခု၏အဆုံးတို့သည် ပေါင်းရုံးရောယှက်အဆက်မပြတ် အထပ် ထပ်ဖြစ်နေသကဲ့သို့ ရုပ်ကလာပ်တို့သည်လည်း ရုပ်ကလာပ်တခု၏ ဥပါဒ်နှင့် ရုပ်ကလာပ်တခု၏ ဥပါဒ်, ရုပ်ကလာပ်တခု၏ ဌီ, ရုပ်ကလာပ်တခု၏ ဘင်၊ ရုပ်ကလာပ်တခု၏ ဌီနှင့် ရုပ်ကလာပ်တခု၏ ဥပါဒ်, ရုပ်ကလာပ် တခု၏ ဌီ၊ ရုပ်ကလာပ်တခု၏ ဘင်၊ ရုပ်ကလာပ်တခု၏ဘင်နှင့် ရုပ်ကလာပ် တခု၏ ဥပါဒ်, ရုပ်ကလာပ်တခု၏ ဌီ, ရုပ်ကလာပ်တခု၏ဘင်တို့သည် ကြိုး လွန်းကဲ့သို့ အဆက်မပြတ် အထပ်ထပ်ဖြစ်၍ နေကုန်၏။

သမ္မောဟ ဝိနောဒနီအဋ္ဌကထာ နာနုပ္ပါဒနာနာ (အဘိ၊ဋ္ဌ၊၂၊ ၂၇)၌ ခြတန်းဥပမာ, ခါချဉ်တန်းဥပမာတို့ဖြင့် ပြသည်။

စိတ္တက္ခဏ ၁၇–ချက်၌ ခဏငယ် ၅၁–ချက်ရှိရာ ခဏငယ် ၅၁–ချက်ကိုတည်၊ စိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ဖြစ်သော ကမ္မဇကလာပ် ၈၊ ဥတုဇကလာပ် ၁၊ အာဟာရဇကလာပ် ၁–ဟူသော ဤကလာပ် ၁၀ စည်းဖြင့်မြှောက်လျှင် ကလာပ်စည်း ၅၁၀ ဖြစ်သည်။ စိတ်တို့၏ ဥပါဒ်ခဏ၌ဖြစ်သော စိတ္တဇဌက ကလာပ် ၁၇–စည်းနှင့်ပေါင်း လျှင် ကလာပ်စည်း ၅၂၇–စည်းဖြစ်သည်။ ဤ ၅၂၇–စည်းသည် ရုပ် ကလာပ်တို့၏ တိုးပွားနည်းကို သိရုံ ဥပလက္ခဏနည်းပြ အမြွက်မျှဖြစ်သည်။

ဤရုပ်ကလာပ်တို့သည် မုန့်ညက်ပုံကြီးကဲ့သို့ များစွာသော အစု အပုံကြီးဖြစ်သည်။ ဉာဏ်ရှိတိုင်းပွားက အလွန်ပင် များလှလေသည်။

၁။ တဆယ့်တရပ်၊ ရုပ်ကလာပ်၊ ထပ်ဆက်ကြိုးလွှန်းပုံ။

၂။ ငါးရာ့နှစ်ဆယ့်ခုနစ်စည်း၊ ရုံးစုံစည်း၊ ပွားနည်း သိသာရုံ။

၃။ မုန့်ညက်ပမာ၊ ရုပ်ခန္ဓာ၊ များစွာ စုအုပုံ။

၄။ ဉာဏ်ရှိတိုင်းပွား၊ အလွန်များ၊ မှတ်သားနိုင်လောက်ရုံ။

ဟူ၍ ပရမတ္ထစက္ခု (နှာ-၁၄၁) ၌ မိန့်ဆိုတော်မူသည်။

ပရမာဏုမြူ၏ အရွယ်ပမာဏဖြင့် ရုပ်ကလာပ်တို့၏ အရွယ်ပမာ ဏကို မှန်းဆ၍ သိအပ်၏။ လက်တသစ်ကို ငါးဆယ့်ခုနစ်ကုဋေ လေးသန်း တသိန်းရှစ်ထောင် နှစ်ရာရှစ်ဆယ် ရှစ်စိတ် စိတ်၍ တစိတ်ပမာဏကို ပရမာ ဏုမြူဟု မှတ်။ ယင်းသို့ သိမ်မွေ့လှစွာသော ပရမာဏုမြူသည် မိုးပေါ် မြေပြင် ကောင်းကင်အရပ်ရပ် ရုပ်ကလာပ်အကြားတို့၌ပင် သွားလာတည် နေ၏။ ထိုထိုအရပ်တို့၌ ရုပ်လပ်သော အကွက်မရှိ၊ ရှန့်ရှင်းသည်, သိမ် မွေ့သည်သာ ထူး၏။ ထိုအနက်ကိုသိလိုလျှင် အဝကျဉ်းသောရေဗူးကို ရေကန် မြစ် ချောင်းတို့၌ ဗူးပေါက်မြုပ်အောင်နှစ်၍ ရေသွတ်သည်ကို ရှုအပ်၏။ အာပေါဓါတ် ရုပ်ဖြစ်၍ လေးလံကြမ်းတမ်းသော ရေတခွက် ခန့်မျှလောက်ဝင်လျှင် ဝါယောဓါတ်ရုပ်ဖြစ်၍ ပေါ့ပါးသိမ်မွေ့လှသော ပရမာဏုမြူ ဘေဒ သဥ္ဍုဏ္ဏလေသည် ထိုမျှလောက်ပင် ထွက်သည်။ လေအကုန်ထွက်မှပင် ရေအပြည့်ဝင်နိုင်သည်။ အထက်ပေါက်ကို ပိတ်၍ နှစ်သော ကြေးရေစစ်မှာ လေခေါတ်မထွက်နိုင်သောကြောင့် ရေခေါတ် မဝင်နိုင်။ အထက်ပေါက်ကိုဖွင့်၍ လေရုပ်ထွက်မှ ရေရုပ်ဝင်နိုင်သည်။ ပရမာဏုမြူသည် ဤမျှသေးသိမ် ဖွဲ့နုပ်လှစွာ၏။

လူ၏ ခန္ဓာကိုယ်၌ ဤမျှ သေးငယ်ဖွဲ့နုပ် နူးညံ့လှစွာသော ပကတိ မျက်စိဖြင့် မမြင်နိုင်, ဒိဗ္ဗစက္ခုဖြင့်သာ မြင်နိုင်ကောင်းသော ပရမာဏုမြူ တခုမျှ ပမာဏရှိသော နေရာ၌ ရှေ့နောက် အဆက်မပြတ် ထပ်၍ထပ်၍ ဖြစ်သော ရုပ်ကလာပ်ပေါင်း ငါးဆယ်ခန့်မျှလောက် စုမိရကား ရုပ်က လာပ်တို့၏ သေး ငယ်နူးညံ့ သိမ်မွေ့သည်၏အဖြစ်ကို ပရမ ဏုမြူဖြင့် မှန်း ဆ၍ သိအပ်၏။

ဤမျှလောက် သေးငယ်ဖွဲ့နုပ်နူးညံ့သိမ်မွေ့လှစွာသော၊ သဗ္ဗညု ဘုရားရှင်တို့သာ သိမြင်နိုင်သော ရုပ်ကလာပ်တို့သည် ကြွင်းခေတ် ၃– ပါးတို့၏ တည်ရာဖြစ်၍ ဣတ္ထိ ပုရိသ စသော လိင်္ဂဝိဘာဂ, ဒီဃ ရဿ ထူလ တိရ ကထိန စသောအဖြာကို ပြတတ်သော ပထဝီခေတ်၊ ကြွင်း ခေတ် ၃–ပါးတို့ကို ပေါင်းစုရုံးစည်းလျက် မယိုကျပဲ ပြည့်ဖြိုးပွားစည်း သောအဖြစ်ကို ပြတတ်သော အာပေါခေတ်၊ ကြွင်းခေတ် ၃–ပါးတို့ကို မပုပ်မပျက်ရအောင် စောင့်ရှောက်ရင့်ကျက်စေလျက် အရွယ်၏ ပြည့်စုံ လှခြင်း, အိုမင်းရွတ်တွခြင်းကို ပြတတ်သော တေဇောခေတ်၊ ကြွင်း ခေတ် ၃–ပါးတို့ကို ဖြောင့်မတ် တောင့်တင်းစွာ တည်စေလျက် သွား ခြင်း လာခြင်း ကွေးခြင်း ဆန့်ခြင်းကိုပြတတ်သော ဝါယောခေတ်၊ ဤခေတ်ကြီးလေးပါးတို့ကို ကိုယ်ထည်ပြုလျက် ပေါင်းစုတည်နေကာ လူအများကို လှည့်စားရှိနေသော ရုပ်ဘုရားတို့၏ အစုအပုံမျှဖြစ်သည်။

ဇေဝံ စုဏ္ဏကဇာတမ္ပိ၊ ဓာတုယန္တံ မဟာဇနံ။
မာယာရူပံဝ ဝဉ္စေတိ၊ ဣတ္ထာယံ ပုရိသောတိ ဝါ။

ဇေဝံ စုဏ္ဏကဇာတမ္ပိ – ထိုမျှလောက် မှုန့်မှုန့် ညက်ညက် သိမ်မွေ့သေးငယ် အမှုန့်ဘယ်ကြီ ဖြစ်၍ နေသော်လည်း။ ဓာတုယန္တံ – ခေတ်ကြီးလေးသွယ် ကိုယ်ထည်ပြုလုပ် ဥပါဒါချုပ်ခြယ်ဘား ခေတ်ရုပ် ယန္တရားသည်။ မာယ ရူပံဝ – ကျောက်အုဘ်ခဲကို ပြောင်းလဲပြုပြင် ရှေ စဉ်မြသား ပတ္တမြားအသွင် စီရင်ပြုလုပ် မျက်လှည့်ရုပ်ကဲ့သို့။ အယံ – ဤ သူကား၊ ဣတ္ထိ – မိန်းမတည်း၊ ဣတိ ဝါ – ဤသို့လည်းကောင်း၊ အယံ – ဤသူကား။ ပုရိသော – ယောကျ်ားတည်း။ ဣတိ ဝါ – ဤသို့လည်းကောင်း။ မဟာဇနံ – အဝိဇ္ဇာမှောင် ပိတ်နှောင်ကွယ်ထား လူအများကို။ ဝဉ္စေတိ – ဟုတ်မည်လေလား အထင်မှားအောင် လှည့်စား၍ နေတော့သတည်း။

မှုန့်ညက်မှုန့်တွေသည် သသမ္ဘာရ ရေဖွဲ့စည်းမှုကြောင့် မပြိုမကွဲ မှုန့်ညက်ခဲကြီးဖြစ်၍ နေသကဲ့သို့ ထိုအလားတူ သေးငယ်ဖွဲ့နုပ် နူးညံ့ သိမ်မွေ့လှစွာသော ရုပ်ကလာပ်မှုန့်တို့သည်လည်း ပရမတ်အာပေါရေ ဖွဲ့စည်းမှုကြောင့် မပြိုမကွဲ ရုပ်ကောင်အစိုင်အခဲကြီး ဖြစ်နေသည်၊ ထန်း ပင်ပေါ်ကကျ၍ ပွဲချင်းပြီး သေသော သူသေကောင်သည် ဖုတ်တစ္ဆေ

ပူးဝင်မှုကြောင့် လှုပ်ရှား သွားလာခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်နေသည်။ လူသေကောင်သည် သူ့ချည်းသက်သက် လှုပ်ရှားသွားလာခြင်း စသော အမှုကိစ္စတို့ကို မပြုလုပ်နိုင်။ ဖုတ်တစ္ဆေ ပူးဝင်မှသာ လှုပ်ရှားသွားလာခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်နိုင်သည်။ ဖုတ်တစ္ဆေသည်လည်း သူ့ချည်းသက်သက် လှုပ်ရှားသွားလာခြင်း စသော အမှုကိစ္စတို့ကို မပြုလုပ်နိုင်။ လူသေကောင်၌ ပူးဝင်ပြီးမှသာလျှင် လှုပ်ရှားသွားလာခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်နိုင်သည်။ ထိုနည်းတူစွာ ရုပ်ကောင်ကြီးသည်လည်း သူ့ချည်းသက်သက် လှုပ်ရှား သွားမှုကို မပြုလုပ်နိုင်။ နာမ်တရားနှင့် ပေါင်းယှဉ်တွဲဖက်မှသာလျှင် လှုပ်ရှားသွားလာခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်နိုင်သည်။ နာမ်တရားသည်လည်း သူ့ချည်းသက်သက် လှုပ်ရှားသွားလာခြင်း စသော အမှုကိစ္စတို့ကို မပြုလုပ်နိုင်။ ရုပ်တရားနှင့် ပေါင်းယှဉ်တွဲဖက်ရမှသာလျှင် လှုပ်ရှားသွားလာခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်နိုင်သည်။

လူသေကောင်သည် ဖုတ်တစ္ဆေမဟုတ်၊ ဖုတ်တစ္ဆေသည် လူသေကောင်မဟုတ်။ လူသေကောင်သည် တခြား၊ ဖုတ်တစ္ဆေသည် တခြား၊ လူသေကောင်နှင့် ဖုတ်တစ္ဆေသည် တခြားစီသာ ဖြစ်သကဲ့သို့ ထိုအလားတူ ရုပ်သည် နာမ်မဟုတ်၊ နာမ်သည် ရုပ်မဟုတ်၊ ရုပ်သည် တခြား၊ နာမ်သည် တခြားဟူ၍ ရုပ်နာမ်တို့ကို တသီးတခြားစီ ကွဲပြားအောင် လေ့ကျင့်ရေးလုပ်ငန်းတို့ကို အဖန်ဖန်အားထုတ်ရမည်။ လေ့ကျင့်ရေးလုပ်ငန်း ကြိုးပမ်းအားထုတ်ပြီးလျှင် အကျဉ်းအားဖြင့် ပြဆိုခဲ့သော ရုပ်နာမ်တို့၏ သဘောတရားကို ဆင်ခြင်စဉ်းစားလျက် လူပဲ နတ်ပဲ ငါပဲ သူပဲ သန္တာန်သွယ်သွယ် ကြီးငယ် တိုရှည် ကြုံလှီ ဆူဝ လှည့်ပတ်ပြသည့် ဃနအခဲ မှုမှုကြဲအောင် ချေခွဲလိုသော ယောဂီသည် မိမိခန္ဓာကိုယ်တွင် အဆက်မပြတ် အထပ်ထပ်ဖြစ်လျက်ရှိနေသော ရုပ်ကလာပ် ၁၁–စည်းနှင့် စိတ် ၄၅–ပါးတို့ကို ပိုင်းခြားခွဲထုတ်၍ ဝိပဿနာအလုပ် အားထုတ်ရမည်။

**အားထုတ်ဟန်ကား–**

ငါ၏ ခန္ဓာကိုယ်၌ ကိုယ်နှင့်အပြည့် အဆက်မပြတ် အထပ်ထပ် ဖြစ်နေသော—

| | | |
|---|---|---|
| ၁။ | ဇီဝိတနဝက ကလာပ်။ | ဟူသော သဗ္ဗဗျာပိတ္တိရုပ်ကလာပ် ၆-စည်း။ |
| ၂။ | ကာယဒသက ကလာပ်။ | |
| ၃။ | ဘာဝဒသက ကလာပ်။ | |
| ၄။ | ဥတုဇဋ္ဌက ကလာပ်။ | |
| ၅။ | စိတ္တဇဋ္ဌက ကလာပ်။ | |
| ၆။ | အာဟာရဇဋ္ဌက ကလာပ်။ | |
| ၇။ | စက္ခုဒသက ကလာပ်။ | ဟူသော ဧကဒေသဝုတ္တိရုပ်ကလာပ် ၅ – စည်းအားဖြင့် ရုပ်ကလာပ် ၁၁-စည်း။ |
| ၈။ | သောတဒသက ကလာပ်။ | |
| ၉။ | ဃာနဒသက ကလာပ်။ | |
| ၁၀။ | ဇိဝှါဒသက ကလာပ်။ | |
| ၁၁။ | ဝတ္ထုဒသက ကလာပ်။ | |

ဤရုပ်ကလာပ်တို့သည် ရူပက္ခန္ဓာ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်တရားတို့တည်း။

ဝတ္ထုရုပ် ၆–ခုတို့၌ ဒွါရ,အာရုံအလိုက် ထိုက်သလို မှီသော—

၁။ အာဝဇ္ဇန်းဒုက် ၂။

၂။ ကာမဝိပါက်ဇောဝီသ ၂၃။

၃။ ကာမကုသိုလ်,အကုသိုလ် ၂၀—အားဖြင့် ၄၅–ပါး၊ အသီးအသီး ယှဉ်ဖက်စေတသိက်၊ ဤစိတ်, စေတသိက်တို့သည် နာမက္ခန္ဓာလေးပါး၊ အာရုံသို့ ညွတ်ခြင်း လက္ခဏာရှိသော နာမ်တရားတို့တည်း။

ပုဂ္ဂိုလ် သတ္တဝါဟူ၍နှင့် မရောမယှက် သက်သက်သော ဤရုပ်နာမ် ၂–ပါး, ခန္ဓာငါးပါးတို့သည် မျက်တောင်တခတ် လျှပ်တပြက်မျှ ရပ်နားဘည်နေ ခိုင်မြဲခြင်း မရှိ၊ ဥပါဒ်ပေါ်မြောက် ဘင်သို့ရောက်က ချုပ်ပျောက်တတ်သော အနက်သဘောကြောင့် အနိစ္စာ=မမြဲ။ ဖြစ်ပျက်နှစ်ချပ် နှိပ်စက်အပ်၍ ကြောက်အပ်သော အနက်သဘောကြောင့် ဒုက္ခာ=ဆင်းရဲဘိတောင်း မကောင်း၊ အနှစ်အသားမဟုတ်, အနှစ်အသားမရှိသော အနက်သဘောကြောင့် အနတ္တာ=အတ္တမဟုတ်, အတ္တမရှိဟု အဖန်ဖန် အထပ်ထပ် မပြတ် ပွားများအားထုတ်ရမည်။

ဤကဲ့သို့ ပွားများအားထုတ်၍ သမ္မသနဉာဏ် ရင့်သန်သောအခါ ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့် လက္ခဏာရေးသုံးပါး ၃-ရပ်ကို အထပ်ထပ် ပွားများအားထုတ်၍ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသို့ ရောက်ပြီးလျှင် ယောဂီသန္တာန်၌ ဝိပဿနာဉာဏ်၏ ရင့်ခြင်းကို စွဲ၍ မဂ်ဖြစ်ပေါ်ခါနီးလတ်သော် ဘဝင်ကို ဖြတ်၍ ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ နှစ်ကြိမ်သော်လည်းကောင်း, သုံးကြိမ်သော် လည်းကောင်း ဖြစ်ကုန်သော ဝိပဿနာဇောတို့သည် အနိစ္စကိုသော်လည်းကောင်း, ဒုက္ခကိုသော်လည်းကောင်း, အနတ္တကိုသော် လည်းကောင်း တပါးပါးကို အာရုံပြုလျက် မရိကံ ဥပစာ အနုလုံ အမည်ဖြင့် ဖြစ်ကုန်၏။

ထို့နောင် ဂေါတြဘူသည် နိဗ္ဗာန်ကို အာရုံပြုပြီးလျှင် ပုထုဇဉ်ဇာတ်ကို လွှမ်းမိုးကျော်တက် အဆက်ဖြတ်လျက်လည်းကောင်း၊ အရိယာဇာတ်သို့ ပြေးဝင်ချဉ်းကပ် အနွယ်ဆက်လျက် လည်းကောင်း မဂ်ကို နိဗ္ဗာန်သို့ လမ်းညွှန်၍ ဖြစ်သည်။ မဂ်သည် ဂေါတြဘူလမ်းညွှန်ပြသော နိဗ္ဗာန်အားကိုးဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်ခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ဖြစ်စေခြင်းဟူသော မဂ်ကိစ္စလေးဝတို့ကို တပြိုင်နက်ပြုကာ အပ္ပနာလမ်းစဉ်သို့ သက်ဆင်းလာသည်။ မဂ်ဘကြိမ်ဖြစ်ပြီး နောက်၌ ဖိုလ်နှစ်ကြိမ်, သုံးကြိမ်ကျပြီးလျှင် ဘဝင်သို့ ဆိုက်ရောက်သည်။ တဖန် ဘဝင်ကိုဖြတ်၍ မဂ် ဖိုလ် နိဗ္ဗာန်ကို အမှန်ဆင်ခြင်သော ပစ္စဝေက္ခဏာဇော၊ ပယ်ပြီး ကိလေသာ, ပယ်ကြွင်း ကိလေသာတို့ကို အချို့သာ ဆင်ခြင်သော ပစ္စဝေက္ခဏာ ကာမဇောများကျ၍ မဂ်ကိစ္စပြီးဆုံးခြင်းသို့ ရောက်သည်။

ဇေ၀-ဤသို့လျှင်။ ပဋိပဇ္ဇန္တဿ-ဝိပဿနာအလုပ် အားထုတ်သောယောဂီ၏သန္တာန်၌။ ဝိပဿနာပရိပါကံ-ဝိပဿနာဉာဏ်၏ ရင့်ကျက်ခြင်းကို၊ အာဂမ္မ-စွဲ၍။ ဣဒါနိ-ယခုအချိန်၌။ အပ္ပနာ-မဂ်သည်။ ဥပ္ပဇ္ဇိဿတိ-ဖြစ်လတ္တံ့။ ဣတိ-ဤသို့ပြောဆိုသင့်သော အပ္ပနာဖြစ်ခါနီး၌။ ဘဝင်-ဘဝင်ကို။ ဝေါစ္ဆိန္ဒိတွာ-ဖြတ်၍ (ဖြတ်စေ၍)။ ဥပ္ပန္န-

မနောဒွါရာဝဇ္ဇနာနန္တရံ–ဖြစ်သော မနောဒွါရာဝဇ္ဇန်း၏ နောက်နား၌။ ဒွေ တီဏိ–နှစ်ကြိမ်သော် လည်းကောင်း, သုံးကြိမ်သော် လည်းကောင်း ဖြစ်ကုန်သော။ ဝိပဿနာစိတ္တာနိ–ဝိပဿနာဇော တို့သည်။ ယံကိဉ္စိ အနိစ္စာဒိလက္ခဏံ–အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးတို့တွင် တပါး ပါးသော လက္ခဏာကို။ အာရဗ္ဘ–အာရုံပြု၍။ ပရိကမ္မောပစာရာနု-လောမနာမေန–ပရိကံ ဥပစာ အနုလုံ အမည်ဖြင့်။ ပဝတ္တန္တိ–ဖြစ်ကုန်၏။

ယာ–အကြင် သင်္ခါရုပေက္ခာဉာဏ်သည်။ သိခါပတ္တာ–အထွတ် အထိပ်သို့ ရောက်၏။ သာနုလောမာ–အနုလောမဉာဏ်နှင့် တကွသော။ သာသင်္ခါရုပေက္ခာ–ထိုသင်္ခါရုပေက္ခာဉာဏ်ကို။ ဝုဋ္ဌာနဂါမိနီဝိပဿနာတိ စ–နိမိတ္တ, ပဝတ္တ နှစ်ပါးမှ ထသွားတတ်သော မဂ်သို့ရောက်ကြောင်း ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဟူ၍လည်း။ ပဝုစ္စတိ–ဆိုအပ်၏။ တတော ပရံ–ထို့နောင်မှ။ ဂေါတြဘုစိတ္တံ–ဂေါတြဘူဇောသည်။ နိဗ္ဗာနံ–နိဗ္ဗာန်ကို။ အာလမ္ဗိတွာ–ဆွဲကိုင်၍။ ပုထုဇ္ဇနဂေါတ္တံ–ပုထုဇန်ဇာတ်ကို။ အဘိ-ဘဝန္တံ–လွှမ်းမိုးကျော်ထက် မျိုးနွယ်ဖြတ်လျက်လည်းကောင်း။ အရိယ-ဂေါတ္တံ–အရိယာဇာတ်သို့။ အဘိသမ္ဘောန္တံ စ–ပြေးဝင်ချဉ်းကပ် မျိုးနွယ်စပ်လျက် လည်းကောင်း။ ပဝတ္တတိ–ဖြစ်၏။

တဿ ထို နိဗ္ဗာန်ညွှန်သူ ဂေါတြဘု၏။ အနန္တရံ ဝေ–ချုပ်၍ အသွား နောက်ဆွယ်နား၌ပင်လျှင်။ မဂ္ဂေါ–မဂ်သည်။ ဒုက္ခသစ္စံ–ဒုက္ခသစ္စာကို။ ပရိဇာနန္တော–ပိုင်းခြားသိမြင်လျက်။ သမုဒယသစ္စံ–သမုဒယ သစ္စာကို။ ပဇဟန္တော–ပယ်စွန့်လျက်။ နိရောဓသစ္စံ–နိရောဓသစ္စာကို။ သစ္ဆိကရောန္တော–မျက်မှောက်ပြုလျက်။ မဂ္ဂသစ္စံ–မဂ္ဂသစ္စာကို။ ဘာဝ-နာဝသေန–ဖြစ်စေသည်၏ အစွမ်းဖြင့်။ အပ္ပနာဝီထိံ–အပ္ပနာလမ်းစဉ် သို့။ ဩတရတိ–သက်ဆင်းလာ၏။

(မဂ်ဉာဏ်သည် သဟဇာတဇေကက္ခဏိကမဂ္ဂသစ္စာကို အဘယ်သို့ ကျေးဇူးပြုသနည်း ဟူရာ၌– မဂ်ဉာဏ်သည် ရှေးဝိပဿနာအဆက်ဆက် တက်လာခဲ့သောအဟုန်ဖြင့် ကြွင်းမဂ္ဂင် ၇–ပါးတို့ကို သဟဇာတဖြစ်သော ပစ္စယသတ္တိအစွမ်းဖြင့် ပွားစေသည်။ မဂ္ဂင် ၈–ပါးလုံးကိုပင် မဘေ့စေ သောအားဖြင့် သိသည်။)

မဂ္ဂံဘာဝနာဘိသမယေနာတိ မဂ္ဂဉာဏံ သမ္မာသက်ပ္ပါ-
ဒိသေသမဂ္ဂ သဟဇာတာဒိပစ္စယဘာဝသေန ဘာဝနာဘိသမ-
ယေန။ အဘိသမေတိ ပုဗ္ဗဘာဂဘာဝနာသမ္ဘူတေန အရိယမဂ္ဂ-
ဘာဝနာ သင်္ခါတေန ပဋိဝိဇ္ဈနေန အဘိသမေတိ ဧဝဉ္စကိံ မဂ္ဂံ
အသမ္မောဟတော ပဋိဝိဇ္ဈတိ၊ မဂ္ဂဉာဏံ ဟိ သမ္ပယုတ္တခေမ္မသု
သမ္မောဟံ ဝိဒ္ဓံသေန္တံ အတ္တနိပိ သမ္မောဟံ ဝိဒ္ဓံသေတိယေဝ။
ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ၊ ၂။ ၅၀၃။

တတော–ထိုမဂ်တကြိမ်မှ။ ပရံ–နောက်၌၊ ဒွေ တီဏိ–နှစ်ကြိမ်
သော်လည်းကောင်း၊ သုံးကြိမ်သော်လည်းကောင်း ဖြစ်ကုန်သော။
ဖလစိတ္တာနိ–ဖိုလ်ဇောတို့သည်။ ပဝတ္တိတွာ–ဖြစ်ကုန်ပြီး၍။ ဘဝင်္ဂပါ-
တော၀–ဘဝင်ကျသည်သာလျှင်။ ဟောတိ–ဖြစ်၏၊ ပုန–တဖန်၊
ဘဝင်္ဂံ–ဘဝင်ကို၊ ဝေါစ္ဆိန္ဒိတွာ–ဖြတ်၍၊ ပစ္စဝေက္ခဏဉာဏာနိ–
ပစ္စဝေက္ခဏာဉာဏ်တို့သည်။ ပဝတ္တန္တိ–ဖြစ်ကုန်၏။

ပဏ္ဍိတော–နိဗ္ဗာန်မြင်သိ အရိယာပညာရှိသည်၊ မဂ္ဂံ စ–မဂ်ကို
လည်းကောင်း။ ဖလဉ္စ–ဖိုလ်ကိုလည်းကောင်း၊ နိဗ္ဗာနံ စ–နိဗ္ဗာန်ကို
လည်းကောင်း၊ ပစ္စဝေက္ခတိ–ဆင်ခြင်သည်သာတည်း။ ဟီနေ–ပယ်
အပ်ပြီးကုန်သော။ ကိလေသေ–ကိလေသာတို့ကို လည်းကောင်း။ သေ-
သေ စ–ပယ်ကြွင်း ကိလေသာတို့ကို လည်းကောင်း။ ပစ္စဝေက္ခတိ ဝါ–
အချို့ဆင်ခြင်၏။ န ဝါ ပစ္စဝေက္ခတိ–အချို့ မဆင်ခြင်။

ဧဝံ–ဤသို့။ ဆဗ္ဗိသုဒ္ဓိကမေန–ခြောက်ပါးသော ဝိသုဒ္ဓိအစဉ်
ဖြင့်။ ဘာဝေတဗ္ဗော–ပွားစေအပ်သော၊ စတုဗ္ဗိဓော–လေးပါးအပြား
ရှိသော၊ မဂ္ဂေါ–မဂ်ကို။ ဉာဏဒဿနဝိသုဒ္ဓိနာမ–ဉာဏဒဿနဝိသုဒ္ဓိ
မည်၏ ဟူ၍။ ပဝုစ္စတိ–ဆိုအပ်၏။ အယံ–ဤဆိုအပ်ပြီးသည်ကား၊
ဧတ္ထ–ဤဝိပဿနာကမ္မဋ္ဌာန်း၌။ ဝိသုဒ္ဓိဘေဒေါ–ဝိသုဒ္ဓိဖြင့် ခွဲအပ်သော
ကမ္မဋ္ဌာန်း အကွဲအပြားတည်း(အဘိဓမ္မတ္ထသင်္ဂဟ)။

အမျှားစု လူတို့ခန္ဓာကိုယ်၌ အဆက်မပြတ် အထပ်ထပ်ဖြစ်ပေါ်
လျက်ရှိသော နာမ်ရုပ်မျှကို ပိုင်းခြားခွဲထုတ် အကျဉ်းချုပ်ပြီး ဝိပဿနာ
အလုပ် ပွားများအားထုတ်နည်း ပြီး၏။

## ကာမဘုံသား ပုထုဇ္ဇန်များ ကပြရာဇာတ်ရုံနှင့် ခန္ဓာကိုယ်တွင် ဇာတ်သဘင်အဖွဲ့ကို ခွဲခြားပြဆိုခြင်း

၁။ ဇာတ်ရုံ ၁၁-ရုံတွင် အလှည့်ကျလျှင် ကပြရန်၊
၂။ ကာမ ပုထုဇ္ဇန် ၄-ယောက်တို့ သန္တာန်၌
၃။ ရုံပိုင်ရှင် ၂၀၊
၄။ ဇာတ်လိုက်မင်းသား ၁၀၊
၅။ ဇာတ်အဖွဲ့ဝင် ၁၅၊

ဤ ၄၅-ယောက်တို့ အလှည့်ကျလျှင် ကပြရန် သမင်္ဂီအနေအားဖြင့် အမြဲကပြလျက် ရှိနေသည်။

### ၁။ ဇာတ်ရုံ ၁၁-ရုံ

(က) ငရဲ
(ခ) တိရစ္ဆာန်
(ဂ) ပြိတ္တာ
(ဃ) အသူရကာယ်
} အပါယ် ၄-ဘုံ

(င) လူ့ဘုံ
(စ) စာတုမဟာရာဇ်
(ဆ) တာဝတိံသာ
(ဇ) ယာမာ
(ဈ) တုသိတာ
(ည) နိမ္မာနရတိ
(ဋ) ပရနိမ္မိတ ဝသဝတ္တီ
} ကာမသုဂတိ ၇-ဘုံ

ဤ ၁၁-ဘုံကို ဇာတ်ရုံ ၁၁-ရုံ ဆိုသည်။

## ၂။ ပုထုဇ္ဇန် ၄-ယောက်

(က) ဒုဂ္ဂတိ အဟိတ် ပုထုဇ္ဇန်
(ခ) သုဂတိ အဟိတ် ပုထုဇ္ဇန်
(ဂ) ဒွိဟိတ် ပုထုဇ္ဇန်
(ဃ) တိဟိတ် ပုထုဇ္ဇန်

ဤ ၄-ယောက်ကို ကာမပုထုဇ္ဇန် ၄-ယောက် ဆိုသည်။

## ၃။ ရုံပိုင်ရှင်နှစ်ဆယ်

(က) အကုသိုလ်စိတ် ၁၂၊
(ခ) မဟာကုသိုလ်စိတ် ၈၊

ဤ ၂၀-ကို ရုံပိုင်ရှင် ဆိုသည်။

## ၄။ ဇာတ်လိုက်မင်းသားတစ်ဆယ်

(က) အကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၁၊
(ခ) အဟိတ်ကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၁၊
(ဂ) မဟာဝိပါက်စိတ် ၈၊

ဤ ၁၀-ကို ကာမဘုံ၌ ဇာတ်လိုက်မင်းသား ဆိုသည်။

## ၅။ ဇာတ်အဖွဲ့ဝင် တစ်ဆယ့်ငါး

| | | | |
|---|---|---|---|
| (က) | အာဝဇ္ဇန်း | (ဒုက်) | ၂။ |
| (ခ) | စက္ခုဝိညာဉ် | (ဒုက်) | ၂။ |
| (ဂ) | သောတဝိညာဉ် | (ဒုက်) | ၂။ |
| (ဃ) | ဃာနဝိညာဉ် | (ဒုက်) | ၂။ |
| (င) | ဇိဝှါဝိညာဉ် | (ဒုက်) | ၂။ |
| (စ) | ကာယဝိညာဉ် | (ဒုက်) | ၂။ |

(ဆ) သမ္ပဋိစ္ဆန်း (ဒုက်) ၂။
(ဇ) သောမနဿသန္တီရဏ ၁။

ဤ ၁၅–ခုကို ဇာတ်အဖွဲ့ဝင် ဆိုသည်။

ဇာတ်လိုက်မင်းသား ၁၀-ယောက်တို့သည် ရုံပိုင်ရှင်တို့ တာဝန်ချရာ ဇာတ်ရုံ၌ တာဝန်အရ ကပြကြရသည်။

ဇာတ်အဖွဲ့ဝင် ၁၅-ယောက်တို့သည် ရုံပိုင်ရှင် ဇာတ်လိုက်မင်းသားတို့ ကပြရာ ဇာတ်ရုံ၌ ဆိုင်ရာဆိုင်ရာ ဇာတ်ကွက်ဇာတ်လမ်းတွင် တာဝန်အရ ကပြကြရသည်။

ယင်းကဲ့သို့ ကပြကြရာ ဇာတ်လမ်း ဇာတ်ကွက်တို့၌ အရေးပါအရာရောက်ဆုံးဖြစ်သော ဇာတ်လိုက်မင်းသား ၁၀-ယောက် တို့သည် တဘဝအတွက် မိမိအလှည့်ကျ၍ ထွက် ကပြရသောအခါ (၁) ပွဲဦးထွက်ခေါင်းဆောင်မင်းသား၊ (၂) ပွဲအလယ်ပိုင်း ဇာတ်ထိန်းမင်းသား၊ (၃) နောက်ဆုံးပိုင်း ဇာတ်သိမ်းမင်းသားအဖြစ်ဖြင့် သုံးထွေ သုံးဌာနတို့၌ တာဝန်ယူ၍ တာဝန်အရ ကပြကြရလေသည်။

(၁) ပဋိသန္ဓေ စိတ်သည် ပွဲဦးထွက် ခေါင်းဆောင်မင်းသား၊ (၂) ဘဝင်စိတ်သည် ဇာတ်အလယ်ပိုင်း ဇာတ်ထိန်းမင်းသား၊ (၃) စုတိ စိတ်သည် နောက်ဆုံးပိုင်း ဇာတ်သိမ်းမင်းသားတို့ ဖြစ်ကြသည်။ တိဟိတ် ကာမပုထုဇ္ဇန် ပုဂ္ဂိုလ်ကြီးသန္တာန်၌ အလှည့်ကျလျှင် ထွက် ကပြရန် အမြဲကပ်ပါလျက်ရှိသော အကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်သည် အပါယ်လေးဘုံ ဇာတ်ရုံကြီး လေးခုတို့အတွင်း အလှည့်ကျ၍ ကပြရသောအခါ ပဋိသန္ဓေအခါ ပွဲဦးထွက်ခေါင်းဆောင်မင်းသား, ဘဝင်အခါ ဇာတ်ထိန်းမင်းသား, စုတိအခါ ဇာတ်သိမ်းမင်းသားအဖြစ် တာဝန်ယူ ကပြရသည်။

နည်းတူပင် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် လူ့ဘုံ, စာတုမဟာရာဇ်ဘုံ ဇာတ်ရုံကြီးနှစ်ခုအတွင်း၌ ပဋိသန္ဓေအခါ ပွဲဦးထွက် ခေါင်းဆောင်မင်းသား, ဘဝင်အခါ ဇာတ်ထိန်းမင်းသား, တိစုအခါ ဇာတ်သိမ်းမင်းသား အဖြစ်ဖြင့် တာဝန်ယူ ကပြရသည်။

ထို့အတူပင် မဟာဝိပါက်စိတ် ၈-ခုတို့သည် ကာမသုဂတိ ခုနစ်ဘုံ ဇာတ်ရုံကြီး ခုနစ်ရုံ့အတွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သလို ပဋိသန္ဓေအခါ ပွဲဦးထွက် ခေါင်းဆောင်မင်းသား, ဘဝင်အခါ ဇာတ်ထိန်း မင်းသား, စုတိအခါ ဇာတ်သိမ်း မင်းသားတို့အဖြစ်ဖြင့် တာဝန်ယူ ကပြကြရလေသည်။

ထို့ကြောင့်—

(၁) တိဟိတ်ကာမစုတိ ၄-ခု နောင် ကာမပဋိသန္ဓေ ၁၀-ကို ချအပ်၏။

(၂) ဒွိဟိတ်ကာမ စုတိ ၄-ခု နောင် ကာမပဋိသန္ဓေ ၁၀-ကို ချအပ်၏။

(၃) သုဂတိအဟိတ်စုတိ ၁-ခု နောင် ကာမပဋိသန္ဓေ ၁၀-ကို ချအပ်၏။

(၄) ဒုဂ္ဂတိအဟိတ်စုတိ ၁-ခု နောင် ကာမပဋိသန္ဓေ ၁၀-ကို ချအပ်၏။

ဤစကားဖြင့် ကာမပုထုဇ္ဇန် ၄-ယောက်တို့သန္တာန်၌ အလှည့်ကျလျှင် ထွက်ကပြရန် ကာမဇာတ်လိုက်မင်းသား ၁၀-ယောက် အမြဲကပ်ပါလျက်ရှိသည်ကား အလွန်ထင်ရှားသည်။ အရှင်ဒေဝဒတ်ဝတ္ထုနှင့်ဖားနတ်သား ဝတ္ထုများဖြင့်လည်း ထင်ရှားပါသည်။

အပါယ် ၄-ဘုံသည် အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ဇာတ်လိုက်မင်းသား၏ ပွဲဦးထွက်, ဇာတ်ထိန်း ဇာတ်သိမ်း မင်းသားအဖြစ် ကပြရာ ဇာတ်ရုံကြီး ၄-ရုံတို့တည်း။

လူ့ဘုံ, စာတုမဟာရာဇ်ဘုံ ဤ ၂-ဘုံတို့သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ဇာတ်လိုက်မင်းသား၏ ပွဲဦးထွက်, ဇာတ်ထိန်း, ဇာတ်သိမ်းမင်းသားအဖြစ် ကပြရာ ဇာတ်ရုံကြီး ၂ ရုံတို့တည်း။

ကာမသုဂတိ ၇-ဘုံတို့သည် မဟာဝိပါက် ၈-ခု ဟူသော ဇာတ်လိုက်မင်းသား ၈-ယောက်တို့၏ ပွဲဦးထွက်, ဇာတ်ထိန်း, ဇာတ်သိမ်း မင်းသားတို့အဖြစ် ကပြရာ ဇာတ်ရုံကြီး ၇-ရုံတို့တည်း။

ဥဒ္ဒစ္စသဟဂုတ် အကုသိုလ်ကံသည် ပဋိသန္ဓေကျိုးကို မပေးနိုင်ဟု စာ*ရှိသဖြင့် ဥဒ္ဒစ္စသဟဂုတ်ကြဉ်သော အကုသိုလ်ကံ တဆယ့်တခုတို့သည် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ဇာတ်လိုက်မင်းသားနှင့် အပါယ်လေးဘုံ ဇာတ်ရုံကြီး ၄-ရုံတို့၏ ပိုင်ရှင်တို့တည်း။

ဒွိဟိတ်ဩမက ကာမကုသိုလ်ကံ ၄-ခုတို့သည် အဟိတ်ကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ဇာတ်လိုက်မင်းသားနှင့် လူ့ဘုံ, စာတုမဟာရာဇ်ဘုံ ဇာတ်ရုံကြီး ၂-ရုံတို့၏ ပိုင်ရှင်တို့တည်း။

ဒွိဟိတ်ဥက္ကဋ္ဌ, တိဟိတ်ဥက္ကဋ္ဌ, ဩမက ကာမကုသိုလ်ကံ ၈-ခု တို့သည် ဒွိဟိတ်, တိဟိတ် မဟာဝိပါတ် ဇာတ်လိုက်မင်းသား ၈-ယောက် တို့နှင့် ကာမသုဂတိ ၇-ဘုံ ဇာတ်ရုံကြီး ၇-ရုံတို့၏ ပိုင်ရှင်တို့တည်း။

ဘဝသစ်၌ ပဋိသန္ဓေစိတ် ပွဲဦးထွက် ခေါင်းဆောင်မင်းသား စ၍ဖြစ်ပေါ်သည်နှင့် တပြိုင်နက် ယှဉ်ဘက် စေတသိက်, အတူဖြစ်ဘက် ကမ္မဇရုပ်များလည်း အတူတကွ ပါလာကြသည်။ ပဋိသန္ဓေစိတ် ပွဲဦးထွက် ခေါင်းဆောင်မင်းသား, ယှဉ်ဘက်စေတသိက်, အတူဖြစ်ဘက် ကမ္မဇရုပ် တို့ တပြိုင်နက် ဖြစ်ပေါ်ကြသော်လည်း ပြဋ္ဌာန်းရေးကို စွဲ၍–

ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ

သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ–

ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်သည်၊ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်သည်၊ သဠာယတနကြောင့် ဖဿဖြစ်သည်၊ ဖဿကြောင့် ဝေဒနာ ဖြစ်သည်ဟု ပစ္စုပ္ပန်အကျိုး ၅-ပါးကို တခြားစီဖြစ်သကဲ့သို့ ခွဲခြား၍ ဟောတော်မူသည်။

ဘဝသစ်၌ ပဋိသန္ဓေဝိညာဉ်သာ စ၍မဖြစ်ပေါ်လျှင် နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ အကျိုး ၅-ပါးလည်း မဖြစ်ပေါ်နိုင်ပေ။ ဝိညာဉ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ– ပစ္စုပ္ပန်အကျိုး ၅-ပါး မဖြစ်ပေါ်လျှင် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ

---

* အဘိဓမ္မတ္ထသင်္ဂဟ၊ ၀၅။ အဘိဓမ္မဝိဘာဝိနီ၊ ၁၇၀–၁၀၁။ အဘိဓမ္မ ဝိကာသိနီ၊ ၂၊ ၆၉။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ၂၊၁၂၂။

ဟူသော ပစ္စုပ္ပန်အကြောင်း ၅-ပါးလည်း မဖြစ်ပေါ်နိုင်တော့ပေ။ ပစ္စုပ္ပန်အကြောင်း ၅-ပါး မဖြစ်ပေါ်လျှင် ဝိညာဉ်, နာမ်ရုပ်,သဠာယ-တန, ဖဿ, ဝေဒနာ ဟူသော အနာဂတ် အကျိုး ၅-ပါးလည်း မဖြစ်ပေါ်တော့ပေ။

ထိုအခါ သံသရာစက်ရဟတ် ပြတ်သည်ဟု ဆိုရသည်။ ထို့ကြောင့် ပဋိသန္ဓေစိတ်ကို တဘဝအတွက် ပွဲဦးထွက် ခေါင်းဆောင် ဇာတ်လိုက်မင်းသားဟု ဆိုသည်။

ဘဝသစ်၌ ပွဲဦးထွက် ခေါင်းဆောင်မင်းသား ပဋိသန္ဓေစိတ်၏ အခြားမဲ့၌ ဘဝင် ၁၅-ချက်၊ ၁၆-ချက် တဆက်တည်း ဖြစ်ပေါ်ပြီး နောက် ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ် ဟူသော ဘဝသစ်ကို အာရုံပြုသော မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိက လောဘဇော ၇-ကြိမ်, ဝီထိစိတ် အနည်းငယ်မျှသာ ဖြစ်ပေါ်သည်။ အမိဝမ်းတွင်း၌ ၉-လ၊ ၁၀-လတို့ပတ်လုံး ဘဝင်စိတ်တွေသာ မြစ်ရေအယဉ်ကဲ့သို့ တသွင်သွင် ဖြစ်နေသည်။

"အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊ သတ်ပြက်တစေ"

ဟူရကား ကာယဒွါရ ဝီထိကလေးများ အနည်းငယ် ဖြစ်တန်ရာ သေး၏။

ပဝတ္တိကာလ၌လည်း ပဉ္စဒွါရဝီထိ ၇၅-ဝီထိ ရှိသည့်အနက် ဝီထိ ၂၀-သာ ပဉ္စဒွါရာဝဇ္ဇန်း စသော ဝီထိစိတ်များ ဖြစ်ပေါ်၍ ၅၅-ဝီထိမှာ ဝီထိစိတ်မဖြစ်ပေါ်ပဲ ဘဝင်စိတ်တွေသာ တသွင်သွင် ဖြစ်နေသည်။ အချိန်နာရီပေါင်းများစွာ အိပ်ပျော်နေသူ၌ ပဉ္စဒွါရာဝဇ္ဇန်း စသော ဝီထိစိတ်များ မဖြစ်ပေါ်ကြပဲ ဘဝင်စိတ်ချည်းသာ တသွင်သွင် ဖြစ်နေသည်။ ပဋိသန္ဓေစိတ်, စုတိစိတ်တို့သည် တဘဝအတွင်း တကြိမ်စီသာ ဖြစ်ခွင့်ရကြသည်။ ပဋိသန္ဓေမှ စုတိတိုင်အောင် တဘဝလုံး၌ ပဉ္စဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်များသည် ဒွါရ, အာရုံ ပေါင်းဆုံခြင်း စသော ပစ္စုပ္ပန်အကြောင်းများရှိမှ ဖြစ်ပေါ်နိုင်ကြသည်။ ဒွါရအာရုံ ပေါင်းဆုံခြင်း စသော ပစ္စုပ္ပန်အကြောင်းများ မရှိခဲ့လျှင် ဇတိတ်

အကြောင်း ကံကြောင့်ဖြစ်သော ဘဝင်စိတ်တွေဟာ တသွင်သွင် ဖြစ်ပေါ်နေကြသည်။ ဘဝင်စိတ် မဖြစ်ပေါ်လျှင် ပဉ္စဒွါရာဝဇ္ဇန်း စသော ဝီထိစိတ်များလည်း မဖြစ်ပေါ်နိုင်ကြပေ၊ အတိတ်အကြောင်း ကံကြောင့် မြစ်ရေအယဉ်ကဲ့သို့ တသွင်သွင်ဖြစ်နေသော ဘဝင်စိတ်အဖြစ် ရပ်သွားခြင်းကို သေသည်ဟု ဆိုရသည်။ ထို့ကြောင့် တဘဝလုံးကို မသေအောင် ထိန်းထားသော ဘဝင်စိတ်ကို ဓာတ်ထိန်းမင်းသားဟု ဆိုသည်၊

ကေသိ° ဟိ ဘဝေ ယံ သဗ္ဗပစ္ဆိမံ ဘဝင်္ဂစိတ္တံ။
တံ တတော စဝနတ္တာ စုတီတိ ဝုစ္စတိ၊

(ဝိသုဒ္ဓိမဂ္ဂ၊ ၂၊ ၉၀။)

ဟိ မှန်၏။ ကေသိ° ဘဝေ—ပဋိသန္ဓေအစ စုတိအဆုံး တဘဝလုံး၌။ သဗ္ဗပစ္ဆိမံ-တဘဝလုံးတွင် အလုံးစုံတို့၏ နောက်ဆုံးဖြစ်သော။ယံ ဘဝင်္ဂစိတ္တံ-အကြင် ဘဝင်စိတ်သည်။ အတ္ထိ-ရှိ၏၊ တံ-ထိုတဘဝလုံး၏ နောက်ဆုံး ဘဝစိတ်ကို။ တတော—ထို တည်နေဆဲ ဘဝမှ၊ စဝနတ္တာ—နောက်ဆုံးအဖြစ်, ရပ်စဲသော စိတ် ဖြစ်ခြင်းကြောင့်၊ စုတီတိ—စုတိစိတ်ဟူ၍၊ ဝုစ္စတိ—ဆိုအပ်၏။

ဟူသည်နှင့်အညီ စုတိစိတ်ဟူသည်လည်း အတိတ်ကံ စွမ်းအင်ကြောင့် တဘဝအတွင်း မြစ်ရေယဉ်ကဲ့သို့ တသွင်သွင်ဖြစ်နေသော နောက်ဆုံးဘဝင်စိတ် အဖြစ်ချုပ်သွားခြင်းပင်တည်း။ ထိုသို့ နောက်ဆုံး ဘဝင်စိတ် အဖြစ်ချုပ်သွားခြင်းဟူသော စုတိစိတ်ကို တဘဝအတွင်း နောက်ပိတ်ဆုံး ဖြစ်၍ ဓာတ်သိမ်းမင်းသား ဆိုသည်၊ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့ဟူသည် အောက်၌ ဖော်ပြခဲ့သော ဓာတ်လိုက်မင်းသား ၁၀-ယောက်တို့တွင် တယောက်ယောက် အလှည့်ကျ၍ ထွက်ကပြသော ဓာတ်ကွက် ဓာတ်လမ်း သုံးမျိုးတို့တည်း၊

ပဉ္စဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့သည် ဒွါရ, အာရုံပေါင်းဆုံခြင်း စသော ပစ္စုပ္ပန်အကြောင်း အကူအညီကို မရရှိက မဖြစ်ပေါ်နိုင်ကြပဲ ပစ္စုပ္ပန်အကြောင်း၊ အကူအညီကို ရရှိမှ ဖြစ်ပေါ်နိုင်ကြသကဲ့သို့ ဓာတ်

လိုက်မင်းသား ၁၀-ယောက်တို့မှာ ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စတာဝန်ကို ယူရသောအခါ ဒွါရ, အာရုံ ပေါင်းဆုံခြင်းစသော ပစ္စုပ္ပန်အကြောင်း အကူအညီမလိုပဲ ဘဝအဆက်ဆက်က ပြုခဲ့သော ကာမကုသိုလ်, အကုသိုလ် အကြောင်း ကံဟုန် မကုန်သေးသမျှ တဘဝပြီးတဘဝ ဆုံလည်သည့်နွား, ရဟတ်ခြားကဲ့သို့ မရပ်မနား ဖြစ်ပေါ်နေကြခြင်း ကြောင့် ဤကိစ္စသုံးမျိုးကို တာဝန်ယူကြရသော ဤစိတ် ၁၀-မျိုးကို ဇာတ်လိုက်မင်းသား ၁၀-ယောက်ဟု ဆိုသည်။

ထိုဇာတ်လိုက်မင်းသားဖြစ်သော ဤစိတ် ၁၀-မျိုးတို့သည် ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စတာဝန်များကို အလှည့်မကျပဲ သန္တီရဏ တဒါရုံကိစ္စမျှ တာဝန်ယူရသောအခါ ဇာတ်လိုက်မင်းသားအဖြစ်ဖြင့် တာဝန်ယူရသလို အတိတ်ကံအကြောင်းသက်သက်ဖြင့် မဖြစ်ပေါ်နိုင်ကြပဲ ဒွါရ, အာရုံ ပေါင်းဆုံခြင်းစသော ပစ္စုပ္ပန်အကြောင်း အကူအညီရှိမှ အလှည့်ကျ ဇာတ်လိုက်မင်းသား၏ ဇာတ်အဖွဲ့ဝင်အဖြစ်ဖြင့် တာဝန်ယူ ဖြစ်ပေါ်နိုင်ကြသည်။ ပဉ္စဒွါရာဝဇ္ဇန်း, ပဉ္စဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆန်းဒုက်, သောမနဿသန္တီရဏ, ဝုဋ္ဌော, ကာမကုသိုလ်, အကုသိုလ် ၂၀၊ ဤ ၃၅-ပါး တို့ ကား ပစ္စုပ္ပန် အကူအညီအကြောင်း အမြဲ ရှိ မှ မိမိကျရောက်ရာ တာဝန်ကို ထမ်းဆောင်ရန် ဇာတ်အဖွဲ့ဝင်အဖြစ် ပါဝင် ဖြစ်ပေါ်နိုင်ကြသည်။

ဇာတ်လိုက်မင်းသား ၁၀-ယောက်နှင့် ရုပ်ပိုင်ရှင် ၂၀-ယောက်၊ ဇာတ်အဖွဲ့ဝင် ၁၅-ယောက်တို့သည် တရားကိုယ်အားဖြင့် အာဝဇ္ဇန်းဒုက်, ကာမဝိပါက် တေဝီသ, ကာမကုသိုလ်, အကုသိုလ်ဇော ၂၀၊ ဤ ၄၅-ယောက်တို့တည်း။ (စိတ်ကိုဆိုက ယှဉ်ဘက်စေတသိက်များလည်း ပါဝင်သည်။)

ထိုဇာတ်အဖွဲ့သမား ၄၅-ယောက်တို့ ကာမ ၁၁-ဘုံ ဇာတ်ရုံတွင်း၌ ဆိုင်ရာဆိုင်ရာ ကပြရသော ဇာတ်ကွက် ဇာတ်လမ်းမှာ ပဋိသန္ဓေ,ဘဝင်, အာဝဇ္ဇန်း, ဒဿန, သဝန, ဃာယန, သာယနာ, ဖုသန, သမ္ပဋိစ္ဆန, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ, စုတိဟု ဇာတ်ကွက် ဇာတ်လမ်း ၁၄-ခုတို့ ဖြစ်သည်။ဆိုင်ရာဆိုင်ရာ အလှည့်ကျ၍ ကပြကြရာ၌ လောကီ လူသားတို့ ကပြသော ဇာတ်ကွက်ဇာတ်လမ်းကဲ့သို့ ဇာတ်ကွက်ဇာတ်လမ်း

တခုတည်းဝယ် အမျိုးမျိုးပါဝင် ကပြနိုင်သလို အများပါဝင်မကပြနိုင်ကြပေ။ အလှည့်ကျ၍ ဖြစ်ပေါ်နေသော ရှေ့စိတ်တခု ချုပ်သွားမှ အလှည့်ကျ နောက်စိတ်တခု ဆက်၍ ဖြစ်ပေါ်နိုင်သည်။ စိတ်နှစ်ခုပြိုင်၍ မဖြစ်ပေါ်နိုင်ကြပေ။

စုလ္လာသိတိသဟဿာနိ၊ ကပ္ပံ တိဋ္ဌန္တိ ယေ မရူ။
န တွေဝ တေပိ တိဋ္ဌန္တိ၊ ဒွိစိတ္တေဟိ သမောဟိတာ။

ယေ မရူ-အကြင်နတ်တို့သည်။ စုလ္လာသိတိသဟဿာနိ ကပ္ပံ-ပေါကပ် ရှစ်သောင်းလေးထောင်တိုင်တိုင်။ တိဋ္ဌန္တိ-တည်ကုန်၏။ တေပိ-ထိုနေဝသညာ နာသညာ နတ်တို့သည်လည်း။ ဒွိစိတ္တေဟိ-စိတ္တက္ခဏ နှစ်ချက်တို့နှင့်။ သမောဟိတာ-ထက္ခဖြစ်ကုန်၍၊ န တွေဝ တိဋ္ဌန္တိ-မတည်ကြကုန်သည်သာတည်း။

ဟူ၍ ပရမတ္ထ သရူပဘေဒနီကျမ်း (၂၊ ၅၄၀-၉*)၌ မိန့်ဆိုတော်မူသည်။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တို့မှစ၍ သတ္တဝါအနန္တတို့သည် စိတ္တက္ခဏဘချက်မျှသာ အသက်ရှင်ကြကုန်သည်။

ဤသို့ ဆိုအပ်ပြီးသည်တို့ကား ကာမ ၁၁-ဘုံသား ပုထုဇ္ဇန်များ သန္တာန်၌ အလှည့်ကျလျှင် ထွက်၍ ကပြရန် အမြဲကပ်လျက်ပါသော ရုပ်ပိုင်ရှင် ၂၀-ယောက်၊ ပွဲဦးထွက် ခေါင်းဆောင်မင်းသား, ဇာတ်ထိန်းမင်းသား, ဇာတ်သိမ်းမင်းသား အမည်ခံ ဇာတ်လိုက်မင်းသား ၁၀-ယောက်တို့နှင့် ဇာတ်အဖွဲ့ဝင် ၁၅-ယောက်၊ ပေါင်း ၄၅-ယောက်တို့ ဇာတ်ကွက်ဇာတ်သိမ်း ၁၃-ခုတို့ဖြင့် ကပြကြရသော အခြင်းအရာတို့ပေတည်း။ ဟေတုသမ္မုဟ ဟူသော အကြောင်းကြောင့် ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောမယှက် သက်သက်သော နာမ်ရုပ်တို့ဖြစ်ခြင်းတည်း။

## ပုံပြင်ဝတ္ထု

ကာမဘုံသား ပုထုဇ္ဇန် ၄-ယောက်တို့ သန္တာန်၌ လိုရင်းပဓာနဖြစ်သော ခေါင်းဆောင် ဇာတ်လိုက်မင်းသား ၁၀-ယောက်တို့ အမြဲကပ်လျက် ပါရှိသည်ကို ထင်ရှားစေရန် ပုံပြင် ဝတ္ထုကို ပြဆိုဦးမည်။

* မိုရာ-မဟာနိဒ္ဒေသပါဠိ။ ၃၂၊ ၉၀။ ဝိသုဒ္ဓိမဂ်၊ ၂၊ ၂၆၀။

ငါတို့ ဂေါတမမြတ်စွာဘုရား မပွင့်ပေါ်မီ နီးကပ်သော အချိန်က အလ္လကပ္ပတိုင်းပြည်တွင် မိုးခေါင်ရေရှားဖြစ်၍ ငတ်မွတ်ခေါင်းပါးသော ကပ်ကြီး ဆိုက်ရောက်နေသည်။ ဝမ်းရေးကိစ္စ မပြည့်ဝသော ဆင်းရဲသားတယောက်သည် လူမမယ် သားငယ်ကလေးနှင့် ဇနီးမယားတို့ကို ခေါ်ဆောင်၍ အလ္လကပ္ပတိုင်းပြည်မှ ကောသမ္ဗီပြည်သို့ ထွက်ပြေးခဲ့သည်၊ ကောသမ္ဗီပြည် နွားသဌေးကြီးတဦးအိမ်သို့ အရောက် နွားသဌေးကြီး၏ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းကပ်လှူသော မင်္ဂလာနှင့် ကြုံနေသည်။ နွားသဌေးကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းကပ်လှူသော မင်္ဂလာအပြီး၌ မိမိကိုယ်တိုင်လည်း ထောပတ်ဆီဥတို့ဖြင့် လွှမ်းထုံချက်ပြုတ်ထားသော အဆူးကောင်းမွန်သော ထမင်းကို စားသည်။ ဧည့်သည်ဇနီးမောင်နှံတို့နှင့် အိမ်မွေးထားသော ခွေးမကြီးကိုပါ ကျွေးမွေးစေသည်။

ရိက္ခာပြတ်၍ အလွန်ဆာလောင်ငတ်မွတ်နေသော ဧည့်သည်ခရီးသွား ဆင်းရဲသားသည် ခွေးမကြီးကို ကျွေးမွေး၍ ခွေးမကြီးစားသောက်ရသော အစာအာဟာရ၌ တပ်မက်စွဲလမ်းသောစိတ်အမြဲဖြစ်လျက်ရှိနေသည်။ ဧည့်သည်ခရီးသွား လင်မယား နှစ်ယောက်တို့တွင် မယားသည် လင်ယောကျ်ား ထမင်းဝ၍ လင်အသက်ရှည်မှသာလျှင်ငါလည်း အသက်ရှင်နိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် နွားသဌေးကြီး စွန့်ကြဲပေးကမ်းသော နို့ထမင်းတို့ကို မိမိ အနည်းငယ်သာစား၍ လင်ယောကျ်ားကို စားပါ၊ စားပါဟု များစွာ ကျွေးလေသည်။ လင်ယောကျ်ားသည် ခုနစ်ရက်၊ ရှစ်ရက် အစာပြတ်၍ အာဟာရ တကျော့ကို ဖြတ်တောက်ခြင်းငှာ မစွမ်းနိုင်သဖြင့် ကျွေးသမျှ နှစ်ယောက်စာ ထမင်းကို တယောက်တည်း အကုန်စားလိုက်သည်။ ညဉ့်အဖို့ ရောက်သောအခါ အဆီအဆိမ့်များသော အစာအာဟာရတို့ကို ပါစကခေတ်မီးက ကြေကျက်အောင် မချက်နိုင်သဖြင့် ထိုဘဝမှသေ၍ စွဲလမ်းချက်ရှိသော ခွေးမကြီးဝမ်း၌ ဖြစ်သည်။ ခွေးဖြစ်ပြီး ခုနစ်လ ရှစ်လအရွယ်ရောက်၍ ပြေးလွှားနိုင်သောအခါ နွားသဌေးကြီး တနေ့နှစ်ကြိမ် ပစ္စေကဗုဒ္ဓါကျောင်းသို့ သွားရာတွင် အတူလိုက်ပါသည်။

## ဃောသကနတ်သား

လမ်းခရီး၌ သစ်ကျားသရဲတို့ဘေးရန်မှ ကင်းဝေးစေရန် သဒ္ဓေးကြီးအသံပေးသကဲ့သို့ ခွေးငယ်ကလေးကလည်း ကူညီ အသံပေးသည်။ ပစ္စေကဗုဒ္ဓါကို အလွန်ချစ်ခင် မြတ်နိုးမှုဖြင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ် သက်နိုးချုပ်ဆိုမှုကိစ္စအတွက် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူရာ မျက်စိဘဆုံး ကြည့်ရှုဖူးမြော်လျက် ပစ္စေကဗုဒ္ဓါအရှင်မြတ် ကွယ်ပျောက်သွားသောအခါ ရင်ကွဲနာဖြင့် သေပြီးလျှင် နတ်သမီးအခြောင်ခြံရံလျက် တာဝတိံသာ နတ်ပြည်၌ ဖြစ်လေသည်။ ထိုနတ်သားအသံသည် နားရင်းသို့ကပ်၍ တိုးတိုးပြောလျှင် ၁၆-ယူဇနာက ကြားနိုင်၍ ပင်ကိုသံဖြင့်ပြောမူ ယူဇနာတသောင်းကျယ်သော တာဝတိံသာ နတ်ပြည်တပြည်လုံး ကြားရသည်။

ထို့ကြောင့် ဃောသကနတ်သားဟူ၍ ကမည်တွင်သည်။ ကာမဂုဏ်အပျော်ကြူးကာ ယစ်မူး မေ့လျော့သဖြင့် မကြာမီ နတ်ပြည်မှ စုတေ၍ ကောသမ္ဗီပြည် ပြည့်တန်ဆာ၏ဝမ်း၌ ဖြစ်သည်။ နောက်ဆုံးဘဝ် ဘုရားရှင်ကိုဖူးမြော်တရားနာဘ်ကို ကြားနာရသောကြောင့် သောတာပန်အဖြစ်သို့ ရောက်သွားသည်။ ဃောသကသည် ဤဝတ္ထု၌ ဖော်ပြအပ်သော ကောသမ္ဗီပြည်၌ ဃောသိတ ရုံကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းသဖြင့် ဃောသိတ ရုံကျောင်း ဒါယကာ ဃောသကသူဌေးကြီးဟူ၍ ကမ္ဘာတွင် အနှံ့အပြား သတင်းကျော်ကြားလေသည်။ (အံ၊ ဋ္ဌ၊ ၁။ ၃၂၂-၃၃၄၊ ဓမ္မ၊ ဋ္ဌ။ ၁။ ၁၀၇-၁၁၃။)

ပုရိမံ ဘိက္ခဝေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ ဟတော။
ဘေသံ အနန္တရိကာ နတ္ထိ၊ ဝိဂိ ဧတသံ န ဝိဇ္ဇတိ။
န စိဘော ဂစ္ဆတေ ကိဉ္စိ၊ ပဋိသန္ဓိ စ ဇာယတိ။

(ပရမတ္ထသရူပ၊ ဒု။ ၅၁၉။)

ပုရိမံ စိတ္တံ ရှေ့ဘဝစုတိစိတ်သည်။ ဘိဇ္ဇတေ-ပျက်၏။ တဒဘာ-ထိုစုတိစိတ်ပျက်သည်မှ၊ အနန္တရံ-အခြားမဲ့၌။ ပစ္ဆိမံ-နောက်ဘဝ ပဋိသန္ဓိစိတ်သည်။ ဇာယတေ-ဖြစ်၏။ တေသံ-

ထိုစုတိ ပဋိသန္ဓေတို့၏။ အန္တရိကာ–အခြားအဆီးသည်။ နတ္ထိ–မရှိ။ ဘေသံ–ထိုစုတိ ပဋိသန္ဓေတို့၏။ ဝိစိ–အကြားအပြတ်သည်။ န ဝိဇ္ဇတိ–မရှိ။ ဣဓလောာ–ဤရှေးဘဝစုတိမှ။ ကိဉ္စိ–တစုံတခုသော နာမ်ရုပ်သည်။ န ဂစ္ဆတေ–နောက်ဘဝပဋိသန္ဓိသို့မသွားမရောက်။ စ–ယင်းသို့ပင် ရှေးဘဝ စုတိမှ နာမ်ရုပ်သည် နောက်ဘဝပဋိသန္ဓေသို့ မသွားမရောက်သော်လည်း။ ပဋိသန္ဓိ–တခြားသော ပဋိသန္ဓိစိတ်သစ်သည်။ ဇာယတိ–အကြောင်းကံဟုန် မကုန်သမျှ ဘဝဇာတိ သန္ဓေငြိကာ ဖြစ်ပေါ်ရပြန်လေသတည်း။

ဟူသည်နှင့်အညီ ညွှန်သည်ရှိးသွား ဆင်းရဲသား ယောကျ်ားသည် ပဋိသန္ဓိနေစဉ်က မဟာဝိပါက်စိတ် ၈–ခုတို့တွင် တခုခုဖြင့် ပဋိသန္ဓေနေရမည်ဖြစ်၍ ဒွိဟိတ် ပုဂ္ဂိုလ်သော်လည်းကောင်း၊ တိဟိတ်ပုဂ္ဂိုလ်သော်လည်းကောင်း တဦးဦးဖြစ်ရမည်။ ဒွိဟိတ် ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင်–

ပဋိသန္ဓိ ဘဝင်္ဂဉ္စ၊ တထာ စဝနမာနသံ၊
ဧကမေဝ တထေဝေက–ဝိသယဉ္စေကဇာတိယံ။

(အဘိဓမ္မတ္ထသင်္ဂဟ)

ဧကဇာတိယံ–တခုသောဘဝ၌။ ပဋိသန္ဓိ–ပဋိသန္ဓေသည်လည်းကောင်း။ ဘဝင်္ဂဉ္စ–ဘဝင်သည်လည်းကောင်း။ စဝနမာနသံ တထာ–စုတိစိတ်သည် လည်းကောင်း။ ဧကမေဝ–တခုတည်းသာတည်း။ တထေဝ–ထို့အတူသာလျှင်။ ဧကဝိသယဉ္စ–တခုတည်းသော အာရုံရှိသည်သည်း။ ဟောတိ–ဖြစ်၏။

ဟူသည်နှင့်အညီ သေသောအခါ ပဋိသန္ဓေနှင့်တူစွာ ဒွိဟိတ် ပုဂ္ဂိုလ်ဖြစ်၍ ဒွိဟိတ်စုတိ ကျရမည်။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် သေသောအခါ ပဋိသန္ဓေနှင့်တူစွာ တိဟိတ်စုတိ ကျရမည်။ ဤသည်ကား ညွှန်သည် ခရီးသွား ဆင်းရဲသား ယောကျ်ား၏ ပဋိသန္ဓိ,စုတိ နှစ်မျိုးဖြင့် သင့်သည်ကို ပြခြင်းတည်း။

ညွှန် သည်ခရီးသွား ဆင်းရဲသားယောကျ်ားသည် လူ့ပြည့်မှဒွိဟိတ် စုတိ တိဟိတ် စုတိ နှစ်မျိုးတွင် တမျိုးမျိုးဖြင့် စုတေ၍ အကုသလ

ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ အပါယ်ပဋိသန္ဓိစိတ်ဖြင့် ခွေးမကြီး ဝမ်း၌ ဖြစ်သည်။ တဖန် ပဋိသန္ဓိနှင့်တူစွာ အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်ဖြင့် အပါယ်ဘုံမှ စုတေ၍ ဒွိဟိတ် တိဟိတ် ကာမဝိပါက် ပဋိသန္ဓိ ၄—မျိုးတို့တွင် တမျိုးမျိုးဖြင့် ကောသမ္ဘိပြည် ပြည့်တန်းဆာမဝမ်း၌ ဖြစ်သည်။ တိဟိတ်ကာမဝိပါက်ဖြင့် ပဋိသန္ဓေ နေခြင်းကို သောတာပန်ဖြစ်သည်ကို ဆ၍ သိနိုင်သည်။

ညှော်သည် ခရီးသွား ဆင်းရဲသား ယောကျ်ား၏ စုတိမှ တစုံတခုသော နာမ်ရုပ်သည် အပါယ်ဘုံ ခွေး၏ပဋိသန္ဓိသို့ မသွားမရောက်၊ အပါယ်ဘုံသား ခွေး၏ စုတိမှ တစုံတခုသောနာမ်ရုပ်သည် တာဝတိံသာ ဃောသကနတ်သား၏ ပဋိသန္ဓိသို့ မသွားမရောက်၊ တာဝတိံသာဘုံ၌ ဃောသကနတ်သား၏ စုတိမှ တစုံတခုသော နာမ်ရုပ်သည် ကောသမ္ဘိပြည် ပြည့်တန်းဆာမဝမ်း၌ဖြစ်သော ဃောသကသူဌေးလောင်း ပဋိသန္ဓိသို့ မသွားမရောက်။ ယင်းကဲ့သို့ ရှေးဘဝ စုတိမှ နာမ်ရုပ်သည် နောက်ဘဝ ပဋိသန္ဓိသို့ မသွားမရောက်သော်လည်း မျိုးစေ့နှင့် သစ်ပင်ကဲ့သို့ ကြောင်း ကျိုးဆက်စပ် အဆက်မပြတ် ဖြစ်၍နေသည်ဟု ဉာဏ်ဖြင့် မြင်အောင် ရှုရမည်၊

အကယ်၍ ရှေးရှေးဘဝ စုတိမှ နာမ်ရုပ်တို့သည် နောက်နောက် ဘဝ ပဋိသန္ဓိသို့ သွားရောက်သည်ဟု ဆိုပါလျှင် ရှေးရှေးဘဝနှင့် နောက် နောက်ဘဝတို့သည် မကွဲမပြား တမျိုးတည်းသာ ဖြစ်ရမည်ဖြစ်သော ကြောင့် ညှော်သည်ခရီးသွား ဆင်းရဲသားသည် ခွေး မဖြစ်နိုင်။ ခွေးသည် နတ်သားမဖြစ်နိုင်၊ နတ်သားသည် ဃောသက သူဌေး မဖြစ်နိုင်၊ ထို့ ကြောင့် ညှော်သည်ခရီးသွား ဆင်းရဲသား၏ စုတိသည် ခွေး၏ပဋိသန္ဓိနှင့် တခြား၊ ခွေး၏ စုတိသည် နတ်သား၏ပဋိသန္ဓိနှင့် တခြား၊ နတ်သား၏ စုတိသည် ဃောသက၏ပဋိသန္ဓိနှင့် တခြားစီ ဖြစ်ကြသည်။ စုတိပဋိသန္ဓိနှင့် ပြောလျှင် စုတိသည် အတိတ်ဘဝ၊ ပဋိသန္ဓိသည် အနာဂတ်ဘဝဖြစ်သည်။ ထို့ကြောင့် စုတိနှင့် ပဋိသန္ဓိသည် တခြားစီဖြစ်သည်။ ပဋိသန္ဓိစုတိနှင့် ပြောလျှင် ပဋိသန္ဓိမှစုတိတိုင်အောင် ပစ္စုပ္ပန်ဘဝတမျိုးတည်းဖြစ်၍ ညှော် သည်ခရီးသွားဆင်းရဲသား၏ ပဋိသန္ဓိနှင့်စုတိသည် တမျိုးတည်းဖြစ်သည်၊

ခွေး၏ ပဋိသန္ဓိနှင့် စုတိသည် တမျိုးတည်းဖြစ်သည်။ နတ်သား၏ ပဋိသန္ဓိနှင့် စုတိသည်တမျိုးတည်းဖြစ်သည်။ ဃောသက၏ ပဋိသန္ဓိနှင့် စုတိသည် တမျိုးတည်းဖြစ်သည်။ ဤကဲ့သို့ စုတိသည် အတိတ်ဘဝ ပဋိသန္ဓိသည် အနာဂတ်ဘဝဖြစ်၍ စုတိနှင့် ပဋိသန္ဓိ တခြားစီအဖြစ်ကို ဆင်ခြင်ပွားများခြင်းကိုပင် သင်္ဂြိုဟ်ကျမ်း၌ အဓွန့်ကာလအားဖြင့် ပွားများခြင်းဟု ဆိုသည်။

စာရှုသူတို့သည် ဤပုံပြင်ဝတ္ထု၌ ဃောသကသဌေးလောင်း ညီ သည် ခရီးသွား ဆင်းရဲသား၏ လူ့ဘဝမှ ခွေးဘဝသို့၊ ခွေးဘဝမှ နတ်သားဘဝသို့၊ နတ်သားဘဝမှ ဃောသကဘဝသို့ တဘဝပြီးတဘဝ ပြောင်းရွှေ့ဖြစ်နေသော စုတိပဋိသန္ဓိကို မြင်သောအားဖြင့် ငါအပါ အဝင် ကာမဘုံသား ပုထုဇ္ဇန် ၄–ယောက်တို့ သန္တာန်၌ ဇာတ်လိုက်မင်းသား ၁၀=ယောက် အလှည့်ကျလျှင် ကပြရန် အမြဲကပ်ပါနေသည်ကို သိရှိ နားလည်သင့်ကြသည်။ သိရှိနားလည်ပြီးလျှင် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဇာတ်လိုက်မင်းသား အဖြစ်ဖြင့် အပါယ် ၄ ဘုံ ဇာတ်ရုံကြီးတို့အတွင်း ဇာတ်ကွက်ဇာတ်လမ်း ၃–ခုတို့ဖြင့် ကပြခြင်းမှ လည်းကောင်း၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဇာတ်လိုက်မင်းသားအဖြစ်ဖြင့် လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ ဇာတ်ရုံကြီး ၂–ရုံတို့အတွင်း ဇာတ်ကွက်ဇာတ်လမ်း ၃–ခုတို့ဖြင့် ကပြခြင်းမှ လည်းကောင်း၊ လွတ်မြောက်ကြရအောင် အကုသိုလ် ရှောင် ကုသိုလ်ကို ဆောင်သင့်ကြပေသည်။

ဘဝလွှတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်း ပြီး၏။

ရွှေကျင်ဆရာတော်ဘုရားကြီးများ၏

# ဂုဏ်တော် အရပ်ရပ်

နှင့်

# သိမှတ်ဖွယ် ဝိနိစ္ဆယများ

မိမိသည် ကျေးဇူးတော်ရှင် ဖြစ်တော်မူကြသော–

(၁) တတိယ ရွှေကျင်သာသနာပိုင် ဒုတိယဝိသုဒ္ဓါရုံဒိပဲယင်းဆရာတော်၊

(၂) ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်၊

(၃) အဘယာရာမ ရွှေဂူဆရာတော်

စသော ဆရာမြတ်တို့အထံမှ သာသနာနှင့်ပေါ်သည့် ဗဟုသုတများ၊ ရွှေကျင်ဂိုဏ်းဝင် ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများတို့၏ဂုဏ်တော် ကျေးဇူးတော်များ၊ ထိုဆရာတော်ဘုရားကြီးတို့၏ အဆုံးအဖြတ်ဝိနိစ္ဆယ များကို အခါအားလျော်စွာ ကြားနာ မှတ်သားခဲ့ရပေသည်။

ထို သိမှတ်ဖွယ်များသည် စာတစ်စောင် ပေထင်ဖွဲ့အဖြစ် မှတ်တမ်း တင်၍ မထားလျှင် တိမ်မြုပ်ပျောက်ကွယ်သွားမည်မှာ အမှန်ပင် ဖြစ် သည်။ ထို့ကြောင့် "ရှုမှတ်ပွားများနည်း"ကို ရေးသားပြီးတွင် အဆုံး ပါ "သိမှတ်ဖွယ် ဝိနိစ္ဆယများ"ကိုလည်း နောင်လာနောင်သားတို့ ကြည့်ရှု မှတ်သားကြစေရန် မှတ်မိသမျှ စီစဉ်ဖော်ပြလိုက်ရပေသည်၊

# ''ပန်းသတင်း လေညှင်းဆောင်၊ လူသတင်း လူချင်းဆောင်''

လေသည် ပန်းရနံ့တို့ကို လေအောက်သို့သာ ဆောင်နိုင်သည်၊ လေညာသို့ မဆောင်နိုင်၊ လူ့သတင်းကို လူချင်းဆောင်ရာ၌ကား လေအောက် လေညာ အရပ်လေးမျက်နှာသို့ ပြန့်နှံ့အောင် ဆောင်ယူမွှေးကြိုင် လှိုင်စေနိုင်သည်ဟု ဘုရားရှင်ဟောတော်မူသောဒေသနာတော်* အရ ဒုဘိယရွှေကျောင်း သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာ မွှေးရနံ့ဂုဏ်တို့သည် မြန်မာနိုင်ငံအနှံ့အပြား သီဟိုဠ်, ယိုးဒယား တိုင်းတပါးသို့တိုင်အောင် ကြိုင်လှိုင်မွှေးပျံ့တော်မူသည်။ ထို့ကြောင့် မျက်မြင်ဒိဋ္ဌ မဖူးတွေ့ရသောသူတို့သည်ပင် ရပ်ဝေးမှနေ၍ ဆရာတော်ဘုရားကြီးအား ကြည်ညိုလေးစားကြလေသည်။

## အပ္ပိစ္ဆဂုဏ်

မဟာဝိသုဒ္ဓါရုံဆရာတော် အလောင်းအလျာ ဦးဝိသုဒ္ဓါစာရသည် ရွှေကျောင် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း ရွှေကျောင်တိုက်မကြီး အတွင်း သီဘင်းသုံးနေထိုင်စဉ် စာချ အဆင့်အတန်းအလိုက် မင်းတုန်း ဘုရင်မင်းမြတ်၏ လစဉ်ကြေးအထောက်အပံ့ကို အလှူခံတော်မူရသည်။ ဆရာတော်သည် ယင်း ထောက်ပံ့ကြေး ဝတ္ထုတို့ကို မိမိအတွက် လုံးဝ သုံးစွဲခြင်းမပြုပဲ အခြားပုဂ္ဂိုလ်တို့အား လှူဒါန်းတော်မူသည်။ ရုံဖန်ရုံခါ လစဉ်ကြေးဝတ္ထု မရောက်မီကပင် အလှူခံပုဂ္ဂိုလ်များက မည်သည့်လ အတွက် ထောက်ပံ့ကြေးကို တပည့်တော်အား ပေးပါဟု အလှူခံကြသဖြင့် ကြိုတင်လှူဒါန်းရကြောင်း ကြားရဖူးသည်ဟု သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး မိန့်တော်မူသည်။

---

* ဓမ္မပဒ။ ၂၁။ အင်္ဂုတ္တရ၊ ၁။ ၂၂၇။ မိလိန္ဒပဉှာ။ ၃၁၇။

## သရေးဦးသာညွှင်း၏ အလှူငွေ

မော်လမြိုင်သရေး ဦးသာညွှင်းသည် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကို မျက်မြင်ဒိဋ္ဌ မဖူးတွေ့ရပဲ အဝေးမှ ဂုဏ်သတင်းကြားရရုံမျှဖြင့် ကြည်ညိုနေသူ ဖြစ်သည်။ ထို့ကြောင့် ဆရာတော်ဘုရားအား တလလျှင် ကျပ်ငွေတစ်ထောင်(၁၀၀၀ိ)လစဉ် လှူဒါန်းနေသည်။ ပစ္စည်းလေးပါးတို့၌ တွယ်တာငြိကပ်မှု နှစ်သက်ခြင်းနည်းပါးအပ္ပိစ္ဆဂုဏ်ကြီးမားတော်မူသည့် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရုံတိုက်တွင်းရှိ သံဃာတော်များနှင့်တကွ မန္တလေးမြို့ပေါ်ရှိ ရွှေကျောင်းကျောင်းတိုက်အသီးသီးမှ သံဃာတော်တို့အား ဆွမ်းစားကျောင်းဆိုင်ရာပစ္စည်းများကို ဆတ်ကျောင်းဆရာကြီး ဦးကြံအား ကပ္ပိယကာရကအဖြစ် တာဝန်ယူစေပြီး ခွဲဝေလှူဒါန်းစေသည်။

## သင်္ကန်းဂုဏ်

ဆရာတော်ဘုရားကြီးအား ဝတ်ပြုနေသော ကပ္ပိယကာရကအဖွဲ့ကိုပင် တစ်လလျှင် တစ်ဆယ့်ငါးကျပ်(၁၅ိ)သာ လှူစေသည်။ တိုက်ကြပ်ဆရာတော်က ဆရာတော်ဘုရားကြီးအတွက် ၁၅ိမျှဖြင့် နည်းပါသေးသည်ဟု လျှောက်ထားရာ ဤဝတ္ထုမရခင်က ဘာနှင့်ပြုသလဲ၊ သံဃာများဖက်၌ နည်းနေလိမ့်မည်၊ ၁၅ိဆိုလျှင် တော်ရုံပေါ့ဟု အမိန့်ရှိပြီး ကပ္ပိယကာရကအဖွဲ့အား ၁၅ိသာ လှူစေသည်ဟု မင်းကွန်းရန်ကင်းချောင် ဆရာတော်ကြီး မိန့်ကြားတော်မူသည်။

ဆရာတော်ဘုရားကြီးသည် သီတင်းကျွတ် ပန်ဆောင်မုန်းရောက်လျှင် အောက်မြို့ အောက်ရွာ သာသနာပြု ကြွတော်မူရာ သဒ္ဓါတရားပေါက်သူတို့ လာရောက်လှူဒါန်းကြသဖြင့် ဆရာတော်ဘုရားကြီးအတွက် သင်္ကန်းအစုံ တစ်ထောင်(၁၀၀၀)၊ နောက်ပါ ဓမ္မာစရိယဆရာတော်များအတွက် သင်္ကန်းအစုံတစ်ရာ(၁၀၀)ကျော်စီ ရရှိကြသည်။ ထိုမျှများပြားသော လှူဖွယ်တို့ကို တွယ်တာသိမ်းသိုခြင်းမပြုပဲ သံဃာများအား သင့်သလို ဝေငှလှူဒါန်းစေသည်ဟု ရန်ကင်းချောင် ဆရာတော်ဘုရားကြီးပင် မိန့်တော်မူသည်။

## ပဲခူးမြို့ ဆံတော်တွင်း ဆရာတော်ကြီး မိန့်ခွန်း

မော်လမြိုင်သင်္ဘေး ဦးသာညွင်း ပင့်သဖြင့် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး မော်လမြိုင်မြို့သို့ ကြွရောက်တော်မူရာ မော်လမြိုင်မြို့ ပေါ်၌ ဦးနုရိန္ဒဆိုသော ဘုန်းကြီးတပါး တည်ထောင်ဆောက်လုပ်ခဲ့သော ကျောင်းတိုက်ကို ဦးနုရိန္ဒမရှိသည့်နောက်၌ ကျောင်းဒကာများက မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးအား လှူဒါန်းကြသည်။ "ဘုန်းကြီး ဦးနုရိန္ဒသည် လက်သမား ပန်းရံသမား အတတ်ပညာမှုစ၍ အရာရာ တတ်မြောက် ကျွမ်းကျင်ပါသည်" စသည်ဖြင့် ချီးမွမ်းစကားလည်း လျှောက်သားကြသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ဘုန်းကြီး ဦးနုရိန္ဒရှိစဉ်က ဆည်းကပ်ခဲ့သော ဆရာတော်ကို မေးမြန်းပြီး ထိုဆရာတော်ထံကျောင်းဘုန်းကြီးတောင်း၍ ကိုးကွယ်ကြဟုမိန့်တော်မူကြောင်း ပဲခူးမြို့ဆံတော်တွင်းဆရာတော်ဘုရားကြီး မိန့်တော်မူဖူးသည်။ ဤအချက်၌ ဆရာတော်ဘုရားကြီး၏ အပ္ပိစ္ဆဂုဏ်အပြင် ဝိနယဂရုကဂုဏ်လည်း ပေါ်လွင်သည်။

## ဓမ္မဂရုဂုဏ်

မော်တော်ကားထွန်းဟားသည် ခေတ်မဟုတ်သဖြင့် ဆရာတော်ကြီးအား ကြိမ်ကုလားထိုင်ကြီးဖြင့် လူလေးယောက်ထမ်း၍ ပင့်ဆောင်ကြရာ မော်လမြိုင်မြို့ ဝဇီရာ ရာမကျောင်းတိုက်အနီးသို့ အရောက်တွင် သံဃာတော်များက ဖူးမြော်ခွင့်တောင်းကြသဖြင့် တွေ့ရပ်နားကြသည်။ ဝဇီရာ ရာမကျောင်းတိုက်မှ သံဃာတော်များ ဆရာတော်ဘုရားကြီးအား လာရောဖူးမြော်ကြရာ ဆရာတော်ဘုရားကြီးက အဆုံးအမသြဝါဒတရား ဟောကြားတော်မူသည်။ ထိုအချိန်၌ ဝဇီရာ ရာမကျောင်းအမကြီးက ငွေဒင်္ဂါးတစ်ထောင်(၁၀၀၀)ယူဆောင်ကာ သြဝါဒတရားဟောကြား နေသောဆရာတော်ဘုရားကြီးအနီးသို့လာပြီး "ဆရာတော်ဘုရားကြီး ခရီး စရိတ်အတွက် ဝတ္ထုငွေ တစ်ထောင်ပါဘုရား၊ ကပ္ပိယာည္ဘန်းတော်မူပါ" ဟု လျှောက်ထားသည်။ ဆရာတော်ဘုရားကြီးသည် ဒီလူ့ရှင်ကျေနပ် ဖွယ် ဤသို့ဤနှယ် အသွယ်သွယ်သော စကားတို့ကို မိန့်ကြားတော်

မမူပဲ နောက်နားက ဟိုက်အုပ် တိုက်ကြွပ်များထံ ထပ်ပွဲယတောင်းပြီး လှူခဲ့ဟု စကားအနည်းငယ်မျှကိုသာ မိန့်ကြားတော်မူပြီး တရားကိုသာ ဆက်လက်ဟောကြားတော်မူသည်။

ဤသို့ ပစ္စည်းလာဘ်လာဘကို အလေးမပြု၊ တရားကိုသာ အလေးပြုသည့် ဆရာတော်ဘုရားကြီး၏ အမူအရာကို တွေ့မြင်ကြရသော ရဟန်းရှင်လူတို့က များစွာနှစ်ထောင်းအားရ ချီးမွမ်း စကားပြောကြားကြသည်ကို ပစ္ဆာသမဏ ခမ္မကထိက နောက်တော်ပါဖြစ်သည့် မင်းကွန်း ရန်ကင်းချောင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် တွေ့မြင်ကြားသိခဲ့ရကြောင်း မိန့်တော်မူဖူးသည်။

## အလုံဆရာတော်ဘုရားကြီးမိန့်ခွန်း

ကျောင်းဒူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ရန် မြန်မာနိုင်ငံအနှံ့အပြားမှ ရဟန်းရှင်လူတို့ မကြာမကြာ ရောက်လာတတ်သည်။ ဂုဏ်ပါဝါရှိ မင်းစိုးရာဇာ ကျောင်းဒကာ ကျောင်းအမစသည့် လူ့ရိုသတ်များ အနီးအနားသို့ ရှေးဦးစွာ ရောက်ရှိနေသော်လည်း သီတင်းသုံးဖော် ရှင်ငယ်ရဟန်းငယ်တို့ နောက်မှ ရောက်ရှိလာလျှင် နောက်မှရောက်လာသော သီတင်းသုံးဖော် ရှင်ငယ်ရဟန်းငယ် ဘိုကိုသာ နုတ်ခွန်းဆက်သ ပဋိသန္ထာရပြုတော်မူ၍ ဩဝါဒ စကား မိန့်ကြားတော်မူလေ့ရှိသည်၊ ဤသို့ ဆရာတော်ဘုရားကြီး၏ သီတင်းသုံးဖော်တို့အပေါ် အလေးဂရု ပဋိသန္ထာရပြုသည့် ဂုဏ်တော်ကား ချီးကျူး၍မကုန်နိုင်အောင်ရှိကြောင်း တွေ့ထွ ရွှေကျင်သာသနာပိုင် အလုံဆရာတော်ဘုရားကြီး မကြာခဏ မိန့်ကြားတော်မူသည်ကို ကြားရဖူးသည်။

## သမာဓိကြီးမားသောဂုဏ်

အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆီးပင်ကျောင်းမှ ဦးဆာဇည အမည်ရှိ ဦးပဥ္စင်းတပါးသည် ရိုးရိုးနှင့် သဘာဝကျ-အောင် အဟောအပြောအလွန်ကောင်းသည်၊ တရားနာပရိသတ်များ အူဆုပ်ခနရအောင်

ပင် ဟောပြောနိုင်စွမ်းရှိသည်၊ ဦးရာဇာည တရားဟောရာ အလယ်တိုက်ကြီး အောက်ဆပ်အနီးသို့ ဆရာတော်ဘုရားကြီး လာရောက်တရားနာသည်၊ ဦးရာဇာည၏ အပြောကောင်းကောင်းလုံးကိုကြားရသဖြင့် ဆရာတော်ဘုရားကြီးသည်ပင် သွားပေါ်အောင် ပြုံးတော်မူမိသတတ်၊ တရားနာပြီးနောက်တနေ့တွင် "မနေ့ညက ဓမ္မကထိက အပြောကောင်းလို့ ငါတို့ပင် သွားပေါ်အောင် ပြုံးမိတယ်၊ ဆရာဖြစ်သူ ကျောင်းဘုန်းကြီး မောင်နာရဒနှင့် တပည့်ဖြစ်သူ ဓမ္မကထိက မောင်ရာဇာညတို့နှစ်ပါး ဒဏ်ထမ်းကြရမယ်"ဟု ဒဏ်ပေး၍ နှစ်ပါးလုံးဒဏ်ထမ်းကြရကြောင်း ကြားရဖူးသည်။

## ရှေးခေတ်ဆွမ်းကပ်ဓလေ့

ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် တံဆိပ်ရဆရာတော်များကို နန်းတော်သို့ပင့်၍ မကြာခဏဆွမ်းကပ်လှူလေ့ရှိသည်။ ဆွမ်းကပ်ရာတွင် ယခုခေတ်ကဲ့သို့ စားပွဲခုံတခုတည်း၌ လေးပါး ငါးပါး ပေါင်း၍ ဆွမ်းကပ်ခြင်းမျိုးမဟုတ်ပဲ ဆရာတော်တပါးလျှင် ပွဲတော်အုပ်တခုစီဖြင့် အသီးသီး ခွဲခြားပြီး ဆွမ်းကပ်လေ့ရှိသည်၊ ယင်းသို့ကပ်လှူခြင်းသည် ရှေးမင်းကောင်း မင်းမြတ်တို့၏ အလေ့အထပင် ဖြစ်သည်။ မြန်မာပြည် အချို့သောအရပ်ဒေသတို့၌ သာမူနာမူ ကိစ္စကြီးငယ်တို့ဝယ် ဆရာတော်တပါးလျှင် ပွဲတော်အုပ်တခုစီဖြင့် အသီးသီးကပ်လှူခြင်း အလေ့အထကို အထင်အရှားပင် တွေ့မြင်ရသည်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီး နောက်ပိုင်းကျမှ ပန်းကန်ခွက်ရောက် အသုံးအဆောင်များ မပြည့်စုံမှုကြောင့် ထိုအလေ့အထ ပျောက်ကွယ်သကဲ့သို့ ဖြစ်သွားသည်။

ဆရာတော်တပါးလျှင် ပွဲတော်အုပ်တခုစီဖြင့် ဆွမ်းကပ်ခြင်းဓလေ့သည် ဘုရားရှင်လက်ထက်တော်မှ၍ သီဟိုဠ်ခေတ်တိုင်အောင်ရှိ၍ ဘုရားရှင်အလိုတော်ကျ နည်းဥပဒေသလည်း ဖြစ်သည်၊ ဘုရားရှင်လက်ထက်တော်က ဆွမ်းကပ်လှူမည့် ဒကာ ဒကာမများသည်—

၁။ ဘုရားရှင်သီတင်းသုံးရန်

၂။ အဂ္ဂသာဝကနှစ်ပါး သီတင်းသုံးရန်

၃။ မဟာသာဝကများ သီတင်းသုံးရန်

၄။ ပကတိသာဝကများ သီတင်းသုံးရန်–

နေရာတို့ကို အသီးသီး ခွဲခြားခင်းထားလေ့ရှိသည်၊ ဘုရားရှင်နှင့်သံဃာတော်များ ခွဲခြားခင်းထားသည့် နေရာအသီးသီး၌ သီတင်းသုံးနေထိုင်မိသောအခါ ဘုရားရှင်မှစ၍ သံဃာတော်များ၏ သပိတ်အသီးသီး၌ ဆွမ်း၊ ဆွမ်းဟင်းလျာများကို လောင်းလှူကြသည်၊ ဟင်းလျာထည့်ရန် ပန်းကန်နှင့် စားသောက်ရန် ဇွန်းများလည်း လုံးဝမလိုတော့ပေ၊ မိမိသပိတ်အသီးသီးဖြင့် ခွဲခြားဆွမ်းစားရာ၌ ရဟန်းတော်များ တပါးနှင့်တပါး သီလစင်ကြယ် မစင်ကြယ် စိစစ်နေဖွယ်မလိုတော့သဖြင့် အလွန်ကောင်းမွန်သော နည်းလမ်းပင် ဖြစ်သည်၊ ထို့ကြောင့် ရှေးမြန်မာမင်းတို့အစဉ်အလာကို လိုက်နာကျင့်သုံးကြခြင်း ဖြစ်သည်။

## မင်းတုန်းမင်းတရားကြီး ဆွမ်းကပ်လှူပွဲ

မင်းတုန်းမင်းကြီးသည် တံဆိပ်ရဆရာတော်များကိုပင့်၍ နန်းတော်တွင်း၌ ဆွမ်းကပ်လှူလေ့ရှိသည်၊ ယင်းသို့ ဆွမ်းကပ်ရာ၌ "မည်သူက မည်သည့်ဆရာတော်ကို ဝတ်ပြုရမည်"ဟု ဝတ်ပြုမည့်သူအသီးသီး တာဝန်ပေး၍ ဆရာတော် တပါးလျှင် ဆွမ်းတော်အုပ် တခုစီဖြင့် ဆွမ်းကပ်စေသည်၊ နန်းတော်သူ နန်းတော်သားတို့သည် ဘုရင်၏ တာဝန်ပေးချက်အရ မိမိတာဝန်ကျသော ဆရာတော်အား မလစ်ဟင်းရအောင် လှူဒါန်း ဝတ်ပြုကြသည်၊ အချို့သော ဆရာတော်များသည် လိုလေသေးမရှိရအောင် ဝတ်ပြုကြသော နန်းတော်သူနန်းတော်သားတို့အား တရားစကား ပြောပြခြင်း၊ တိုင်းရေးပြည်ရေးနှင့် ရာထူးဂုဏ်သိန် အရှိန်အဝါတို့ကို မေးမြန်းခြင်း စသည်ဖြင့် ရင်းနှီးခင်မင် အကျွမ်းဝင်အောင် ပြောဆိုနေထိုင်ကြသည်။

## မဟာဝိသုဒ္ဓါရုံဆရာတော်နှင့် ဆင်ဖြူမရှင်မိဖုရား

မဟာဝိသုဒ္ဓါရုံ ဆရာတော်ကား ဆွမ်းကျွေးပွဲများ၌ တရားကိုသာ နှလုံးသွင်းကာ စကားမပြော တုဏှိဘောဖြင့် နေတော်မူတတ်သည်၊ ယင်းသို့ နေတော်မူသည်ကို ကျောင်းအမကြီးဖြစ်သော ဆင်ဖြူမရှင်မိဖုရားကြီးသည် အားမလိုအားမရဖြစ်ပြီး မတ္တရာဝန်ကတော်ထံ စပ်မိ စကား ပြောကြားမိလေသည်၊ မတ္တရာဝန်ကတော်က "သခင်မဖုရား အားငယ်တော်မမူပါနှင့်၊ နန်းတော်သူ နန်းတော်သားတို့နှင့် အကျွမ်းတဝင် ဆက်ဆံနေထိုင်ကြသော ဆရာတော်များမှာ နုတ်ပြည်မှ ကြွလာသော ပုဂ္ဂိုလ်များဖြစ်၍ သခင်မဖုရား၏ဆရာ မဟာဝိသုဒ္ဓါရုံဆရာတော်မှာ ဗြဟ္မာပြည်မှ ကြွလာသော ပုဂ္ဂိုလ်ဖြစ်ပါလိမ့်မည်၊ သို့ဖြစ်ပါ၍ စကားမပြော တုဏှိဘော နေဟန်ရှိပါသည် ဘုရား" ဟု သံတော်ဦးတင်လိုက်သည်၊ ထိုအခါကျမှ မိဖုရားကြီး အထူး ကျေနပ်ဝမ်းမြောက်သွားသည်ဟု ကြားရဖူးသည်၊ ဤသည်လျှင် မဟာဝိသုဒ္ဓါရုံဆရာတော်၏ ကြီးမားလှသော သမာဓိဂုဏ်မြတ် ဖြစ်သည်။

## သောရစ္စဂုဏ်

အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ သိတင်းသုံးစဉ် သာမဏေကြီးတပါး ထန်းပင်ပေါ်မှကျရာ ဆရာတော်ဘုရားကြီးအနီး စာတက်နေသော ဆရာဘုန်းကြီးအား လာ၍ လျှောက်ထားကြသည်၊ ဆရာဘုန်းကြီးက "ဒီလောက်မိုက်တဲ့ကိုရင် ကြည့်ဖို့မလိုပါဘူး" ဟု ပြောရာ ဆရာတော်ဘုရားကြီးက "ဘာပြုလို့ သူ့ကို မိုက်တယ် ဆိုရတာလဲ" ဟု မိန့်တော်မူသတတ်၊ ဆရာတော်ဘုရားကြီးသည် သူတပါးအား "မိုက်တယ်, ဖျင်းတယ်, ညံ့တယ်" စသော ကြမ်းတမ်းသည့် စကားမျိုးကို သုံးစွဲလေ့မရှိ၊ မရှောင်သာ၍ သုံးစွဲရပြန်လျှင်လည်း "တယ်ရိုးတဲ့ဦးပဥ္စင်း၊ တယ်ရိုးတဲ့မောင်ရှင်" ဟုသာ သုံးတော်မူတတ်သည်၊ ဆရာတော်ဘုရားကြီးက 'ရိုးတယ်' ဟု အပြစ်တင်လျှင် အတော်ကြီးလေးသော အပြစ်ဟု ယူဆရသည်၊ ဤသို့ နူးညံ့သော စိတ်နှလုံးရှိတော်မူသည့် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် တပည့်တပန်းတို့အား ကြမ်းတမ်းစွာပြောဆို

ရိုက်နှက် ဆုံးမခြင်းကို နှစ်သက်တော်မမူ၊ ယဉ်ကျေးသိမ်မွေ့စွာ ဆုံးမခြင်းကိုသာ နှစ်သက်တော်မူသည်၊ ထို့ကြောင့်ပင်—

> တပည့်တပန်း ရဟန်းသာမဏေများကို အော်အင်ငေါက်ငန်း ကြမ်းတမ်းစိတ်တို ဆဲဆိုရိုက်နှက်တတ်သော အလေ့ဆိုးတို့ကို ပယ်ရှား၍ သဲဒဏ်၊ ရေဒဏ်၊ စားအံဒဏ်၊ ဘုရားရှိခိုးဒဏ် စသည်ပေး၍ ယဉ်ကျေး လိမ်မာအောင် ဆုံးမရခြင်း—

ဟု ရွှေကျင်ဂိုဏ်းဥပဒေ (ကျင့်ထုံး၊၇)ကို ရေးသားတော်မူခဲ့သည်။

## နိဝါတဂုဏ်

ကျမ်းဂန်အရပ်ရပ်တို့၌ ပြိုင်စံကင်းလောက်အောင် နက်နဲကျွန်သော သဘောဉာဏ် ရှိဘာဂဏ်ရှိသည်ဖြစ်၍ ရာဇဂုရု ဘွဲ့တံဆိပ်တော်များကို အလှူခံတော်မူရခြင်း၊ ပရမတ္ထသရူပဘေဒနီကဲ့သို့ သိမ်မွေ့နက်နဲသော ကျမ်းဂန်တို့ကို ရေးသားစီရင်ခြင်း၊ ရွှေကျင်ဂိုဏ်းကြီး၏ အကြီးအချုပ် ဥက္ကဋ္ဌ မဟာနာယကဖြစ်ခြင်း စသော ဂုဏ်တော်တို့ဖြင့် မြန်မာပြည်မဆံ့ သီဟိုဠ် ယိုးဒယားတိုင်အောင် ဂုဏ်သတင်း ပြန့်နှံ့တော်မူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်သည် မိမိဂုဏ်ပါဝါဖြင့် သိတင်းသုံးဖော် သံဃာတော်တို့အပေါ်၌ ထောင်လွှားခြင်း အမူအရာ လုံးဝမရှိပေ၊ မိမိထက် အသက်သိက္ခာ ကြီးမားသော ပုဂ္ဂိုလ်တို့အပေါ်၌ လွန်စွာ ရိုသေလေးစား၍ မိမိထက် အသက်သိက္ခာငယ်သော ပုဂ္ဂိုလ်တို့အပေါ်၌ ခန္တီ၊ မေတ္တာ၊ ကရုဏာဖြင့် ချစ်ခင်ကြည်ဖြူစွာ ဆက်ဆံတော်မူသည်။ အခါတပါး ပဲခူးမြို့၌ သိမ်သမုတ်ကိစ္စတခု ဆောင်ရွက်ကြရာ သိမ်သမုတ်အပြီးတွင် မိမိထက် အသက်သိက္ခာကြီးသော ဆရာတော်ကြီးတပါးက ညောင်းညာတော်မူလှသဖြင့် ခြေထောက် ဆန့်တော်မူလိုက်သောအခါ မဟာဝိသုဒ္ဓါရုံ ဆရာတော်က ရိုသေစွာ နှိပ်နယ်ပေးတော်မူသည်၊ ဤအခြင်းအရာကို တွေ့မြင်ရသော ပရိသတ်အပေါင်းက ဆရာတော်ဘုရားကြီး၏ နိဝါတမာနဂုဏ်ကို ပြောမပြီး အံ့ချီးမကုန်ဖြစ်ကြရကြောင်း

ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ဒုတိယစံကျောင်း ဆရာတော်ဘုရား မိန့်ကြားတော်မူဖူးသည်။

စစ်ကိုင်းတောင်ပေါ်သို့ သာသနာရေး ကိစ္စတခုဖြင့် ကြွသွားတော်မူစဉ် မိမိထက် သိက္ခာနှစ်ဝါမျှကြီးသော အရာတော် ဆရာတော်ကြီးနှင့် လမ်းတွင်ဆုံမိရာ မဟာဝိသုဒ္ဓါရုံဆရာတော်က အရာတော်ဆရာတော်ကြီးအား ပြားပြားဝပ် ရှိခိုးဦးချသည်၊ အရာတော်ဆရာတော်ကြီးသည် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ နိဝါတဂုဏ်ကို ကြက်သီးထကာ နောက်ဆုတ်နောက်ဆုတ်နှင့် ပြန်ကြွသွားတော်မူသည်ဟု ဒဿမ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော် မိန့်ကြားတော်မူသည်။

## သောဝစဿတာဂုဏ်

မဟာဝိသုဒ္ဓါရုံ ဆရာတော်သည် လေးစားလောက်သည့် ပုဂ္ဂိုလ်တို့က ပြောဆိုဆုံးမလျှင် ယုတ္တိသာဓက မခိုင်မာလှသော်လည်း အပြစ်မရှိသော အရာဖြစ်က မိမိ၏ဂုဏ်သိက္ခာ မထောက်ပဲ လိုက်နာဆောင်ရွက်တတ်သည်၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ နေ့ (၃) နာရီခွဲ (၄)နာရီအချိန်တွင် သံဃာဥပုသ် ပြုလေ့ရှိသည်၊ နေအလင်းရောင် ရှိနေ၍ လုံးဝ မီးထွန်းရန် မလိုပေ၊ ဥပုသ်ပြုစဉ် ဆီမီးညှိထွန်းရန် ဘုရားရှင် ခွင့်ပြုတော်မူသည်မှာလည်း ညဉ့်အခါ ဥပုသ်ပြုသော ရဟန်းတို့ အချင်းချင်း တိုက်မိ နင်းမိကြခြင်းကြောင့် ဖြစ်သည်၊ ရဟန်းဖြစ်စ ငယ်ရွယ်စဉ် အချိန်က စာပေပို့ချ ဆုံးမသွန်သင်ခဲ့ဖူးသော လူပြန်တော် ဆရာကြီး ဦးမှုံသည် မဟာဝိသုဒ္ဓါရုံ တိုက်သစ်သို့ မပြတ်မပြတ် ရောက်လာတတ်သည်၊ သံဃာအများ ဥပုသ်ပြုကြသောအခါ သမ္မဇ္ဇနီပဒီပေါ စ နှင့်အညီ ဆီမီးညှိထွန်းမှ သင့်လျော်မည်ဖြစ်ကြောင်း လျှောက်ထား၍ ကိုယ်တိုင် ဆီမီး ညှိထွန်းပေးလေသည်၊ ဆရာတော်ကြီး မလာနိုင်သောအခါ၌မူ သံဃာငယ်များက ဆီမီးညှိထွန်းကြရသည်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးသည် ဝိနည်းအရ၌ မလိုအပ်ပဲ ကျင့်ကြံမှုမျိုးကို ပြုလုပ်လေ့မရှိပေ၊ သို့သော်လည်း ကျေးဇူးရှင် ဆရာကြီး ဦးမှုံ၏ အကျိုးလိုလား သဒ္ဒါ

တရားဖြင့် ဆောင်ရွက်မှုကို မပယ်မလှန် နာခံ၍ နေတော်မူသည်၊ ဆရာကြီး ဦးမှုံ ကွယ်လွန်ပြီးမှ နေ့အခါ ဥပုသ်ပြုစဉ် မီးထွန်းဖို့ မလိုပါဘူး၊ ဆရာကြီးစကားမို့ မပယ်သာလို့ ပြုလုပ်နေရတာ၊ ယခု ဆရာကြီး မရှိတော့ပြီမို့ မီးထွန်းရန် မလိုတော့ဘူးဟု အမိန့်ရှိကြောင်း စည်ရှင် ဆရာတော်နှင့် မြောင်းမြ ဆရာတော်တို့ မကြာမကြာ မိန့်ကြားတော်မူလေ့ ရှိသည်။

## ရွှေကျင်ဆရာတော်၏ ကျင့်ထုံး

မြစ်သမုဒ္ဒရာ ဇာတဿရအိုင်မှ လွတ်သည့်ရွာနယ်မြေသည် ပကတိဂါမ မည်၏၊ ထိုဂါမမှ ပိုင်းခြားခွဲစိတ်၍ "အယံ ဝိသုံဂါမော ဟောတု = ဤ အရပ်သည် သီးခြားရွာ ဖြစ်စေ" ဟု ရွာကို ခွဲစိတ်နိုင်, ပေါင်းစပ်နိုင်သော အခွင့်အာဏာရှိသူတို့က ပိုင်းခြားသတ်မှတ်၍ ပေးအပ်သောမြေကို "ဝိသုံဂါမ = သီးခြားရွာ" ဟု ခေါ်သည်၊ ထိုမြေ၌ အိမ်ပါသည်ဖြစ်စေ, မပါသည်ဖြစ်စေ၊ ဝိသုံဂါမမြောက်၏ဟု ရွှေကျင် ဆရာတော် နိဿယ အယူရှိတော်မူ၏။ ရွှေကျင် ဆရာတော်၏ ဆရာ ရှမ်းကလေးကျွန်း ဆရာတော်ကြီးကမူ 'ဂါမ' သဒ္ဒါ အိမ်အပေါင်းကို ဟောသည်၊ ရွာမပါပဲ ပေးသောမြေသည် ဝိသုံဂါမ မဖြစ်။ ဝိသုံပဒေသသာ ဖြစ်သည်ဟု အယူရှိတော်မူ၏။ ထို့ကြောင့်ပင် ရှမ်းကလေးကျွန်းသိမ်ကို သမုတ်ရာ၌ ရှမ်းကလေးကျွန်းရွာကိုပါ ခြုံ၍ ဝိသုံဂါမ ခံစေတော်မူ၏။ ရွှေကျင် ဆရာတော်သည် မန္တလေးတောင် မြောက်ဘက်တွင် ရွှေကျင်တိုက်ကြီး တည်ထောင်၍ ရွှေကျင်တိုက်မ သိမ်ကို သမုတ်တော်မူရာ ဆရာသမား၏ စကားကို အလေးပြုသောအားဖြင့် ယမ်းရုံရွာကိုပါ သိမ်းခြုံ၍ ဘုန်းတော်ပြည့်ဗိုလ်ကို ဝိသုံဂါမမြေစား ခံစေတော်မူသည်၊ ရွှေကျင် ဆရာတော်သည် ယင်း သိမ်ကို သမုတ် ပြီးနောက် "ငါတို့ ကျေးဇူးရှင် ရှမ်းကလေးကျွန်း ဆရာတော် ဝိသုံဂါမကို သဘောကျခါနီးမှ ပြန်လွန်တော်မူသွားတယ်"ဟု အမိန့်ရှိတော်မူသည်၊ ဤသည်ကို ထောက်ရှု၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်၏ ဥပုသ်နေ့ ဆီမီးညှိထွန်းမှု သည်လည်း ရွှေကျင်ဆရာတော်၏ ကျင့်ထုံးပင်ဟု ဆိုရန်ရှိသည်။

## မဟာဝိသုဒ္ဓါရုံ ဆရာတော်၏ ဝိသုံဂါမအယူအဆ

ဝိသုံဂါမ ပေးသည်ဆိုသော အဋ္ဌကထာ၌ "ရာဇာ ကဿစိ ဒေတိ"ဟု သာမညလာရှိသောကြောင့် သဒ္ဓါပြည့်ဝသော မြန်မာမင်းအချို့ ဘုရားတည်, ကျောင်းဆောက်ပြီး၍ တတိုင် နှစ်တိုင် သုံးတိုင် အပိုင်းအခြား ကျောက်တိုင် စိုက်ထူမှတ်သား၍ ကြည်ညိုသဒ္ဓါရာ ပုဂ္ဂိုလ်, သံဃာ, ကျောင်း, စေတီတို့အား ဝတ်မိုးဝတ်မြေလှူထားသော ဝတ္ထုကံမြေ၊ အစိုးရမင်းတို့ မသိမ်းမယူ စွန့်လှူပယ်ထားသော ဘုရားမြေ, ကျောင်းမြေများသည်လည်း "ကဿစိ ဒေတိ"တွင် ပါဝင်၍ ဝိသုံဂါမဖြစ်ဖွယ်ရာ ရှိ၏။ (ဝိသုဒ္ဓါရုံ အဆုံးအဖြတ်ကျမ်း)

"ကဿစိ ဒေတိ"ဟူသော စကားလည်း ပဋိတိစာရိတ္တ ဆိုရိုးစကားမျှသာတည်း၊ မင်းနှစ်ဦး သုံးဦးတို့၏ နိုင်ငံအစပ်၌ ကျန်လပ်သော တိုင်းကြပ်ရွာကဲ့သို့ ရွာစား နှစ်ဦး သုံးဦးတို့၏ နယ်ခြားမှာဖြစ်စေ၊ ရွာစား တဦးတည်း၏ နယ်တွင်းမှာဖြစ်စေ တစုံတခုသော ကျေးဇူးရှိဖူးခြင်း စသည်ကြောင့် ဘယ်သူကြီးမှ အခွဲအခန် အနှိပ်အစက် မရှိစေနှင့်ဟု ဘေးမဲ့လွှတ်ထားသော ဘေးမဲ့ရွာ, ဘေးမဲ့အင်းအိုင်, ဘေးမဲ့တောတောင် အစရှိသော အမိန့်တော်ရ အသီး အရပ်များသည်လည်း ဝိသုံဂါမပင်တည်းဟု ဆိုသင့်၏။ (ဝင်း အဆုံးအဖြတ်)

မဟာဝိသုဒ္ဓါရုံ ဆရာတော်၏ သိမာဝိနိစ္ဆယလာ ဖော်ပြပြီး ဝိသုံဂါမ အယူအဆကို သိရှိနားလည်ထားသော စစ်ကိုင်း တောင်ဗီလာ ဆရာတော်သည် မဟာဝိသုဒ္ဓါရုံ ဆရာတော်၏ အယူအဆ ဝိနိစ္ဆယသည် ဘယ်နည်းနှင့်မျှ မလွဲမှားနိုင်ဟူသော ယုံကြည်ချက်ဖြင့် ဘုရားဝင်း အတွင်း၌ ရဟန်းခံကိစ္စ စသော သံဃကံများကို ပြုလုပ်လေ့ရှိသည်၊ ယင်းသို့ တောင်ဗီလာဆရာတော် ပြုလုပ်လေ့ရှိသည်ကို ပုခန်းဂူဖြူတောရ ဆရာတော်ကြီး ကြားသိတော်မူသဖြင့် "ခင်ကြီးက အားလျှင် ကျုပ်ဆီ လာခဲ့ပါ၊ ကျုပ်က အားလျှင်လည်း ခင်ကြီးဆီ လာခဲ့ပါမည်၊ သိမ် အတွက် စကားပြောကြတာပေါ့"ဟု စာရေးသည် ဆို၏။

## မဟာဝိသုဒ္ဓါရုံ ဆရာတော်နှင့် ပုခန်းဆရာတော်ကြီး

ဆရာတော်နှစ်ပါး မတွေ့ဆုံမီ ဝိသုဒ္ဓါရုံ အဆုံးအဖြတ်ကျမ်းစာအုပ်ကြီး ထွက်ပေါ်လာသည်၊ ပုခန်းဆရာတော်ကြီးသည် ယင်းအဆုံးအဖြတ် စာအုပ်ကို ကြည့်ရှုသောအခါ တောင်ဗီလာဆရာတော်ဝါဒမဟုတ်ပဲ မဟာဝိသုဒ္ဓါရုံ ဆရာတော်၏ ဝါဒဖြစ်ကြောင်း သိရှိတော်မူသည်၊ သာသနာရေးကိစ္စဖြင့် ပုခန်းဆရာတော်ကြီး မန္တလေးမြို့သို့ ကြွတော်မူရာ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ ကြွလာတော်မူသည်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်သည် ပုခန်း ဆရာတော်ကြီးအား ခြေဆုပ်လက်နယ်ပြုပြီး ရှိသေစွာ ဖူးမြော်ကန်တော့သည်၊ ထိုအခါ ပုခန်းဆရာတော်ကြီးက "ဒို့က ဘုရားဝင်းအတွင်း ကံဆောင်တာ တောင်ဗီလာ ဦးပဏ္ဍိစ္စဝါဒလို့ ထင်ခဲ့မိတယ်၊ အရင်းစစ်လိုက်တော့ အထက်တော်က လာသကိုး"ဟု စကားအစချီ၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်အား မြည်တွန်ကာ အဆုံးအမ ဩဝါဒပေးတော်မူသည်၊ မဟာဝိသုဒ္ဓါရုံဆရာတော်သည် ပုခန်းဆရာတော်ကြီး၏ ခြေရင်း၌ ပြားပြားဝပ်လျက် တစုံဘရာ ပြန်လည်လျှောက်ထားခြင်း မပြုပဲ အပြုံးမပျက် ဩဝါဒနာယူတော်မူသည်၊ ပုခန်းဆရာတော်ကြီး ပြန်ကြွတော်မူသောအခါ မဟာဝိသုဒ္ဓါရုံ ဆရာတော်သည် တိုက်တံခါးပေါက်တိုင်အောင် လိုက်ပါပို့ဆောင်၍ ကျောင်းသို့ပြန်ကြွလာသောအခါမှ "ပုခန်းဆရာတော်ကြီးက စာပေနှစ်ပေါင်း မကြည့်ပဲ အမိန့်ရှိတော်မူတာယ်"ဟု တပည့်များ ရှေ့တွင် မိန့်ကြားတော်မူသည်၊ ယင်းသို့ မိန့်ကြားတော်မူကြောင်း ထိုစဉ်က တပည့်ရဟန်းငယ်တပါးအဖြစ် အနီးတွင် ရှိနေခဲ့သော မြောင်းမြဆရာတော် မိန့်တော်မူသည်။

## ရွှေကျင်ဂိုဏ်းဝင် ထေရ်အရှင်တို့၏ သောဝစဿတာဂုဏ်

ရွှေဆောင်အာမခံ ဆရာနှင့်တကွ ဂိုဏ်းဆရာတော်များထံ ဘုရားဝတ်ဘက်ဆု သံဃာအစည်းအဝေးများ၌ ဘုရားတပည့်တော် မည်သူ့ကို ပြောဆိုဆုံးမတော်မူပါ၊ ဆုံးမတော်မူသမျှကို

မသေမလှန် လိုက်နာခံ၍ ကျင့်ကြံနေထိုင်ပါမည်ဟူ၍, အာမခံဆရာကလည်း ကျင့်ကြံနေထိုင်ပါစေမည်ဟူ၍ ကျိုးနွံရိုသေစွာ လျှောက်ထားရမည်၊ (ရွှေကျင်ဝိဿဇ္ဇနိယကမ္မ၊ သမဏောပဒေသ၊ ပုဒ်မ—၄၊)

သာသနာတော်ဝန်ကို ရွက်ဆောင် နိုင်လောက်သော လဇ္ဇီအမျိုးကောင်းသားများကို သင့်ရာ စာပြန်ပွဲ အစည်းအဝေး ပဝါရဏာပွဲအစည်းအဝေး စသည်တို့၌ ဝိနည်းမိုရ် ဓမ္မကထိက နာယကအကြီးအကဲ ဖြစ်မြောက်ပြီးလျှင် ထိုဆရာတော်များကို ငါတို့ ကိုးကွယ်ရာပေတည်းဟု ကျေးဇူးတတင် ဂိုဏ်းဝင်သံဃာတို့က ထိုဆရာတော်တို့ ပြောဆိုဆုံးမ ဩဝါဒပေးရာ မငြင်းမဆန် လိုက်နာခံ၍ ကျင့်ကြံအားထုတ်ရခြင်း။ (ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး၊ ဥပဒေ၊ ပုဒ်မ—၂၇။)

သာသနာတော်၌ အသုံးကျလောက်လျက် ဆရာကောင်းနည်းကိုမရသည့်အတွက် အသုံးလှလှ မကျမရှိကြရအောင် မကောင်းမြတ်တာ ပယ်ခွါနှိပ်နင်း ဆုံးမခြင်းအလေ့ရှိသော နိဂ္ဂဟောဝါဒီ ဆရာမြတ်တို့၏ ဩဝါဒကိုသဘောကျကျ နားဝဝခံနိုင်ကြအောင် ခံမိကြအောင်....သတိအထူးဆောင်ကြရမည်။(စူဠသိဿနကာဝါဒ၊ သြပြဟ္မစာရိန် သောဝစဿတာကထာ။)

ဖော်ပြပြီး ဥပဒေ ဩဝါဒနှင့် ဓမ္မကထာ အဖြာဖြာတို့ကြောင့် ရွှေကျင်ဂိုဏ်းအတွင်း မှီခိုနေထိုင်ကြသော သံဃာတော်များသည် အဆက်အဆက်သော ဆရာသမားတို့၏ အဆုံးအမဩဝါဒကို ကျင့်သုံးလိုက်နာ၍ သောဝစဿတာဂုဏ်နှင့် ပြည့်စုံတော်မူကြသည်၊ ရွှေကျင်ဂိုဏ်းဝင် ထေရ်အရှင်တို့ သောဝစဿတာဂုဏ် လောက်လုံပြည့်ဝသူတော်ကောင်းပီသကြပုံကို ဥက္ကဋ္ဌနည်း, ပဓာနနည်းအားဖြင့် အမြွက်မျှ ပြဆိုပါမည်။

## ကျောင်းတော်ရာ ရွှေကျင်ဆရာတော်

ဤဆရာတော်သည် ဂဏသမုဋ္ဌာပက ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်၍ မဟာဝိသုဒ္ဓါရုံဆရာတော်နှင့် သမာနာစရိယက (ဆရာတူတပည့်) ဖြစ်သည်၊ ကျောင်းတော်ရာ ဆရာတော်သည် ဥပဇ္ဈာယ်ဖြစ်သော ရွှေကျင်ဆရာတော်ဘုရားကြီး၏ အချီးအမြွာက်ကို ခံယူရသည့်ပြင် ၁၂၄၇–ခုနှစ် သီဟင်းကျွတ်လပြည့်ကျော် ၄–ရက် အင်္ဂါနေ့တွင် သီပေါမင်း ဆက်ကပ်သော "ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း ခံယူတော်မူရသည်၊ နောင်အခါ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ပဓာနနာယက ဆရာတော် အဖြစ် သီတင်းသုံးတော်မူရာ ရန်ကုန်မြို့တော်သူ မြို့တော်သားတို့ အထူးကြည်ညို လေးစားခြင်းကို ခံတော်မူရသည်၊ ကျောင်းတော်ရာတိုက်တွင်းရှိ သံဃာတော် တစ်ရာကျော်တို့အား ဆရာတော်ဘုရားက မိမိဘုန်းကံဖြင့် နံနက်ဆွမ်း, နေ့ဆွမ်း နှစ်ထပ်လုံး ကျွေးမွေး ပြုစုတော်မူသည်၊ ဆရာတော်ဘုရား ဆွမ်းခံတော်မူရာ မြန်မာများနှင့်တကွ တရုတ် ကုလား လူမျိုးခြားတို့ပါ ဝိုင်းဝန်း လောင်းလှူကြသဖြင့် နေ့စဉ် လှည်းဖြင့်တိုက်ယူရသည်ဟု အဆိုရှိသည်၊ တနေ့တနေ့ နွားနို့ဖိုးအတွက် လှူဒါန်းသော ငွေဒင်္ဂါးသည်ပင် တစ်ရာကိုးဆယ်မျှရှိ၏ဟု ကြားသိရဖူးသည်၊ ယင်း နွားနို့ဖိုးငွေကို ဦးအောင်ကြီး, ဦးဘသော် စသော ကပ္ပိယကာရက အဖွဲ့က သိမ်းဆည်းစုဆောင်းပြီး သံဃာတော်များ ဆွမ်းကွမ်းအတွက် စီမံလှူဒါန်းကြသည်။

## ကျောင်းတော်ရာဆရာတော်၏ သောဝစဿတာဂုဏ်

ကျောင်းတော်ရာ ဆရာတော်သည် မဟာဝိသုဒ္ဓါရုံ ဆရာတော်အောက် သိက္ခာ ၄–ဝါမျှသာ ငယ်တော်မူသည်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရား ကျောင်းတော်ရာရွှေကျင်တိုက်သို့ ကြွရောက်တော်မူလာရာ အဆုံးအမခံယူရန် ကျောင်းတော်ရာဆရာတော်နှင့် တကွ တပည့်

သံဃာပရိသတ်၊ လူပရိသတ်တို့ ဆရာတော်ဘုရားကြီး ရှေ့မှောက်သို့ ရောက်သောကြသည်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက ကျောင်းတော်ရာ ဆရာတော်အား အကြောင်းတစ်ခုဖြင့် ပရိသတ်အလယ်တွင် မထောက်မညှာ မြည်တွန်ဆုံးမတော်မူသည်၊ အသက်သိက္ခာ များစွာ ကွာခြားပဲ ဂုဏ်ပါဝါကြီးမားလှသည့် ဆရာတော်အား မြည်တွန်ဆုံးမသည့်အတွက် ညီညွတ်ရေးပျက်ပြားပြီး အကွဲကွဲအပြားပြား ဖြစ်သွားလေမလားဟု ပဏ်ဝန်းကျင်ပရိသတ်တို့က စိုးရိမ်မကင်း ဖြစ်နေကြသည်၊ တရားပွဲအပြီးတွင် ဓနုဖြူစမ်းချောင်းဆရာတော်က ကျောင်းတော်ရာ ဆရာတော်ထံသွားပြီး မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက မြည်လိုက်တာ၊ ဂိုဏ်းဂဏ ညီညွတ်ရေးများ ပျက်ပြားသွားလေမလားဟု ငြီးတွားလျှောက်ထားသည်၊ ထိုအခါ ကျောင်းတော်ရာ ဆရာတော်က မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးရှိရာဖက်သို့ မျက်နှာမူကာ လက်အုပ်ချီလျက် "တပည့်တော်တသက် ဆရာတော်ဘုရားနှင့် မည်သည့်အခါမျှ မခွဲပါဘုရား"ဟု လျှောက်ထားပြီးလျှင် "ကဲ–ဦးသောဘန ကျေနပ်ပြီလား"ဟု မိန့်တော်မူပါသတဲ့။ ဤသို့ ကျောင်းတော်ရာ ဆရာတော်၏ ဝိမိဂုဏ်သိက္ခာကို မငဲ့ပဲ အထက် ဆရာတော်များ၏ ဆုံးမြွေဝါဒကို ရိုသေစွာနာယူခြင်းသည် ဝမ်းမြောက်ကြည်နူး ချီးကျူး၍ မကုန်နိုင်ပေ။

## ရွှေဟင်္သာတောရစံကျောင်းဆရာတော်

ဤဆရာတော်သည် ကျောင်းတော်ရာဆရာတော်၏ သဒ္ဓိဝိဟာရိကတည့်ဖြစ်၍ မဂ္ဂဇ သက္ကတဂန္ထန္တရတို့၌ နှံ့စပ်ကျွမ်းကျင် အလွန်ပင်တတ်မြောက်လိမ္မာတော်မူလှသည်၊ အလင်္ကာနိဿယစသော ကျမ်းပေါင်းများစွာကိုလည်း ရေးသားစီရင်တော်မူသည်၊ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး၏ လွှဲအပ်ချက်အရ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကြီးကို တည်ထောင်ချိန်မှစ၍ စီမံအုပ်ချုပ်ခဲ့သောဆရာတော်လည်း ဖြစ်သည်၊ ဤကဲ့သို့ ပရိယတ် ငှိုပတ်ဂုဏ် ပြည့်စုံသော ဆရာတော်ဖြစ်ပါလျက် ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသည့် ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးထံ ဆည်းကပ်ခစားသောအခါ မရဲမဝံ့ ကြောက်

ရှိလှသည်ဖြစ်၍ ဘုရားဂုဏ်တော်များကို ဆင်ခြင်ပွားများကာ ဆည်းကပ်ခစားတော်မူရသည်ဟု ကြားရဖူးသည်။

## ၄ စစ်ကိုင်းတောင်ရိုးမှ ဆရာတော်နှစ်ပါး

စစ်ကိုင်းတောင်ရိုး တနေရာတွင် ရွှေကျင်ဂိုဏ်း၌ ထင်ပေါ်ကျော်ကြားသော ဆရာတော်နှစ်ပါး ကျောင်းချင်းကပ်ကာ ဝိပဿနာ ရှုခြင်းမွေ့လျော်နေထိုင်တော်မူကြသည်၊ နောင်တချိန်တွင် ကျောင်းဝင်းမြေကိုအကြောင်းပြု၍ ဆရာတော်နှစ်ပါး သဘောထား ကွဲပြားကြသည်၊ ယင်းကိစ္စအတွက် အဆုံးအဖြတ်ပေးရန် မန္တလေး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဒီပဲယင်းဆရာတော်ဘုရားကြီးကို ပင့်ဆောင်ကြသည်၊ ဆရာတော်ဘုရားကြီး ကြွလာသောအခါ ရဟန်းပရိသတ် လူပရိသတ် တို့လည်းရောက်လာကြသည်၊ ပရိသတ်အလယ်တွင် ဆရာတော်ဘုရားကြီးက—

"အင်း တောကျောင်းဘုန်းကြီး တောကျောင်းဘုန်းကြီးဆိုပြီး ခွေးလိုများမကျင့်ကြလေနှင့်၊ ခွေးများဟာ အစာမမြင်ခင်မှာတော့ တကောင်နှင့် တကောင် ပါးရက်နားရက်လုပ်ပြီးချစ်လိုက် ခင်လိုက်ကြတာ၊ အစာမြင်ပြီဆိုမှဖြင့် တကောင်ကိုတကောင်မာန်ဖီ သွားဖြဲပြပြီး ကိုက်ခဲကြတော့တာပဲ၊ ဒီဥပမာအတူပဲ ဘုန်းကြီးအချင်းချင်း အဆင်မပြေဘူးဆိုလျှင် မသင့်လျော်ဘူး၊ အထူးသဖြင့်တော့ တောကျောင်းဘုန်းကြီးချင်း အဆင်မပြေတာ ပိုဆိုးတယ်၊ ဒါကြောင့် ယုတ်ညံ့တဲ့ဥပမာ (ဟီနူပမာ)ပြပြီး ဆုံးမရတယ်"ဟု မိန့်ကြားတော်မူသည်။ ရောက်ရှိလာသော ပရိသတ်များသည် ဆရာတော်ဘုရားကြီး၏ သဘာဝကျလှသည့်ဆုံးမစကားကို နှစ်သက်အားရကြလေသည်၊ ကာယကံရှင် ဆရာတော်နှစ်ပါးလည်း "ငါတို့ကို ပရိသတ်အလယ်မှာ ဒီလို ကြမ်းတမ်းသောဥပမာစကားဖြင့် ဆုံးမရမလား"ဟု စိတ်ခုတော်မမူကြပဲ နှစ်သက်ကြည်ဖြူ ညြဝါဒခံယူကြပြီးလျှင် ဆရာတော်ဘုရားကြီးထံ ရှေးကထက် ဝင်ထွက်သွားလာများကြသည်။

ဤသို့ ရွှေကျောင်းဂိုဏ်းသား သံဃာတော်များသည် အထက် အဆက် ဆရာသမားတို့၏ ဆုံးမစကားကို ကျင့်သုံးလိုက်နာ သောဝစဿတာဂုဏ်နှင့် ပြည့်စုံနေသမျှကာလပတ်လုံး ရွှေကျောင်းဂိုဏ်းကြီးသည် ကောင်းကင်အလယ် ကြယ်တို့သနင်း ရွှေလမင်းကြီးကဲ့သို့ ကျက်သရေမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံကာ တည်တံ့ခိုင်မြဲနေမည်မှာ အမှန်ပင်ဖြစ်သည်။

# ဝိနိစ္ဆယများ

## ကထိနစီဝရပဋိဂ္ဂဟဏ ဝိနိစ္ဆယ

ကထိန်သင်္ကန်းသည် ဝဿံဝုတ္ထအာရာမဋ္ဌသံဃိက ဖြစ်သည်။ ထို့ကြောင့် ကထိန်သင်္ကန်းကိုကထိန်ခင်းမည့်ကျောင်းတိုက် အာရာမ်အတွင်း၌သာ လှူဒါန်းလေ့ရှိသည်။ ဝိနည်းတတ်ကျွမ်းသော ဆရာတော်များလည်း ကထိန်ခင်းမည့်ကျောင်းတိုက်တွင်း၌ အလှူခံခြင်းကိုသာ နှစ်သက်တော်မူကြသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး လက်ထက်တော်က မဟာဝိသုဒ္ဓါရုံတိုက်သစ်အတွင်း ရေဝင်နေသဖြင့် ကထိန်ပွဲကို သကျသီဟဘုရားဝင်းအတွင်း ကျင်းပခဲ့ရဖူးသည်။ ဘုရားဝင်းအတွင်းသို့ ကြွ၍ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး အလှူခံတော်မူသည်။ အလှူခံပြီး ကျောင်းတိုက်သို့ ရောက်သောအခါ ရွှေကျင်တိုက်မ တိုက်အုပ်လူထွက် ဆရာကြီး ဦးမှုံသည် မဟာဝိသုဒ္ဓါရုံဆရာတော်ထံ ချဉ်းကပ်ပြီး "ကထိန်သင်္ကန်း ဘယ်လို အလှူခံခဲ့ပါသလဲ" ဟု မေးလျှောက်သည်။ "ဥတ်ရုံကိုသာ ဘုရားအတွင်း ရေစက်ချအလှူခံခဲ့ပါတယ်" ဟု ဆရာတော်ဘုရားကြီးက အမိန့်ရှိရာ "ဒီလိုဆို တော်ပါသေးရဲ့" ဟု ဆရာကြီးဦးမှုံက လျှောက်ထားသည်။ ထို့နောက် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက "ဥတ်သင်္ကန်းကိုလဲ ဟိုမှာအလှူခံလို့ ဖြစ်ပါတယ်" ဟု မိန့်တော်မူကြောင်း ဝိသုဒ္ဓါရုံမြောင်းမြ ဆရာတော်ဘုရား မိန့်ကြားတော်မူသည်။

## မတသန္တက ဝိနိစ္ဆယ

ရဟန်းများပြန်လွန်တော်မူရာ တစုံတယောက်သောသူအား မပေးလှူခဲ့သည့် ထိုရဟန်းပိုင် ပစ္စည်းများတွင် လဟုဘဏ်ပစ္စည်းသည် သမ္မုခီဘူတ (ဥပစာရသီမဋ္ဌ)သံဃိကဖြစ်၍ ဂရုဘဏ်ပစ္စည်းသည် အာဂတာ

နာဂတ စာတုဒ္ဒိသသံဃိက ဖြစ်သည်။ သံဃာ့အာရာမ် မဟုတ်သော မြို့တွင်း ရွာတွင်း တောအရပ် စသည်၌ တည်ရှိသော ရဟန်းပိုင် လဟုဘဏ်ပစ္စည်းသည် မတသန္တကသာဖြစ်၍ သံဃိကမဖြစ်။ ထို့ကြောင့် ရွာတွင်းစသည်၌ တည်ရှိနေသည့် ပြန်လွန်တော်မူသော ရဟန်းပိုင် (မတသန္တက) လဟုဘဏ်ပစ္စည်းကို လက်ဦးတွေ့ရှိသော လူ သာမဏေ ရဟန်းတို့က ပံသုကူအဖြစ် ကောက်ယူ၍ ပုဂ္ဂလိကသုံးစွဲနိုင်သည်။

စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံချောင်၌ ရဟန်းတပါး ပြန်လွန်တော်မူရာ အတိသုဒ္ဓါရုံဆရာတော်ကြီးက "ရဟန်းပိုင် ရွှေ ငွေသည် သံဃာများအတွက် အပ်စပ်သော ဂရုဘဏ်,လဟုဘဏ်ပစ္စည်းမဟုတ်သောကြောင့် သံဃိကမဟုတ်။ ထို့ကြောင့် ပြန်လွန်တော်မူသော ဦးပဥ္စင်းပိုင် အကပ္ပိယဝတ္ထုငွေများကို သူ၏ဘခင် ဒါယကာကြီးအား ပေးရမည်"ဟု အမိန့်ရှိတော်မူ၍ ဦးပဥ္စင်းဘခင် ဒကာကြီးအား ပေးရကြောင်း မြောင်းမြဆရာတော် မိန့်တော်မူသည်။

မိမိတို့ခေတ်၌ နိုင်ငံခြားသား သာသနာပြု ဘိန်းကြီးတပါး မြန်မာပြည်၌ ပြန်လွန်တော်မူရာ ထိုဘုန်းကြီးပိုင် ပစ္စည်းများကို ဝိနည်းဒေသနာအရ အဆုံးအဖြတ်ပေးရေး အစည်းအဝေးကြီးတခု၌ နေလိုလလို တင်ရှား ကျော်ကြားတော်မူကြသည့် ဆရာတော်အချို့က "ဘုန်းကြီးပိုင် ရွှေငွေဘဏ္ဍာပစ္စည်းများသည် ဂရုဘဏ်ဖြစ်သည်"ဟု အဆုံးအဖြတ်ပေးသည်ကို မျက်မြင်ဒိဋ္ဌ တွေ့မြင်လိုက်ရပေသည်။ ဝိနည်းပါဠိတော် အဋ္ဌကထာတို့၌ ရွှေငွေကို ဂရုဘဏ်၌ ထည့်သွင်း ပြဆိုခြင်း မရှိပေ။ "ဝိနည်း စာအရှိ" "ဆိုသည့်အတိုင်း ပါဠိအဋ္ဌကထာတို့၌ ဖော်ပြခြင်းမရှိပါပဲ အတ္တနောမတိဖြင့် ရွှေငွေသည် ဂရုဘဏ်ဟု လိုရာဆွဲသွင်း၍ မဖြစ်နိုင်ကြောင်း အထူးသတိပြုသင့်သည်။

## ရူမဝဋ္ဋိဝိနိစ္ဆယ

ဘိက္ခု ရူမဝဋ္ဋိံ ပဋိဂ္ဂဏှာတွာ ရူမံ ပိဝတိ၊ မုခဥ္စ ကဏ္ဍော စ
မနောသိလာယ လိတ္တော ဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဥ္စိတုံ

ဝဋ္ဋတိ၊ ယာဝကာလိကေန ယာဝဇီဝိကသံသဂ္ဂေ ဒေါသော နတ္ထိ။
ဒန္တပေါနသိက္ခာပဒဋ္ဌကထာ။ (ဝိ၊ ၄၊ ၃။ ၁၁၈။)

အခိုးတံသည် အကပ်ခံ၍ ရကောင်းသော ဝတ္ထုဖြစ်သောကြောင့် ယင်းကို အကပ်ခံ၍ သောက်ရသည်။ အခိုးတံမှဖြစ်သော မီးခိုးကား အကပ်ခံ၍ မရကောင်းသောကြောင့် အဗ္ဗောဟာရိကဖြစ်သည်။ ယင်း အဗ္ဗောဟာရိက မီးခိုးမှဖြစ်သော ဆေးချေးသည်လည်း အကပ်ခံ၍ မရနိုင်သောကြောင့် အာမိသနှင့်ရော၍ ဝမ်းတွင်းသို့ ဝင်ခဲ့သော် ဒန္တပေါနသိက္ခာပုဒ်ဖြင့် အာပတ်သင့်မည်လောဟု ယုံမှားဖွယ်ရှိ၍ ဖော်ပြပြီး စကားရပ်ကို အဋ္ဌကထာဆရာ မိန့်တော်မူသည်။ အကပ်ခံပြီး အခိုးတံမှ ဆက်သွယ်၍ ဖြစ်ပေါ်လာသော ဆေးချေးသည် ယာဝကာလိကနှင့် ရော၍ ဝမ်းတွင်းသို့ ဝင်သော်လည်း ဒန္တပေါနသိက္ခာပုဒ်ဖြင့် အာပတ် မသင့်ဟု ပြခြင်းငှာ "ဒေါသော နတ္ထိ"ဟု အဋ္ဌကထာဆရာ မိန့်တော် မူသည်။ သန္နိဓိကို ပြလိုသောကြောင့် မိန့်တော်မူသည်မဟုတ်။

ဋီကာ(သာရတ္ထ၊ ၃။ ၇၅။ ဝိမတိ၊ ၂။ ၃၈)တို့၌ "ဘုဥ္ဇိတုံ ဝဋ္ဋတိ" ကိုကြည့်၍ "ပဋိဂ္ဂဟေတွာတိ တဒဟု ပဋိဂ္ဂဟေတွာ"ဟု ဖွင့်ဆိုကြသည်။ အမှန်မှာ စားချိန်ကောင်းသော အရာဝတ္ထုမျိုးဟု သိစေခြင်းငှာသာ "ဘုဥ္ဇိတုံ ဝဋ္ဋတိ"ဟုအပိုထည့်၍ မိန့်ဆိုခြင်း ဖြစ်သည်၊ ယင်းစကားလည်း လိုရင်းမဟုတ်။ မူဝဋ္ဋိ (အခိုးတံ) အပ်, မအပ်ကို ပြဆိုသော စကား လည်းမဟုတ်။ အချို့ကား "ဒေါသော နတ္ထိမျကို ကြည့်၍ မူမဝဋ္ဋိ အခါခပ်သိမ်း အပ်၏"ဟု ယူဆပြောဆိုကြ၏။ ဆိုင်ရာသိက္ခာပုဒ်ကိုလည်း သတိပြုသင့်သည်။ ဤနက်နဲသော အဆုံးအဖြတ်ကို မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး မိန့်တော်မူကြောင်းနှင့် "အကယ်၍ သန္နိဓိအင်္ဂါ နှင့် ငြိစွန်းက ဆိုင်ရာသိက္ခာပုဒ်နှင့် ညှိရမည်"ဖြစ်ကြောင်း စည်ရှင် ဆရာတော် မိန့်တော်မူသည်။

## ဥပုသ်အိမ်နှင့် သံဃဥပုသ်အဆုံးအဖြတ်

သံဝါသော နာမ ဧကကမ္မံ ဧကုဒ္ဒေသော သမသိက္ခတာ၊
ဧသော သံဝါသော နာမ။

သံဝါသော နာမ–သံဝါသမည်သည်။ (၁) ကေကမ္မံ– အဘူပြုအပ်သော ကံလေးပါး၊ (၂) ကေဒ္ဒေသော–သိမ်အတွင်းရှိ ပကတတ်ရဟန်းတို့ သံဃဥပုသ်ပြုရာ အတူရွတ်ဆိုအပ်သော ပါတိမောက္ခုဒ္ဒေသငါးပါး၊ (၃) သမသိက္ခတာ–အညီအမျှကျင့်ကြသော လဇ္ဇီရဟန်းကောင်းတို့၏ ဖြစ်ကြောင်း သိက္ခာပုဒ်ဟူသမျှ၊ ဧသော– ဤသုံးပါးသည်။ သံဝါသောနာမ–သံဝါသမည်၏။

ဟူသော ပဒဘာဇနီ(ဝိ၊ ၁၊ ၃၄)ကေကမ္မံတွင် သံဃကံဟူသမျှ ပါဝင်ကြပြီးဖြစ်သော်လည်း "ကေဒ္ဒေသော"ဟု သံဃဥပုသ်ကံကို သီးခြားထပ်၍ဆိုခြင်းသည် သံဃပုသ်ကံသည် အခြားကံတို့နှင့် မတူထူးခြားကွဲပြားသည်ဟူသော အဓိပ္ပာယ်ကိုသိစေသည်။

တခြားကံတို့၌ ဉတ်ကမ္မဝါစာရွတ်ဖတ်ဆဲအချိန်၌သာ အခြားရဟန်းများ သိမ်အတွင်းသို့ ရောက်လာလျှင် ဝဂ်ဖြစ်၍ ကံပျက်သည်၊ ဉတ်ကမ္မဝါစာ ရွတ်ဖတ်ပြီးမှ အခြားရဟန်းများ ရောက်လာသော်လည်း ကံမပျက်၊ ဥပုသ်သံဃကံကား ဉတ်ထားသည်မှစ၍ ပါတိမောက်ရွတ်ဆိုမှုပြီးဆုံးသည်တိုင်အောင် (အစအဆုံး) သံဃကံချည်း ဖြစ်သည်၊ ထို့ကြောင့် နောက်မှ ရောက်လာသော ရဟန်းများသည် သံဃာသို့ ရှေ့ရှုလျက် အစဉ်အတိုက် လာကြရသည်၊ ယင်းသို့လာလျှင် ဝဂ်မဖြစ်တော့ပဲ သံဃဥပုသ်ကံ ပြီးဆုံးအောင်မြင်၍ ထိုရဟန်းတို့လည်း ဥပုသ်ပြုခြင်းကိစ္စ ပြီးလေသည်၊ နောက်မှရောက်လာသော ရဟန်းများ သိမ်တွင်းသို့ရောက်မှ ရပ်တန့်၍ အချင်းချင်း စကားပြောနေကြသော်လည်းကောင်း, ဒေသနာပြောနေကြသော်လည်းကောင်း, တစုံတခုသောကိစ္စကြောင့် ရပ်ဆိုင်းနေကြသော်လည်းကောင်း ဝဂ်ဖြစ်၍ သိမ်တွင်းရှိ သံဃာအားလုံး ဒုက္ကဋ်အာပတ်သင့်သည်။

## ဥပုသ်အိမ်

လွင်တီးခေါင်၌ဖြစ်စေ, ကျောင်းဆောင်အဆောက်အအုံတခုခု၌ဖြစ်စေ ကျောက် အုတ် သစ်ဆုံ သစ်သား ဝါးခြမ်း စသည်တို့ကို အမှတ်အသား နိမိတ်ကြားပြီးလျှင် "ဥပုသ်အိမ်"သီးခြား သမုတ်ထားနိုင်သည်၊

ထိုဥပုသ်အိမ်၌ သံဃဥပုသ်ကံသာ ပြုနိုင်သည်၊ အခြားသံဃကံများကို မပြုနိုင်၊ ဥပုသ်အိမ် သေးငယ်၍ မဆံ့သဖြင့် အပြင်ဘက်သို့ ရောက်နေသော ရဟန်းများလည်း ဥပုသ်အိမ်တွင်း သံဃာနှင့် ဟတ္ထပါသ်စပ်နေလျှင် ဥပုသ်ပြုခြင်းကိစ္စ ပြီးတော့သည်၊ သံဃဥပုသ်ကံသည် ဥဒ္ဒေသ်ထားသည်မှစ၍ ပါတိမောက်ရွတ်ဆိုမှု ပြီးဆုံးသည်တိုင်အောင် ကံပြုချိန်ဖြစ်သည်။ ထို့ကြောင့် သံဃဥပုသ်ကံ၌ ပါတိမောက်ရွတ်ဆိုမှု ပြီးဆုံးသည်တိုင်အောင် ဟတ္ထပါသ်ပြုဖို့လိုသည်၊ အခြားကံများကဲ့သို့ ဥဒ္ဒေသ်ထားချိန်၌သာ ဟတ္ထပါသ်ပြုရမည် မဟုတ်၊ သံဃဥပုသ်ကံ၌ ဝဂ္ဂမဖြစ်အောင် သတိပြုရမည်ဟု မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး သိမ်မွေ့နက်နဲစွာ ဆုံးဖြတ်တော်မူကြောင်း စည်ရှင်ဆရာတော် မိန့်ကြားတော်မူသည်။

ပြဆိုခဲ့ပြီးသည့် ထူးခြားလေးနက်သော အဓိပ္ပာယ်အချက်အလက်တို့ကို သိစေတော်မူလိုသောကြောင့် ကေကမ္မံတွင် ပါဝင်ပြီးဖြစ်သော ပါတိမောက္ခုဒ္ဒေသငါးပါးကို 'ကေုဒ္ဒေသော'ဟု နောက်ထပ် ဖွင့်ဆိုဟောကြားတော်မူသည်၊ သံဃဥပုသ်ကံသည် ဥဒ္ဒေသ်ထားသည်မှစ၍ နောက်ဆုံးဥဒ္ဒေသ၏အဆုံး "ဝေမေတံ ဓာရယာမိ" တိုင်အောင် ကံပြုချိန်ဖြစ်ကြောင်း ပါတိမောက်ရွတ် ဆိုမှုပြီးဆုံးမှ နောက်မှ သိမ်တွင်းသို့ရောက်လာသောရဟန်းများ ဥပုသ်ပြုခြင်းကိစ္စပြီးသည်ကို ထောက်ဆ၍ သိသာထင်ရှားလှပေသည်။

## ကော ဝါဒွေဝါတယောဝါ၌ ခက်ဆစ်အဓိပ္ပာယ်

ယသ္မာ ပန တိဏ္ဏံ ဥဒ္ဒိ ကမ္မာရဟာ န ဟောန္တိ၊ န ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ၊ တသ္မာ "ကော ဝါ ဒွေဝါ တယော ဝါ"တိ ဝုတ္တံ။ (ဝိ၊ဋ္ဌ၊၂။၁၉၆၊ ၉.ခ်ါ။ ၁၄၂။)

ယသ္မာ ဥဗ္ဗာဟိကာဒိကမ္မံ ဗဟူနမ္ပိ ကာတုံ ဝဋ္ဋတိ၊ တသ္မာ "န ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ" တိ ဣဒံ နိဂ္ဂဟဝသေန ကတ္တဗ္ဗကမ္မံ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (သာရတ္ထ၊ ၂။ ၃၆၃။)

ပန–ဆက်၊ ယသ္မာ–အကြင့်ကြောင့်။ ၀ိဏ္ဏုံ–သုံးပါး ကုန်သောရဟန်းတို့၏၊ ဥဒ္ဓံ–အထက်ဖြစ်သော ရဟန်းတို့သည်။ ကမ္မာရဟာ–ကံပြုထိုက်ကုန်သည်း န ဟောန္တိ–မဖြစ်ကုန်၊ ဟိ–မှန်၏။ (တနည်း–ဟိယသ္မာ–အကြင်ကြောင့်။) သံဃော–သံဃာသည်။သံဃဿ–သံဃာ၏(အပေါ်၌)၊ ကမ္မံ–နိဂ္ဂဟကံကို။ န ကရောတိ–မပြုနိုင်၊ တသ္မာ–ထို့ကြောင့်၊ (ဝါ–ထိုသို့ သံဃာ အချင်းချင်း ကံမပြုနိုင်သည်၏ အဖြစ်ကြောင့်၊) ဧကောဝါ ဒွေဝါ တယောဝါတိ။–ဟူ၍။ ဝုတ္တ–ဟောတော်မူအပ်၏။

နှိပ်ကြောင်းဖြစ်သော နိဂ္ဂဟကံကိုပြုရာတွင် ကံပြုခံရသောဘက်၌ ရဟန်း ၄–ပါးရှိလျှင် သူတို့လည်း သံဃာဖြစ်သောကြောင့် မူလကံ ပြုသောသံဃာအား တုန့်ပြန်၍ ကံပြုနိုင်စရာရှိသည်၊ ထို့ကြောင့် ကံပြု ခံရသောဘက်၌ သုံးပါးထက်မများစေရန်‘တယောဝါ’ဟုထိုသာ ပြထား တော်မူသည်၊ ထို ‘တယောဝါ’ ဆိုသောစကားသည်လည်း ကမ္မဝါစာရွတ် ဖတ်သည့် ပုဂ္ဂိုလ်ကို ပြဆိုသောစကားမဟုတ်၊ ကမ္မဝါစာဖတ်ရာ၌ တပါး တည်း ဖတ်လျှင်လည်း သံဃကံဖြစ်၍ ၄–ပါး၊ ၅–ပါး စပြိုင်သည်း ဖတ်လျှင်လည်း သံဃကံပင်ဖြစ်သည်။ ပါဠိ၊ အဋ္ဌကထာတို့၌ “ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော”စသည်ဖြင့် တပါးတည်း တကြိမ်သာဖတ်ကြောင်း လာသည်၊ နှစ်ပါးသုံးပါးတွဲ၍ အကြိမ်ကြိမ်ဖတ် ကြောင်းမလာ။ နောက်ပေါ် ဝိနယဝိနိစ္ဆယဋီကာ(ဒုနှာ–၃၅၀)၌သာ နှစ်ပါးသုံးပါးတွဲ၍ ကမ္မဝါစာဖတ်ကြောင်း လာသည်။

အချို့ပုဂ္ဂိုလ်တို့က “န ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ”ဟူ သောစကားကို ကမ္မဝါစာဖတ်ခြင်းကို ပြသောစကားဟု အထင်မှားပြီး သံဃာသည် ကမ္မဝါစာမဖတ်ကောင်းဟု ယူဆလျက် ၄–ပါး ၅–ပါး စသည် ကမ္မဝါမဖတ်သင့်ကြောင်း ပြောဆိုရေးသားကြသည်၊ အမှန်မှာ ‘န ဟိ သံဃော’စသော စကားသည် ကမ္မဝါစာဖတ်ခြင်းနှင့် လုံး၀ သက်ဆိုင်သောစကား မဟုတ်၊ ကံပြုခံပုဂ္ဂိုလ်တို့ဖက်၌ သုံးပါးအထိသာ ထားနိုင်ကြောင်း ပြဆိုသည့်စကားကို ခိုင်မြဲစေသော စကားသာ ဖြစ်သည်၊ သံဃကံဟူသမျှ၌ ဗျတ္တ ပဋိဗလပုဂ္ဂိုလ် တပါးထည်း ဖြစ်စေ, ပုဂ္ဂိုလ်

အများ၊ တပြိုင်တည်းစုပေါင်း၍ဖြစ်စေ သံဃာ၏သဘောတူညီချက်ဖြင့် ကမ္မဝါစာဖတ်လျှင် သံဃကံသာ ဖြစ်၍"အပ်သည်၊ ကံမြောက်သည်"ဟု မှတ်ယူရမည်။ ဋီကာဆရာတို့၏ ဖွင့်ဆိုချက်ဖြင့်လည်း သိသာထင်ရှား လှပေသည်။

လပြည့်လကွယ်နေ့ဥပုသ်ပြုပြီးချိန်တွင် မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီးက "န ဟိ သံဃော သံဃဿ ကမ္မံ ကရောတိ"၌'သံဃော' လိုရင်းလား၊ 'သံဃဿ'လိုရင်းလားဟု မေးတော်မူကြောင်း စည်သျှင် ဆရာတော် မိန့်တော်မူသည်။

## ထေရာဓေယျံ အဓိပ္ပာယ်

သံဃဥပုသ်ပြုရာ၌ ပါတိမောက်ရွတ်ဆိုပြသော(ပါတိမောက္ခုဒ္ဒေသက) ပုဂ္ဂိုလ်သည် ဘုရားရှင်၏ အရာ၌ တည်သဖြင့် လွန်စွာဂုဏ်ကြီးမား လှသည်၊ ထို့ကြောင့် သံဃာ့အလယ်တွင် ပါတိမောက်ရွတ်ဆိုပြသော ပုဂ္ဂိုလ်တို မျှားပြားလာရာ မထေရ်ကြီးကို ဦးစားပေးသည့်သဘောဖြင့် "အနုဇာနာမိ ဘိက္ခဝေ ထေရာဓေယျံ ပါတိမောက္ခံ"ဟု ဘုရားရှင် ခွင့်ပြု တော်မူသည်၊ မထေရ်ကြီးသဘောအတိုင်း တိုတိုကျဉ်းကျဉ်း ရွတ်ပြခွင့် ရအောင် ခွင့်ပြုတော်မူသည် မဟုတ်။

အချို့ပုဂ္ဂိုလ်တို့က မထေရ်ကြီးရွတ်ပြလျှင် တိုတိုကျဉ်းကျဉ်း ရွတ် ပြခွင့်ရှိသည်ဟု ယူဆ၍ မထေရ်ကြီးအား တိုက်တွန်းလေ့ရှိကြသည်၊ ဘုရားရှင် ရည်ရွယ်ချက်အဓိပ္ပာယ် မဟုတ်။

မထေရ်ကြီးစွမ်းနိုင်က အကျယ်ရွတ်ပြရမည်၊ မစွမ်းနိုင်ခဲ့သော် စွမ်းနိုင်သမျှ ရွတ်ပြခွင့်ရသကဲ့သို့ ရှိသည်၊ မထေရ်ကြီးက ခွင့်ပြုသော် လည်းကောင်း၊ သံဃာအများက တိုက်တွန်းခဲ့သော်လည်းကောင်းသီတင်း ငယ်များ ရွတ်ပြခွင့်ရှိသည်၊ တရားဟောရာ၌လည်း နည်းတူပင်။

ဤလေးနက်သောအဓိပ္ပာယ်ကိုလည်း မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ဆုံးဖြတ်ပြဆိုတော်မူကြောင်း ၁၃၁၀–ခု၊ တပို့တွဲလပြည့်ဥပုသ်နေ့ သံဃဥပုသ်ပြုပြီးချိန်တွင် စည်ရှင်ဆရာတော် မိန့်ကြားတော်မူသည်။

## ပရိဝါသမာနတ္တာရောစနဝိနိစ္ဆယ

ကျောင်းတိုက်အာရာမ်မှ အပြင်သို့ထွက်၍ ပရိဝါသ်,မာနတ်ဆောက်တည်သော ရဟန်းသည် အရုဏ်တက်ပြီးနောက် ကျောင်းတိုက်သို့ပြန်လာ၍ ပရိဝါသ်,မာနတ်ချရာ၌ ပြုကျင့်နည်းကို–

> “သစေ န ကဉ္စိ ပဿတိ၊ ဝိဟာရံ ဂန္တွာ အတ္တနာ သဒ္ဓိံ ဂတဘိက္ခုဿ ကထေသ သန္တိကေ နိက္ခိပိတဗ္ဗန္တိ” မဟာသုမတ္ထေရော အာဟ။ မဟာပဒုမတ္ထေရော ပန “ယံ ပဌမံ ပဿတိ၊ တဿ အာရောစေတွာ နိက္ခိပိတဗ္ဗံ။ အယံ နိက္ခိတ္တဝတ္တဿ ပရိဟာရော”တိ အာဟ။ ဝိ၊ ဋ္ဌ၊ ၄။ ၁၇၊ (ကခ်ါ၊ ၁၄၇။ ဝိ၊ သင်္ဂဟ။ ၃၃၉။)

ဟူ၍ အဋ္ဌကထာတို့၌ မိန့်ဆိုကြသည်။ ယင်း၏အဖွင့် ဋီကာတို့၌ အာရာမ်တွင်းရှိ ရဟန်းအားလုံးကို ပြောကြားဖို့မလိုကြောင်း–

> ဝတ္တံ နိက္ခိပိတွာ ဝသန္တဿ ဥပစာရသီမာဂတာနံ သဗ္ဗေသံ အာရောစနကိစ္စံ နတ္ထိ၊ ဒိဋ္ဌရူပါနံ သုတသဒ္ဒါနံ အာရောစေတဗ္ဗံ၊ အဒိဋ္ဌအသုတာန မ္ပိ အန္တောဒွါဒသဟတ္ထဂတာနံ အာရောစေတဗ္ဗံ။ ဣဒံ ဝတ္တံ နိက္ခိပိတွာ ဝသန္တဿ လက္ခဏံ။ ဝဇိရဗုဒ္ဓိ။ ၅၁၂။ သာရတ္ထ၊ ၃။ ၃၇၁။ (–ကခ်ါ၊ ဋီ။ ၅၇။ ရင်း ဋီသစ်။ ၂၆၃။)

စသည်ဖြင့် ဖွင့်ဆိုကြသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကမူ အာရာမ်ဥပစာအတွင်းရှိ ရဟန်းအားလုံးအား ပြောကြားခြင်းသည် ပရိဝါသ်မာနတ်ဆောက်

တည်ရာ၌ မချွတ်ပြုကျင့်ရသောကျင့်ဝတ် 'အပဏ္ဏကပဋိပဒါ' ဖြစ်သည်၊ ထို့ကြောင့် ကျောင်းတိုက်အာရာမ်အတွင်းသို့ ရောက်သည်နှင့်တပြိုင်နက် ထိုကျောင်းတိုက်အာရာမ်တွင်းရှိ ရဟန်းအားလုံးအား ပြောကြားရမည်၊ မပြောကြားလျှင် ရတ္တိစ္ဆေဒဖြစ်သည်၊ ဝတ္တဘေဒ ဒုက္ကဋ်ကား အရှဌာနလိုက်၍ လွတ်သည်၊ ဋီကာများဖွင့်ဆိုချက် မသင့်ဟု မိန့်တော်မူသည်။

## တတိယ ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော် ဘုရားကြီး၏ ဂုဏ်တော်နှင့် ဩဝါဒ မိန့်ခွန်းများ

ကျေးဇူးတော်ရှင် ဒုတိယဝိသုဒ္ဓါရုံ ဒီပဲယင်းဆရာတော်ဘုရားကြီးသည် ပရိယတ္တိစိသာရဒ, ပဋိပတ္တိမာမက, ဘာဝနာဘိရတဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့်အလျောက် မိမိအပေါ်သို့ ကျရောက်လာသည့် ရွှေကျင်ဂိုဏ်းကြီး၏ တာဝန်ဝတ္တရားနှင့် ဘုရားရှင်သာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွား ထွန်းကားရေးကိစ္စတို့ကို စွမ်းစွမ်းတမံ အားထုတ်ဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး အတ္တ,ပရနှစ်ဝအကျိုး ထည် ပိုးဆောင်ရွက်ရာ၌ လွန်စွာထက်သန်တော်မူလှသည်၊ ထို့ကြောင့်ပင် နောင်လာနောက်သားတို့ လောကမှ ပရမတ္ထသဘာဝအရာ၌ စူးရှထက်သန်သည့် အသိဉာဏ်မျက်စိ ရရှိကြစေရန် လောကစက္ခုကျမ်းနှင့် ပရမတ္ထစက္ခုကျမ်းတို့ကို ရေးသားစီရင်တော်မူခဲ့သည်၊ ထိုကျမ်းတို့ကို သေချာစွာကြည့်ရှုလျှင်ဆရာတော်ဘုရားကြီး၏ လေးနက်တော်မူလှသည့် ဂမ္ဘီရဉာဏ်တော်နှင့် အချက်ကျကျ မိန့်ဆိုမြွက်ဟထားသည့် ဝိစိတြကထာတို့ကို တွေ့မြင်နိုင်ပေသည်၊ သမထဘာဝနာတို့တွင် ဗုဒ္ဓါနုဿတိဘာဝနာကို အထူးအားထုတ်တော်မူ၍ မိမိကဲ့သို့ အားထုတ်ပွားများကြစေရန် မနောဒွိဋ္ဌဝန္ဒနာ ဘုရားရှိခိုးနှင့် ထုတိဝန္ဒနာဘုရားရှိခိုးကျမ်းတို့ကို ရေးသားစီရင်တော်မူခဲ့သည်၊ ထိုကျမ်းတို့၌ ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို အချိုးမျိုးသော ဝတ္ထုသက်သေသာဓကတို့နှင့်တကွ ပါဠိဂါထာ မြန်မာစကားပြေတို့ဖြင့် ကြည်ညိုမဆုံးအောင် ခြယ်မှုန်းရေးသားတော်မူသည်။

## ဗုဒ္ဓါနုဿတိဘာဝနာပွားများတော်မူခြင်း

ဒီပဲယင်းဆရာတော်သည် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံးတော်မူစဉ် မန္တလေးတောင်ခြေရှိ မဟာကုသိုလ်တော်ဘုရား၌ ဆိမ်းထောင်ပြည့် ထွန်းညှိတော်မူ၍ စေတီတော်ကို လှည့်ပတ်ကာ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများတော်မူသည်၊ စေတီတော်ရင်ပြင်ဝယ် အရပ်ရှစ်မျက်နှာတို့၌ တပတ်ပြီးတပတ် အထပ်ထပ် လှည့်ပတ်ကာဖူးမြော်ကြည်ညို တော်မူသည်၊ ဗုဒ္ဓဂုဏ်တော်များကို ဆင်ခြင်ပွားများနေစဉ်မှာပင် အရုဏ် ရောင်ကျင်း၍ အလင်းသို့ရောက်သွားသည် ဆို၏။ မဟာကုသိုလ်တော် ဘုရား၌ ဆိမ်းထောင်ပြည့် ထွန်းညှိပြီး ညဉ့်သုံးပေါက် ကြည်ညိုပွား များသည်မှာ တကြိမ်မက သုံးကြိမ်တိုင်အောင်ပင်ရှိသည် ဆို၏။

ဆရာတော်ဘုရားကြီးသည် ဇာတိဌာနဖြစ်သည့် ဒီပဲယင်းမြို့နယ် ထောက်ရှာ့ကန်ဖျားမင်းတည်းကုန်းကျေးရွာတို့၌ သီတင်းသုံးတော်မူစဉ် ကလည်း ဆောင်းဦးပေါက်ချိန်တွင် တောပန်း တောင်ပန်းတို့ မွှိုင်မွှိုင် ဆိုင်ဆိုင်ပွင့်လာပြီဆိုလျှင် မောင်ရှင်သာမဏေကျောင်းသားများကို ခေါ် ဆောင်၍ ချောင်းရိုးတလျှောက်ပွင့်နေသော ပန်းမျိုးစုံတို့ကို ကပ္ပိ (ဆွတ်ခူး)စေတော်မူသည်၊ ရသမျှပန်းတို့ကို စုစည်းယူဆောင်တော် မူပြီးလျှင် ချောင်းအတွင်း သဲသောင်ပြင်တွင် သဲပုံစေတီ တည်စေတော် မူကာ လက်အုပ်ချီမိုးရှိခိုး၍ သဲပုံစေတီအား ပန်းတို့ဖြင့် အားရပါးရ လှူဒါန်းပူဇော်တော်မူသည်၊ ရှင်သာမဏေကျောင်းသားများကိုလည်း မိမိကဲ့သို့ ရှိခိုးပူဇော်ရန် တိုက်တွန်းတော်မူသည်၊ ဤသို့ သဲပုံစေတီတည်၍ ပန်းတို့ဖြင့် လှူဒါန်းပူဇော်ခြင်းသည်လည်း တကြိမ်တခါမဟုတ်၊အကြိမ် ပေါင်းများစွာရှိလေသည်။

ဗုဒ္ဓေါ ဓမ္မော စ သံဃော စ၊ အနိစ္စံ ဒုက္ခလက္ခဏံ။
အနတ္တာတိ စ ဝါစာဝ၊ သာရာ ဟိ ပိဋကတ္တယေ။

ဗုဒ္ဓေါ စ–ဘုရားလည်းကောင်း၊ ဓမ္မောစ–တရားလည်း ကောင်း၊ သံဃောစ–သံဃာလည်းကောင်း၊ အနိစ္စံ–အနိစ္စ လက္ခဏာ လည်းကောင်း၊ ဒုက္ခလက္ခဏံ–ဒုက္ခလက္ခဏာ လည်း

ကောင်း။ အနတ္တာ—အနတ္တလက္ခဏာလည်းကောင်း၊ ဣတိ ဣမာ
ဆ ဝါစာ—ဤစကားခြောက်ခွန်းတို့သည်သာလျှင်။ ဟိ—မှန်ချ
ကေန်အမှန်မလွဲ။ ပိဋကတ္တယေ၊ ပိဋကတ်သုံးပုံ၌။ သာရာ·လိုရင်း
အစစ်အနှစ်တို့ေ တည်း။

## ရွှေကျင်ဂိုဏ်းအတွက်ဆောင်ရွက်ချက်များ

"အင်ကြင်းခက်ကျိုင်း၊ ရွှေကျင်ဂိုဏ်း"ဟူသော ဥဒါန်းစကား အရ ၁၂၂၂–ခုနှစ်မှ စတင်ထည်ထွန်းခဲ့သော ရွှေကျင်ဂိုဏ်းသာသနာသည် ဒီပဲယင်းဆရာတော်ဘုရားကြီး၏ ဆောင်ရွက်ချက်ကြောင့် ယနေ့ ထက်တိုင် မြဲခိုင်ကြံ့ကြံ့ တည်တံ့ထွန်းလင်းနေသည်ဟုဆိုလျှင် မလွဲ နိုင်ပေ၊ အကြောင်းကား—ဒီပဲယင်းဆရာတော်ဘုရားကြီး ရွှေကျင်နိကာယ ဥက္ကဋ္ဌမဟာနာယက(သာသနာပိုင်)ဖြစ်ချိန်တွင် မြန်မာနိုင်ငံ၌ သာသနာ ရေး,ဘာသာရေးနှင့် နိုင်ငံရေးတို့ ရောထွေးရှက်နွယ်နေသည်၊ ထိုအချိန် က ဘာသာရေး,သာသနာရေးအသင်းပေါင်း ထောင်နှင့်ချီရှိနေပြီး သံဃ သာမဂ္ဂီအသင်းလည်း ပေါ်ပေါက်လာသည်၊ မြန်မာနိုင်ငံ၌ ဂိုဏ်းပေါင်းစုံ သံဃာများရှိရာ ယင်းတို့တွင် သာသနာပိုင်ဆရာတော် တပါးတည်းသာ ရှိစေရန်နှင့် ထိုသာသနာပိုင်၏ အ ဏာစက်တွင် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ တို့ တည်ရှိစေရန်ဟူသော အဆိုကို သက္ကရာဇ် ၁၂၀၀–ပြည့်နှစ်၊ သီတင်း ကျွတ်လပြည့်ကျော် ၃ ရက်နေ့၌ မော်လမြိုင်မြို့တွင် ကျင်းပသော ဝိုင် အမ် ဘီ အေအသင်းကြီး၏ အငွှမအကြိမ် သင်းလုံးကျွတ် အစည်း အဝေးက တင်သွင်းလာသည်။

အဆိုပါကိစ္စနှင့်တကွ ရွှေကျင်ဂိုဏ်းကြီးအတွက် အရေးကြီးသော ကိစ္စများ ဖြေရှင်းဆုံးဖြတ်ရန် ဒီပဲယင်းဆရာတော်ဘုရားကြီးက ၁၂၇၂ခု၊ ပဌမဝါဆိုလဆန်း ၈-ရက်နေ့တွင် ပထမအကြိမ် သာသနာတော်လုံးဆိုင် ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးကို မန္တလေးမြို့ အနောက် ပြင် မဟာဝိသုဒ္ဓာရုံတိုက်သစ်၌ ကျင်းပပြုလုပ်စေတော်မူသည်။ ထိုအစည်း အဝေးကြီးက "ရွှေကျင်ဂိုဏ်းကြီးသည် ရှေးမြန်မာဘုရင်တို့လက်ထက် ကပင် ဂိုဏ်းသီးဂိုဏ်းခြားအဖြစ် အသိအမှတ်ပြုခံရပြီးဖြစ်၍ မည်သည့်

ဂိုဏ်းအဖွဲ့အစည်းသို့မျှ ပါဝင်ရန်မလိုကြောင်း ဆုံးဖြတ်ချက် အပိုဒ် ၉၊ ၁၀ တို့ဖြင့် ပြဋ္ဌာန်းဆုံးဖြတ်ကြသည်။

၁၂၈၁–ခုနှစ်ကလည်း မန္တလေးမြို့ပေါ်တွင် အစည်းအဝေး တခုပြုလုပ်၍ သာသနာတော်ကို မဟာဒဏ်ဖြင့် စည်းကြပ်ထိန်းသိမ်းရန်ဟု အဆိုပြုလာသည်၊ ယင်းအစည်းအဝေးသို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ သုဝဏ္ဏဝတီဆရာတော် အရှင်အဂ္ဂမေ့ာဘိဝံသနှင့် စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသတို့ တက်ရောက်ကြသည်၊ ဆရာတော်နှစ်ပါးက "အခြားဂိုဏ်းများအပေါ် မဟာဒဏ်ဖြင့် စည်းကြပ်ခြင်းကို ကန့်ကွက် ခြင်း, ထောက်ခံခြင်း မပြုလိုပါ၊ ရွှေကျင်ဂိုဏ်းအပေါ်၌ကား သာသနာ ပိုင်ကသော်လည်းကောင်း, သာသနာပိုင်၏ လက်အောက်ခံ မဟာဒဏ် အဖွဲ့ကသော်လည်းကောင်း စည်းကြပ်ခြင်း, အာဏာပေးခြင်းကို လက်မခံ နိုင်ပါဟု ကန့်ကွက်ပြီးလျှင် မင်းတုန်းမင်းတရားကြီး လက်ထက်ကပင် ရွှေ ကျင်ဂိုဏ်းအပေါ် အခြားဂိုဏ်းဆိုင်ရာတို့က ဩဇာအာဏာမပေးနိုင် ကြောင်း ညောင်ရွှေဇာဟာရာဇာစော်ဘွားကြီး အသိပင် ဖြစ်ပါသည်ဟု သက်သေထူကာ ပြောဆိုကြသည်။

ဤသို့ ဆရာတော်နှစ်ပါး ပြောကြားပြီးသောအခါ ညောင်ရွှေ စော်ဘွားကြီးက ကုလားထိုင်ပေါ်မှ ဆင်းလာ၍ မတ်တတ်ရပ် လက်အုပ် ချီပြီးလျှင် "မင်းတုန်းမင်းတရားကြီးလက်ထက်က ရွှေကျင်ဂိုဏ်းအပေါ် အခြားဂိုဏ်းဆိုင်ရာက ဩဇာအာဏာမပေးနိုင်ဆိုသည်မှာမှန်ကန်ပါသည်" ဟု လျှောက်ထားသည်။ ဤသို့ စသည်ဖြင့် ဒီပဲယင်းဆရာတော်ဘုရားကြီး လက်ထက်၌ ဘာသာရေးနှင့် နိုင်ငံရေး ရောထွေးရာမှ ပေါ်ပေါက် လာသည့် ပြဿနာကိစ္စအဝဝတို့ကို ဆရာတော်ဘုရားကြီး အမှူးရှိသည့် ရွှေကျင်ဂိုဏ်းဝင် ထိပ်ခေါင်တင် ဆရာတော်များက လေးနက်တည်ကြည် သော သမာဓိ,ထက်မြက်စူးရှသော ဉာဏ်ပညာဖြင့် စိစစ်ဝေဖန်ကာ ဆောင်ရွက်တော်မူခဲ့ကြသည်။

# ဒီပဲယင်း ဆရာတော်ဘုရားကြီး၏ ဩဝါဒများ

## ပညတ်နှင့် ပရမတ်

တခုတည်းထင်မှတ်၊ မျှင်မပြတ်လျှင်၊ ပညတ်ပင်။
အများထင်မှတ်၊ အမျှင်ပြတ်မှ၊ ပရမတ်။

ပညတ်ကား လောကီဘုံသားတို့ အားရပျော်ပိုက် အကြိုက်အာရုံ။ ပရမတ်ကား လောကုတ္တရာဘုံသားတို့ အားရပျော်ပိုက် အကြိုက်အာရုံ။ ပညတ်ကား လောကီဖက်ကို အားပေးသည်၊ လောကုတ္တရာဖက် ယှက်မြေးသည်။ ပရမတ်ကား လောကီဖက်ကို ဖျက်သည်၊ လောကုတ္တရာဖက်ကို တက်စေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်လူမျိုးတို့မှာ လောကုတ္တရာရေးတုတ်သည်၊ လောကီရေးနုပ်သည်။ ဘာသာခြားလူမျိုးတို့မှာ လောကီရေးတုတ်သည်၊ လောကုတ္တရာရေးယုတ်သည်။ လောကီရေးဖျက်မှလည်း လောကုတ္တရာသို့ တက်နိုင်သည်။

ဆန့်ကျင်မဖွယ်၊ မခက်လွယ်၊ သူငယ်သော်လည်း တတ်နိုင်သည်။
မဆန့်ကျင်ဖွယ်၊ ခက်မလွယ်၊ ပညာကျယ်မှ တတ်နိုင်သည်။

## မသိနှင့်အသိ

မသိလျှင်တွယ်၊ သိလျှင်ပြယ်သည်။
တွယ်လျှင်လည်းဘေး၊ ပြယ်မှအေးသည်။
မသိက တပတ်ပတ်၊ သိမှ အပြီးသတ်သည်။
မသိ အစ၊ သိက အဆုံး၊ ကိစ္စတုံးသည်။

မသိကား အဝိဇ္ဇာ၊ သိကား ပညာ၊ တွယ်ကား တဏှာ၊ ကိစ္စတို့ကား ဆင်းရဲကင်း၍ ချမ်းသာခြင်းသို့ ရောက်ရန် အားထုတ်မှုတို့တည်း။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရန် အားထုတ်မှုလုပ်ငန်း၊ သည်သာ ကိစ္စအစစ်ဖြစ်သည်၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ မဆိုက်ရောက်သေးသမျှ ကိစ္စမပြီးဆုံးသေး၊ အဟုတ်အမှန်ကို မသိသေး၍ တဏှာမျက်စိကျယ်ကာ သံသရာ၌ ပျော်မွေ့နိုင်သည်၊ အဟုတ်အမှန်ကို သိ၍ ပညာမျက်စိကျယ်လျှင် သံသရာ၌ မပျော်

မွေ့နိုင်ပဲ အတွယ်တွေ အကုန်ပြယ်တော့သည်။ အတွယ်တွေအကုန်ပြယ်က သံသရာမှ လွတ်မြောက်၍ ကိစ္စပြီးဆုံးခြင်းသို့ ရောက်သည်။

"အဟုတ်အမှန်ကိုသိ"ဆိုသော စကား၌ အကြောင်းနှင့်တကွ နာမ်ရုပ်ဘို့ကို သိမြင်နိုင်သော နာမရူပပရိစ္ဆေဒဉာဏ်,ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဆိုအပ်သော ဉာတပရိညာ၊ နာရုပ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောတို့ကို သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်, အဖြစ်အပျက်ကို သိမြင်သော ဥဒယဗ္ဗယဉာဏ်ဟု ဆိုအပ်သော တီရဏပရိညာ၊ အသိဉာဏ်အပြီးအဆုံးသို့ ရောက်၍ တဏှာ, မာန, ဒိဋ္ဌိကင်းစင်ကာ အလင်းသို့ရောက်သော ပဟာနပရိညာ၊ ဤပရိညာသုံးပါးကို "အဟုတ်အမှန်သိ"ဟု ဆိုသည်။

ထို့ကြောင့် "မသိ အစ၊ သိက အဆုံး၊ ကိစ္စတုံးသည်"ဟုဆိုသည်။ အသင်အကြား အမှတ်အသား အရအမိဟု ဆိုအပ်သော သုတမယဉာဏ်၊ အမှတ်အသား အရအမိရှိသည့်အတိုင်း စိတ်ကို ကောင်းသောအားရုံ၌ ထားခြင်းဟူသော ယောနိသောမနသိကာရရှိမှ လောကုတ္တရာပညာကို ရနိုင်သည်။ ဉာတပရိညာနှင့် တီရဏပရိညာနှစ်ပါးကို ရလျှင် စူဠသောတာပန်မည်၏။ သေသည်၏ အခြားမဲ့၌ သုဂတိဘဝသို့ ရောက်ရခြင်း, တိဟိတ်ပဋိသန္ဓေနေရခြင်း, ပညာကြီးခြင်း, မဂ်ဖိုလ်ကို အလွယ်တကူသိနိုင်ခြင်း အကျိုးထူးတို့ကို ရရှိနိုင်သည်။

အသင်အကြား အမှတ်အသားဟူသော သုတမယအသိကို ရှေးဦးစွာ အားထုတ်ရှာမှီးရသည်၊ သုတမယအသိဖြင့် အဟုတ်အမှန်ရှိသော ရုပ်နာမ်ဘို့ကို သိမြင်နိုင်လျှင် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို မှန်မှန်ဝါးဝါး သိမြင်နိုင်သည်၊ ရတနာသုံးပါးကို သိမြင်နိုင်မှသာလျှင် ပုံသမျှ ဒါန, သီလ, ဘာဝနာတို့ တုတ်ခိုင်ကြီးထွား၍ နောင်အခါ မဂ်ဖိုလ်၏ အခြေဖြစ်နိုင်သည်။ အသိဉာဏ်ကား လောက၌ အမြတ်ဆုံး၊ မသိမှုကား ယုတ်မာဆိုးဝါး အပြစ်အများဆုံးတရား၊ အသိဉာဏ်ဟူသမျှ သုတအသိက စရသည်။

သိမှ သိ, မသိကို သိသည်၊ မသိက သိ,မသိကို ေသိ၊ ဘာမှန်းမှ မသိ။ ဟိုထိသည်ခိုက်၊ အဝိစိ ဆိုက်တတ်သည်။

သို့ဖြစ်၍ သိလိုသောဆန္ဒဖြင့် သုတကို ရှာရသည်၊ သုတရှိမှ မှန်၊ မမှန်ကို နှိုင်းချိန်နိုင်သည်။

## ဤဘဝကျွတ်လိုသူနှင့် နောင်ဘဝကျွတ်လိုသူ

ယခုဘဝ မဂ်ဖိုလ်ရအောင် အားထုတ်မည့် ပုဂ္ဂိုလ်သည် ဒါနကို ပြုနေရန်မလို၊ ဝိပဿနာဘာဝနာလုပ်ငန်းကိုသာ အရိုးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်တမ်း လုံ့လစွမ်းဖြင့် ကြိုးပမ်းအားထုတ်ရမည်။

နောင်အခါ လွယ်လွယ်နှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရလိုရောက်လိုသော သူတို့မှာ ဒါနကိုလည်းပြု၊ သီလကိုလည်းစောင့်၊ ဘာဝနာအလုပ်ကိုလည်း ကြားညှပ် အားထုတ် ပွားများရမည်။

ဒါနမပါလျှင် ရိက္ခာမပါသော ခရီးသွားနှင့်၊ ဒါနနည်းလျှင် ရိက္ခာနည်းသော ခရီးသွားသည်နှင့် တူသည်၊ သီလမရှိလျှင် ခြေကျိုးသောခရီးသွားနှင့်၊ သီလနည်းလျှင် ခြေမသန်သော ခရီးသွားနှင့်တူသည်။ ဝိပဿနာမရှိလျှင် မျက်စိမမြင်သော ခရီးသွားနှင့်၊ ဝိပဿနာနည်းလျှင် မျက်စိမှုံသော ခရီးသွားနှင့် တူသည်။

မဂ်ဖိုလ်နိဗ္ဗာန်ကို ရလိုရောက်လိုသောသူမှန်လျှင် ဒါနကို ခင်သည်၊ သီလကိုခင်သည်၊ ဘာဝနာကို ခင်သည်။ နှစ်လုတ်စာရလျှင် အလှူခံစားသူရှိက တလုတ်စာကို ဝေပေးနိုင်သည်။

## သဒ္ဓါနှင့်ပညာ

သဒ္ဓါကို ပညာစောင့်မှ၊ ပညာကို သဒ္ဓါစောင့်မှ လမ်းဖြောင့်သည်။ သဒ္ဓါကို ပညာ မစောင့်လျှင် သဒ္ဓါကြည်ဖြူသလိုလိုနှင့် အချစ်အခင် တဏှာဝင်တတ်သည်၊ အရာမဟုတ်ရာ မကြည်ညိုသင့်ရာ ကြည်ညိုသဖြင့် ကုသိုလ်လိုလိုနှင့် မောဟဇော အကုသိုလ်ဖြစ်တတ်သည်၊ "သဒ္ဓါ အသွင်၊ တဏှာဝင်၊ ခင်မင်သည်ကို အကြည်ညို"ဖြစ်တတ်သည်။

ပညာကို သဒ္ဓါမစောင့်လျှင် ဒါနကို ကြမ်းသည်ထင်၍ မပြုချင်မပြုလို ဖြစ်တတ်သည်။ ဒါနကို ကြမ်းသည်ဟု ထင်ခြင်းသည် အမှန်

အသင့်ကို ချင့်ချိန်တတ်သော ပညာလိုလိုနှင့် မမှန်မသင့်ကို ချင့်ချိန်တတ်သော မဟုတ်သည့် မောဟပင် ဖြစ်သည်။

ဒါနကို မပြုလိုသောစိတ်သည် သံဝေဂလိုလိုနှင့် မိမိဥစ္စာကို မစွန့်ရက် နှမြောတပ်မက်သော လောဘ။ လှူရမည့်အလုပ်ကို မလုပ်လိုသော ပျင်းရိထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ။ အလှူခံကို မသဒ္ဓါမကြည်ဖြူခြင်း ဗျာပါဒတို့ပင် ဖြစ်သည်။

လောဘဖက်လျှင် ဒါနခက်သည်။
မကြောက် မရှက်လျှင် သီလခက်သည်။
သုတမဖက် မလေ့ကျက်လျှင် ဝိပဿနာခက်သည်၊

ငါ့ကိုလည်း သူမပိုင်၊ သူ့ကိုလည်း ငါမပိုင်၊ ဘယ်သူ့ကိုမှ ဘယ်သူမပိုင်၊ ငါ့ကိုသော်မှ ငါမပိုင်၊ အချိန်တိုင်က သူဖြစ်ချင်သလို ဖြစ်၊ ငါဖြစ်ချင်သလို မဖြစ်၊ ဥစ္စာကသော်လည်း လူကိုပစ်၊ လူကသော်လည်း ဥစ္စာကို ပစ်၊ စင်စစ်မုချ အမြဲမရှိ အနိစ္စ၊ ကြောက်စရာ ဒုက္ခ၊ အစိုးမရ အနတ္တပါတကား။

## သဘာဝတရား

ရှေးဘဝက ကံကောင်းထောက်မ၍ ယခုဘဝ၌, ရရှိသည့်ဥစ္စာတွင် စားသမျှ မစင်, ထားသမျှ မသေခင်, လှူသမျှတန်းသမျှ ကုသိုလ်အပင်၊ ယခုဘဝ အခါကောင်းတွင် လူဖြစ်ခိုက် စိုက်လည်းစိုက်, ထားလည်းထား, စားလည်းစား။

ထားသမျှ အများဆိုင် အများဟာ၊ လှူသမျှ ကိုယ်ပိုင်ကိုယ့်ဟာ။ ခေတ္တနားသည့် ခရီးသွားပမာ၊ နားရာမှ ထသွားသောအခါ ကိုယ်ပိုင်ကိုယ့်ဟာ ကိုယ့်ဥစ္စာမှ ကိုယ့်နောက်သို့ ပါသည်။

## လှူတာ ဘယ်သူ့ဖို့လဲ

ဆရာတော်ဘုရားကြီးသည် စကားပြောရာ၌ တိုတိုတောင်းတောင်းနှင့် ထိမိအောင် မိန့်ကြားတော်မူတတ်၏၊ ဒထာ ဒကာမများ လှူဖွယ်

များနှင့် လာရောက်လူသောအခါ "ဒါ ဘယ်သူ့ဖို့လှူတာလဲ"ဟု မေးလေ့ရှိ၏။ အလှူရှင်များက "ဆရာတော်ဘုရားဖို့ လှူတာပါ"ဟု လျှောက်လျှင်"လယ်လုပ်တာ စပါးစိုက်တာ လယ်စားဖို့လား"ဟု မေးမြန်းတတ်၏။ လိမ္မာပါးနပ်သောသူတို့က ဤမျှလောက်ဖြင့် နားလည်သွားကြ၏။ နားမလည်သောသူများကိုမူ "လယ်လုပ်တာ လယ်စားဖို့မဟုတ်၊ လယ်လုပ်သူစားဖို့ပဲ၊ အခုလှူတာလဲ အဲဒီအတိုင်းပဲ၊ ဒါက အလှူခံ ဆရာတော်တို့ဖို့ မဟုတ်ဘူး၊ လှူသူ အလှူ့ရှင်များ ဒီဘဝကစပြီး ဘဝအဆက်ဆက် ချမ်းသာဖို့ဖြစ်တဲ့အတွက် ကိုယ့်အတွက် လှူတာပဲ"ဟု ရှင်းလင်းမိန့်ကြားလေ့ ရှိသည်။

## ဒီကနေ့အကောင်းဆုံး

ဆရာတော်ဘုရားကြီး ဇာတိရပ်ရွာသို့ ကြွရောက် သီတင်းသုံးခိုက် ဥပုသ်နေ့တနေ့တွင် ဒကာများက "ဆရာတော်ဘုရား ခေတ်ကြီး ဘယ်တော့လောက်များ ကောင်းပါ့မလဲဘုရား"ဟု လျှောက်ထားကြ၏။ ဆရာတော်ဘုရားကြီးက "အင်း ဒီကနေ့ အကောင်းဆုံးပဲ"ဟု တိုတိုနှင့် မိန့်ကြားတော်မူလိုက်၏။ ဆရာတော်ကြီး၏ စကားသည် အနက်အဓိပ္ပာယ် လွန်စွာပြည့်ဝ နက်နဲလှ၏။ အချို့သူတို့က "ကလိယုဂ်ဆုတ်ကပ်ကြီး"ဟု စိတ်ပျက်တရားပျက် ဖြစ်၍နေတတ်ကြသည်။ မိမိလုပ်ရမည့် အလုပ်ကို မလုပ်ကြပဲ "ဘယ်တော့ ကောင်းပါ့မလဲ"ဟု ပေါက်ပွင့်ကို သားတစ်ထင်ကာ မျှော်လင့်စောင့်စားနေသော တောခွေးမိုက်အလား အချိန်တွေကို အလကား ဖြုန်းပစ်နေကြ၏။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက "ဘယ်တော့ကောင်းလိမ့်အုံးမယ်လို့ စောင့်ဆိုင်းမနေကြနဲ့၊ ဒီနေ့ အကောင်းဆုံးပဲ၊ ဒီနေ့ အကောင်းလုပ်ယင် နက်ဖြန်အကောင်းဖြစ်မယ်၊ ဒီနေ့အကောင်းမလုပ်ယင် နက်ဖြန်အကောင်းဖြစ်မယ် မဟုတ်ဘူး၊ ဒီအတူပဲ လူပျင်းများလို နောက်ဘဝမှ ကုသိုလ်ကောင်းမှု ပြုတော့မယ်လို့ အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ နောက်ဘဝဆိုတာ စိတ်ချရတာမဟုတ်၊ ဒီ လက်ငင်းဘဝသာ အရေးကြီးတယ်၊ ဒီဘဝကောင်းမှ နောက်ဘဝအဆက်ဆက် ကောင်းနိုင်မယ်၊ အခု လူ့ဘဝကြီးကို ရနေခိုက် ကောင်းကောင်းနေ

ကောင်းကောင်းကျင့်ဖို့ အရေးကြီးတယ်၊ ဒါကြောင့် ဒီကနေ့ အကောင်း ဆုံးပဲ''ဟု ရှင်းလင်း မိန့်ကြားတော်မူသည်။

## စာတတ်ချင် တပ်ပေါ့

ဦးပဥ္စင်းများ ရှင်သာမဏေများ အနီးအပါးသို့ ရောက်လာသော အခါ ဆရာတော်ဘုရားကြီးက ''ဦးပဥ္စင်းတို့ ကိုရင်တို့ စာမတတ်ချင်ကြ ဘူးလား''ဟု မေးတော်မူလေ့ရှိ၏။ ''တတ်ချင်ပါဘုရား''ဟု လျှောက် ကြသောအခါ ''တတ်ချင် တပ်ပေါ့''ဟု တိုတိုတောင်းတောင်း မိန့် ကြားတော်မူပြီး ထိုစကား၏ အဓိပ္ပာယ်ကို ထင်ရှားအောင် ရှင်းလင်း တော်မူသည်။ ''စာတတ်ချင်တဲ့သူဟာ စာအုပ်နဲ့မျက်နှာ တပ်နေရတယ်၊ အဲဒီလို တပ်နေရင် စာတွေမမေ့တော့ဘူး၊ စာတွေ မမေ့ယင် တဝက် တတ်ပြီ ဖြစ်တယ်၊ နောင် ကြီးပြင်းလာတဲ့အခါ အခု ရနေတဲ့စာတွေထဲက ဟိုစာကဖြင့် ကျုပ်ကို ကြည့်ပါ သိပါ၊ ဒီစာကဖြင့် ကျုပ်ကို ကြည့်ပါ သိပါလို့ ပြောနေကြလိမ့်မယ်၊ အဲဒီကျတော့ တတ်လာတော့တာပဲ၊ အဲဒါကြောင့် ရသင့် ရထိုက်တဲ့ စာတွေ ရနေအောင် မှတ်မိအောင် စာအုပ်နဲ့မျက်နှာ တပ်နေရမယ်၊ စာတွေ ရနေလျှင် နောင် ကြီးလာတဲ့ အခါ အလိုလို တတ်လာလိမ့်မယ်''ဟု ရှင်းလင်း မိန့်ကြားတော်မူသည်။

## တင်ပျဉ်ခွေ မစောနဲ့

စာသင်သား သံဃာတော်များသည် ''အချိန်ရှိခိုက်၊ လုံ့လ စိုက်''ဆိုသည့်အတိုင်း ငယ်ရွယ်စဉ်အချိန်က စ၍ ရသင့် ရထိုက်သော စာများကို သင်အံ လေ့ကျက်ပြီး မမေ့ပျောက်အောင် အားထုတ်ကြရ သည်။ တက်ရမည့် စာပေကျမ်းဂန်များကိုလည်း ဆရာ့ထံ တက်ကာ အနက်အဓိပ္ပာယ်သိအောင် လေ့လာကြရသည်၊ နှုတ်တက် အာဂုံ ရအောင်လည်း မကျက်၊ အနက်အဓိပ္ပာယ် သိအောင်လည်း မလေ့လာပဲ ခန္ဓာကိုယ် သက်သာမှုကိုသာ ယူ၍ အချိန်ဖြုန်းနေသော စာသင်သား များသည် နောင်အခါ သာသနာ့အတွက် အသုံးမဝင် ဖြစ်တတ်သည်။ ထို့ကြောင့် ဒိပဲယင်းဆရာတော်ဘုရားကြီးက ''တင်ပျဉ်ခွေ မစောကြနဲ့၊

တင်ပျဉ်ခွေ စောလျှင် နောင်အခါ ခွေစရာမရှိပဲ ဖြစ်လိမ့်မယ်၊ နောင် ခွေစရာရှိအောင် ချန်ကြအုံး”ဟု မိန့်ကြားတော်မူသည်။

## အကုန် မပျော်မပစ်ကြနဲ့

နှစ်ပေါင်း ငါးဆယ်ကျော် ဟိုဖက်အချိန်က မြန်မာပြည်၌ မိမိတို့ ကိုးကွယ် ဆည်းကပ်သော ဘုန်းကြီးတပါး ပြန်လွန်လျှင် လေးငံတိုက်၊ ပြာသာဒ်၊ မဏ္ဍပ်နှင့် ဇာတ်ပွဲ၊ အငြိမ့်ပွဲ စသော ပျော်ပွဲ ရွှင်ပွဲများ ပြုလုပ်ပြီး မရဏာနုဿတိ သံဝေဂတရား ပွားများရမည့်အစား ဘုန်းကြီး အလောင်းကို သူတလှည့် ငါတခါ အချိန်အတော်ကြာအောင် ပျော် ပျော် ပါးပါး ကစားနေတတ်ကြသည်။ မောရမှန်း ပန်းရမှန်း မသိ၊ အောက်သို့ချလိုက် အထက်သို့ မြှောက်လိုက် ဘေးသို့ ပို့လိုက် စသည်ဖြင့် အားရ ပါးရ ပြုလုပ် ပျော်ရွှင်နေတတ်ကြသည်။

တခုသော ကျေးရွာကြီး၌ ဘုန်းကြီးတပါး ပြန်လွန်တော်မူ၍ ဘုန်းကြီးပြန်ပွဲကို ကျင်းပ ပြုလုပ်ကြသည်။ သင်္ဂြိုဟ်မည့်နေ့၌ ဘုန်းကြီး အလောင်းကို သင်္ချိုင်းမည့် နေရာသို့ သယ်ဆောင်ရာတွင် အလှည့်ကျ ပျော်ပါး ကစားနေကြသဖြင့် မိုးအတော်ချုပ်မှ သင်္ချိုင်း တင်မည့် နေရာသို့ ရောက်လာ၏။ ထိုအခါ ဒိပဲယင်းဆရာတော်ဘုရားကြီးက “အင်း ပျော်လိုက်ကြတာ အားလုံး အပျော်တော်၊ အချမ်းသာတော်တွေ ဖြစ်ကုန်ကြပြီ၊ ဒီဘဝမှာ အကုန် ပျော်မပစ်လိုက်ကြနဲ့အုံး၊ နောက်ဘဝ အတွက် ပျော်စရာ ချန်ကြအုံး”ဟု ဩဝါဒ ပေးတော်မူသည်။

ရွှေ မဟာနာယက ဆရာတော်ကြီးတို့၏ အလိုတော်ကို ဖော်ပြသော

## ဒီပဲယင်း ဆရာတော်ဘုရားကြီး ၏

# သြဝါဒကထာ

(၁၂၈၃-ခုနှစ် တန်ဆောင်မုန်းလ၌ ထုတ်ပြန်တော်မူသည်။)

ရွှေကျင်ဂိုဏ်းကြီးသည် မြန်မာဘုရင် မင်းအဆက်ဆက်မှ ယခုထက်တိုင် ဆိုဖွယ်မရှိ စင်ကြယ် ခိုင်ခံ့စွာ စည်းလုံးညီညွတ်ပြီး သာမဂ္ဂီဖြစ်ပြီး ဖြစ်သည့်ပြင် ခေတ်အားလျော်စွာလည်း လွန်ခဲ့သော ၁၂၈၂-ခုနှစ်ကပင် နိုင်ငံလုံးရှိ ရွှေကျင်ဂိုဏ်း သံဃာတော်ကို အကြီးအကျယ် အခိုင်အခံ့ တဖန် ထပ်မံ ဖွဲ့စည်းပြီး ဖြစ်၍ အသစ်တဖန် ဖွဲ့စည်းရန်မလို၊ ပင်ကိုက ဂိုဏ်းသီးဂိုဏ်းခြားဖြစ်၍ အခြားဂိုဏ်းသားများ ဖွဲ့စည်းကြသော ခေတ်ပေါ် သံဃသာမဂ္ဂီသို့ ပါဝင်ရန်မလို၊ ၎င်းတို့ ဆောင်ရွက်ကြသော လောကဓမ္မ အပြစ်ကင်းသော အရာဌာနတို့၌ သဘောတူဆန္ဒပေး ထောက်ခံခြင်းကိုသာ ပြုသင့်သည်၊ လူအသင်းသားတို့ကလည်း "သာမဂ္ဂီအသင်း ဖွဲ့စည်းတော်မူပါ၊ သာမဂ္ဂီအသင်းသို့ စာရင်းလက်မှတ်ထိုးသွင်းတော်မူပါ"ဟူ၍ လျှောက်ထားဖွယ်မရှိ၊ "မည်သည့်ကိစ္စကို ဆောင်ရွက်တော်မူပါ"ဟူ၍သာ လျှောက်ထားဖွယ်ရှိသည်။

ရွှေကျင်ဂိုဏ်း သံဃာတို့ကလည်း အခြားဂိုဏ်းသား သာမဂ္ဂီအသင်းများနှင့်မခြား အလားတူစွာ "ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ ဝိနယော ပညတ္တော"ဟူသည့်အတိုင်း ဒိဋ္ဌဓမ္မိကအာသဝ သမ္ပရာယိကအာသဝတို့မှ ကင်းလွတ်ရန် သတ္တကာသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ် ယှဉ်စေ ဖြစ်စေပြီးကာ မလိမ္မာသူ ပြည်သူပြည်သားတို့ကိုလည်း "ဒိဋ္ဌဓမ္မိက သမ္ပရာယိက ပရမတ္ထေဟိ ယထာရဟံ အနုသာသတီတိ သတ္ထာ"ဟူသကဲ့သို့ အချင်းချင်းညီညွတ်သည်းခံ စွာပွန်ရေး တမလွန်ရေးတို့၌ ယဉ်ကျေးလိမ္မာကြ၍ တိုင်းပြည် သာယာ ဘာသာ ကြီးပွား ပြည်သား ပြည်သူ ချမ်းသာကြရန် ဒုစရိုက်ဆယ်ပါး န္တားသား, သေအရက် စသည်ကို ရှောင်ကြဉ်၍ ခန္တီ, မေတ္တာ, သန္တုဋ္ဌိ သလ္လေခ တရားတို့ကို အထူးဟောကြားရမည် ဖြစ်သည်။

ယခုလည်း မန္တလေး, စစ်ကိုင်း စသော ရွှေကျင်ဂိုဏ်းသား လုံလောက်သော ဓမ္မကထိကပုဂ္ဂိုလ်များ ယင်းသို့သောတရားကို ဝိနည်းတော်နှင့် ညီညွတ်စွာ ဟောကြားလျက်ရှိသည်။

စည်းလုံးညီညွတ်ပြီး ရွှေကျင်ဂိုဏ်းသံဃာတို့က ခေတ်ပေါ် သံဃာသာမဂ္ဂီသို့ စာရင်းလက်မှတ် ထိုးသွင်းပါဝင်လျှင် အစဉ်အလာ ဆိုဖွယ် မရှိ၊ ညီညွတ်သော ရွှေကျင်ဂိုဏ်းကြီး ဋ္ဌန္ဒြေပျက်မည်သာ ဖြစ်သည်။ ယင်းသို့သောအတွက် "သံဃာသာမဂ္ဂီသို့ စာရင်းလက်မှတ် ထိုးသွင်းပါဝင်ပါ" ဆိုလာ လျှောက်ထားလာလျှင် မထိုး မသွင်း မပါဝင်ပဲ ရဟန်းတို့နှင့် သင့်လျော်သောအရာကို သဘောတူကြောင်း ဆန္ဒသာ ပေးသင့်သည်။ မန္တလေးမြို့ ရွှေကျင်ဂိုဏ်းဝင် သံဃာတို့လည်း သင့်သောအရာ၌ ဆန္ဒထောက်ခံချက်ကိုသာ ပေး၍ စည်းလုံးမပျက် ငြိမ်သက်ပိပြားစွာ နေထိုင်ကြသည်။ ထိုထို သတင်းစာများက အလိုရှိရာ ရေးသားထည့်သွင်း ဖော်ပြသည်များကို မယောင်မှားမိစေရန်၊ ရွှေကျင်ဂိုဏ်းကြီးလည်း ခေတ်ခါအလျောက် အောက်သို့လျှောကျ၍ "အပ္ပသန္နာနံ အပ္ပသာဒါယ ပသန္နာနံ အညထတ္တာယ" ရှုတ်ရှော်ကြီး ဖြစ်၍မသွားကြရန် လောကမကင်း သာမဂ္ဂီအသင်းသို့ ဝင်လိုကြသည်း သီးလုံး, ရွှေကျင်, ပဲခူးတောရ, မဟာဝိသုဒ္ဓါရာမိက, ပုခန်း, ခင်မွန် စသော ဂိုဏ်းစောင့် ဆရာတော်ကြီးတို့၏ ဂိုဏ်းကျေးဇူးတော်များကို အလေးမူ အရေးယူကြရန် ဉာဏ်ကိုမကွာ သဒ္ဓါလက်ရှိ သတိကို ရှေ့ထားကြလျက် ဆောင်ရွက်သင့်ကြပေသည်။

## အဘယာရာမ ရွှေဂူတိုက် ပေါ်ပေါက်လာခြင်း

မန္တလေးမြို့ မလွန်ဈေးဟောင်းရပ် ရွှေဂူဆန်စက်နှင့် မန္တလာညွန့်ဆန်စက်များပိုင်ရှင် သဌေး ဦးမင်း, သဌေးကတော် ဒေါ်ဝင်းတို့သည် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ သီတင်းသုံးနေတော်မူသော ဒုတိယ ဝိသုဒ္ဓါရုံဒီပဲယင်းဆရာတော်ဘုရားကြီးအား ကျောင်းတိုက်ကြီးတခု ဆောက်လုပ်လှူဒါန်းရန် မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ မြောက်ဘက်ရှိ မူဝံ ဆန်စက်ဝင်းကြီးကို ဝယ်ယူဖို့ စကားပြောကြသည်။ ပိုင်ရှင်များက အဖိုး တသိန်းရမှ ရောင်းမည်ဟု ပြောသဖြင့် ကျောင်းရာမြေနှင့် ကျောင်းတိုက်အတွက်

တသိန်းမျှသာ ရည်မှန်းချက်ရှိ၍ အဆင်မပြေ ဖြစ်သွားသည်။ တဖန် မဟာဝိသုဒ္ဓါရုံ အရှေ့ဘက်ရှိ ဓမ္မာသီဝကျောင်းဒကာ ဦးစိုးလေး-ဒေါ်ပု တို့ပိုင်သည့် ဥယျာဉ်မြေ(ယခု ရှမ်းဝိုင်းရပ်ကွက်)ကို ဝယ်ယူရန် ပိုင်ရှင်များ ထံ စုံစမ်း မေးမြန်းကြပြန်သည်။ ပိုင်ရှင်များသည် ဒီပဲယင်းဆရာတော် ဘုရားကြီး၏ ဆွေတော်မျိုးတော်များဖြစ်ကြ၍ ''ဆရာတော်ဘုရားကြီး အတွက်ဆိုလျှင် မြေကိုမရောင်းပါ၊ မိမိတို့ကပဲ လှူပါမည်၊ သို့ရာတွင် အလယ်တိုက်ကြီး ဆောက်လုပ်ခွင့်ကိုပေးပါ''ဟု တောင်းဆိုကြသည်။ တိုက်သစ်တာသစ် တည်ဆောက် လှူဒါန်းမည့် ကျောင်း ဒကာများက အလယ်တိုက်ကြီး ဆောက်လုပ်ခွင့်မပေးနိုင်သဖြင့် ထိုနေရာမှာလည်း အဆင်မပြေ ဖြစ်ပြန်သည်။

တို့နောက် မန္တလေးမြို့ စိန်ပန်းသပြေူးရပ်အတွင်းရှိ စကြာဝင်း ခေါ် ငါးကေခန့်ရှိသည့် ဥယျာဉ်ခြံဝင်းကြီးကို ဝယ်ယူရရှိ၍ ထိုခြံဝင်း ကြီးအတွင်း၌ ၁၂၈၆ ခုနှစ်မှ စတင်၍ သိမ်, ဆွမ်းစားကျောင်းနှင့်တကွ အလယ်တိုက်ကြီးကို တည်ဆောက်ကြသည်။ ခြံဝင်းကြီး၏ အကာအရံ လေးဘက်လေးတန်၌ အုတ်တံတိုင်းကြီးများကိုလည်း ကျောင်းတိုက်အင်္ဂါ ပြည့်မီအောင် စီမံပြုလုပ်ထားကြသည်။ ၁၂၈၈ ခုနှစ်၌ တိုက်တာ တည် ဆောက်မှု ပြီးစီးသောအခါ ဦးမင်း ဒေါ်ဝင်းတို့က ဒီပဲယင်းဆရာတော် ကြီးအား ရေစက်သွန်းချ လှူဒါန်းကြသည်။ ထိုအချိန်က အဘယာရာမ ဆရာတော် လေဒီ ကျော် အရှင်အဂ္ဂမဟာပဏ္ဍိတနှင့် ကျောင်းဒကာ ကျောင်းအမများ သိကျွမ်းမှု မရှိကြသေးပေ။ သာသနာတော်၏ အကျိုး နှင့် ရွှေကျင်ဂိုဏ်းကြီး၏ နောင် အနာဂတ်ကာလ တိုးတက် စည်ကား ကြီးပွားရေးတို့ကို လိုလားတော်မူသည့် အရှည်မြင်မြော် ဒီဃဒဿီ ဖြစ် တော်မူသော ဒီပဲယင်းဆရာတော်ဘုရားကြီးက ''ဒီကျောင်းတိုက်ကြီးဟာ သိန်း၁ ချီ အကုန်အကျခံပြီး ဆောက်လုပ်ထားတဲ့ အသစ်စက်စက် ကျောင်း တိုက်ကြီးဖြစ်တယ်၊ ဟိုက ကျလူကွယ်၊ မင်းတို့ကျောင်းတိုက်ကြီးနှင့် မတန်ဘူး၊ မင်းတို့ကျောင်းတိုက်ကြီးနဲ့တန်တဲ့ ဒီဘုန်းကြီးကို ကိုးကွယ် ဆည်းကပ်ကြ''ဟု မိန့်ကြားတော်မူပြီး မဟာဝိသုဒ္ဓါရုံတိုက်သစ် သုဝဏ္ဏ ဝတီဘုန်းတော်ကြီး အရှင်အဂ္ဂမဟာပဏ္ဍိတသကို ညွှန်ပြတော်မူသည်။ ထို

အချိန်မှစ၍ အရှင်အဂ္ဂမဟာဝိဝံသသည် အဘယာရာမရွှေဂူ ဆရာတော် ဟူ၍ ထင်ပေါ် ကျော်ကြားတော်မူသည်။

၁၂၇၉-ခု ပြာသိုလဆန်း ၅-ရက်နေ့ နံနက်ပိုင်းတွင် ကျေးဇူးရှင် ဒီပဲယင်းဆရာတော်ဘုရားကြီးသည် ဘဝနတ်ထံ ပြန်လွန်တော်မူသည်။ ထိုနှစ် တပေါင်းလတွင် အနိစ္စမ ဈာပနသဘင် ဆင်ယင်ကျင်းပရာ အဘယာရာမ ရွှေဂူကျောင်းတိုက်ကြီး ဒါယကာ ဦးမင်း ဒေါ်ဝင်းတို့က အောက်ထပ်၌ ညွှန့်ခံတရားပွဲကျင်းပရန် မဏ္ဍပ်နှင့် အမိုးပေါ်၌ ရုပ်ကလာပ်တော် မီးသင်္ဂြိုဟ်ရန် နတ်လမ်းတပ်ဆင်ထားသော ထီးဖြူရုံကြီး ဆောက်လုပ်ကာ လှူဒါန်းပူဇော်ကြသည်။ ထိုမဏ္ဍပ် ထီးဖြူရုံကြီးသည် ယခု ကာလ တန်ကြေးဖြင့် ခန့်မှန်းရလျှင် ငါးသောင်းထက်မနည်း တန်ဖိုးရှိသည်ဟု ခန့်မှန်းပြောဆိုကြသည်။

❁

# အဘယာရာမ ဆရာတော်၏ နှုတ်မြွက်
# ဝိနည်း မိန့်ခွန်းတော်များ

ပုဒ် ပါဌ် အက္ခရာ သဒ္ဒါကျမ်းအတတ်၌ မကျွမ်းကျင် မလိမ္မာလျှင် ပရိယတ္တိသာသနာ ပါဠိ၊ အဋ္ဌကထာ စသည်တို့ကို မှန်ကန်စွာ မပို့ချနိုင်ပေ။ စာပေကျမ်းဂန်တို့ကို မှန်ကန်စွာ မပို့ချနိုင်ကလည်း ဘုရားရှင်၏ သာသနာ သုံးရပ်ကို အဓွန့်ရှည်စွာ မထွန်းလင်း မတောက်ပစေနိုင်သဖြင့် ဘုရားရှင် ရည်ရွယ်တော်မူချင်း အကျိုးကိုလည်း ဆောင်ရွက်သည် မမည်တော့ပေ။ သဒ္ဒါစည်းကမ်းသည် ဝိနည်းကျမ်းဂန်တို့၌ လွန်စွာ အရေးပါလှပေသည်။ ထို့ကြောင့်–

ဧဝံ သုတ္တန္တံ ပတွာ ဗျဉ္ဇနံ အပ္ပမတ္တကံ နာမ ဟောတိ။ ဝိနယံ ပန ပတွာ နော အပ္ပမတ္တကံ။ သာမဏေရပဗ္ဗဇ္ဇာ ဟိ ဉဘတော သုဒ္ဓိတော ဝဋ္ဋတိ၊ ဥပသမ္ပဒါဒိ ကမ္မာနိပိ သိထိလာဒိနံ ဓနိတာဒိ ကရဏေမတ္တေနေဝ ကုပ္ပန္တိ။

ဟူ၍ ဥပရိပဏ္ဏာသ ကိန္တိသုတ္တဋ္ဌကထာ (နှာ–၁၉)၌ မိန့်ဆိုတော်မူသည်။

ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးတွင် သိထိလ, ဓနိတ, နိဂ္ဂဟိတ, ဝိမုတ္တ ၄–ပါးသည် အရေးအကြီးဆုံး ဖြစ်သည်။ ယင်း ၄-ပါး ချွတ်ချော်တိမ်းပါးလျှင် ဥတ်ကမ္မဝါစာ ဖတ်မှု ပျက်စီး၍ ဆောင်ရွက်သောကံ မပြီးမြောက်ပဲ အချည်းနှီး ဖြစ်တတ်သည်။ ထို့ကြောင့် ပရိဝါ ကမ္မဝဂ် အဋ္ဌကထာ (နှာ–၂၄၇)၌–

ဣတိ သိထိလေ ကတ္တဗ္ဗေ ဓနိတံ, ဓနိတေ ကတ္တဗ္ဗေ သိထိလံ, ဝိမုတ္တေ ကတ္တဗ္ဗေ နိဂ္ဂဟိတံ, နိဂ္ဂဟိတေ ကတ္တဗ္ဗေ

ဝိမုတ္တန္တိ လူမာနိ စတ္တာရိ ဗျဥ္စနာနိ အန္တောကမ္မဝါစာယ ကမ္မံ ဒူသေန္တိ။

ဟု မိန့်ဆိုတော်မူသည်။ သဒ္ဒပါရဂူ ဖြစ်တော်မူသည့် အဘယာရာမ ဆရာတော်ကလည်း "ဥမိတံ ဝိဓမတံ နိသဘာဝသဒ္ဒံ-ကာလ ရှည်ကြာ ရိုးရာဖြစ်လျက် ဆင်းသက်တွင်ကျယ် မဖွယ်အနက် ပုဒ်ပါဌ်ပျက်ကို ပယ်ဖျက်နုတ်လှန်၊ ကျမ်းဂန်စာဆ ပ တထွေလျှ-ဖျား ရပ်စကားဌ်ပင် မဝင်သာရန် တွန်းလှန်ပယ်လွှင့်ပါစေသတည်း"ဟု ပုဒ်မှား ပါဌ်ပျက်နှင့် အရွတ်အဖတ် ချွတ်ချော်မှုများ မရှိအောင် အာသီသ ပြုတော်မူခဲ့သည်။

## သိထိလ ဓနိတ ဝိနိစ္ဆယ

၁၂၉၅-ခု တန်ဆောင်မုန်းလ အတွင်းက မန္တလေးမြို့အနီး ချောင်းတခုအတွင်း ဥဒကုက္ခေပသိမ် ဝါးဖောင်ပေါ်၌ သီရိမင်္ဂလာ (သီဟိုဠ်)ကျွန်းသား သာမဏေတပါးကို ပဥ္စင်းခံပေးကြသည်။ ယင်း ပဥ္စင်းခံပွဲ၌ သာမဏေ၏ 'ဓမ္မသိရိ'ဟူသော ဘွဲ့မည်ရင်းအတိုင်း ကမ္မဝါ ဖတ်ကြရာ ဘွဲ့အမည်၌ပါသည့် ဓနိတအက္ခရာကို သိထိလဖြင့် ဖတ်မိသော် ဒုရုတ္တဖြစ်၍ ကမ္မဝါစာ ပျက်, မပျက် ပြဿနာတရပ် ပေါ်ပေါက်လာသည်။ အဘယာရာမ ဆရာတော်က "ဘွဲ့အမည်မှာ သိထိလ, ဓနိတ အထူး ရွေးနေစရာမလို၊ မိမိနှုတ် တက်သလို ဖတ်နိုင်သည်၊ ကမ္မဝါထဲမှာ ဘွဲ့အမည် အက္ခရာ ကျမနေဖို့ပဲ လိုတယ်"ဟု မိန့်တော်မူသည်။

တဖန် "သိရိ"ကို သက္ကတဘာသာနှင့် "သြီ"နှင့် မတြာညီမျှ အောင် "သိရိ"ဟု ရသချည်း ရှိရမည်ဟူ၍ လည်းကောင်း, အချို့က ရှေ့ဒီဃနှင့် သီရိ၊ အချို့က နောက်ဒီဃနှင့် သိရီဟု ရှိရမည်ဟူ၍ လည်း ကောင်း အမျိုးမျိုး ယူဆ ပြောဆိုကြသည်၊ အဘယာရာမ ဆရာတော်ကမူ "အမည်ပဲ အရေးမကြီးပါဘူး၊ ကြိုက်သလို ရွတ်ဖတ်နိုင်ပါတယ်"ဟု မိန့်တော်မူသည်။ ရူပသိဒ္ဓိဋီကာ၌ကား-

"ပဘုတိ-သဒ္ဒေန ဓမ္မော စေ သိရိ အဿာတိ ဓမ္မသိရိဣစ္စာ ဒယောပိ နေတဗ္ဗာ"

ဟူ၍ ဤကာရန္တပုလ္လိင်၌ ထည့်သွင်း ပြဆိုတော်မူသည်။

# နိဿဂ္ဂိယ ဝိနိစ္ဆယ

ရဟန်းတပါး၏ ဒါယကာတို့ သဒ္ဓါတရားကို ဖျက်ဆီးခြင်း ကုလဒူသနအနေသနအမှု, ထင်ရှားမရှိသော ဈာန်မဂ်ဖိုလ်စသောဂုဏ်ကို လိမ်လည်လှည့်ဖျား ဝါကြွားပြောဆိုခြင်း အဘူတာရောစန (အသန္တဘာဝနာ)အမှု, ရွှေငွေကို ကိုင်ခံသာယာခြင်း ရူပိယဥဂ္ဂဟဏ (ရူပိယသံဝေါဟာရ) အမှုတို့ကြောင့် ဖြစ်ပေါ်လာသော ပစ္စည်းများသည် ထိုရဟန်းနှင့်တကွ သိတင်းသုံးဖော် ငါးဦးတို့အား မအပ်စပ်တော့ပေ။ ထို့ကြောင့် အဋ္ဌကထာတို့၌—

> ဣမေဟိ ပန အဋ္ဌဟိ ကုလဒူသနကမ္မေဟိ ဥပ္ပန္နပစ္စယာ ပဉ္စန္နမ္ပိ သဟဓမ္မိကာနံ န ကပ္ပန္တိ၊ အဘူတာရောစနရူပိယသံဝေါဟာရေဟိ ဥပ္ပန္နပစ္စယသဒိသာဝ ဟောန္တိ။ (ဝိ၊ ဋ္ဌ၊ ၂။ ၂၁၁။)

> ယထာစာယံ တေသံ န ဝဋ္ဋတိ၊ ဧဝံ အသန္တဘာဝနာယ ဝါ ကုဟနာဒီဟိ ဝါ ဥပ္ပန္နပစ္စယာ နေဝ တဿ န အညဿ ဝဋ္ဋတိ။ (ဝိ၊ ဋ္ဌ၊ ၂။ ၂၇၂း ဝိ၊ သင်္ဂဟ။ ၆၇။)

ဟုမိန့်ဆိုကြသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကလည်း—ကုလဒူသေ၊ အနေသန၊ နာမာသ ဖြစ်က စင်စစ် မအပ်ဘည်း(ဝိနယကောသလ္လ)။ ဟူ၍ မိန့်ဆိုတော်မူသည်။

နိဿဂ္ဂိယပစ္စည်းနှင့်စပ်၍ အချို့ပုဂ္ဂိုလ်တို့က "ရဟန်းတပါး နိဿဂ္ဂိယပစ္စည်းဖြင့် တည်ထားသည့် စေတီဘုရားကို ရဟန်းသာမဏေ အားလုံး ရှိမခိုးကောင်း"ဟု အတ္တနောမတိဖြင့် ပြောဆိုတတ်ကြသည်။ အဘယာရာမ ဆရာတော်ကမူ "အဲဒါ မသိလို့ ပြောတာ၊ ဘုရားကို ရှိခိုးယင် ကုသိုလ်ရတာပေါ့၊ သို့သော် နိဿဂ္ဂိယပစ္စည်းနှင့် တည်ထားတဲ့ ဘုရား(စေတီ)ရိပ်ကိုတော့ နေမခိုကောင်းဘူး"ဟု ဆုံးဖြတ်ချက်ချတော်မူသည်။ ဤအချက်နှင့်စပ်၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက—

> စာပေကြည့်ရှုခြင်း, ဘုရားရှိခိုးခြင်း, ကမ္မဋ္ဌာန်းရှုခြင်း စသည်ကား ပရိဘောဂပင် မဟုတ်၊ ခန္ဓာကိုယ်ကို ချမ်းသာအောင် မွေ့မြူခြင်းကိုသာ ပရိဘောဂဆိုသည်။ ထို့ကြောင့် စာဖိုးငွေကို

မအပ်မရာခံ၍ ရေးထားသော အလင်္ကာ၏ စာများကို ထုတ်ယူကြည့်ရှုကောင်း၏၊ ရဟန်းများကိုယ်တိုင် ရွှေဆိုင်းကို ဝယ်ယူကိုင်တွယ်ရွှေချသော မဟာမြတ်မုနိဘုရားကြီး စသည်များကို ရှိခိုးသော်လည်း အပြစ်မရှိ။ (သံဝါသဒီပနီ)။

ဟု ဝေဖန်ရေးသားတော်မူခဲ့သည်။ ဤနှင့်စပ်၍ သိမှတ်ဖွယ်များကို–

"တတော အာဟရေန ဖားဏိတေန ဓေသနာသနဝူပနမ္ပိ န ဝဋ္ဋတိ၊ သပ္ပိနာ ဝါ တေလေန ဝါ ပဒီပံ ကတွာ ဒီပါလောကေ နိပဇ္ဇိတုံ ကသိဏပရိကမ္မမ္ပိ ကာတုံ, ပေါတ္ထကမ္ပိ ဝါစေတုံ န ဝဋ္ဋတိ။ တေလမဓုဖာဏိတေဟိ ပန သရီရေ ဝဏမက္ခေတုံ န ဝဋ္ဋတိယေဝ။ တေန ဝတ္ထုံ နာ ပဋ္ဌပိဒ္ဓါဒီနိ ဝါ ဂဏှိတ္တိ၊ ဥပေါသထာဂါရံ ဝါ ဘောဇနသာလံ ဝါ ကရောန္တိ၊ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ။ ဆာယာပိ ဂေဟပရိစ္ဆေဒေန ဌိတာ န ဝဋ္ဋတိ၊ ပရိစ္ဆေဒါတိက္ကန္တာ အာဂန္တုကတ္တာ ဝဋ္ဋတိ။ (ဝိ၊ ဌ၊ ၂။ ၂၇၁။ ဝိ၊ သင်္ဂဟ။ ၆၆။)

ယံ ကိဉ္စိ ပန သမ္ဘုတံ၊ ပစ္စယံ ဝတ္ထုတော ကတော။
ဘိက္ခုနော သေဝမာနဿ၊ ဟောတိ အာပတ္တိ ဒုက္ကဋံ။
(ဝိနယဝိနိစ္ဆယ၊ ဂါထာ–၇၁၂။)

အနိဿဇ္ဇိတွာ နိဿဂ္ဂိ၊ ပရိဘုဥ္ဇေ န ဒဒေယျ ဝါ။

နိဿဋ္ဌံ သကသညာယ၊ ဒုက္ကဋံ အညထေတရံ (ခုဒ္ဒသိက္ခာ၊ ၁၂၀။)စသော အဋ္ဌကထာကြီးငယ်တို့နှင့် ယင်းတို့၏ အဖွင့် သံဝဏ္ဏနာဋီကာတို့၌ ကြည့်ရှုရာ၏။

## သင်္ကာယဒိဋ္ဌိ

ကြောင်းကျိုးဆက် ပဋိစ္စသမုပ္ပါဒ်တရားကို အမှန်အတိုင်း ထိုးထွင်း၍ မသိမြင်နိုင်သော သတ္တဝါတို့သည် ချည်ခင်ထွေး, စာပေါင်းသိုက်, မြူဆံမျက်ပြိတ်မျက်တို့ကဲ့သို့ ရှုပ်ထွေးနောက်နက် အယူပျက်၍ အပါယ်လေးရပ် သံသရာဝဋ်မှ မလွတ်နိုင်ပဲ ဆင်းရဲဒုက္ခတို့နှင့် ကြုံတွေ့

နေရကြောင်း ဘုရားရှင် ဟောတော်မူသည်။ (ဒီ၊ ၂။ ၄၇၊ သံ၊ ၁။ ၃၁၈။ အံ၊ ၁။ ၅၃၂။)အသိအမြင်ပျက်ပြား၍ အယူလွဲမှားမှု မိစ္ဆာဒိဋ္ဌိသည်လည်း သဿတ, ဥစ္ဆေဒမိစ္ဆာဒိဋ္ဌိနှစ်ပါး, နိယတမိစ္ဆာဒိဋ္ဌိသုံးပါး, သက္ကာယဒိဋ္ဌိနှစ်ဆယ်မှစ၍ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတိုင်အောင် သိမြင်ပုံ အခြင်းအရာအားဖြင့် အမျိုးမျိုးကွဲပြားသည်၊ ယင်းတို့တွင် တကယ်ထင်ရှားရှိသည့် ခန္ဓာငါးပါး၌ စွဲမှိုဖြစ်ပွားသော အယူမှားကို သက္ကာယဒိဋ္ဌိဟု ခေါ်သည်။ ယင်းသက္ကာယဒိဋ္ဌိကိုပယ်ရှားနိုင်လျှင် အပါယ်ဘုံဘဝမှ လွတ်၍ တဖြည်းဖြည်း သံသရာဝဋ်ကျွတ်နိုင်တော့သည်။ ထို့ကြောင့် သက္ကာယဒိဋ္ဌိကို အရေးတကြီး ပယ်ရှားကြရန်—

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။<br>
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။ (သံ၊ ၁။ ၁၂။)

ဟူ၍ ဘုရားရှင် တိုက်တွန်းတော်မူသည်။

## သာသနာပအယူ

ဗုဒ္ဓသာသနာတော်မှအပ၌ သက္ကာယဒိဋ္ဌိ(အတ္တဒိဋ္ဌိ)ကို ပယ်ရှားရန် နည်းလမ်းမရှိချေ။ အညတိတ္ထိယ သာသနာပ ပုဂ္ဂိုလ်တို့သည် အတ္တဒိဋ္ဌိကို ပယ်ရှားရန်မဆိုထားဘိ၊ ထိုအတ္တကို ကိုးကွယ်ရာဟု အသိအမှတ်ပြုပြီးအတ္တသိမြင်ရေးကျင့်စဉ်များကိုပင် စီစဉ်ရေးသားထားကြသည်။ ထို့ကြောင့် သက်ရာစရိယ၏ အတ္တဗောဓကျမ်း၌—

ယလ္လာဘာ နာပရော လာဘော၊ ယဿုခါ နာပရံ သုခံ။<br>
ယညာဏာ နာပရံ ဉာဏံ၊တံ ဗြဟ္မ တျဝဓာရယေ (ဂါထာ၊ ၅၃။)

(ပမရအတ္တထက် သာလွန်ကောင်းမြတ်သော လာဘ်, ကောင်းမြတ်သော ချမ်းသာ, ထက်မြက်သော အသိဉာဏ် မရှိတော့ချေ။)ဟူ၍လည်းကောင်း—

ယော သွာတ္တတိတ္ထံ ဘဇတေ ဝိနိက္ကြိယော၊<br>
သဗ္ဗညူ သော သဗ္ဗဂတော, မတော ဘဝေ(ဂါထာ၊ ၆၇။)

(မိမိ၏ အတ္တတည်းဟူသော ကုသိုလ်ပြုရာ ဆိပ်ကမ်းသာသို့ ကပ်ရောက်သူသည် အလုံးစုံကို သိသူ၊ အလုံးစုံ၌ ပျံ့နှံ့သူ၊ သေခြင်းကင်းသူ ဖြစ်လေ၏။)ဟူ၍ လည်းကောင်း ပြဆိုထားသည်။ အတ္တနှင့်စပ်၍ သိမှတ်ဖွယ်များကို န္ယာယနှင့် ဝိသေသိကဒဿနကျမ်းတို့က တမျိုး၊ သံချနှင့် ယောဂဒဿနတို့က တဖုံ၊ မီမံသာနှင့် ဝေဒါန္တဒဿနတို့က တသွယ် နည်းမျိုးစုံခြယ်ကာ သူတို့၏ ယုံကြည်ယူဆချက်အတိုင်း ရေးသား ဖော်ပြထားကြသည်။ ယင်းတို့၏ ရေးသားချက်အချို့ကို အဘယာရာမ ဆရာတော်၏ အဘိဓာန်နိဿယသစ်ကျမ်း ၉၂–၇ ထာ၌ ကြည့်ရှုနိုင်သည်။

## သာသနာတွင်း အမြင်

ဘုရားရှင် ၄၅–ဝါ ကာလကြာအောင် ဟောကြားအပ်သော တရားတော်များသည် ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာကို ကောင်းစွာထင်ထင် သိမြင်ပြီးလျှင် ဝိမုတ္တိရသ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရေးအတွက်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဘုရားရှင်၏ အနိစ္စ ဒုက္ခ အနတ္တ ဒေသနာတော်ကို အဖန်ဖန် ကြားနာရပြီးဖြစ်၍ မဂ်ဉာဏ်သို့ မရောက်သေးမီ ကလျာဏပုထုဇဉ် သာဝမှာပင် သစ္စာနုလောမိက (နာမရူပပရိစ္ဆေဒ)ဉာဏ်ဖြင့် အတ္တဒိဋ္ဌိကို တဒင်္ဂပဟာန်ဖြင့် ပယ်ရှားထားနိုင်လေသည်။ ထို့ကြောင့် အဋ္ဌကထာတို့၌–

> တတ္ထ ဗာဟိရကော ကမ္မဝါဒီ ကမ္မသကတာသမ္မာဒိဋ္ဌိယာ သမ္မာဒိဋ္ဌိဟောတိ၊ နော သစ္စာနုလောမိကာယ၊ အတ္တဒိဋ္ဌိပရာမာသကတ္တာ။ သာသနိကော ဒွီဟိပိ (မူလပဏ္ဏာသ သမ္မာဒိဋ္ဌိသုတ္တဋ္ဌကထာ၊ နှာ–၂ဝဝ)။

ဟူ၍ လည်းကောင်း။

> တေန တေန ဝိပဿနာဉာဏေန တဿ တဿ အနတ္တဿ ပဟာနံ၊ သေယျထိဒံ–နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ (အဋ္ဌသာလိနီအဋ္ဌကထာ၊ နှာ–၃၇၆)

ဟူ၍ လည်းကောင်း မိန့်ဆိုကြသည်။

၁၂၇၅–ခု နတ်တော်လ အတွင်းက မန္တလေးမြို့နေ ထွန်းလှအောင်ဆိုသူ ဒါယကာက အဘယာရာမ ဆရာတော်လောင်းလျာ အရှင်အဂ္ဂဓမ္မာဘိဝံသနှင့် စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသ အမှူးရှိသည့် သံဃာတော် ၁၀–ပါးတို့အား ဆွမ်းကပ်လှူသည်။ ယင်းဆွမ်းကပ်ပွဲ၌ အရှင်အဂ္ဂဓမ္မာဘိဝံသက "သက္ကာယဒိဋ္ဌိ(အတ္တဒိဋ္ဌိ)ဆိုတာ သာသနာပပုဂ္ဂိုလ်တွေ အထူးအားဖြင့် ဟိန္ဒူလူမျိုးတွေ ကိုးကွယ်ဆည်းကပ်တဲ့ အယူဝါဒပဲ။ သူတို့က အတ္တနှင့်ပတ်သက်လို့ အကြီးအကျယ် ရေးသားကြ၊ ယုံကြည်ကိုးကွယ်ကြတယ်။ ဗုဒ္ဓဘာသာ ဗမာလူမျိုးတွေမှာတော့ မြတ်စွာဘုရားရဲ့ တရားတော်တွေကို ကြားနာထားရလို့ သက္ကာယဒိဋ္ဌိ မရှိသလောက် ဖြစ်နေတယ်။ သို့သော် အမြစ်ပြုတ်တော့ မပယ်နိုင်သေးဘူး။ သာသနာပအခါ ရောက်သွားယင် သူတို့လိုပဲဖြစ်နိုင်သေးတယ်။ဒါကြောင့် သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ ပယ်နိုင်အောင် အားထုတ်သင့်တယ်" ဟူ၍ ဩဝါဒပေးတော်မူသည်။

## ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ
## ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်၏
## ဝိနိစ္ဆယဝိနိစ္ဆယခွန်းနှင့် မှတ်တမ်းအချို့

### ကာလိက လေးပါး

"အရုပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ စားရိုးကျ၊ ယာဝကာလိကာ" နှင့်အညီ အရပ်တိုင်းမှာ စားရိုးကျ အာဟာရကိစ္စဖြင့် အသုံးပြုနေသော ခဲဖွယ်, စားဖွယ်, သောက်ဖွယ် ပစ္စည်းဝတ္ထုဟူသမျှသည် ယာဝကာလိက မည်၏။ ထိုယာဝကာလိကကို နံနက်အခါ အလိုရှိတိုင်း ဝမ်းဗိုက်ပြည့်အောင် စားသောက်နိုင်သည်။ အကြောင်းထူး ရှာရန်မလို။

ရေအေး၌ နယ်၍ဖြစ်စေ, နေပူ၌ ချက်၍ဖြစ်စေ ညှစ်ထုတ်စင်ယူအပ်သော—

သပြေ့, သပြက်၊ သီးသရက်၊ ဖက်သက်,သစ်မည်စည်။
ဘော,အိမ် ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လောရှစ်ဖျော်ရည်။

ဟူသော မူလပါန,

ထန်း, အုန်းနှစ်ကွဲ၊ ပိန်နှစ်စုံ၊ ဗူး,ဖရုံ၊ မှတ်တုံ သုံးသခွား။

ဟူသော သီးကြီးကိုးလုံး, စပါးမျိုး, ပဲမျိုးမှတပါးသော အနုလောမ သာခါပါနများသည် ယာမကာလိကမည်၏။ ထိုယာမကာလိကကို မွတ်သိပ် ဆာလောင်ခြင်း 'ပိပါသာ'အကြောင်းရှိမှ အဆာပြေရုံမျှ သောက်နိုင်သည်။ ဝမ်းဗိုက်ကားအောင် အလိုရှိတိုင်း မသောက်ရ။

အသား အပ်, မအပ်သော သတ္တဝါ ဟူသမျှတို့၏ နို့ရည်မှဖြစ်သော ထောပတ်ဆီဦးနှင့် အလုံးစုံသော ဆီ,ပျားရည်, တင်လဲတို့သည် သတ္တာဟကာလိကမည်၏။ ထိုသတ္တာဟကာလိကကို ဖျားနာမှု 'ဂေလည' အကြောင်းရှိမှ မှီဲသုံးဆောင်ကောင်းသည်။ ဂေလည အကြောင်းမရှိပဲ ဆာလောင်ရုံသက်သက်နှင့် မသုံးဆောင်ရ။

"အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ မစားကြ၊ ယာဝဇီဝိကာ"နှင့် အညီ ထိုထိုမြို့ရွာဒေသ၌ ပကတိအာဟာရကိစ္စဖြင့် စားရိုးကျမဟုတ်သော ရေမှတပါး သတ္တာဟကာလိကလည်း မဟုတ်သော အမြစ်, အခေါက်, အရွက်, အပွင့်, အသီး စသော ဆေးအားလုံးသည် ယာဝဇီဝိကမည်၏။ ထိုယာဝဇီဝိကကို ဂေလည အကြောင်းရှိမှ သုံးဆောင်ကောင်းသည်၊ ယုဘ်စွဲအဆုံး ခံဘွင်းချဉ်ပြေခစရန် လျက်သားကိုပင်မလျက်ကောင်းပေ။

ရေကား ကာလိကဝိမုတ်တည်း။ သို့သော်လည်း မြူမှုန် အမှိုက် သရိုက်ပါလျှင် ၎င်းသို့လိုက်၍ ကာလိကစာရင်းဝင် ဖြစ်၏။ သို့ဖြစ်၍ နံနက်အခါ စစ်၍သော်လည်းကောင်း, အကပ်ခံ၍ သော်လည်းကောင်း သောက်သင့်၏။ နေလွဲအခါ ယာဝကာလိကပါလျှင် ဒ လျဉ်းမသောက် ရ။ မြူမှုန် အမှိုက်သရိုက် ရှိးရိုးပါလျှင် စစ်၍ သောက်သင့်၏။ အကပ် ခံရုံမျှနှင့် အနာပတ္တိကိစ္စ မပြီး။

## ဘိလပ်ရည်

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်က တစ်ခုသော ဝါဆိုလပြည့်ကျော် ၁–ရက် ဝါကပ်နေ့တွင် မဟာဝိသုဒ္ဓါရုံ တိုက်အတွင်းရှိ ကျောင်းတိုင်း၌ ဘိလပ်ရည် ကပ်လှူသူများ ရှိသဖြင့် သံဃာတော်များ ဘိလပ်ရည် သုံးဆောင်ကြသည်။ ထိုအကြောင်းကို ဆရာတော်ဘုရားကြီးကြားသိ၍ မေးမြန်းရာ ညနေ ၃–နာရီ အချိန်အတွင်း သုံးဆောင်ကြကြောင်း သိတော်မူ၍ "ယာမကာလိကဆိုတာ မွတ်သိပ် ဆာလောင်မှု သောက်ရတယ်။ ၃–နာရီ ၄–နာရီ အတွင်းမှာ မွတ်သိပ် ဆာလောင်မှု မဖြစ်နိုင်ဘူး။ ဒါကြောင့် ဘိလပ်ရည်သောက်တဲ့ သံဃာ အားလုံး ဒဏ်ထမ်းကြရမည်"ဟု အမိန့်ရှိ၍ အားလုံး ဒဏ်ထမ်းကြရ ကြောင်း စည်ရှင်ဆရာတော် မိန့်တော်မူသည်။

## ရေခဲသုပ်

တချိန်တွင် ဒါယကာများက ရေခဲကိုခြစ်ပြီး သကြားနှင့် ရော စပ်ကာ 'ရေခဲသုပ်'ဟူသော အမည်ဖြင့် မဟာဝိသုဒ္ဓါရုံ တိုက်တွင်းရှိ

သံဃာတော် အရှင်မြတ်တို့အား တပ်လှူရာ ဆရာတော်ဘုရားကြီး အထံသို့လည်း ရောက်လာ၏။ ဆရာတော်ဘုရားကြီးသည် "ရေခဲသုပ် ရေခဲသုပ်"ဟု နှုတ်တော်မှ ရွတ်ဆိုပြီး သုံးဆောင်တော်မမူပဲ အသာ ချထားတော် မူလိုက်၏။ ထို့နောက် မကြာမီမှာပင် "ရေခဲသုပ် သုံးဆောင်သော သံဃာတော်များ ဒဏ်ထမ်းကြရမည်"ဟု အမိန့် ရှိ၍ သံဃာအားလုံး ဒဏ်ထမ်းကြရသည်။ ဒဏ်ထမ်းပြီးနောက် "ရေခဲနှင့် သကြားသည် နေလွဲအခါ အပ်စပ်ပါလျက် အဘယ့်ကြောင့် ဆရာတော်ဘုရားကြီးက ဒဏ်ပေးပါလိမ့်မလဲ"ဟု သံဃာတော်များ စဉ်းစားမရ ရှိနေကြရာ ဆရာတော်ဘုရားကြီးက "ရေခဲနှင့်သကြား အပ်ပါတယ်၊ သို့သော်လဲ 'ရေခဲသုပ်'ဆိုတဲ့ အကပ္ပိယ ဝေါဟာရကြောင့် မအပ်တာဖြစ်တယ်"ဟု အမိန့်ရှိကြောင်း စည်ရှင်ဆရာတော် မိန့်တော်မူသည်။

## ချင်းသုပ်

ယခုအခါ ညနေပိုင်းတွင် ချင်း(ဂျင်း)ကို လက်သုပ် ပြုလုပ်၍ ကပ်လှူနေကြ၏။ ချင်းနှင့် ကြက်သွန်တို့သည် ယာဝဇီဝိကဖြစ်၍ ဆီသည် သတ္တာဟကာလိက ဖြစ်သဖြင့် အပ်စပ်သကဲ့သို့ ထင်ရသော်လည်း 'ချင်းသုပ်'ဟူသော အကပ္ပိယ ဝေါဟာရကြောင့် လည်းကောင်း, ဂိလာန မဟုတ်လျှင် နေလွဲအခါ တစုံတခုသော အဖတ်ကို ကိုက်၍ ဝါး၍ မစားကောင်းသောကြောင့် လည်းကောင်း မအပ်ဟူ၍ မှတ်ရမည်။ ဂိလာန မဟုတ်လျှင် ထန်းလျက်ခဲကိုပင် ကိုက်၍ မစားကောင်း၊ အရည် ပြုလုပ်ပြီးမှ သုံးဆောင်ကောင်းသည်ကို သတိပြုရာ၏။ ထို့ပြင်–

"ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ
အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ။ အာပတ္တိ ဒုက္ကဋဿ။ အဇ္ဈော-
ဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုက္ကဋဿ"

ဟူသော ပါဠိတော်ရင်း (ဝိ၊ ၂၊ ၁၁၆)ကိုလည်း အဖန်ဖန် နှလုံးသွင်းရာ၏။

## အစ္စယေဒါန မတသတ္တက ဝိနိစ္ဆယ

အစ္စန္တာရှုဋ္ဌာ တဿ–မစ္စယေ ဒါနနိစ္ဆယံ။
အစ္စ စ္စယေန နာထေန၊ ဒေသိတံ သဟာဓမ္မိနံ။

"ငါပိုင်သောပစ္စည်း ငါသေလျှင် မောင်သုမနမှတပါး ပေးဖို့မရှိ၊ မောင်သုမနသာ ပေးဖို့ရန် ရှိသည်။ ငါ့ပစ္စည်း ငါသေလျှင် မောင်သုမနပစ္စည်း မှတ်ပါ။ အနောက်လယ်ကြီးက ထွက်သော စပါးသီးနှံများကိုလည်း အလိုရှိတိုင်း သုံးစွဲ စား သောက်ရန် လယ်ကို မရောင်းမချ မပေးမကမ်းရစ်နှင့်"

ဟု မရှိးကုန်၊ ဆရာတော်ကြီး၏ ပထမ ပေးသောစကား။

ငါ့မြေး ငါ့မောင်သုမန အတူတူ ငါသေလျှင် ငါ့ အလောင်း၊ ထင်းပုံပေါ်တင်၍ ဦးပဉ္ဇင်းများနှင့် မီးသင်္ဂြိုဟ်ကြ၊ ရပ်ရွာ ဒကာ ဒကာမများ ခွဲလားပြုလား မလုပ်ကြနဲ့၊ ဂရုဘဏ်၊ လဟုဘဏ်ပစ္စည်းများကို လှူပါ၏။

ဟု ပြန်လွှန်ခါနီးတွင် တပါးကျောင်းမှာနေ၍ အပြုအစုလာသော မြေး ဦးပဉ္ဇင်းပါ ပွဲတွဲ၍ တပည့်ကြီး ရှင်သုမနကို ခေါ်၍ ဆရာတော်ကြီး ဒုတိယအမိန့်ရှိသော စကားများကို စဉ်းစားထောက်ဆ ဝိနိစ္ဆယ ချရမည် ဆိုသော်–

၁။ ။ဘိက္ခုနိ (သိက္ခမာနာ .... သာမဏေရိ) စေ ဘိက္ခုဝေ ကာလံ ကရောန္တိ ဝဇ် ဝဒေယျ "မ မစ္စယေန မယှံ ပရိက္ခာရော သံဃဿဟောတူ"တိ၊ အနိဿရော တတ္ထ ဘိက္ခု သံဃော၊ ဘိက္ခုနိ သံဃသော ဝေက်။ ဘိက္ခု (သာမဏေရော.... ဥပါသကော....ဥပါသိကာ....အညော) စေ ဘိက္ခုဝေ ကာဝစိ ကာလံ ကရောန္တော ဝဇ် ဝဒေယျ "မ မစ္စယေန မယှံ ပရိက္ခာရော သံဃဿ ဟောတူ"တိ၊ အနိဿရော တတ္ထ ဘိက္ခုနိ သံဃော၊ ဘိက္ခုသံဃဿေဝေတန္တိ။ (ဝိနယ စူဠဝဂ္ဂ, ဘိက္ခု နိက္ခန္ဓပါဠိ။ နှာ ၄၅၉၊ ၄၆၀။)

ဘိက္ခုနီ စေ ဘိက္ခဝေ ကာလံ ကရေယျတိ အာဒီသု အယံ ပါဠိမုတ္တက ဝိနိစ္ဆယော၊ သစေ ဟိ ပဉ္စသု သဟဓမ္မိကေသု ယောကောစိ ကာလံ ကရေယျ မမစ္စယေန မယှံ ပရိက္ခာရော ဥပဇ္ဈာယဿ (ဥပဇ္ဈာယ်၏ ပရိက္ခရာသည်) ဟောတု၊ အာစရိယဿ, သဒ္ဓိဝိဟာရိကဿ, အန္တေဝါသိကဿ, မာတု, ပိတု, အညဿ ဝါ ယဿကဿစိ ဟောတူတိ ဒေတိ၊ တေသံ (ထိုတို့၏ ပရိက္ခရာသည်) န ဟောတိ၊ သံဃဿေဝ (သံဃာ၏သာ ပရိက္ခရာသည်) ဟောတိ၊ န ဟိပဉ္စန္နံ သဟဓမ္မိကာနံ (တို့၏) အစ္စယဒါနံ ရုဟတိ၊ ဂိဟီနံ (တို့၏) ပန ရုဟတိ ။ပ။ ဘိက္ခုနီနံ ယေဝ ဟောတိ။ (တဒဋ္ဌကထာ၊ နှာ- ၁၃၀။)

ပဉ္စသု သဟဓမ္မိကေသု ယောကောစိ – ဟူသော ကတ္တားကို ထောက်ထား၍ ပဉ္စန္နံ သဟဓမ္မိကာနံသည် သမ္ပဒါန်မဟုတ်၊ သမ္ဗန်ပုဒ် ဖြစ်ကြောင်း ထင်ရှား၏။ ဂိဟီနံလည်း နည်းတူ။

န ရုဟတစ္စယေဒါနံ၊ ပဉ္စန္နံ သဟဓမ္မိနံ။
သံဃဿေဝ စ တံ ဟောတိ၊ ဂိဟီနံ ပန ရုဟတိ။
(ခုဒ္ဒသိက္ခာ၊ ဂါထာ–၃၇၈။)

ဤသို့လာသော မင်းတို့၏ဓမ္မသတ်ဥပဒေမှ ထူးခြားသော မြတ်စွာ ဘုရား၏ ဝိနယသတ်မှတ် ဥပဒေမြတ်နှင့်ညီစွာ "ငါသေမူ မည်သူယူ၊ မည်သူအား ပေးပါ၏, လှူပါ၏" ဆိုသော သီတင်းသုံးဖော် ငါးဦး တဦးဦး၏ အစ္စယဒါနသည် အရာမရောက် အပေးမမြောက်ပေ၊ အပေး ခံ သမ္ပဒါန်ပိုင် မဖြစ်ချေ။ သမ္ပဒါန်မှာ သီတင်းသုံးဖော်ငါးဦး တဦးဦး ဖြစ်စေ, အခြားသူဖြစ်စေ မပိုင်သည်ချည်းဖြစ်စေသည်။

သို့ဖြစ်၍ မရိုးကုန်းဆရာတော်ကြီး၏ ပထမပေးခြင်းသည် အစ္စယ ဒါနဖြစ်သောကြောင့် အပေးမမြောက်၊ ဦးသုမနပိုင်အဖြစ်သို့ မရောက် ချေ။ ယင်းသို့ အပေးမမြောက်ပဲပင် အလှူရှင်သေသွားက သံဃိက ဖြစ်ချေသည်။ ယခုမှုကား နောက်ထပ် ပေးမှုကို ပြုသေးသောကြောင့်

ရှင်း ဆရာတော်ကြီး ပြန်တော်မူသည့်ကာလ သံသယိက မဖြစ်ပေ။ နောက်ထပ်ပေးအရ အပေးခံ သမ္မဒါန်ပိုင် ဖြစ်ရပေမည်။ သီတင်းသုံးဖော်ငါးဦးမှတပါး အခြားသူတို့၏ အစ္စယေဒါနကား မင်းတို့၏ ဓမ္မသတ်အလျောက် အပေးမြောက်၏။ လူ ရှင် ရဟန်းမဆို သမ္မဒါန် ပုဂ္ဂိုလ်ပိုင် ဖြစ်၏။

၂။ ။ နောက်ထပ်အပေးကို စစ်ဆေးသော 'လူပါ၏'ဟူသော ဆရာတော်ကြီး၏ စကားသည်—

> "ဣမံ တုယှံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ ဩဏောဇေမိ ပရိစ္စဇာမိ ဝိသဇ္ဇာမိ နိဿဇ္ဇာမီ"တိ ဝါ "ဣတ္ထန္နာမဿ ဒေမိ။ ပ။ နိဿဇ္ဇာမီ"တိ ဝါ ဝဒတိ၊ သမ္မုခါပိ ပရမ္မုခါပိ ဒိန္နံယေဝ ဟောတိ။ "တုယှံ ဂဏှာဟီ"တိ စုတ္တေ "မယှံ ဂဏှာမီ"တိ ပဒတိ၊ သုဒိန္နံ သုဂ္ဂဟိတဉ္စ....သစေ ပန "တဝ သန္တကံ ကရောဟီ"တိ ဝုတ္တေ "သာဓု ဘန္တေ မယှံ ဂဏှာမီ"တိ ဂဏှာတိ သုဂ္ဂဟိတံ။ (ဝိ၊ ဋ္ဌ၊ ၂။ ၂၃၁။ ဝိ၊ သင်္ဂဟ။ ၇၀။)

အဋ္ဌကထာ။

> "တုယှံ ဂဏှာတီ"တိ ဝုတ္တေ သုဒိန္နတ္တာ "မယှံ ဂဏှာမီ"တိ အဝုတ္တေပိ သုဒိန္နမေဝ။ သာရတ္ထ၊ ၂။ ၃၉၂-၃။ (ဝဇီရဗုဒ္ဓိ။ ၂၂၉။ ဝိမတိ၊ ၁။ ၃၁၇။)

ဋီကာတို့နှင့်ညီစွာ ပေးရာရောက်၍ အပေးမြောက်သဖြင့် အလှူခံသမ္မဒါန်ပိုင်၏။ (မည်သူပိုင်သနည်း ? )

နံပါတ် ၁—ပါ ဆရာတော်ကြီး၏ ပထမစကားကို အသေးစိတ် စဉ်းစားဆင်ခြင်က ဦးသုမနပိုင် ဖြစ်သည်ဟု ဆိုရပေမည်။ အကယ်၍ ပထမပေးသာ မြောက်ခဲ့ပါက ဒုတိယပေးခြင်းသည် အပိုမျှ ဒဋ္ဌိကမ္မသာ ဆိုရပေမည်။ ဦးသုမနပိုင်ပြီး ဆရာတော်ကြီး ပေးနိုင်သော ပစ္စည်းပင် မဟုတ်တော့ပေရာ ယခုမှာ ပထမပေး မမြောက်၊ ဒုတိယပေးသာ မြောက်သည့်အရာ မြေးဦးပဥ္စင်း ပါလာသဖြင့် မြေးဦးပဥ္စင်းကိုလည်း ထည့်သွင်း စဉ်းစားရပေမည်။

စဉ်းစားသော် ဒုတိယပေးသောစကား၌ ပါဝင်ကြသော "ငါ့မြေး, မောင်သုမန" ဟူသော ကတ္တား,'အတူတူ' ဟူသော သမဝါယဇောတကတို့ကို "တင်၍ သင်္ဂြိုဟ်ကြ, မလုပ်ကြနှင့်" ဟူသော ကြိယာသုံးရပ်၌ စပ်သကဲ့သို့ "လှူပါ၏"ဟူသော ကြိယာ၌လည်း ကတ္တားတို့ကို ဝိဘတ်ပြန်၍ သမ္ပဒါန်အဖြစ်ဖြင့် စပ်ရမည်ကဲ့သို့ ရှိပေသည်။ ယင်းသို့ဖြစ်လျှင် "ငါ့မြေး, ငါ့မောင်သုမနတို့အား အတူတူ လှူပါ၏" ဟု အဓိပ္ပာယ်ရ၍ မြေးဦးပဥ္စင်းနှင့်တကွ ဦးသုမနတို့ ပိုင်ကြပေမည်။ ဒွိသန္တတခေါ်ရပေမည်။ သို့သော် ဆရာတော်ကြီး၏ ပထမ ပေးစကားများကိုထောက်၍ ဈာပနအတွက်သာ မြေးဦးပဥ္စင်းကို ထည့်သွင်း ပြောဆိုခြင်းဖြစ်သည်။ ပစ္စည်းကိုကား ဦးသုမနအားသာ လှူသည်။ မြောက်သည်, မမြောက်သည် အပထား၊ မြောက်သည်ဟူသော အမှတ်အသားဖြင့် ပထမကတည်းက ပေးပြီးဖြစ်သည်ဟု ဆိုဖွယ်ရာရှိ၏။ လောကဖြတ်ထုံးတရားရုံးတော်များက ကောက်ချက်ချလျှင် ဤသို့ပင် ချရပေလိမ့်မည်။

ဦးသုမနကိုကား သာသနာ့ဝန်ထမ်း ရဟန်းတော်များ ဖြစ်ကြသည့် အားလျော်စွာ—

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ (မူလပဏ္ဏာသ၊ ၁၅)။ မြတ်စွာဘုရား အလိုတော်ကျ အာမိသအရေးအလေးမပြု ဓမ္မဂရုဖြစ်၍—

ဂိဟိကာမေ ပဟာယကာ၊ ပဗ္ဗဇိတ္တောသု လဂ္ဂတော။
ဂင်္ဂါတိဏ္ဏော တဠာကမှိ၊ နိမုဂ္ဂေါဝါတိ နိန္ဒိယော။
ကပ္ပိယေပိ န ကာတဗ္ဗာ၊ ပစ္စယာယတ္တလောလတာ။

အနုသာသနီ ဂါထာများကို ပူဇော်လိုက်နာသောအားဖြင့် ဦးသုမနကငါပိုင် ပုဂ္ဂလိကဟူ၍ မှတ်ယူစွဲလန်း မတပ်စွန်းသင့်ပေ။ မြေး ဦးပဥ္စင်းကလည်း ဒုတိယပေးသည့်အခါ ငါပါသည် ငါပိုင်သည် ထ::ဦး၊ မဆွကဦးသုမနအား လှူပြီးဖြစ်ပေသည်ဟု ယောနိသော 'မနသိကာရတရား

ရှေ့သွားပြု၍ ဒုဘိယပေးအရပိုင်သေးက ပိုင်သမျှ ဦးသုမနအား လှူထိုက်သင့်ပေသည်။ သို့မဟုတ် ပုဂ္ဂိုလ်နှစ်ပါးလုံးက နှစ်ပါးကြည်ညိုရာ ဆရာတော်ဘပါးပါးအား လှူလိုက်ကြ၍ ၎င်းဆရာတော် သင့်လျော်သလို စီမံပေးသည်ကို ကြည်ညို ဝမ်းမြောက်သင့်ကြပေသည်။

၁၃၀၇ ခု၊ ဝါခေါင်လဆုတ် ၄–ရက်။ ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်
မန္တလေးမြို့။

❁

## စစ်ကိုင်းတောင် ရွှေဥမင်ဆရာတော် မေးလျှောက်ချက်

၁။ နေ့ခင်းချိန် ခန္ဓာကိုယ်လည်းလျောင်း ဦးခေါင်းချ၍နေရာ အိပ်ပျော်ရန် ရည်သန်ချက်မပါသော်လည်း ဦးခေါင်းချ၍ နေသဖြင့် ကိုယ်တိုင်စောင့်သူ ဖြစ်နိုင်ပါမည်လော။

၂။ ပထမဝတ်ထားပြီးသော သင်းပိုင်၏ အပေါ်၌ သင်းပိုင် တထည်ထပ်၍ ဝတ်ကောင်းပါသလော။

၃။ ကြက်သွန်ကြော်ကို ဝိကာလအချိန်၌ အသုံးပြုကောင်းပါ သလော။

၄။ (က) ရှောက်သီးသည် ကာလိကလေးမျိုးတွင် မည်သည့် ကာလိက ဖြစ်ပါသနည်း။

(ခ) ရှောက်သီးနှင့် သံပရာသီး မည်သို့ ထူးခြားပါသနည်း။

---

## မန္တလေး ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်၏ ဖြေကြားချက်

၁။ အိပ်ပျော်ရန် ရည်သန်ချက်မပါ ခန္ဓာကိုယ် လည်းလျောင်း ဦးခေါင်းချ၍နေရာ ဒိဝါသေယျမသင့်။ ကိုယ်တိုင်စောင့်နေသူဖြစ်၍ တံခါးပိတ်ဖွယ်၊ အစောင့်ခိုင်းဖွယ်၊ အာဘောဂပြုဖွယ်မလိုဟူသောကျေးဇူး တော်ရှင် ဆရာတော်ဘုရားကြီး ဩဝါဒတော်ကို နှစ်သက်တော်မမူသည့်

အလားမနှစ်ဝါက မိန့်ဖူးပါသည်။ သို့ဖြစ်ပါက ခန္ဓာကိုလည်းလျှောင်း ဦးခေါင်းချနေသူကို အစောင့်မခိုင်းကောင်း၊ သူစောင့်လိမ့်မည်ဟု အာဘောဂလည်း မထားကောင်းဟူသော အဓိပ္ပာယ်မရောက်ပါလော။

အထ ဘိက္ခု စီဝရကမ္မံ ဝါအညံ ဝါ ကိဉ္စိ ကရောန္တော နိသိန္နော ဟောတိ။ “ဧတေ ဒွါရံ ဇဂ္ဂိဿန္တိ” တိ အာဘောဂံ ကတ္ဝာပိ နိပဇ္ဇိတုံ ဝဋ္ဋတိ ဟူသော အဋ္ဌကထာ (ဝိ၊ ဌ၊ ၁။ ၂၄၄)၏ အဖွင့်ဋီကာများ၌—

အထ ဘိက္ခု။ပ။ နိသိန္နော ဟောတီတိ ဣဒံ တတ္ထ ဘိက္ခုနံ သိန္နိဟိတဘာဝဒဿနတ္ထံ ဝုတ္တံ။ အမှာကံ ခန္တိ။ (သာရတ္ထ၊ ၂။ ၁ဝဂ—၉) ဟူ၍ လည်းကောင်း။

အထ ဘိက္ခု။ ပ။ နိသိန္နော ဟောတီတိ ဣဒံ ဘိက္ခုနံ သန္နိဟိတဘာဝဒဿနတ္ထံ ဝုတ္တံ။ အသန္နပကျော့ဣတတ္ထာ။ (ဝိမတိ၊ ၁။ ၁၆ဝ) ဟူ၍ လည်းကောင်း ဖွင့်ဆိုကြပါသည်။

ဝေါဟာ အာဘောဂါရဟပုဂ္ဂိုလ်များ ဣရိယာပုထ်လေးပါး တပါးပါးဖြင့်နေသူ ဖြစ်ထိုက်ပါက ကိုယ်တိုင်စောင့်ပုဂ္ဂိုလ်လည်း ဣရိယာပုထ်လေးပါး တပါးပါးဖြင့်နေသူ မဖြစ်ထိုက်ပါလော၊ ဒိဝါသေယျ အရာ ‘နိပဇ္ဇတိ၊ နိပန္န’ ဟူ၍ သာမညဆိုသော်လည်း အနိဒ္ဒါပေက္ခနိပန္န မဟုတ်၊ နိဒ္ဒါပေက္ခနိပန္နသာ ဖြစ်သင့်သည် မဟုတ်ပါလော။ သတိပြု တော်မူပါ။

၂။ ဝတ်ထားပြီးသော အထည်ပေါ်၌ နောက်တထည်ထပ်၍ မဝတ်ကောင်းပါ။ ကောသီနှစ်ထည်ထပ်၍ ရုံသကဲ့သို့ နှစ်ထည်ထပ်ပြီးမှ ဝတ်ကောင်းပါသည်။ ဝတ်ပြီး တထည်ပေါ် နောက်တထည်ထပ်၍ ဝတ်သော် ဂိဟိနိဝါသနဖြစ်၍ မလျော်မအပ်၊ ဒုက္ကဋ်အာပတ်သင့်ပါသည်။

အဂိလာနေန ဒွေ နိဝါသေန္တေန သဂုဏံ ကတွာ နိဝါသေတဗ္ဗာနိ။ ခုဒ္ဒကဝတ္ထုက္ခန္ဓကဋ္ဌကထာ (ဝိ၊ ဌ၊ ၄။ ၅၄—၅)။

၃။ ကြက်သွန်မှုန်သမျှ ယာဝဇီဝိကချည်းဖြစ်သောကြောင့် ညနေအခါ ဂိလာနပစ္စယအဖြစ်ဖြင့် ပြုတ် ဖုတ် ကြော် လှော် အလိုတော်ရှိသလို စားသုံးနိုင်ပါသည်။ အချို့ပညာရှိများက ကုလားကြက်သွန်ဥကြီးကို ယာဝကာလိက၌ ထည့်သွင်းချင်ကြသော ဟူပါ၏။ သတ္တာဟကာလိက, ယာဝဇီဝိက နှစ်မျိုးကို ဂိလာနအကြောင်းရှိပါက စိမ်းစိမ်းကျွက်ကျက် ပြုတ်ဖုတ် ကြော် လှော် ညနေအခါ တော်သလို အသုံးပြုနိုင်ပါသည်။ ဂိလာနအကြောင်းမရှိပဲ အဆာပြေမှုအတွက် အသုံးမပြုကောင်းပါ။ ခံတွင်းချဉ်ပြေရန် လျက်ဆားပင် မလျက်ကောင်းပါ။

၄။ ရှောက်သီးကိုမန်ကျီးသီးအလား ယာဝကာလိကအမျိုးအစား၌ အဋ္ဌကထာဆရာ ထည့်သွင်းသောကြောင့် ရှောက်သီးကို ညှစ်ဇစ်၍ရသော အရည်သည် ယာဝကာလိက ဖြစ်ရပါသည်၊ သံပရာသီးကား သဝတ္ထုက ဖြစ်စေ, နိဗ္ဗတ္တုကဖြစ်စေ ယာဝဇီဝိက ဖြစ်ရပါသည်။

### ယောနယ် ဂန္ဓဝေါမြို့

### ကန်တောရ ကျောင်းတိုက်

## ဆရာတော်ဦးဇယန္တ ၏ မေးလျှောက်ချက်

၁။ (က) ဝဋ္ဋာနုဂါမိနီ ဝိပဿနာဟူသည် အဘယ်ပါနည်း။

(ခ) အနုလောမဉာဏ်သည် အဘယ်ကို အာရုံပြုပါသနည်း။

(ဂ) သိခါပတ္တ သင်္ခါရုပေက္ခာဉာဏ်ဟူသည် အဘယ်ပါနည်း။

(ဃ) ''ဒွိတ္တိံသဇဝနဝီထိသု''ဆိုသော ဋီကာစတို့၌ ဒွိတ္တိံသ အရ ၃၂–ဝီထိကို ပုံသေနိယတ် သတ်မှတ်ရပါမည်နည်း။

(င) ဥဒယဗ္ဗယဉာဏ်အစ သင်္ခါရုပေက္ခာဉာဏ်အဆုံးရှိသော ဝိပဿနာဉာဏ်ရှစ်ပါးတို့တွင် တပါးပါး၌ ဝိပဿနာဇောလေးကြိမ်စီယူ၍ ၃၂ ဝီထိရေတွက်သောနည်းသည် ကျမ်းဂန်အထောက်အထား ရှိပါသလော။

၂။ ပဌမဿ စျာနဿ ပရိကမ္မံ ပဌမဿ စျာနဿ-၌ ပရိကမ္မံ အရ အဘယ်တရားကို ကောက်ယူရပါမည်နည်း။

---

### မန္တလေး မိသုဒ္ဓါရုံ စည်ရှင်ဆရာတော်၏

## ဖြေကြားချက်

၁။ (က) ဝဋ္ဋာနုဂါမိနီ ဝိပဿနာဟူသည် အဘယ်နည်းဟူရာ၌–

ယာ သိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝဋ္ဋာနုဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။ (အဘိဓမ္မတ္ထသင်္ဂဟ)

သိခါပတ္တ သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် နှစ်ပါးတည်း။ (ဂေါတြဘူဉာဏ်သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အစစ်ဖြစ်သည်။)

(ခ) အနုလောမဉာဏ်သည် အဘယ်ကို အာရုံပြုသနည်းဟူမူကား—

တထေဝ ါတိ ယထာ အတီတာသု ဒွတ္တိ(ဒွိတ္တိ'သ)ဇဝန ဝီထိသု သင်္ခါရုပေက္ခာ အနိစ္စတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သင်္ခါရေ အာရမ္မဏမကာသိ၊ တထေဝ။(ဝိသုဒ္ဓိ၊ ဋီ၊ ၂၊ ၄၇၉။)

သိခါပတ္တ သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့ အနိစ္စဟူ၍သော် လည်းကောင်း၊ ဒုက္ခဟူ၍သော်လည်းကောင်း၊ အနတ္တဟူ၍သော် လည်းကောင်း တခုခုသော အခြင်းအရာအားဖြင့်သာ သင်္ခါရ (ဝိပဿနာဘူမိ)တရားတို့ကို အာရုံပြုသည်။ သိခါပတ္တ သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမ ဉာဏ်ဟည်းဟူသော အာဂမန (ဝိပဿနာဂမန)အားဖြင့်ပင် မဂ်သည် အနိမိတ္တ အပ္ပဏိဟိတ သုညတအမည်ကို ရသည်။ အောက်အောက် ဝိပဿနာဉာဏ်များနှင့် နောက်နောက် သိခါပတ္တ သင်္ခါရုပေက္ခာဉာဏ်တို့ အား တပါးတည်းသော အခြင်းအရာအားဖြင့်သာ မဟုတ်ကြ၊ အနိစ္စ ရံခါ ဒုက္ခရံခါ အနတ္တရံခါ အခြင်းအရာအမျိုးမျိုးဖြင့် အာရုံပြုကြသည်။

(ဂ) သိခါပတ္တ သင်္ခါရုပေက္ခာဉာဏ်ဟူသည် အဘယ်နည်း ဟူမူကား—

"အတီတာသု ဒွတ္တိဇဝနဝီထိသု သင်္ခါရုပေက္ခာ" ဟူသော မဟာဋီကာအရ အနုလောမဉာဏ်မှ ထောက်၍ အောက်က လွန်ခဲ့သော "န ဒ မ ဇဇဇဇဇဇဇ ဘဝ်" ကျသော ဝိပဿနာဇောဝီထိ နှစ်ဝီထိ သုံးဝီထိ တို့၌ ပါသော ဉာဏ်တည်း။ 'ဒွတ္တိဇဝနဝီထိသု' ဟူသော စကားသည် "ဇဝနေန ဥပလက္ခိတာ, ဇဝနာနံ ဝါ ဝီထိ ဇဝနဝီထိယော"ဟု ဝိဂ္ဂြိုဟ်ပြုသော ပရိကပ္ပစကား မျိုး ဖြစ်၍ "စတုပဉ္စ ဇဝနဝီထိသု, ဆ သတ္တ ဇဝန

ဝိထိသု'' ဟူ၍လည်း ဖြစ်နိုင်သည်။ ပုံသေ မှတ်သော နိယတ်စကားမျိုး မဟုတ်။

(ဿ) ပုံသေနိယတ် သတ်မှတ်ခြင်းကို ဖြစ်စေသော 'ဒွတ္တိံသ' ဟူသော ဋီကာပါဌ်မှာ ဘယ်လက်ထက်က ဖြစ်ပွား နေသည် မသိ၊ ပထဝိနိဒ္ဒေသမဟာဋီကာ (၁၊ ၁၉၁)၌—

ဓဂ္ဂဝိထိတော ပုဗ္ဗေ ဒွေ တယော ဇဝနဝါရာ သဒိသာနုပဿနာ၀ ဟောန္တိ။

ဟု ရှိသောကြောင့် ဤ၌လည်း ''ဒွတ္တိဇဝနဝိထိသု''ဟု ရှိမှ ရှေ့နောက် လိုက်လျောပေမည်။ ထို၌ ဗျာသ၊ ဤ၌ သမာသသာ ထူးကြ၍ အဓိပ္ပာယ်ကား အတူတူ ဖြစ်သည်။ ''ဒွတ္တိဇဝနဝိထိသု''ကို ဒွိသု တိသု ဇဝနဝိထိသု၊ ''ဒွေ တယော ဇဝနဝါရာ''ကို ဒွတ္တိဇဝနဝါရာဟု ပြောင်းလဲလိုက ပြောင်းလဲနိုင်သည်။

ဒွိတ္တိံသဇဝနဝိထိသုကို အမှန်ယူဆ၍ ၃၂=ဝိထိရအောင် တွက် ကြသော နည်းကား ထောက်ထားဖွယ် ယုတ္တိခိုင်လုံအောင် ရနိုင်မည် မဟုတ်ချေ။ ဆိဒ္ဓပိဓာနနီကျမ်း (၃၁၄)၌ သုံးသော ''အဆုံးစွန်သင်္ခါ ရုပေက္ခာဉာဏ်''ဟူသော စကားနှင့် သင်္ဂြိုဟ်၌သုံးသော သိခါပတ္တသင်္ခါ ရုပေက္ခာဉာဏ်ဟူသည် အတူတူပင် ဖြစ်သည်ကို သတိပြုမိရာသည်။

(င) ဥဒယဗ္ဗယဉာဏ်အစ သင်္ခါရုပေက္ခာဉာဏ်အဆုံးရှိသော ရှစ်ပါး သော ဝိပဿနာဉာဏ်တို့တွင် တပါးပါး၌ ဝိပဿနာဇော လေး ကြိမ်စီယူပြီးလျှင် ''ဇယ×အဋ္ဌ = ဗာတြိံသ'' ဖြစ်သည်ဆိုသော စကားသည် သိခါပတ္တဆိုသော စကား, အဆုံးစွန်သောစကားနှင့် ဆန့်ကျင်, အဓိပ္ပာယ်ပင် ယူဆ၍ မရနိုင်ရာ။ အောက်ဉာဏ်နှင့် နောက်သိခါပတ္တသင်္ခါရုပေက္ခာဉာဏ်တို့၌ အနိစ္စ ဒုက္ခ အနတ္တ မသေချာ၊ အခါခါပြောင်းလဲတုန်း ရှိသေးသည်။ သိခါပတ္တ သင်္ခါရုပေက္ခာ ၃၂-ဝိထိဆိုမှုကား ကျားကျားမီးယပ် ဇွတ်ယူပြစ် မျှသာရှိ၍ အမှားယုတ္တိကား ရနိုင်သေးရာ၏။

၂။ ပဋ္ဌမဿ ဈာနဿ ပရိကမ္မံ ပဌမဿ ဈာနဿ(ပဌာန၊ ၁။ ၁၄၅)၌–

ပရိကမ္မန္တိ အနန္တရမဂ္ဂဟေတွာ ပုဗ္ဗဘာဂေ ပရိကမ္မံ ဂဟေထဗ္ဗံ (ဆဘိ၊ ၄၊ ၃၊ ၄၄၃)–

ဟူ၍ အဋ္ဌကထာဖွင့်သောကြောင့် ဤ၌လည်း ဂေါတြဘူကြားမှတပါး (ဂေါတြဘူကား အနန္တရူပပါဝင်ပြီး) ဝိပဿနာဉာဏ် ၁၀–ပါး ကုသိုလ်ဇောစိတ္တုပါဒ်များကို ယူသင့်ပါသည်။ ယင်းသို့ အောက်အောက် ဝိပဿနာဉာဏ်ဇောများကို ပရိကမ္မအရာ၌ သွင်းယူသော်လည်း မဂ္ဂဝီထိ၌ ကဲ့သို့ ပရိကံစသောအမည်ဖြင့် ၄-ကြိမ်,၃ကြိမ်ကျသော ပရိကံမျိုးမဟုတ်၊ ပရိကမ္မ ဘာဝနာ စသည်ကဲ့သို့ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း ဝိပဿနာဇော ၇-ကြိမ်ကျသော ပရိကံမျိုး ဖြစ်သည်။ မဂ္ဂဝီထိ(အနုလောမဉာဏ်)သို့တိုင် မရောက်သေးသော ရှေးဝိပဿနာဉာဏ် ၉ ပါးတို့၌ ပရိကမ္မောပစာရာနုလောမ ဂေါတြဘူနာမဖြင့် ၄–ကြိမ် ကျသော ဇဝနနိယာမမျိုး ကျွမ်းရှိုးမရှိနိုင်ရာပါ၊

သိမှတ်ဖွယ် ဝိနိစ္ဆယများ ပြီး၏။

# ကျမ်းပြီး နိဂုံး

မုတ္တိယာ မုတ္တိကာမနံ၊ သခ်တော ဘာဝနာယော။

ဝိနိစ္ဆယော စ ဂူဠတ္ထော၊ မမံ ဂုရုန္နယာဂတော။ ။

မယာ–ထေရ်မြတ်ရှေ့ကျောင်, စတီထွင်၍, သန့်စင်ပြန့်ကျယ်, ဂိုဏ်း နိကာယ်တွင်, အန္နယ်ဝင်ဦးစီး, အမှူးအကြီးဖြစ်သော ငါသည်။ မုတ္တိကာ မာနံ–ဖြစ်အိုနာသေ, အထွေထွေဒုက္ခ, များပြားလှသည့်, သံသရာဝဋ်ဘုံ, ကချွတ်မြုံမှ, လုံးစုံလွတ်ကင်း, ထွက်မြောက်ခြင်းကို, လွန်မင်းကြောင့်ကြ, တောင့်တလိုသား, သူတော်စင်အများတို့၏။ မုတ္တိယာ–အငြိအတွယ်, အသွယ်သွယ်ကို, စွန့်ပယ်နိုင်နင်း, လွတ်ကင်းထွက်မြောက်ခြင်းအကျိုးငှာ။ မမံ–ဂိုဏ်းမြတ်ဦးစီး, အမှူးအကြီးဖြစ်သော ငါ၏။ ဂုရုန္နယာဂတော– ဆရာ့ဆရာ, ထေရ်မဟာတို့, ခါခါသုံးသပ်, ရှုပွားအပ်သည့်, စေ့ငပ် စင်ကြယ်, အသွယ်သွယ်ကျင့်နည်း, စုစည်းတည်ရာ, အန္နယ်တော်သုံး အစဉ်အလာဖြစ်သော။ ဂူဠတ္ထော–သဒ္ဒါအနက်, နည်းစုံယှက်၍, လျှို့ဝှက် ခက်ခဲ, နက်နဲကျစ်လျစ်, အနက်အဓိပ္ပာယ်နှင့်တကွဖြစ်သော။ ဘာဝနာ နယော–ခန္ဓာငါးတန်, ရုပ်နာမ်နှစ်ရပ်, ရှုမှတ်ပွားနည်း, နိဿရည်းကို လည်းကောင်း။ ဝိနိစ္ဆယော စ–ဆရာ့လက်သုံး, နည်းထုံးခေါ်မှတ်, အန္နယ် တော်လာ အဆုံးအဖြတ်ကိုလည်းကောင်း။ သခ်တော–၁၃၄၆–ခု, ရတု ဝသန်, တိမ်လျှံထွန်းပြောင်, လဝါခေါင်ဝယ်, နောက်နှောင်အခါ, ဤကမ္ဘာတွင်, သာသနာရောင်ဝန်း, ထွန်းထက်ထွန်းအောင်, ရည်ညွှန်း ရေးသားအပ်ပေသတည်း။

# မျှော်လင့်တောင့်တ=အာသီသ

သုစိ ဘူတံ နယံ လဒ္ဓါ၊ ဝိပဿန္တာ ပရာပရံ။
ပညာစဝုဓဝသာ ဝေရံ၊ မုတ္တိမေယျုံ ဇယံ ဇယံ။ ။

သုစိ -ဖြစ်ချည်ပျက်ချည်, မြဲမတည်၍, ဆုံလည်သည့်နွား, ရဟတ်ချားသို့, မခြားနေ့ည, ကျင်လည်ရသည့်, ဒုက္ခဖိစီး, ဝဋ်ခရီးမှ, အပြီးထွက်ရန်, ရည်သန်လိုလား, ပညာရှိသူတော်စင်အများတို့သည်။ ဘူတံ-ဒေသနာနည်း, ဆရာနည်းတို့ ပေါင်းစည်းစုပုံ, ကုံလုံကြွယ်ဝ, စစ်မှန်ကောင်းမြတ်လှသော။ နယံ-ဘာဝနာ, သံသရာပင်လယ်,ရေပြင်ကျယ်မှ,အလွယ်ကူးခတ်,ဆုံးအဖြတ်နှင့်, ရှုမှတ်ပွားနည်း, နိဿရည်းကို။ လဒ္ဓါ-ဤကျမ်းရှေ့ဝ, ရှုစားကာဖြင့်, ကောင်းစွာလွယ်ကူ, ယူကြကုန်ပြီး၍၊ အပရာပရံ-ဆိတ်ငြိမ်သာယာ, ချိန်အခါနှင့်, နေရာအခွင့်, သင့်တင့်လျော်ကန်, အဖန်ဖန်အခါခါ, အကြိမ်ကြိမ်သာလျှင်။ ဝိပဿန္တာ-လက္ခဏာသုံးတန်, အမြင်သန်သည့်, ဉာဏ်ကိုစေစား, ရှုမှတ်ပွားများကြကုန်သည်ရှိသော်။ (ဝါ-ရှုမှတ်ပွားများကြကုန်သော။ သုစိ=ပညာရှင်အပေါင်း,သူတော်ကောင်းတို့သည်။) ပညာဝုဓဝသာ-သိကြားရွှယ်ချိန်, ဝရဇိန်သို့, အရှိန်လွန်ကဲ, ညက်ညက်ကြဲအောင်, ဖောက်ခွဲဝေဖန်, ပညာဉာဏ်လက်နက်၏အစွမ်းဖြင့်။ ဝေရံ-တာထောင့်ငါးရာ, ကိလေသာဟု, လွန်စွာပြင်းထန်, အတွင်းရန်နှင့်,ဘေးဒဏ်အသွယ်သွယ်,အန္တရာယ် အတန်တန်, အပချန်ကို။ ဇယံ ဇယံ=နောက်ထပ်တခါ, မပေါ်လာအောင်, ကောင်းစွာတိုက်ဖျက်, အောင်လျက်အောင်လျက်သာလျှင်။မုတ္တိံ-ဒုက္ခဘေးအာမ်း, မရစ်သမ်းသည့်အေးချမ်းသာယာ, အမတာကြွင်းနှန်း, ပြည်နိဗ္ဗာ အေးစခန်းသို့။ ယေျုံ-အေးချမ်းသာယာ, ဆိုက်ရောက်ကြကုန်ရာသတည်း။ ယေျုံ-သုဂတ်ဘုံနန်း, ဆင့်ဆင့်မြန်း၍, ရွှင်လန်းဆိုက်ရောက်, မျက်မှောက်ပြုကြကုန်စေသတည်း။

# နောက်ဆက်တွဲ လင်္ကာများ

## (၁) ဝေလာမသုတ္တန်

၁။ ။တရံရောခါ၊ တို့မြတ်စွာသည်၊ ပြည်တော်သာဝတ်၊ မြို့တော်
မြတ်၌၊ စံလတ်ခိုက်ခါ၊ ဆည်းကပ်လာသည့်၊ ဒကာတော်ရင်း၊
သဌေးမင်းအား၊ အိမ်မှီတွင်းနိစ္စ၊ လှူဒါနကို၊ ပြုရ၏လော၊ မေးစစ်
ကြောသော်၊ သြသြဘုရား၊ လူအများအား၊ လှူကား လှူရ၊
မကောင်းလှတည်း၊ ကုဏ္ဍာဆန်ကွဲ၊ ပုန်းရည်ကျဲဟု၊ ဝမ်းနည်း
စကား၊ ပြန်လျှောက်ကြားသော်၊ သို့လားဒကာ၊ လှူဒါန်းရာ၌၊
စိတ်သာမူလ၊ ငါ့ကိုတနှင့်၊ လူခဖြစ်စေ၊ အင်ငါးထွေတို့၊ ညီစေ
မှုကား၊ ကျိုးဖွင့်ထွား၏၊ မှတ်သားလေပါ၊ ရှေးအခါက၊
ဝေလာမခေါ်၊ ပုဏ္ဏားတော်၏၊ အလှူတော်ကြီး၊ ခြိမ့်ခြိမ့်ဟီး
သည်၊ ချောင်းစီးထမင်းရေလျှင်တည်း။ ။

၂။ ။ဝေလာမခေါ်၊ အလောင်းတော်သည်၊ ဘိုးတော်ဘေးပေါင်း၊
ဆည်းစုဆောင်းသည့်၊ များတောင်းသချာ၊ ရတနာကို၊ သေချာ
ကြည့်ရှု၊ သံဝေပြု၍၊ ဇမ္ဗုဒီပံ၊ ကျွန်းလုံးလျှံအောင်၊ ကမ်းယံ
ဂင်္ဂါ၊ မြစ်ဆိပ်သာ၌၊ ယူဇနာဒွါဒ၊ ခံလှောက်ချ၍၊ နေ့ည
ကျွေးမွေး၊ အလှူပေးမည်၊ ရွှေပြေးစိတ်ကြံ၊ အဓိဋ္ဌာန်ဖြင့်၊
ရေဖန်တကောင်း၊ မြေ၌စောင်း၍၊ မြတ်ကောင်းလှူခံ၊ မရှိ
မှန်လည်း၊ ထက်သန်စေတနာ၊ ဒါယကာ၏၊ သဒ္ဒါပြဋ္ဌာန်း၊
ပေးလှူဒါန်းသည့်၊ မှတ်တမ်းတက်စေ၊ ခုနစ်နှစ်နှင့်၊ စွန်းလစ်
ခုနစ်လ၊ မွန့်ရှည်လှသော်၊ (၁) ပြည့်ထငွေရွှေ၊ (၂) ခွက်ရွှေ
ငွေနှင့်၊ (၃) တထွေကြေးခွက်၊ အမျက်မျိုးစုံ၊ (၄) ဆင်စွယ်

စုံလည်း၊ (၅) မြင်းစုံရထား၊ (၆) နွားနို့စားပါ၊ (၇) ပျို့ဏာညွှာဟု၊ (၈) ခေါမာထည်ကောင်း၊ (၉) ငလွှင်ပေါင်းသည်၊ ရှစ်သောင်းလေးထောင် ကိုးလီတည်း။ ။

၃။ ။ရှစ်သောင်းလေးထောင်၊ လူကုန်အောင်ထက်၊ ဘုန်းခေါင်မြတ်စွာ၊ သာသနာ၌၊ အရိယာမှန်၊ သောဘာပန်အား၊ ဘောဇန်ကျွေးမွေး၊ သာမြတ်လေး၏၊ ရှေးရှေးတရာ၊ နောက်နောက်လာသည့်၊ သင်္ချာတပါး၊ အကျိုးများ၏၊ ဘုရားတိုင်ရောက်၊ စဉ်တိုင်းမြှောက်လော့၊ ထို့နောက်ဗုဒ္ဓ၊ ပမုခနှင့်၊ သံဃာ့ကျောင်းထုံ၊ သရဏဂုံတည်း၊ ငါးစုံသီလ၊ နွားမတညှစ်၊ နံ့သာပျစ်ကို၊ ယူလစ်ကာလ၊ သမထနှင့်၊ မျက်စေတမှိတ်၊ နာမ်ရုပ်စိတ်၍၊ အနိစ္စဒုက္ခ၊ အနတ္တဟု၊ လုံ့လကြိုးစား၊ ရှုပွားများသည်၊ တရားဝိပဿနာ၊ သာထက်သာသည်၊ ပမာဘုရား ထီးတင်တည်း။ ။

(အံ၊ ၃။ ၁၉၅—၆။ အံ၊ ၄၊ ၃။ ၂၆၇-၈)

---

## (၂) မဟာဂေါပါလသုတ္တန်

၁။ ။(က) ကောင်ရေမသိ၊ (ခ) မသိလက္ခဏာ၊ (ဂ) မခွာယင်ချေး၊ (ဃ) စည်းပေးမရှိ၊ (င) တင်းဘိမီးခိုး၊ (စ) လမ်းရိုးမမှတ်၊ (ဆ) မနပ်စားကျက်၊ (ဇ) မကျက်ဆိပ်ကမ်း၊ (ဈ) မစမ်းသောက်နိုင်၊ (ည) နို့တိုင်ကုန်ညှစ်၊ (ဋ) မစစ်ထီးမ၊ ငါးကျပ်ကျသည်၊ ဗာလနွားကျောင်း အင်္ဂါတည်း။ ။

၂။ ။(က) ကောင်ရေရုပ်နာမ်၊ (ခ) ကံ ကံ လက္ခဏာ၊ (ဂ) သက်ပွါယင်ချေး၊ (ဃ) အနာစေးခြောက်ဒွါ၊ (င) ဒေသနာမီးခိုး၊ (စ) လမ်းရိုးမဂ္ဂံ၊ (ဆ) သတိပဋ္ဌာန်စားကျက်၊ (ဇ) ကျမ်းတက်ဆိပ်ကမ်း။ (ဈ) ရှင်လန်းသောက်နိုင်၊ (ည) နို့တိုင်ပစ္စည်း၊

(၄) ထေရ်ကြီး ထေရ်ငယ်၊ မရွေးချယ်ဆည်၊ မှတ်ဖွယ်ထီးမငါးကျပ်တည်း။ ။

(အံ၊ ၃။ ၁၄၆–၇။ အံ၊ ဋ္ဌ၊ ၃။ ၃၄၉–၃၅၀)

## (၃) ဒါရုက္ခန္ဓောပမသုတ္တန်

၁။ ။ဟောင်ထိပ်တွင်တည်၊ မြစ်ကမ်းတည်နှင့်၊ ဆမ်းမှီမြစ်တွင်း၊ သဲဖိထင်းတည်း၊ စိုက်ဆင်းကျောက်ကြား၊ ပြင်လွှင့်ပါးနှင့်၊ ပေါက်ပွားကျွန်းတွင်၊ ကန့်လန့်တင်သည်၊ ရေတွင်မမျော သစ်ရှိင်းတည်း။ ။

၂။ ။ဤထိုကမ်းသောင်၊ စိုက်ထောင်မတင်၊ ရေတွင်မမြုပ်၊ မထုတ်လူနတ်၊ ဝဲဟတ်မစုတ်၊ တွင်းမပုပ်က၊ သမုဒ်ရောက်ကြောင်း၊ သစ်လုံးကောင်းသည်၊ ရွှေလောင်းချောမွေ့ သစ်ကောင်းတည်း။ ။

၃။ ။ဤသာသနာ၊ ရောမြစ်ကြီး၊ လောင်းပြီးတုံးမြတ်၊ ခေါ်မှတ်ကာယာ၊ အဇ္ဈတ္တာဗဟိ၊ ကမ်းနှစ်လီတည်း၊ သောင်မည်မာန၊ ရာဂရေလယ်၊ နတ်လူဆယ်ကား၊ ခင်တွယ်လူနတ်၊ ဝဲဟတ်ကာမ၊ ဒုဿီလကို၊ ခေါ်ထတွင်းပုပ်၊ လောကုတ်မြုတေ၊ ပင်လယ်ပွေသည်၊ မိန့်ချွေဒါရု သုတ္တန်တည်း။ ။

(သံ၊ ၂။ ၃၈၇။ သံ၊ ဋ္ဌ၊ ၃။ ၉၄–၅)

## (၄) သာရောပမ သုတ္တန်

ခက်ရွက် လာဘ၊ ပွေး သီလနှင့်၊ ဈာန အခွံ၊ အဘိညာံ အကာ၊ လောကုတ္တရာ အသား၊ ခွဲ၍ထားသည်၊ ဘုရားဟောပိုင့် မိန့်ခွန်းတည်း။ ။

သာခံ အပ္ပဋိကံ တစံ၊ ဏမံ ဖေဂ္ဂုမတိက္ကမံ။
သာရမာဒေ မဟာဓမ္မ–ရညော ရညညမာရဘံ။

မဟာဓမ္မရညော – လည်ဆံဂုဏ်ရောင် စွင့်စွင့်ထောင်၍ ရန်စောင်နှိမ်နင်း တရားမင်းဘုရား၏။ အရည်ညံ့–သာသနာဂနိုင် မဟာမြို့င်၌။ အာရဘံ–အနုသ ဥဒ္ဒရိ မနသိရွေသွား အားပါးစိုက် ဆောက်လုပ်။ အာငုံ–အရိုးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်တမ်း ယောကျ်ားစွမ်းဖြင့် လက်ပန်း တဖျောက် ဖျောက် အားဆောက်ကြိုးစားလျက်။ သာခံ – အမှိုက်မီးစာ လာဘ်သပ်ပကာ အခက်အလက်ကို လည်းကောင်း။ ပပ္ပဋိကံ– အရောင်တင်ဗန်းပြ သီလအပွေးကို လည်းကောင်း။ တစံ–အဖုံး အခွံ အခေါက်ဈာန်ကို လည်းကောင်း။ ဖေဂ္ဂုံ–အပေါ်သား အကာ အဘိညာအမြွေးကိုလည်းကောင်း။ ကမံ–တဆင့်တဆင့် အစဥ္စ်အတိုင်း။ အတိက္ကမံ – ခုန်ကျော်လွန်မြောက်သည် ဖြစ်၍။ သာရံ–အသမယ, ဝိမောက္ခ သာရံအစေ် လောကုတ္တရာတရား အနှစ်ကို။ အာဒေ–မိုးငွေ့န်ငမှတ် ကြယ်ကိုဆွတ်လည်း မလွတ် စတမ်း ရမြဲလမ်းဖြင့် လက်လှမ်း သိမ်းယူရာသတည်း။ ။

(မ၊ ၁။ ၂၅၀–၁)

---

## (၅) စက္က ၀တ္တိ သုတ္တန်

ဝိဝဋ္ဋရှာ၊ ကပ်ဦးခါမှ၊ ဆုတ်လာတုံလတ်၊ အာယုကပ်တွင်၊ သိန်း ကပ်ခိုးယူ၊ ရှစ်သောင်းမူကား၊ သတ်သူပေါ်က၊ လေးသောင်းကျသော်၊ ပြောကြမုသာ၊ နှစ်သောင်းမှာကား၊ ဝါစာပိသုဏ၊ ကုန်းတိုက်ကြ၏၊ ကာမမိစ္ဆာ၊ တသောင်းခါတည်း၊ ဖရုသာသမ္ဖပ်၊ ငါးထောင်ကပ်၌၊ ပေါ်လတ်လူ့ဘောင်၊ မိုက်လုံးပြောင်၏၊ နှစ်ထောင်ဗျာပါ၊ အဘိဇ္ဈာ တည်း၊ မိစ္ဆာဒိဋ္ဌိ၊ တစ်ထောင်သိလော့၊ ရောက်ရှိငါးရာ၊ သက်တမ်း မှာကား၊ မိစ္ဆာဓမ္မ၊ ဝိသမနှင့်၊ အဓမ္မရာဂေါ၊ ဒလဟောတည်း၊ ရောက် သောနှစ်ရာ၊ သက်တမ်းခါ၌၊ မာကာဒိက၊ ဂါရဝကို၊ စွန့်ကြတုံလစ်၊ သက်ဆယ်နှစ်၌၊ စွန့်ပစ်ဓမ္မ၊ ရှင်းရှင်းပသည့်၊ သုံးဝကပ်ကြီး ဆိုက်အံ့ သော်။ ။

(ဒီ၊ ၃၊ ၅၄–၅။ ဒီ၊ ဋ္ဌ၊ ၃။ ၃၆–၇)

## (၆) သမစိတ္တပဋိပဒါ သုတ္တန်

(၁) တွင်းချည်တွင်းအိပ်၊ (၂) တွင်းအိပ်ပြင်ချည်၊ (၃) မချည်တွင်းအိပ်၊ (၈) ပြင်အိပ်တွင်းချည်၊ (၅) ပြင်ချည်ပြင်အိပ်၊ (၆) ပြင်အိပ်မချည်၊ ကြိုးစုံချည်သည်။ သတ်မည် နွားဆိုးနွားမိုက်တည်း။ ။

အဇ္ဈတ္တံ တိဿော ဗဟိ တိဿော၊ ဆဂ္ဂဝေါ ဟောန္တိ သေဋ္ဌိနော။
ဝဇ္ဇာယေ ပရိတောဗဒ္ဓါ–မင္ဂသိကာ ဒယာယိတာ။

သေဋ္ဌိနော–သဌေးကြီး၏။ အဇ္ဈတ္တသာလာယံ–နွားတင်းကုပ်အတွင်း၌။ တိဿော–အတွင်း,ပြင်ချည် အလွတ်တည် နွားသုံးမျိုးတို့ လည်းကောင်း၊ ဗဟိဿာလာယံ – တင်းကုပ်အပြင်၌။ တိဿော–ပြင်, အတွင်းချည် အလွတ်တည် နွားသုံးမျိုးတို့လည်းကောင်း။ ဣတိ–ဤသို့ အတွင်းအပ နှစ်ဌာနပေါင်းသည်ရှိသော်။ ဆဂ္ဂဝေါ – ခြောက်မျိုး ခြောက်စား မင်္ဂလာ နွားတို့သည်။ ဟောန္တိ–တသီးတသန့် တည်တံ့ရှိနေကြကုန်၏။ အယေ–သဌေးကြီး၏ သင်းသီးမွေးထား မင်္ဂလာနွားမှ တပါးကုန်သော နွားတို့သည်။ ပရိတောဗဒ္ဓါ–ခြေ,လက် ခေါင်းဆုံး တကိုယ်လုံး တုပ်ချည်အပ်ကုန်သည်ဖြစ်၍။ အာမင္ဂသိကာ – ရင်ဝတွင် လှံတော့၍ သေနေ့စေ့ကုန်သည် ဖြစ်၍။ ဒယာယိတာ–ဇရုဏာရှင် သူတော်စင်မှန်သမျှ ရင်မ,စည်တီး တညီးညီးစုတ်သပ်၍ သနားကြင်နာအပ်ကုန်သော။ ဝဇ္ဈာ–တံဆိပ်ခတ်ရိုက် သတ်ထိုက်သော နွားတို့ပေတည်း။ ။

(အံ၊ ၁။ ၆၅။ အံ၊ ၄။ ၂။ ၃၆)

---

## (၇) မေဃဒါယာဒ သုတ္တန်

မဂ်ဖိုလ်နိဗ္ဗာန်၊ ဤကိုးတန်ကား၊ တရားအမွေ၊ အစစ်ပေတည်း၊ တရားထွဝိဝဋ္ဋ၊ ကုသလကို၊ မေဃအတု၊ ခေါ်ညွှန်းပြု၏၊ မျှားထုရှေ့ငွေ၊ ပစ္စည်းမွေတည်း၊ တထွေ့ဝဋ္ဋ၊ နိဿိတကို၊ ပစ္စယတု၊ ခေါ်ညွှန်းပြုသည်။ လေးခု အမွေအပြားတည်း။ ။

ဒါယဒေါ ဒါယာဒေါ ဒါယော၊ မေ့ာမိသောတိ သော ဒုခ၁။
ကေကော စ ဒုခ၁ ဟောတိ၊ မုချာမုချပ္ပဘေဒတော။

ဒါယဒေါ – အမွေပိုင်သရှေး အမွေပေးမြတ်စွာဘုရား လည်းကောင်း။ ဒါယာဒေါ–အမွေဆိုင်သူ အမွေယူ သားသမီး လည်းကောင်း။ ဒါယော–ပေးကမ်းဖွယ် အမွေအနှစ် လည်းကောင်း။ သော–ထိုပေးကမ်းဖွယ် အမွေအနှစ်သည်။ မေ့ာ အာမိသောတိ–တရားနှင့် အာမိသဟူ၍။ ဒုခ၁–နှစ်ထွေနှစ်စား ကွဲပြားလေ၏။ ကေကော စ–ပစ္စည်းနှင့်တရား တပါးပါးသည် လည်း။ မုချာမုချပ္ပဘေဒတော–အစစ် အတု ထူးခြားမှုအား ဖြင့်။ ဒုခ၁–နှစ်ပါးစီတဖန် ကွဲပြားပြန်သည်။ ဟောတိ–ဖြစ်ပေ သတည်း။ ။

(မ၊ ၁။ ၁၅။ မ၊ ၄။ ၁။ ၉၂–၃)

## (၈) ဩဃတရဏသုတ္တန်

* သဘော် ဒါန၊ စက် သီလ၊ တက်မ ဘာဝနာ။

* ငြိမ်မြုပ် လှုပ်မျော၊ မဂ်သဘော်၊ ရေကြောကူးမည်သာ။

သံသရာပြင်ကျယ်၊ မြစ်ပင်လယ်မှ၊ မှန်းရွယ်တောက်လျှောက်၊ ကမ်းကိုထောက်၍၊ ကူးမြောက်စေချင်၊ ဉာဏ်ဝယ်ယှဉ်လော့၊ ငြိမ်လျှင် မြုပ်မည်၊ လှုပ်သူသည်လည်း၊ အတည်မကျ၊ မျောပြန်ရ၏။ ဘဝတိုင်း သော၊ မဆုံးလေဘူး၊ ကိလေထူပြော၊ မြစ်ရေကြောကို၊ သဘော်ဒါန၊ စက် သီလနှင့်၊ တက်မ ဘာဝနာ၊ လိုတိုင်းပါအောင်၊ စုံစွာတပ်ဆင်၊ ဉာဏ် ဝယ်ထင်လော့၊ မဂ္ဂင်ဘောင်ကြီး၊ ငြိမ့်ငြိမ့်စီး၍၊ ဝဋ္ဋမီးသတ်နှိမ်၊ အကြိမ် ကြိမ်လျှင်၊ မငြိမ်မလှုပ်၊ မမျောမြုပ်ပဲ၊ မဟုတ်သူငါ၊ ရုပ်နာမ်သာတည်း၊ ခန္ဓာပဋ္ဌက၊ ဤကာယ၌၊ ရာဂလျှော့ဖြေ၊ ကူးကြလေဟု၊ မိန့်ချေ သုတ္တန်၊ ကျမ်းထုတ်ပြန်သည်၊ ကူးရန် ရေလမ်းမှတ်တိုင်တည်း။ ။

(သံ၊ ၁။ ၁။ သံဋ္ဌ၊ ၁။ ၁၇–၁၈)

## (ဃ) အာဃာတ ပဋိဝိနယသုတ္တန်

ကိုယ်ကြမ်းနှုတ်သန့်၊ ကိုယ်သန့်နှုတ်ကြမ်း၊နှုတ်ကြမ်းစိတ်ကောင်း၊ ကြမ်းမကောင်းသည်။ စိတ်ဖောင်း ကိုယ်နှုတ်မကြမ်းတည်း။ ။ (ပုဂ္ဂိုလ် ၅ မျိုး)

အဝတ်နွမ်းစုတ်၊ မှိုက်ရှုပ်ရေကန်၊ နွားကန်ကွက်ရေ၊ လမ်းနေ လူနာ၊ သန့်စွာရေကန်၊ဤငါးတန်သည်၊ ဖျောက်ရန် ရန်ငြိုးပမာတည်း။

(အံ၊ ၂။ ၁၆၄–၅–၆–၇)

---

## (င) ဝေလာမသုတ္တန်လာ ဒါန ၅-မျိုး

ကံကိုယုံကြည်၊ စိတ်ဦတည်တည်း၊ ကောင်းသည်ကိုပေး၊ ကိုယ်တိုင် ပေးပေ၊ လွန်ရှိသေသည်။ ။ငါးထွေဒါန အင်္ဂါတည်း။

(အံ၊ ၃။ ၁၉၅)

---

## (ခ) ကာလဒါန ၅ မျိုး

ဧည့်သည်,ခရီးသွား၊ နာဖျားသည့်အခါ၊ ရှားပါးခါနှင့်၊ ရရာ လာဘ်ဦး၊ အလှူသူ။ ။ချီးကျူးကာလဒါ။

(အံ၊ ၂။ ၃၅)

---

## (ဂ) စင်္ကြံသွားခြင်းအကျိုး ၅-ပါး

ခရီးသွားနိုင်၊ ပွားနိုင်ဘာဝနာ၊ ရောဂါနည်းပါး၊ သောက်စား စာကြေ၊ ရလေသမာဓိ၊ စိမ့်ရှိသည်။ ။မှတ်ဘိစင်္ကြံသွားကျိုးတည်း။

(အံ၊ ၂။ ၂၄)

## (ဃ) ကထိန်အကျိုး ၅-ပါး

မပန်ပဲသွား၊ မယူသွားနှင့်၊ လေးပါးဘောဇဉ်၊ သက်န်းဖျင်လည်း၊ ထားချင်တိုင်းရ၊ သံဃိကလူ၊ အဝတ်ဟူက၊ မည်သူမပိုင်၊ ဤငါးဆိုင်သည်။ ။ကြီးခိုင် ကထိန်အကျိုးတည်း။ (ရဟန်းများအတွက်)

မတိုင်မကြား၊ လိုရာသွားနှင့်၊ ပေါများရွှေငွေ၊ ဂဏန်းကျေ၏၊ လုံစေစိုးနှောင့်၊ မထိန်းစောင့်ရ၊ စားကောင်းသောက်ဖွယ်၊ လိုတိုင်းလွယ်၏၊ ကိုယ့်နယ်အတွင်း၊ ဘုရင်မင်းသော်၊ ချဉ်းနင်းမပိုင်၊ ဤငါးဆိုင်သည်။ ။ကြီးခိုင် ကထိန်အကျိုးတည်း။ (လူများအတွက်)

---

## (င) ဓမ္မဝိဟာရီပုဂ္ဂိုလ် ၆—ယောက်

ဗဟုသုတ၊ ဝိပဿကနှင့်၊ ဖလဌသော်၊ ဤခြောက်ဖော်။ ။မှည့်ခေါ် ဓမ္မဝိဟာရီ။

(အံ၊ ၂။ ၇၇။ အံ၊ ၄၊ ၉။ ၃၄)

---

## (စ) လက်ငင်းဒါန ၇—မျိုး

သနားချဉ်းကပ်၊ လှူမြတ်ခံယူ၊ မွေးကြွယ်ဟောပြော၊ နယ်ကျော်စော၍၊ ရှင်မောသဘင်၊ နတ်ပြည်ဝင်သည်။ ။လှူရှင်လက်ငင်းအကျိုးတည်း။

(အံ၊ ၂။ ၄၅၇—၈)

---

## (ဆ) နန္ဒမာတာ၏ အံ့ဖွယ် ၇—မျိုး

နတ်နှင့်ပြောရ၊ နန္ဒမင်းသတ်၊ သေလတ်ခင်ပွန်း၊ မစွမ်းစိတ်ပင်၊ ကျင့်စဉ်မပျက်၊ လေးချက်စျာန်မွေ့၊ သုံးမဂ်တွေ့သည်။ ။ဤခုနစ်. နန္ဒမာတာအံ့ဖွယ်တည်း။

(အံ၊ ၂။ ၄၄၄—၅)

## (ဈ) ဒါန ၈—မျိုး

ရောက် ရောက်ချင်းလှူ၊ ကြောက်၍လှူနှင့်၊ ပေးလှူ၍လှူ၊ ပေးလိမ့်လှူဘည်း၊ ရှေးသူတို့ပြမ်း၊မချက်စွမ်းနှင့်၊ ချီးမွမ်းရလို၊ စိတ်ခြယ်လိုသည်။ မိန့်ဆိုဒါန ရှစ်မျိုးတည်း။

(အံ၊ ၃။ ၆၈။ အံ၊ ၄၊၃။ ၂၂၈)

---

## (ည) ဂရုဓံ ၈—ပါး

အရိုသေပေး၊ ကင်းဝေးမနေ၊ နှစ်ထွေတောင့်တ၊ ဝါမျှထဖိတ်၊ လစိတ်မာနတ်၊ နှစ်ထပ်ကမ္မဝါ၊ ရှိင်းစွာမစဲ၊ပြတ်စဲစကား၊ ဤရှစ်ပါးသော်။ ။မှတ်သားဂရုဓံတရားတည်း။

(ဝိ၊ ၂။ ၇၄။ ဝိ၊ ၄။၄၄၄-၅။ အံ၊ ၃။ ၁၀၃—၄)

---

## (ည) နတ် ၉-မျိုး

ဆိး၊ကြိုးသီးချ၊ နေရာပြနှင့်၊ ဝေငှထိုင်နှာ၊ ဆောင်ကာစဉ်းစား၊ ကျင့်စဉ်ပွားသည်။ ။ကိုးပါးနတ်မျိုးခေါ်င်းစဉ်တည်း။

(အံ၊ ၃။ ၁၉၃—၄)

---

## (ဋ) ရှင်သာရိပုတြာ၏ နှလုံးသွင်း ၉-မျိုး

မြေရေလေမီး၊ ခြေသုတ်နှိုးနှင့်၊ ကျိုးပြီးချိုန္ဒား၊ ဒွန်းစလျားတည်း၊ အသားထည့်လောင်း၊ ပုပ်နံလျှောင်းသည်။ ။အလောင်း မသာကောင်ပုပ်တည်း။

(အံ၊ ၃။ ၁၈၁—၂—၃)

## (၅) မေတ္တာအကျိုး ၁၁—မျိုး

အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက် လူ,နတ်၊စောင့်လတ် နတ်များ၊ထိပါးမရှိ၊ သမာဓိဈာန်၊ ဝင်းကြည်မျက်နှာ၊ သေခါမတွေ၊ မင်္ဂလာင်းချေသော်၊ ထက်ပြေပြဟ္မာ၊ လားတုံရာသည်။ ။မေတ္တာပွားကျိုး ဆယ့်တစ်တည်း။

(အံ၊ ၃။ ၅၄၂)

---

## (၃) ဘုရားဂုဏ်တော်ပွားကျိုး ၁၁ မျိုး

ကိလေသမနှောင့်၊ စိတ်စင်းဖြောင့်၍၊ ဘုန်းခေါင့်ရှိသော၊ သဒ္ဓါစွေ ၍၊ နှစ်ထွေပီတိ၊ သည်းခံချ၍၊ စေတီပုံလား၊ ဘုရားနှင့်နေ၊ ထင်ပေဟိ ရောတ်၊စိတ်ညွှတ်ချစ်ရှင်၊ မင်္ဂစဉ်မပွား၊ နတ်ရွာလားသည်။ ။ဘုရား ဂုဏ်တော် ပွားကျိုးတည်း။

(ဝိသုဒ္ဓိမဂ်၊ ၁။ ၂၀၆)

---

## (၀) ကျောင်းလှူအကျိုး ၁၇-မျိုး

ဆောက်လုပ်လှူဒါန်း၊ ကျောင်းသင်္ခမ်းသည်၊ ပူချမ်းပျက်ပြား၊ သားရဲတား၍၊ ဆီးတားကင်းမြွေ၊ ခြင်မှက်တွေတည်း၊ မိုးရေ,လေပြင်း၊ နေပူပြင်းနှင့်၊ ဆီးနှင်းတားပေ၊ ကျောင်း၌နေသည့်၊ မထေရ်ဆခင်၊ မြတ် ဘုန်းရှင်တို့၊ ဈာန်ဝင်,ဝိပဿနာ၊ရှုကာကိန်းအောင်း၊ ချမ်းသာကြောင်း တည်း၊ ထိုကျောင်းအလှူ၊ မြတ်၏ဟူ၍၊ ဘုန်းလူမိန့်မှာ၊ သိလိမ္မာသော ဒကာယောကျ်ား၊ မိန်းမများသည်၊ သားနားတင့်ဆန်း၊ ကျောင်း သင်္ခမ်းကို၊ ရှုခင်းထိန်ဝေ၊ ဆောက်လုပ်စေ၍၊ စာဒပတ်မြောက်၊ ကျင့် ခန်းပေါက်သည်၊ မုန့်သောက်မာတင်၊ ထေရ်အရှင်ကို၊ ကျောင်းတင်

ကိုးကွယ်၊ စားသောက်ဖွယ်နှင့်၊ ဝတ်ဖွယ်ရုံဖွယ်၊ ခင်းနှီးဖွယ်ကို၊ ဘယ်ဝယ် မလပ်၊ အထပ်ထပ်လျှင်၊ တောင်းမြွတ်စေတနာ၊ လှူဒါန်းရာ၏။ ပိဏ္ဍာ ပါစည်း၊ ဆွမ်းတို့နည်းဖြင့်၊ ကုန်းကြီးညာခွင်၊ နိဗ္ဗူတင်သည်။ ။ ကျောင်းရှင်ဟောမိန့် တရားတည်း။

(ဝိ၊၄။ ၂၉၁—၂။ ၃၁၄။ ဒီ၊ဋ္ဌ၊ ၁။ ၂၇၁။)

**နောက်ဆက်တွဲလက်ာများ ပြီး၏။**

| နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁ | ၄ | ကျင့်နည်းနကို | ကျင့်နည်းနာကို |
| ၁ | ၄ | လက်ကိုင်ရှ၍ | လက်ကိုင်ရှိ၍ |
| ၃ | ၆ | အကုန်ပျက်၍ | အကုန်ဖျက်၍ |
| ၄ | ၁ | မသိသူကျော် | မသိသူကျော်သွား |
| ၆ | ၆ | ပရဘာဂေ | အပရဘာဂေ |
| ၆ | ၁၆ | ပဝတ္တန ဟောတိ | ပဝတ္တနတော ဟောတိ |
| ၁၇ | ၅ | သင်္ခါပတ္တဖြစ်သော | သိခါပတ္တဖြစ်သော |
| ၁၈ | ၆ | ဘယဉာဏ်ဟုသော်လည်း | ဘယဉာဏ်ဟူသော်လည်း |
| ၁၈ | ၁၆ | သယာနုပဿနာ | ဘယနုပဿနာ |
| ၁၈ | ၁၇ | သလ္လာစာဓ | သလ္လာဗာဓ |
| ၁၉ | ၁ | အမိဝိမုတ္တိ | အမိဝိမုတ္တ |
| ၂၀ | ၁၆ | မဂ်ဖြစ်ပါးနီးသည် | မဂ်ဖြစ်ခါနီးသည် |
| ၂၀ | ၁၉ | မဟာကုသိုလ်ဉာဏ် | မဟာကုသိုလ်ဉာဏ |
| ၂၁ | ၈ | မမြဲဟုက | မမြဲဟူက |
| ၂၁ | ၁၃ | နောက်၌ဖြစ်က | နောက်၌ဖြစ်ထ |
| ၂၁ | ၁၇ | သစ္စာဒူလောမိတံ | သစ္စာဒူလောမိတံ |
| ၂၁ | ၁၈ | ဒူလောမိကဉာဏ် | ဒူလောမိကဉာဏ် |
| ၂၁ | ၂၄ | သစ္စပဋိစ္ဆာဒယ | သစ္စပဋိစ္ဆာဒက |
| ၂၂ | ၁ | အဗျောတာရိက | အဗျောဟာရိက |
| ၂၂ | ၂ | အရာ၌တည်တော | အရာ၌တည်သော |
| ၂၂ | ၁၄ | ဘိဘာဝတိ | ဘိဘဝတိ |
| ၂၂ | ၁၅ | နုပါဒါဒိံ | နုပ္ပါဒါဒိံ |
| ၂၂ | ၂၀ | ကျော်လွန်တတ်၏ | ကျော်လွန်တက်၏ |
| ၂၃ | ၁၂ | တဒါဓိပိ | ကဒါဓိပိ |
| ၂၃ | ၁၄ | တဒါဓိပိ | ကဒါဓိပိ |
| ၂၃ | ၁၅ | သံသရာဝယ် | သံသာရဝယ် |
| ၃၀ | ၁၆ | လှည့်တက်သော | လှမ်းတက်သော |
| ၃၀ | ၂၃ | မှီရ၍ | မှ စ၍ |
| ၃၄ | ၂၂ | ဉာဏ်စဉ်ထက်အောင်ရှု | ဉာဏ်စဉ်တက်အောင်ရှု |
| ၃၆ | ၃ | လှည့်တက်သော | လှမ်းတက်သော |
| ၃၇ | ၁၆ | အရုံသို့ | အာရုံသို့ |

| နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၆၁ | ၄ | ဥမိတံ ဝိဓမတံ နိသဘာဝ သဒ္ဒံ | ဥမ္မတံ ဝိဓမတံ နိသဘာဝ သဒ္ဒံ |
| ၁၆၁ | ၁၁ | သီရိမင်္လာ | သီရိလင်္ကာ |
| ၁၆၄ | ၁၀ | ဥယျမနော၀ | ဥယျမာနော၀ |
| ၁၆၄ | ၁၉ | ယလ္လဘာ | ယလ္လာဘာ |
| ၁၆၅ | ၂၀ | နှာသစ္စာနုဓလောမိကာယ | နော သစ္စာ နုသောမိကာယ |
| ၁၇၃ | ၉ | ဈာပာန | ဈာပန |
| ၁၇၆ | ၁ | မနှစ်ဝါက | မနှစ်သက်ပါက |
| ၁၇၇ | ၁၁ | ယာဝကာလိက | ယာမကာလိက |
| ၁၇၈ | ၁၆ | သင်္ခါရကွေ့ာဉာဏ် | သင်္ခါရုပေက္ခာဉာဏ် |
| ၁၇၉ | ၅ | ဒွတ္တိ | ဒွိတိ |
| ၁၇၉ | ၆ | အနိစ္စတိ | အနိစ္စာတိ |
| ၁၇၉ | ၂၀ | ဒွတ္တိဇဝနှဝိထိသု | ဒွိတိဇဝနဝိထိသု |
| ၁၇၉ | ၂၄ | ဒွတ္တိဇဝနဝိထိသု | ဒွိတိဇဝနဝိထိသု |
| ၁၇၉ | ၂၆ | ဝိထိ | ဝိထိ |
| ၁၈၁ | ၆ | အနန္တရူပပါဝင်ပြီး | အနန္တရူပဥ္ပပါဝင်ပြီး |
| ၁၈၂ | ၂ | မုတ္တိကာမနံ | မုတ္တိကာမာနံ |
| ၁၈၂ | ၂ | ဘာစနှာယော | ဘာဝနှာနယော |
| ၁၈၂ | ၅ | သံသရာဝတ်ဘုံ | သံသရာဝဋ်ဘုံ |
| ၁၈၅ | ၉ | ကျောင်းထုံ | ကျောင်းဘုံ |
| ၁၈၅ | ၉ | သရဏဂုံတည်း | သရဏဂုံတည် |
| ၁၈၆ | ၂၁ | ဘုရားဟောမိုင်း | ဘုရားတောမိုင်း |
| ၁၈၆ | ၂၂ | အပ္ပဋ္ဌိကံ | ပပ္ပဋ္ဌိကံ |
| ၁၈၇ | ၁၄ | ရမြိလမ်းဖြင့် | ရမြိုင်မြင်းဖြင့် |
| ၁၉၂ | ၇ | ဝါမျှထဖိတ် | ဝါမှထဖိတ် |
| ၁၉၂ | ၈ | ရှိင်းစွာမစဲ | ရှိင်းစွာမဆဲ |
| ၁၉၂ | ၁၂ | [illegible] | [illegible] |

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

# ဤ ကျမ်းစာ

* မသိသူ ကျော်၊ သိသူ ဖော်စား၊ အများသူငါ၊ ရုပ်နာမ်သာ၊ သေချာ မြင်အောင်ရှု။

– ဖြစ်ပျက် မစဲ၊ နာမ်ရုပ်ခဲ၊ မမြဲ ကောန်ရှု။

– မမြဲဟူက၊ ဆင်းရဲမျှ၊ အတ္တ မရှိရှု။

– ဉာဏ်စဉ်အဆုံး၊ မဂ်ဉာဏ်ဖုံး၊ ချေမှုန်း ကိလေထု။

– ကိလေ ကင်းလျှင်၊ မှိုက်နန်းခွင်၊ အစဉ် ပိုင်ပြီရှု။

*　　*　　*

* ဖြစ်အိုသေပွဲ၊ ရုပ်နာမ်ခဲ၊ ထင်လွဲ ကောင်ထည့်ဝါ။

– စ လယ် အဆုံး၊ သုံးပါးလုံး၊ ဆိတ်သုဉ်း သတ္တဝါ။

– ကြောင်းကျိုးနှစ်ချက်၊ ပြန်လှန်ဆက်၊ ဖြစ်ပျက် သခ်ါရာ။

– မျိုးစေ့သစ်ပင်၊ ပမာယှဉ်၊ ဉာဏ်တွင် ရှုမှတ်ပါ။

– ပဋ္ဌိစ္စတရား၊ အကျဉ်းအား၊ ဟောထား ကျမ်းရွှေစာ။

*　　*　　*

* ရွှေတောင်အလား၊ မြတ်ဘုရား၊ တည်ထားသာသနာ။

– သာသနာတွင်း၊ ကပ်ခိုချဉ်း၊ ခပင်း မျိုးလေးဖြာ။

– သာသနာ တန်ခိုး၊ ရောင်ရှိန်ထိုး၊ လွှမ်းမိုး သုံးသိက္ခာ။

– သိက္ခာ လွှမ်းကြွယ်၊ မျိုးဇာတ်ကွယ်၊ အံ့ဖွယ်သာသနာ။

– သိက္ခာရောင်လင်း၊ အမင်းမင်း၊ ဝပ်စင်းဦးခိုက်ရာ။

---

(ဤကျမ်းရွှေစာ၊ ရှုစားခါ၊ ခြင်းရာ ကုန်စင် မြင်လိမ့်သော်။)